www.burmeseclassic.com

# နေသိုကြမ်းနဲ့ပုံး

ဝတ္ထုတိုများ

## လက်ျာရည်ကျော်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၃၅၄၁၂၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၀၆၉၀၁၁၁ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၁၊ ဖေဖော်ဝါရီလ |
| တွန်ပျူတာစာစီ | နေရီရီ |
| မျက်နှာဖုံးပန်းချီ | ဘိုစော |
| ဒီဇိုင်းဖွဲ့စည်းမှု | မဖြူ |
| ကာလာခွဲ | Star Colour-Repro |
| အတွင်းဖလင် | AZ |
| စာအုပ်ချုပ် | စွယ်တော်(၂) |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်)<br>၂၀၈၊ လမ်း (၃၀)၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်နီနီနိုင် (နေရီရီစာအုပ်တိုက်)<br>၂/က၊ အောင်ရတနာလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| ဖြန့်ချိရေး | နေရီရီ |

လက်ာရည်ကျော် ၈၀၈. ၈၃

နေညိုကမ်းနဖူး ဝတ္ထုတိုများ

လက်ာရည်ကျော် - ရန်ကုန်၊

နေရီရီစာအုပ်တိုက်၊ ၂၀၁၀။

၁၈၀ - စာ၊ ၁၃. ၅ X ၂၀ စင်တီ။

(၁) နေညိုကမ်းနဖူး ဝတ္ထုတိုများ


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စာရေးသူ၏ ကိုယ်ရေးအကျဉ်း. . .
စာရေးသူ၏ အမှာ. . .
၁။ နေညိုကမ်းနဖူး ၁
၂။ စမ်းရေ. . . စီးသံ ၉
၃။ အချည်းနှီး. . . ဘဝတွေ ၂၁
၄။ အောင်မြင်မှုပန်းတိုင်နှင့် မရှိလို့မဖြစ် ၃၀
၅။ အချစ် ချိုမြ ရှုတ. . . အကက်ကွဲ ၄၀
၆။ ဥပေက္ခာလူ ၅၃
၇။ နတ်ဆိုး ၆၄
၈။ မမြမေ၏ ပြောရေးဆိုခွင့် ၇၄
၉။ မှန်ထဲက အဖေ့မျက်နှာ ၈၅
၁၀။ ဟထားသော တံခါးပေါက်မှ ၉၆
၁၁။ ဟော်မုန်းမပါသည့်သံစဉ် ၁၀၇
၁၂။ ရိုးရိုးကုဆရာဝန် ၁၁၈
၁၃။ နောက်ဆုံးစာမေးပွဲ ၁၂၉
၁၄။ စပါးတစ်ထောက်စာအလွမ်း ၁၄၀
၁၅။ အဆစ်အပိုင်းထဲက ပတ်လမ်း ၁၅၂


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခရဲမြင့်ကျော် ဖြစ်သည်။

၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ ရက်နေ့တွင် အဖ ဦးတင်ညွှန့်၊ အမိ ဒေါ်မြရီတို့မှ ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်းကျေးရွာတွင် ဖွားမြင်သည်။

လင်္ကာရည်ကျော်အမည်ဖြင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်နှစ်လည် မဂ္ဂဇင်း များတွင် ၁၉၈၁ ခုနှစ်မှ စ၍ ဝတ္ထု၊ ကဗျာများ ရေးသားခဲ့သော်လည်း ၂၀၀၄ ခုနှစ် ကျမှ နရသုခ သုခချမ်းသာမဂ္ဂဇင်းတွင် ပါသော 'အချစ်ကိုပင် လျှင် လျှပ်တစ်ပြက်မျှသာ' ဝတ္ထုတိုဖြင့် စာပေလောကသို့ ပြန်ဝင်ရောက်ခဲ့ သည်။

၆နှစ်တာ ကာလအတွင်း ဝတ္ထုရှည် သုံးပုဒ်၊ ဝတ္ထုတို အပုဒ် ၉၀ ကျော်၊ ဆောင်းပါးပေါင်း ပုဒ်ရေ ၂၀၀ ကျော် ရေးသားခဲ့ပြီး ပထမဦးဆုံး ဝတ္ထုရှည် 'ကြိုးကြာ တောင်ပံခတ်သံ)မှာ ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ ဆု(လူငယ်စာပေကဏ္ဍအတွက်)ချီးမြှင့်ခြင်းခံရပြီး ရုပ်ရှင်ကားကြီးအဖြစ် ရိုက်ကူးခဲ့ရသည်။

ဆောင်းပါးများ ရေးရာတွင် ဒေါက်တာရဲ(ကလေးအထူးကုဆရာဝန်) ကလောင်ခွဲဖြင့် ရေးသားလေ့ရှိပြီး ကလေးကျန်းမာရေး ပညာပေး စာအုပ်များ လည်း ထုတ်ဝေခဲ့သည်။

ယခုအခါ ဆရာသည် မကွေး ဆေးတက္ကသိုလ်၊ ကလေးကျန်းမာရေး ပညာဌာနတွင် ပါမောက္ခ၊ ဌာနမှူး၊ ကလေးအထူးကု ဆရာဝန်ကြီးအဖြစ် သင်ကြား ရေး၊ ကုသရေး တာဝန်များကို ထမ်းဆောင်ရင်း သုတ၊ ရသစာပေများ စဉ်ဆက်မပြတ် ဆက်လက် ရေးသားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာ

ရောက်လေရာ အသက်အရွယ်တိုင်းတွေမှာတော့ ကမ်းနဖူးကလေး တွေမှာ ခဏခဏ ထိုင်တွေးဖူးသည်။

ဘဝမှာ ပထမဦးဆုံး စမက်သည့် ငယ်အိပ်မက်က စာရေးဆရာ ဘဝ။ စ မက်ခဲ့သည့် အချိန်က အသက် ၁၂ နှစ်။ တကယ် စာရေးဆရာ ပီပီပြင်ပြင် ဖြစ်လာတော့ ၄၃ နှစ်။ ၄၃ နှစ် ကမ်းနဖူးမှာ ထိုင်တွေးတုန်းကတော့ ဖြစ်ချင်တာ ဖြစ်လာတာ ကလေးကို ပီတိပွားမိသည်။ အဲသည် ပီတိကလေးကို စုပြီး ဝတ္ထုတိုပေါင်းချုပ် ထုတ်ဖြစ်တော့ 'ပထမ အိပ်မက် ဝတ္ထုတိုများ' ဟု နာမည်ပေးဖြစ်သည်။ ၂၀၀၇ ခုနှစ်ကပါ။

ကံပေးသည့် ဘဝကလေးကို ဖြစ်အောင် ဆက်လျှောက်ရင်း ဆရာဝန် ဖြစ်လာခဲ့တော့လည်း လျှောက်စရာရှိသည့် လမ်းကို ကုန်အောင် လျှောက်ဖြစ်သည်။ ချိုင့်တွေနှင့်၊ ခလုတ်ကန်သင်းတွေနှင့်၊ ရေလျှံနေသည့် နေရာတွေနှင့်၊ ပတ်ကြားအက်နေသည့် နေရာတွေနှင့် အားလုံးကို ကျော်ဖြတ် ဖြစ်ခဲ့သည်။ လမ်းဆုံးတော့ ကမ်းနဖူးမှာ ထိုင်တွေးရင်း ရေးဖြစ်ခဲ့သည့် ဝတ္ထုတိုများကို 'သမားလည်ပြန်' ဆိုသော နာမည်နှင့် ထုတ်ဝေဖြစ်ခဲ့သည်။

ရသ စာရေးဆရာဘဝ ပီပီပြင်ပြင်ကလေး အသိအမှတ်ပြုခံရပြန် တော့ သိင်္ဂါရသ၊ အနုအလှ ကလေးများလည်း ရေးဖူးသည်။ အဲဒါတွေက 'သိင်္ဂါရ အလှည့်' ဝတ္ထုတိုများ ဖြစ်လာသည်။ ကျောင်းဆရာဘဝကို ဆယ်စုနှစ် နှစ်စုစာလောက် ဖြတ်သန်းဖြစ်ခဲ့သည့် ခံစားချက်များက 'ဆရာ့နှလုံးသား' ဝတ္ထုတိုများ ဖြစ်လာသည်။

ယခုတော့ နေညိုပြီ။ နောက် ၁၂ နှစ်ကြာလျှင် ကျောင်းဆရာဘဝက နေဝင်တော့မည်။ ဆရာဝန်ဘဝက မှေးမှိန်ပြီး စာရေးဆရာဘဝသာ ကျန်တော့

www.burmeseclassic.com

www.burmeseclassic.com

မည်၊ ဆက်ရေးဖြစ်နေသော ဝတ္ထုတိုများ၊ ယခုကတည်းက 'နေညိုသံဝေဂ' ရိုပ်တွေသန်းစ ပြုလာကာ ပရိသတ်တွေရော၊ ကိုယ်တိုင်ရော သတိထားမိနေပြီ။

အဲသည့်အချိန်မှာ "နေရီရီစာပေတိုက်မှ ဒေါ်နီနီနိုင်က ဖုန်းဆက်၍ "ဆရာ့ဝတ္ထုတိုတွေ စုထုတ်ချင်လို့" ဟု ကမ်းလှမ်းလာသဖြင့် အဲဒါကလေးတွေကို စု၍ 'နေညို ကမ်းနဖူး' ဝတ္ထုတိုများဟု အမည်ပေးလိုက်ရပါသည်။ သည်ဝတ္ထုတို (၁၅)ပုဒ်ထဲမှာ 'နေညိုကမ်းနဖူး' အမည်နှင့် ဝတ္ထုတိုတစ်ပုဒ်ပါသော်လည်း သည်ခေါင်းစဉ်သည် (၁၅)ပုဒ်စလုံးနှင့် ဆီလျော်မည်ဟု ယူဆမိပါကြောင်း။

ဆန္ဒမွန်ဖြင့်
လက်ာရည်ကျော်
၂၅၊ ၄၊ ၁၀

www.burmeseclassic.com

www.burmeseclassic.com

## ဆရာလက်ာရည်ကျော်၏ စာစုစာရင်း

ဝတ္ထုတိုပေါင်းချုပ် . . .

၁။ ပထမအိပ်မက် ဝတ္ထုတိုများ (၂၀၀၆)
၂။ သမားလည်ပြန် ။ (၂၀၀၉)
၃။ သိင်္ဂါရအလှည့် ။ (၂၀၁၀)
၄။ အမြုတေရတနာနှင့် ဝတ္ထုတိုများ (၂၀၁၀)
၅။ နေညိုကမ်းနဖူး ဝတ္ထုတိုများ (၂၀၁၁)

ဝတ္ထုရှည်(လုံးချင်း) . . .

၁။ ကြိုးကြာတောင်ပံခတ်သံ
(၂၀၀၇ ခု အမျိုးသားစာပေလူငယ်စာပေဆုရ)
၂။ ဒေါက်တာရွှေသွေးနှင့်မပန်းမှုံ
(၂၀၀၉ ခုနှစ် အမျိုးသားစာပေဝတ္ထုရှည်ဆုရ)
၃။ နေဝင်အိပ်တန်းတက် (၂၀၁၀)

ဆောင်းပါးပေါင်းချုပ် . . .

ကလေးကျန်းမာရေး ပညာပေးနှင့် လူငယ် ဆောင်းပါးများ (ဒေါက်တာရဲ ကလောင်ခွဲဖြင့်) ၇အုပ် ရေးသားထုတ်ဝေပြီး၊

မဂ္ဂဇင်းပါ ဆောင်းပါးများ . . . အပုဒ်ပေါင်း ၂၀၀ကျော်၊
မဂ္ဂဇင်းပါ ဝတ္ထုတိုများ . . . အပုဒ်ပေါင်း ၁၀၀ကျော်

ပါဝင်ရေးသားသော မဂ္ဂဇင်းနှင့် ဂျာနယ်များမှာ. . .

ကလျာ၊ စရဏ၊ ဇီဝက၊ မဟေသီ၊ သရဖူ၊ အာရောဂျ၊ Family, Faces, Life Style, Perfect, Wellness, Good Health, Health Digest စသည့် မဂ္ဂဇင်းနှင့် ဂျာနယ်တို့တွင် လက်ာရည်ကျော်၊ ဒေါက်တာရဲ ကလောင် အမည်တို့ဖြင့် လစဉ်၊ အပတ်စဉ် ရေးသားလျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နေညိုကမ်းနဖူး

(၁)

နေညိုချိန်တော့ ဟုတ်သည်။

နေက ဘယ်မှာ ညိုလို့တုန်း။

ထိန်ထိန်တောက်နေတာမှ ရှေ့တူရူသို့ပင် ကောင်းကောင်းစိုက်ကြည့်၍ မရ။ အင်းယားရေပြင်ကလည်း နေရောင်ဟပ်၍ တဖျပ်ဖျပ်လက်နေသည်။

ကန်ပေါင် လူသွားလမ်းကလေး နေခြစ်ခြစ်တောက်ပူနေသည့် နေရာမှာတော့ တက္ကသိုလ်ကျောင်းသားအရွယ် လူငယ်ယောကျ်ားလေး၊ မိန်းကလေးများ ပျားပန်းခပ်သလို လှုပ်ရှားသွားလာနေကြသည်။

တချို့လည်း ကျောင်းသူ၊ ကျောင်းသားအစစ်တွေ ဖြစ်မည်။ တချို့လည်း သရုပ်ဆောင်တွေ ပါနိုင်သည်။ ရုပ်ရှင်အဖွဲ့က သုံးဖွဲ့တောင် ရောက်နေသည် ဆိုပဲ။ ရုပ်ရှင်ထဲမှာ မြင်ဖူးသလိုလိုရှိသော မျက်နှာကလေးတွေတောင် တွေ့ရသည်။

“နေ ဒီလောက်အပြင်းကြီးထဲမှာ ခင်ဗျားတို့ တစ်နေကုန် ရိုက်နေကြတာပေါ့ ဟုတ်လား”

စာရေးဆရာက ကရုဏာဖြင့် ညည်းပြောပြောတော့ ဒါရိုက်တာက ရယ်သည်။

“ဆရာကလည်း ကျွန်တော်တို့ ဒီနေရအောင်တောင် စောင့်ရိုက်သေးတာ။ ဗီဒီယိုနဲ့ မတူဘူး ဆရာရဲ့၊ ဆရာ့ဝတ္ထုက ရုပ်ရှင်ကြီးဖလင်နဲ့ တန်းရိုက်နေတာ။ ရုပ်ရှင် ဖလင်နဂ္ဂတစ်က အဲသလောက်နေပြင်းမှ အရုပ်လှလို့စွဲတာ”



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ သက်ပြင်းတစ်ချက်ချ၍ အရိပ်ရရာထီးကြီးဘက်သို့ လျှောက်လာပြီး အုတ်ခုံကလေးပေါ်တွင် ထိုင်ချလိုက်သည်။

နေထိန်ထိန်တောက်နေသည့် လူသွားလမ်းကလေးပေါ်တွင်တော့ ရုပ်ရှင် စက်အဖွဲ့သားနှစ်ဦးက မင်းသားနှင့် မင်းသမီးအစား နမူနာ လမ်းလျှောက် ပြနေသည်ကို 'ကရိန်း'ပေါ်မှ အကယ်ဒမီ ဓာတ်ပုံဆရာက ငေ့ဝိုက်၍ လိုက်ချိန် နေသည်။

သူတို့ခမျာ ပင်ပန်းကြရှာတာပဲ။ ငါက အရိပ်ထဲမှာ ခံစားပြီး ရေးလိုက် တဲ့ အမူအယာတွေကို ဒီလူငယ်တွေက နေပူထဲမှာ ခံစားပြနေရတာ မလွယ်ဘူး ထင်တယ်။

တကယ်တော့ စာရေးဆရာက ၄၀ ကျော်။

စောစောကတင် မိတ်ဆက်ပေးသည့် မင်းသား၊ မင်းသမီးလေးတွေက နှစ်ဆယ်ကျော်လေးတွေ။ စာရေးဆရာ လွန်ခဲ့သည့် အနှစ် ၂၀ က ခံစားရေးဖွဲ့ ထားသည့်ဇာတ်ကောင်တွေကို သူတို့လေးတွေက ပုံဖော်နေကြသည်။

နေပူကြီးထဲမှာ။

သနားပါတယ်။

လွန်ခဲ့သည့် အနှစ် ၂၀ တုန်းကတောင် စာရေးဆရာ၏ ဇာတ်ကောင် များ သည်နေရာမှာ၊ သည်လိုနေပူကြီးထဲမှာ လမ်းမလျှောက်ခဲ့ကြ။

အဲသည့်တုန်းကတော့ နေညိုချိန်မှာ နေကလည်း တကယ်ညို ပါသည်။

(၂)

စာရေးဆရာ မျက်စိထဲတွင် နေရောင်က တစောင်းဖျော့တော့ကလေး ဖြစ်သွားသည်။ မိုးစက်မှုံကလေးများပင် လေထဲတွင် ဆိုင်းနေကြသေးသည်။

အဲသည့် ကန်ပေါင်ရိုး လမ်းကလေးမှ ထီးလေးများပင် မရှိသေး။ မြေသားကလည်း စိုစွတ်၍ ကျစ်နေသည်။

ဘာဆိုင်တန်းမှလည်း မရှိ။ ဘူးသီးကြော်သည်တစ်သည်ကတော့ ရေစပ်နား ခပ်နီးနီးမှာ တွေ့ရသည်။

အဲသည့်လမ်းတစ်လျှောက် လျှောက်လာနေတာက မိန်းကလေး ၅ ဦး

www.burmeseclassic.com



နှင့် ယောကျ်ားလေး ၃ ဦး။

အသက်ကလေးတွေက ရှိလှမှ ၁၉-၂၀ပေါ့။

ဘယ်သူမှ တခုတ်တရ မလှပကြ။ သို့သော် မျက်နှာလေးတွေက အရောင်အသွေး မဖုံးလွှမ်းဘဲ ကြည်လင်သန့်စင်နေသည်။

အပြန်အလှန် ကျီစယ်ရင်း ဟက်ဟက်ပက်ပက် ရယ်မောပျော်ရွှင်နေကြတာ၊ ကြည့်ရတာရင်အေးစရာ။

ရုတ်တရက် အဲ့သည့်အုပ်စုကြီးထဲက ယောကျ်ားလေးတစ်ယောက် နေရာသို့ စာရေးဆရာ ရောက်သွားသည်။ သူငယ်ချင်းများ ပျော်ရွှင်စွာ ရယ်မော ကျီစယ်နေကြသည့် အသံများကို နားထောင်နေရင်းက အနောက်ဘက်တိုက်ခန်းများ နောက်သို့ ဝင်ရောက်လုဆဲဆဲ နေမင်းကြီးကို နှမြောတသစွာ ငေးကြည့်နေမိသည်။

အိမ်ပြန်ရန် အချိန် နီးနေပြီတဲ့လား။

တကယ်တော့ သူ အိမ်မပြန်ချင်ပါ။ အိမ်မှာ ဘာမှ သူ့အတွက် ပျော်စရာ မရှိပါ။ နဂိုကတည်းက သူက ပြဿနာ ကောင်ကလေး (Problem child)ပါ။ အဖေ့ကို တစ်ချိန်လုံးဆန့်ကျင်တတ်၊ အမေ့ကို တစ်ချိန်လုံးဆန့်ကျင်တတ်သောသူတွင် အဖေ၊ အမေစကားကို အမြဲရိုသေစွာ ခေါင်းညိတ်နားထောင်ပေးတတ်သော ညီတစ်ဦးနှင့် အစ်ကိုတစ်ဦး ရှိပါသည်။ ဒါကြောင့် သူ အိမ်မကပ်ဘဲ သူငယ်ချင်းတွေကိုပဲ ပိုခင်မင်နေတတ်တာကိုလည်း အဖေနှင့် အမေက သိပ်မလွှမ်းတတ်ပါ။ အစ်ကိုနှင့် ညီတို့ကလည်း လေးငါးနှစ်တစ်ခါ ကြုံတွေ့ရတတ်သော ပြဿနာဖြစ်သည့် အဖေနှင့် အမေရန်ဖြစ်၍ ကွဲမည်ကွာမည် စကားများပြောကြတိုင်း အစ်ကိုက အမေ့နောက်၊ ညီက အဖေ့နောက် လိုက်ရမလိုဖြစ်၍ မျက်ရည်ဝိုင်း နေရ သည့်အခါမျိုးက လွဲလျှင် အိမ်မှာပဲ ပျော်နေတတ်ကြပါသည်။

သူကတော့ အဲသလိုအချိန်မျိုးမှာတောင် အစ်ကိုက "ဟေ့ကောင် အဖေနဲ့ အမေ ရန်ဖြစ်ကြပြန်ပြီ"ဟု တိုးတိုးပြောလျှင်. . .

"ဟုတ်လား" တစ်ခွန်းမျှသာ စကားပြန်ပြီး သူငယ်ချင်းတွေဆီ ထွက်သွားတတ်သည့်သူမျိုးပါ။ အဖေနှင့်အမေ တကယ်ကွဲကြလျှင်လည်း အဖေကရော၊ အမေ ကရော သူ့ကိုလိုက်ရှာကြလိမ့်မည်ဟု သူ ထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနှင့်တော့ ညနေတိုင်း ခွဲရခါနီးလျှင် သူ့ရင်ထဲတွင် လွမ်းဆွတ် တတ်ပါသည်။ ညပိုင်း အိမ်တစ်ခေါက်ပြန်သွားလျှင်လည်း သူ့စရိုက် ပေပေတေတေ ရှိသည်ကို မသိဘဲ သူငယ်ချင်းတစ်အုပ်စုလုံး ပညာထူးချွန်ကြ သည်ကိုသာ သိသော သူငယ်ချင်းမိဘများက မငြိုငြင်ကြပါ။ မိန်းကလေး အိမ်တွေကိုပင် သူတစ်ယောက်တည်း ညသွားလည်လို့ ရပါသည်။

သို့သော် ပညာကြီးစားကြသူများပီပီ ညလာလည်သော သူငယ်ချင်း နှင့် ထိုင်စကားပြောဖို့ထက် စာကျက်စားပွဲဆီပြန်ဖို့ ဆန္ဒစောနေသော သူငယ်ချင်းများ၏ မျက်နှာများကိုကြည့်ပြီး လည်ရမှာ သူ အားနာတတ်ခဲ့ ပါသည်။

သည်တော့ နေညိုချိန်များကို သူ မချစ်ပါ။ သူငယ်ချင်းတွေနှင့် မခွဲချင်ပါ။ သို့သော် ယခု အဲသည် နေညိုချိန်များကို သူ လွမ်းပါသည်။

အဲသည်လို ခွဲရမှာ လွမ်းလွမ်းဆွတ်ဆွတ် ခံစားရလောက်အောင် ချစ်သည့် သူငယ်ချင်းတွေ ယခုလည်း သူ့မှာ ရှိချင်ပါသည်။ နေညိုချိန်တွေကို ရင်ထိတ်စွာ စောင့်ရသည့်အရသာမျိုး သူ ပြန်လိုချင်ပါသည်။

မဖြစ်နိုင်တော့ပါ။

သူ့တွင် သူငယ်ချင်း သိပ်မရှိတော့ပါ။ လုပ်ဖော်ကိုင်ဖက်တွေသာ ရှိပါသည်။ အဲသည်ထဲမှာလည်း သူ့ကိုသိပ်ချစ်သူတော့ မပါနိုင်ပါ။ မုန်းသူမပါလျှင် ကံကောင်းဟု ဆိုရပါမည်။

သူငယ်ချင်းတွေလည်း မဆုံရတော့ပါ။ သူတို့ချင်းလည်း ဘယ်သူမှ မဆုံကြရတော့ပါ။

နေညိုချိန်တွေရောက်တိုင်း သူတို့အကြောင်းကိုတွေး၍ သူလွမ်းချင် ပါသည်။ ခက်တာက နေကလည်း မညိုတော့ပါ။

ဂလိုဘယ်ဝမ်းမင်း. . . တဲ့။ ကမ္ဘာကြီးက ပူနွေးနေပြီ။

နွေ၊ မိုး၊ ဆောင်း သုံးခုစလုံး နေကထိန်ထိန်ညီးအောင် ပူနေပါသည်

(၃)

"ရပြီဟေ့၊ ရပြီ. . . မင်းသားနဲ့ မင်းသမီးခေါ်တော့"

ဒါရိုက်တာ၏ အော်သံ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်အဖွဲ့သားတစ်ယောက်က ကြိုးမဲ့ဖုန်းတစ်လုံးကို နားမှာတပ်၍. . .

"နေဦး. . . ခဏ၊ ဒီမှာ ဖုန်းလာနေတယ်. . ."

ဟု နောက်တီးနောက်တောက်မျက်နှာနှင့် ပြောသည်။

"ဟုတ်ကဲ့၊ ကျွန်တော် မေးကြည့်ပါ့မယ်"

ဖုန်းပြောရသည့် အိုက်တင်ကို ခဏရပ်၍ ဖုန်းကိုဖယ်ပြီး. . .

"အခု ဆက်မရိုက်ဘဲရပ်ရင် စက်အဖွဲ့သားအားလုံးကို လုပ်အားခ ဘစ်ရာစီ လျှော့ယူမယ်တဲ့၊ သဘောတူလား. . ."

ဟု ဒါရိုက်တာကို လှမ်းစသည်။

ဒါရိုက်တာက ရယ်၍. . .

"မတူဘူး. . . ဆက်ရိုက်မယ်။ ခေါ် မင်းသားနဲ့ မင်းသမီး တွေ. . ."

ဟု ပြောသည်။

ကားတွေပေါ်မှာထိုင်၍ အခေါ်စောင့်နေသော မင်းသားနှစ်ဦး၊ မင်းသမီးနှစ်ဦးနှင့် မိတ်ကပ်ဆရာများ ရောက်လာကြပါသည်။

သည်ကန်ပေါင်ပေါ်မှာ သူငယ်ချင်းလေးတွေအဖြစ် သရုပ်ဆောင်ကြမလို့တဲ့။ လှလိုက်ကြတာ။ ယောကျ်ားလေးတွေကလည်း ချော။ မိန်းကလေးတွေကလည်း လှ။

သည်ရုပ်ကလေးတွေကြောင့် ဆယ်ကျော်သက်အရွယ်ကတည်းက ထင်ရှားကျော်ကြားပြီး အလုပ်နှင့်လက် ပြတ်သည်ဟု မရှိခဲ့ဘူးသူကလေးတွေ။ တကယ့် အပြင်ကဇာတ်ကောင်တွေ ခံစားရတာလေးတွေကို ခံစားဖို့အချိန်ရော ရှိဖူးခဲ့ကြပါ့မလား။

အားလုံး အရွယ်နှင့်မလိုက်အောင် အတွေ့အကြုံ ပြည့်ဝခဲ့ကြပြီး သူများပေမို့ သရုပ်ဆောင်လိုက်တော့လည်း အမူအယာ ကလေးတွေက သဘာဝကျ၍ ညက်ညောနေကြသည်။

ဒါတောင် ဒါရိုက်တာက စိတ်တိုင်းမကျစွာဖြင့် လေးခါပြန်ရိုက်၊ ငါးခါ ပြန်ရိုက်။

"အဲဒီ သူငယ်ချင်းအုပ်စုလေးနဲ့ သူတို့ဇာတ်လမ်းတွေက အပြင်မှာ တကယ် ရှိခဲ့ဖြစ်ခဲ့တာလား. . . ဆရာ"



www.burmeseclassic.com

ဒုတိယမင်းသမီးလေး၏ အမေက သမီးသရုပ်ဆောင်တာကို ငေးကြည့်ရင်းက စာရေးဆရာကို တိုးတိုးမေးသည်။

စာရေးဆရာက ရှက်ရယ်ရယ်သည်။

"ရောနေတာပေါ့ အစ်မရယ်၊ တကယ့် အဖြစ်အပျက်ကလေးတွေနဲ့ ဇာတ်လမ်းတွေနဲ့ ဒီလိုပဲ ပေါင်းစပ်ဖွဲ့စည်းခဲ့ရတာပေါ့"

စာရေးဆရာက သူ့အမေးကိုဖြေရင်း နေရောင်ပြန် မှန်လေးငါးချပ်ရှေ့မှာ သူ့သမီးနှင့်တွဲ၍ သရုပ်ဆောင်နေသော ခေါင်းဆောင်မင်းသားလေးကို လှမ်းကြည့်မိသည်။

မိန်းကလေးများ မဆိုထားနှင့်။ ယောကျ်ားလေးချင်းပင် ငေးကြည့်ရလောက်အောင် ချောမောသည့် ကောင်လေး၏ မျက်နှာတွင် အလွန်တောက်ပသော မျက်လုံးတစ်စုံ ရှိလေသည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပြည့်ဝသော မျက်လုံးတစ်စုံ။ လင်းလက်တောက်ပသော မျက်လုံးတစ်စုံ။

ငါ ငယ်ငယ်က ဒီလို မျက်လုံးမျိုး၊ ဒီလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမျိုး တစ်ခါမှ မရှိခဲ့ရပါလား။

ရှိမလား။

သိပ်ချစ်စရာကောင်းသည့် သူငယ်ချင်းအုပ်စုလေးတစ်ခုကလွဲလျှင် သူ့မှာ အခြား ဘာဆို ဘာမှမရှိခဲ့။

အဲသည် ရှိစုမဲ့စု သူငယ်ချင်းအုပ်စုလေး၏ သံယောဇဉ် သက်သက်ကလေးနှင့်သာ နွေးထွေးပျော်ရွှင်၍ နေခဲ့သည်။

တစ်ဖက်သတ် အချစ်ဇာတ်လမ်းတွေလည်း အဲသည် အုပ်စုလေးထဲတွင် ပါခဲ့သည်။ နှစ်ဖက်နားလည်လျက် ဖွင့်မပြောဖြစ်ခဲ့တာတွေလည်း ပါခဲ့သည်။ ဖွင့်ပြော ဖြစ်ခဲ့ကြပြီးမှ ဇာတ်သိမ်းမလှတာတွေလည်း ပါခဲ့သည်။

အခုတော့ ဘယ်သူနှင့် ဘယ်သူမှ မဆုံမိကြတော့။

ငယ်ငယ်တုန်းက ဘဝလေးကိုတော့ သူ့လိုပင် အားလုံးက တသသ ဖြစ်နေခဲ့ကြမည် ထင်သည်။

ဒီကလေးတွေ ခေတ်မှာရော။

မိုးလင်းအိပ်ရာထ ကျူရှင်၊ မနက်ခင်း ကျောင်းကြီး၊ နေ့လယ်ပိုင်း


www.burmeseclassic.com

www.burmeseclassic.com



ဘျူရှင်၊ ညနေစောင်း စာကျက်ဝိုင်း၊ အဲသည်နောက်က လိုက်လာမှာက ဒီဒီယိုဒိမ်းရယ်၊ ကိုးရီးယားဇာတ်လမ်းတွဲရယ်၊ ကွန်ပျူတာရယ်၊ အင်တာနက်ရယ်၊ ဒီဗီဒီရယ်၊ အမ်ပီသရီး၊ ဖိုးတွေရယ်၊ လိုက်ဖ်ရှိုးတွေရယ်။

သည်လိုနွေးထွေးနူးညံ့သည့် သံယောဇဉ်လေးတွေကို ထိတွေ့ခံစားနိုင်ဖို့ သည်ခေတ်ကလေးတွေ အချိန်ဘယ်လောက်များများ ပေးနိုင်ပါသေးသလဲ။

မင်းသားလေးက ဂျာနယ်တစ်ခု၏ အင်တာဗျူးတွင် ဖြေထားသည်၊ သူ့ဝတ္ထုထဲက သူငယ်ချင်းတွေကြားမှာထားသည့် မေတ္တာနှင့် သံယောဇဉ်အဖွဲ့လေးကို သူ အလွန်ချစ်မိသွားပါသတဲ့။

နှလုံးသားလေးတွေကတော့ နူးညံ့နေကြဆဲမှာပါ။

ဂလိုဘယ် ဝမ်းမင်း။

ကမ္ဘာကြီးက ပူးနွေးလာနေသည်။

ဆောင်းတွေက မအေးတော့။

နှလုံးသားတွေလည်း နွေးထွေးခွင့်ကြုံဖို့ ခက်မည်ထင်သည်။

(၄)

လက်ကိုင်ဖုန်းက မြည်လာသည်။

တမင် တိုးတိုးညင်သာမြည်အောင် လုပ်ထားပေမယ့် သူတို့အလုပ်အနှောင့်အယှက် ဖြစ်မှာစိုး၍ ရိုက်ကွင်းနှင့် ခပ်ဝေးဝေး မျက်ခင်းပြင်ဘက်လျှောက်ခဲ့သည်။

"ဆရာလား"

"အေး. . .ပြော"

မိမိဌာနမှ လက်ထောက်ဆရာတစ်ဦးမှန်းသိ၍ မေးလိုက်သည်။

"စာမေးပွဲရက်လာညှိလို့ ဆရာ၊ ၃၀ ကနေ ၂၉ ရွှေ့ပေးနိုင်သလားတဲ့"

"၂၉ ရတယ်၊ ဘာမှ မရှိဘူး၊ ရွှေ့ပေးလိုက်"

"ကျောင်းသားတွေရော၊ ကြေညာလိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြေညာလိုက်၊ ဆရာလည်း အစည်းအဝေး ပြီးပြီးချင်း ပြန်ခဲ့မယ်၊ ၂၈ ရောက်မယ်"

"ဆရာ့ 'အဆိုင်းမင့်'တွေရော ပြီးပြီလား"

ဟုတ်ပါရဲ့။ အစည်းအဝေးအတွက် ပြင်ဆင်စရာတွေ ကွန်ပျူတာနှင့် သုံးလေးည မအိပ်စရာလောက် ကျန်နေသေးသည်။

"မလုပ်ရသေးဘူး၊ ဒီမှာစာမေးပွဲက တစ်နေကုန်စစ်စစ်နေရတာ၊ ဒီနေ့ နည်းနည်းလေးစောပြီးလို့ ရိုက်ကွင်းခဏလာလေ့လာနေတာ"

တပည့်ဆရာက ရယ်သည်။

"ဆရာ စိတ်ပါပြီးလည်း ဝင်ရိုက်မနေနဲ့ဦးနော်၊ ကိုယ့်အလုပ်အစစ်လည်း ကိုယ်မေ့မနေနဲ့၊ လုပ်စရာတွေက အများကြီးကျန်သေးတာ"

သက်ပြင်းသာ ချမိသည်။

"အေးပါဟာ၊ ငါ သိပါတယ်၊ နောက် ၁၂ နှစ်နဲ့ ဒီဝဋ် မကျွတ်သေးဘူးဆိုတာ"

"ဆေးတွေလည်း ထုတ်ဖို့စာ ရောက်နေတယ်"

"သိတယ်၊ ငါ ခိုင်းပဲ ခိုင်းလိုက်ရတယ်၊ အဲဒီဘက် မထွက်အားတော့ဘူး"

"ဒါဆို ဒါပဲနော်. . . ဆရာ"

"အေး. . . အေး"

ဖုန်းကို အင်္ကျီအိတ်ကပ်ထဲ ပြန်ထည့်၍ ရုပ်ရှင်အဖွဲ့ဆီ ပြန်လျှောက်လာသည်။ နေကို မော့ကြည့်လိုက်၊ လက်ထဲက ဒိုင်ခွက်လေးတစ်ခုကို ငုံ့ကြည့်လိုက် လုပ်နေသည့် စက်အဖွဲ့သားတစ်ဦးက အော်သည်။

"လိုက်တင်. . . အိုကေ၊ ပြန်စမယ်"

"အိုကေ၊ ဆင်း. . . သာတီး၊ ရိုက်မယ်. . . စ"

စာရေးဆရာက ယောင်ယမ်း၍ နေကို မော့ကြည့်မိသည်။ ဟုတ်ပ. . . ညနေ ၅ နာရီမှာ နေကမညိုဘဲ ထိန်ထိန်တောက်နေဆဲ။

ဇီဝဂ
၂၀၀၉၊ ဒီဇင်ဘာ

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com

# ခမ်းငွေ.....စီးသံ

(၁)

အယုမိနာမီ ဆိုရာစီ. . . တဲ့။

လှလိုက်သည့် နာမည်ကလေး။ ဘာအဓိပ္ပာယ်ရှိမှန်းမသိဘဲ ခေါ်ကြည့်ရတာကိုက တော်တော်လှနေသည်။

လူကလေးကလည်း လှနေသည်။ သူတို့ ဂျပန်ပြည်မှာ ရှိသည်ဟု ကြားဖူးထားသည့် ပြုံးနည်းသင်တန်းပင် တက်ထားသလား အောက်မေ့ရသည်။ တွေ့ကတည်းက ထာဝစဉ်ပြုံးထားသည့် မျက်နှာကလေးနှင့် ချစ်စရာ လှပနေသည်။

ဇာတ်လမ်းသာ ဖြစ်လိုက်လို့ကတော့ ဇာတ်လမ်းကလေးကလည်း လှနိုင်သည်။ နောင်တစ်ချိန်တွင် 'ကိုသက်ကျော်'တစ်ယောက် စာရေးဆရာ ဖြစ်ရန် ရည်စူးပြီး စာတိုပေစကလေးများ စရေးနေပြီ ဖြစ်လေရာ ဇာတ်လမ်းလှလှကလေးတစ်ပုဒ် ရေးစရာရနိုင်သည်။ သို့သော် ဇာတ်လမ်းက မဖြစ်လိုက်။

ဇာတ်လမ်း မဖြစ်လိုက်ရသည့် တရားခံကတော့ အတူတူ ပညာတော်သင် လာကြသည့် တစ်ဌာနတည်းသူ အစ်မကြီး 'မစံပယ်ညို' ကြောင့် ဖြစ်သည်။

သည်တော့ သည်အစ်မကြီး မစံပယ်အကြောင်းကိုပင် ရေးရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

အသက် ၂၂ နှစ်တွင် ဥပဒေဘွဲ့ရ။ အသက် ၂၄ နှစ်တွင် လူဝင်မှုကြီးကြပ် ရေးဦးစီးဌာနတွင် အကြပ်ကြီးအဆင့် စာရေးဝန်ထမ်းတစ်ဦးဖြစ်၊ အသက် ၂၆ နှစ် တွင် အရာရှိတစ်ဦးဖြစ်ပြီး၊ အသက် ၃၀ တွင် ဂျပန်ပြည်သို့ ပညာတော်သင်လာရသော ကိုသက်ကျော်ကို လူတိုင်းက ကံကောင်းသည်ဟု ဆိုကြသည်။

ကံ၊ ဉာဏ်၊ ဝိရိယပေါ့။ ကိုသက်ကျော်၏ ဉာဏ်ရည်ထက်မြက်မှု၊ ဖျတ်လတ်မှုနှင့် ကြိုးစားအားထုတ်မှုကလည်း ဌာနတွင် နာမည်ကြီး။ တကယ်တော့ သူ့မှာ ကျောထောက်နောက်ခံ ရာထူးကြီး ဆွေမျိုးဆရာသမား ဘာမှမရှိရပါ။ အရာရှိကြီးတစ်ဦး၏သမီး အေးမြမွန်ရည်၏ မိဘများကလည်း သဘောတူ ကြည်ဖြူထားကြလျက် စေ့စပ်ကြောင်းလမ်းပြီး ဖြစ်သော်လည်း ယောက္ခမလောင်းများမှာ သူ့ဌာနနှင့် အလှမ်းကွာလွန်းသည့်ဌာနကြီးတစ်ခုမှ ဖြစ်ပါသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၃ နှစ်ကြာ ပညာသင်ရမည့် အစီအစဉ်တွင်လည်း သူ့ထက် အသက် ၅ နှစ်ခန့်ကြီးပြီး ရာထူးတစ်ဆင့်ကြီးသူ အပျိုကြီးမမစံပယ်ညိုနှင့်အတူ တစ်ဆောင်တည်း နေဖြစ်သည့်အပြင် 'မိုဘူးရှုးပါရဂူ'ဘွဲ့အတွက် ဂျပန်နိုင်ငံ တွင် ၅ နှစ်ကြာ ပညာသင်ရန် ရောက်ရှိနေသော သူ့ထက် ၃ နှစ်မျှ ကြီးသည့် အိမ်ထောင်ရှင် ဒေါက်တာမြရတီစိုးနှင့်ပါ အိမ်နီးချင်းဖြစ်နေကြသည့်အတွက် သုံးယောက်သား မကြာခဏဆုံ၍ အတူချက်ပြုတ်စားသောက်ရင်း မောင်နှမတွေလို ရင်းနှီးနေကြသည်က ပျော်စရာ။

အယုမိကတော့ သူ့ထက် ၃ သုံးနှစ်ခန့်ငယ်သည့် အတန်းဖော်ဂျပန်မကလေး။ သွက်လက်ချက်ချာ၍ ယဉ်ကျေးသည့်အပြင် သူ့ကို အတော့်ကိုခင်ရှာသည်။ သူ့အခန်းကို အလည်ခေါ်လျှင်ပင် လာလိမ့်မည်ဟု ခန့်မှန်းမိသော်လည်း မစံပယ်သိလျှင် မလွယ်ဟု ရိပ်မိသဖြင့် မခေါ်မိ။

ဒါပေမဲ့ တကယ်တမ်းကျတော့ မစံပယ်က ဖော်ကောင်မလုပ်ပါဘဲနှင့် အယုမိ အကြောင်းကို ဒေါက်တာမြရတီစိုးက အရင်သိသွားသည်။

"ကောင်လေး. . . ဂျပန်မလေးတစ်ယောက် အရမ်းလိုက်ခင်နေတယ်ဆို။ ကြည့်လုပ်ဦး. . . အိမ်မပြန်ဖြစ်တာတို့၊ အိမ်ပြန်ရင်ပါသွားတာတို့



www.burmeseclassic.com

www.burmeseclassic.com



မြင်လို့ကတော့ လွတ်လိုက်တဲ့လူကြီးတွေ မျက်စိနောက်မှာ သေချာနေပြီ"

အတူတူ စုစားကြသော တစ်ညနေတွင် ဒေါက်တာမြရတီစိုးက ခွင့်မေးသည်။

"စိုးရယ်. . . စိတ်ပူမနေပါနဲ့၊ ဒီကောင့်မှာ နံပါတ်ရှိပြီးသားပါ၊ အလာဘုန်းကတောင် သူ့'အေး'ရော၊ သူ့မိဘတွေပါ လေဆိပ်လိုက်ပို့ကြသေးတယ်"

မစံပယ်က သူ့ထုံးစံအတိုင်း မတုန်မလှုပ်လေသံနှင့် ဝင်ပြောသည်။

"မမစံပယ်ကလည်း ယောက်ျားလေးတွေဆိုတာ အိမ်ထောင်ရှိရင်တောင် စိတ်ချရတာမှ မဟုတ်တာ၊ ဟိုကလည်း ချောချောကလေးဆို"

"ချောချော မြင်တိုင်း စိတ်ကစားတတ်တဲ့ ယောက်ျားထဲ ငါ့မောင်မပါပါဘူး ဟယ်၊ သူ့အေးဆိုပဲ သူ ပြန်မှာပါ"

"မမကလည်း ဒီကောင့်အကြောင်း ဘယ်လောက်သိလို့ ဝင်အာမခံနေရတာလဲ၊ လာခါနီး နိုင်ငံခြားဘာသာ တက္ကသိုလ်တက်တော့မှ ဒီကောင်နဲ့သိတာ မဟုတ်ဘူးလား"

ကိုယ်က ကြားထဲက ဘာဝင်ပြောရမည် မသိသေး။ မစံပယ်က ခပ်အေးအေးပင် ပြန်ဖြေရှင်းသည်။

"သိတာပေါ့ ညီမရယ်၊ ချောချောမြင်တိုင်း စိတ်ကစားတတ်တဲ့ ယောက်ျားမျိုးတွေက မျက်လုံးမှ မတည်ငြိမ်တာ၊ သက်ကျော်ရဲ့ မျက်လုံးတွေက ဒီလောက်တည်ငြိမ်တာ၊ မမက တွေ့ကတည်းက သိတာပေါ့"

"လုပ်ပြီ. . . မမကတော့၊ ပြောထည့်လိုက်ရင် တည့်တည့်ကြီး"

သုံးယောက်သား မစံပယ်၏ စကားကို အကျကောက်၍ ဟက်ဟက်ပက်ပက် ရယ်မောကြသည်။ သူ့စကားအဓိပ္ပာယ် သူ့ဘက်ပတ်နေမှန်း ရိပ်မိ၍ အနည်းငယ် အမ်းသွားသော အပျိုကြီးကို စကားဖော့ပေးရန် ရည်ရွယ်ချက်ဖြင့် မမစံပယ်က ယောက်ျားတွေမျက်လုံးအကြောင်း ဘယ်လိုလုပ်သိနေရတာတုန်း အပျိုကြီးလုပ်ပြီး တော့ဟု ရယ်သွမ်းသွေးလိုက်မိသည်။

"ဟဲ့ သိတာပေါ့ ငါ့မောင်ရယ်၊ မမက နေ့တိုင်း ဘတ်စ်ကားနဲ့ ရုံးတက်နေတာ"

ဒေါက်တာမြရတီစိုးရော၊ ကိုသက်ကျော်ပါ မျက်ရည်များပင် ထွက်အောင် ရယ်မိကြပြန်သည်။ အမှန်တော့ 'မစံပယ်ညို'သည် ဉာဏ်ရည်မထက်



www.burmeseclassic.com

www.burmeseclassic.com



မြက်သူတစ်ဦး မဟုတ်။ အကင်းလည်း ပါးသည်။ လောကအမြင်လည်း နက်ရှိုင်းသည်။ သို့သော် စကားပြောလျှင်တော့ ပွင့်ပွင့်လင်းလင်း ပြောတတ်လွန်းပြီး ကိုယ့်စကားကိုယ် ဘယ်ရောက်မှန်းမသိအောင် ပြောတတ်သဖြင့် သူ့ကို အများက ရိုးလွန်း အလွန်း သည်ဟု ထင်တတ်ကြသည်။

"မမကို ဘတ်စ်ကားပေါ်မှာ ယောကျ်ားတွေက ဝိုင်းဝိုင်းကြည့်နေကျပေါ့လေ"

"စိုးရယ်. . . မမက မျက်နှာကသာ ရင့်သွားတာ၊ နောက်ကကြည့်ရင် အပျိုမကလေးတွေနဲ့ ခွဲလို့ရတာမှမဟုတ်တာ၊ ကြံ့တာပေါ့၊ လာကြည့်တဲ့ကောင်တွေ ရိပ်မိအောင် မနည်းမျက်နှာလှည့်လှည့်ပြနေရတာ နေ့စဉ်နဲ့အမျှ"

ကိုသက်ကျော်ရော၊ ဒေါက်တာမြရတီစိုးပါ ဟက်ဟက်ပက်ပက် ရယ်ရင်းက လက်ဝါးကာပြီး၊ တော်ပါပြီ အစ်မရယ်. . . မမကိုတော့ ဘာမှဆက်မပြောရဲတော့ပါဘူးဟု လက်နက်ချလိုက်ကြရသည်။

ဤမျှ ပွင့်လင်းရိုးသား၍ မှန်ရာကို ယုံကြည်သည့်အတိုင်း ပြောတတ်သော အစ်မသဖွယ် ခင်မင်နေရသူတစ်ဦးက ကိုယ့်ကို တည်ကြည်သူဟု သတ်မှတ်လိုက်တော့လည်း ကိုသက်ကျော်တစ်ယောက် မတည်ကြည်ဘဲ မနေရဲတော့ဘူး။ အယုမိကို ဖြည်းဖြည်းချင်း ခပ်စိမ်းစိမ်း မှန်တန်း ဆက်ဆံလိုက်ရတော့သည်။

ဒါကြောင့်ပင် မမစံပယ်ညိုကြောင့် ဇာတ်လမ်းတစ်ခု ဖြစ်မလာရခြင်း ဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။ ပွင့်လင်းရိုးသား၍ အမှန်ကို ဒက်ခနဲ ဒက်ခနဲ နေအောင် ပြောတတ်သော စံပယ်ညိုနှင့်ကတော့ လုပ်ငန်းသဘောအရ တစ်သက်လုံး ရင်းနှီးခွင့်ရခဲ့ပြီး သူ့ ဒက်ခနဲ ဒက်ခနဲ စကားများက တစ်ခါတစ်ရံ ကိုသက်ကျော်အတွက် ဘဝလမ်းညွှန် အဆုံးအမကောင်းများပင် ဖြစ်ခဲ့လေသည်။

(၃)

"ဘယ်တွေ အပို့ခံရဦးမယ်မှန်း မသိဘူးနော်. . . မမ"

လေယာဉ်ပေါ်တွင် စိတ်လှုပ်ရှားစွာဖြင့် မစံပယ်ညိုကို ပြောမိတော့ မစံပယ်ညိုက ထုံးစံအတိုင်း အလွန်အေးဆေးသော လေသံနှင့် ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com


"မြန်မာပြည်ထဲမှား ဘယ်ပို့ပို့ပေါ့ မောင်လေးရယ်၊ ဂျပန်လိုမျိုး ဝန်ကြီးချုပ်တောင် ဘယ်သူမှန်းမသိတဲ့နိုင်ငံမှာ နေခဲ့ကြသေးတာ"

သူ ပြောမှ သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်မိသည်။

မှန်ပါသည်။ သည်ပညာတော်သင် ခရီးအတွက် လူတွေ့စစ်ဆေးစဉ်က လူကြီးများက ဂျပန်နိုင်ငံ ဝန်ကြီးချုပ် နာမည်ကိုမေးသည် မစံပယ်ညိုက မသိ။

"ဆရာမရယ်. . . ကိုယ်ပညာတော်သင်သွားရမယ့် နိုင်ငံက ဝန်ကြီးချုပ် နာမည်တောင် လေ့လာမထားဘူးလား"

"ဟုတ်ပ. . . ဆရာရယ်၊ ဆရာတို့ မေးမှာပဲထင်ပြီး ရှာသေးတယ်၊ နောက် ဘယ်လိုများ မေ့သွားတယ် မသိပါဘူး"

လူကြီးက မစံပယ်ညိုစကားကြောင့်. . .

"ကဲ. . . ဒါဆို သမ္မတမေးလည်း သိမှာမဟုတ်ဘူးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

ဟုဖြေပြီးမှ ခဏတွေဝေ စဉ်းစားပြီး. . .

"ဟာ. . . မဟုတ်ဘူးလေ ဆရာ၊ သမ္မတမှ မရှိတာ၊ ရှင်ဘုရင် မဟုတ်ဘူးလား"

ဟု ရုတ်တရက် ဖြေသည်။

"တော်သေးတာပေါ့၊ ဒါတော့သိလို့"

ဟုဆိုကာ လူကြီးများ ရယ်မောကြပြန်သည်။

သည်လိုနှင့် အရွေးခံခဲ့ရသည့် မစံပယ်ပါပေ။

(၄)

"အေး . . . ဒါ ကိုကို ပြောပြောနေတဲ့ အစ်မကြီး မစံပယ်လေ"

"သြော်. . . အေးနဲ့ ဖုန်းပြောရတဲ့ မမပေါ့"

အေးမြရည်မွန်က လက်ညှိုးကလေးထောင်၍ မေးတော့ မစံပယ်က ချစ်စနိုးလေးဖြင့် ခေါင်းကိုလှမ်းပုတ်သည်။

"လူကိုယ်တိုင်မြင်တော့ ဖုန်းထဲမှာ စိတ်ပူသလို မပူတော့ဘူးပေါ့


www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ညီမလေး၊ တကယ် အသက်ကြီးကြီးမှန်း သိပြီ"

အေးမြရည်မွန်က မစံပယ်ညို၏ ခါးကို ပြေးဖက်ပြီး. . .

"ဟာ. . . မမကလည်း အဲဒီကတည်းက မမ ရှင်းပြတော့ မပူတော့ပါဘူး"

ဟု ဖြေသည်။

"ဘာတွေ ပူနေကြတာလဲ မမရဲ့"

"အေး. . . ငါ မေ့နေတယ်၊ နင့်တောင် မပြောရသေးဘူး၊ နင်ဟိုကိုင်းဒိုး ထရစ်ပ် သွားတုန်းက ငါက ကပ်စေးနဲပြီး အခန်းထဲမှာ တီဗွီမထားတော့၊ အဲဒီညက ကားကောင်းကောင်းလာမယ် ကြားထားတော့ နင့်ဆီက အခန်းသော့တောင်းထားပြီး ဝင်ကြည့်နေတယ် မဟုတ်လား၊ အဲဒါကြည့်ရင်းနဲ့ အိပ်ပျော်နေရော၊ အဲဒီမှာ 'အေး' က နင့်ဆီဖုန်းဆက်တော့ ငါလည်း ငါ့အခန်းထဲမှာ ငါ အိပ်ပျော်နေတယ်မှတ်ပြီး ယောင်ပြီး ဖုန်းကိုင်ပြီး ဟဲလိုလို့ ထူးလိုက်မိရော"

အေးမြရည်မွန်က ရယ်၍. . .

"အေးလည်း ဟိုက သန်းခေါင်ကျော်အချိန်ကြီးမှာ ကိုကို့ဖုန်းက အမျိုးသမီးသံနဲ့ထူးတော့ ဓာတ်လိုက်သလိုပဲ ခံစားလိုက်ရတာပေါ့၊ ဘာမှ မပြောနိုင်ဘဲ မျက်ရည်တွေ တွေတွေကျလာတာပေါ့"

ဟု ဝင်ပြောသည်။

"ငါလည်း အသံတိတ်သွားတာနဲ့ နင့်ကောင်မလေးပဲ ဖြစ်လိမ့်မယ်လို့ ရိပ်မိပြီး "ဟဲ့. . ဟဲ့. . . အေးမြမွန်ရည်လား၊ နေဦး. . . သက်ကျော် မရှိဘူး သမီးရဲ့၊ ခရီးသွားတယ်၊ မမက မစံပယ်ညို၊ အခန်းလာစောင့်ပေးနေတာလို့ ကမန်းကတမ်း ဖြေရှင်းရတာပေါ့"

ကိုသက်ကျော်လည်း ယခုမှပင် သဘောပေါက်သွားပြီး ရယ်မော၍. . .

"တော်သေးတာပေါ့. . . အစ်မ တီဗွီကြီးဖွင့်ပြီးသာ အိပ်ပျော်နေရင် ဟိုက ညဘက်လာတဲ့ ကားတွေထဲက အသံတွေကြားနေရရင် ပိုဆိုးမယ်"

ဟု ကျီစယ်တော့ အေးမြရည်မွန်က ကိုသက်ကျော်၏ ပခုံးကို မနာအောင် လက်သီးဆုပ်ကလေးများနှင့်ထု၍. . .



www.burmeseclassic.com

www.burmeseclassic.com


"ကိုကိုနော် ရှက်စရာတွေ လျှောက်မပြောနဲ့"

ဟု တားသည်။

မစံပယ်ညိုကတော့ ထုံးစံအတိုင်း ပွင့်ပွင့်လင်းလင်းပင် ဖြေသည်။

"အမှန်က ပွင့်နေတာဟဲ့၊ ငါ လန့်နိုးမှ ကမန်းကတမ်း ပိတ်လိုက်ရတာ၊ တော်သေးတာပေါ့"

"အို. . မမကလည်း"

"အဲဒါ မစံပယ် အစစ်ပဲ အေးလေးရေ၊ စိတ်ထဲရှိတဲ့အတိုင်းတိုပါးစပ်က အမြဲပြောထွက်နေတာ"

သည်လိုနှင့်ပင် မစံပယ်ညိုကို အေးမြမွန်ရည်ပါ ခင်သွားသည်။

(၅)

၅ နှစ်ခန့် ထပ်ကြားသွားတော့ ကိုသက်ကျော်ရော ဒေါ်စံပယ်ညိုပါ ရာထူး တစ်ဆင့်စီ တိုးပြီးကြပြီ။ ကိုသက်ကျော်က အေးမြမွန်ရည်နှင့် အိမ်ထောင်ကျ၍ ကလေးနှစ်ယောက်ရနေပြီ။ ဒေါ်စံပယ်ညိုကတော့ အပျိုကြီးဘဝနှင့် တူမတစ်ယောက်၊ ခွေးတစ်ကောင်၊ ကြောင်တစ်ကောင်၊ သာလိကာတစ်ကောင်နှင့်အတူ နေထိုင်လျက် ရှိသည်။

ကိုသက်ကျော်က ရိုးသားဖြောင့်မတ်သော်လည်း ကိုသက်ကျော်ရောက်သောဌာနမှ လက်ထောက်ဝန်ထမ်းများ၏ လာဘ်ပေးလာဘ်ယူပြဿနာများ တိုင်ကြားခံရ၍ ရုံးချုပ်တွင် လာဖြေရှင်းရစဉ် ဒေါ်စံပယ်ညိုရုံးခန်းသို့ဝင်၍ စိတ်ပြေ လက်ပျောက် စကားပြောမိသည်။

"သံသရာ ပါမယ့်ငွေ မလိုချင်ကြပါနဲ့လို့ ခဏခဏပြောတာ နားမထောင်ကြဘူး အစ်မရယ်၊ ခုတော့ ကျွန်တော်ပါ ဒုက္ခရောက်ရတော့မယ်ထင်ပါရဲ့"

"နင်က သူတို့ကို ပခန်းမင်းကြီးအကြောင်း ပြောမပြဖူးဘူးလား"

ကိုသက်ကျော်က အံ့အားသင့်စွာဖြင့် 'ပခန်းမင်းကြီး'ဟု မေးမိသည်။

"ဟယ်. . . နင်လည်း ပခန်းမင်းကြီး မသိဘူးလား"

"မသိဘူး၊ ၁၀ တန်းတုန်းက ပန်းပဲမင်းကြီးပဲ သင်ရတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ၊ ပန်းပဲမင်းကြီးက ရတနာပုံမြို့ကို တည်တာ။ မင်းတုန်းမင်းကြီးရဲ့တပည့်။ ပခန်းမင်းကြီးက မင်းတုန်းမင်းကြီး ကိုရင်ဘဝက ပဥ္စင်း၊ ငယ်ဆရာ၊ နောက်တော့ မင်းတိုင်ပင်ခံ အမတ်ကြီး ဖြစ်တာ"

"အစ်မက ဂျပန်ဝန်ကြီးချုပ်သာ မသိတာ၊ ပခန်းမင်းကြီး အကြောင်းတော့ သိသားပဲ"

"ပခန်းမင်းကြီးက ဂျပန်မှ မဟုတ်တာ"

ရယ်မောရ၍သာ လက်မြှောက်ပြလိုက်ရသည်။ ဒေါ်စံပယ်ညိုက ပခန်းမင်းကြီး၏ ကိုယ်တိုင်ဆင်းရဲညှိုးနွမ်းစွာ ကျင့်ကြံ၍ ဖြောင့်မတ်မှန်ကန်ခဲ့ပုံများ၊ လာဘ်ပေးလာဘ်ယူ မုန်းတီးခဲ့ပုံများကို ရှင်းပြသည်။ အထူးသဖြင့် ဒုက္ခရောက်နေသော ဆွေမျိုးများက အကူအညီလာတောင်းစဉ်က ငွေလည်း လခအပြင် အပိုဝင်ငွေ မရှိဘူး။ ပြည်သူ့ဆီက လာဘ်စားရင် ပြည်သူ့ပိုက်ဆံကို ခိုးတာပဲ။ သံသရာမှာ ကျွန်ခံပြီး ကြွေးပြန်ဆပ်ရမယ့်လူတွေ အများကြီး ဖြစ်ကုန်မယ်။ မင်းတုန်းမင်းကြီးကတော့ ဒီဘဝမှာလည်း ကျွန်ဖြစ်ပြီးသားမို့ မထူးတော့ဘူးဟုဆိုကာ မင်းတုန်းမင်းကြီး၏ ပန်းတိန်ဖိုမှ လက်ကောက်တစ်ခုကို ဝင်ယူ၍. . . ပန်းတိမ်ဆရာအား မင်းတုန်းမင်းကြီးကို သည်လက်ကောက် ပခန်းမင်းကြီး ခိုးသွားတယ်လို့ လျှောက်စေဟု ပြောခိုင်းရာမှ မင်းတုန်းမင်းက ရယ်မောခွင့်လွှတ်ခဲ့ရပုံများကို ပြောပြတော့ ဟက်ဟက်ပက်ပက် ရယ်မောရင်း စိတ်ညစ်ရသည်တို့ပင် အနည်းငယ် သက်သာရာရမိသည်။

"အစ်မနဲ့သာ နေရရင် ဒီကောင်တွေ အခုလိုလုပ်ကြမှာ မဟုတ်ဘူး"

"မောင်လေးရယ်. . . ဆုံးမတိုင်းသာ လိမ္မာတတ်ကြရင် ဘုရားအဆူဆူ ချွတ်ခဲ့ကြလို့ လူတောင်ကျန်မှာ မဟုတ်ဘူး"

နောက်တော့ သူ့လက်အောက်က လာဘ်စားသောဝန်ထမ်းတို့ ပြုတ်သူ ပြုတ်၊ ထောင်ကျသူကျ ဖြစ်ကြသည်။ သူ့ကိုတော့ အုပ်ချုပ်ရေး ညံ့ဖျင်း၍ ပြစ်တင်ရှုတ်ချကာ ဝေးလံခေါင်ဖျား ဒေသတစ်ခုကို ရွှေ့ပြောင်းစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၆)

ဒေါ်စံပယ်ညိုက လက်ထဲက နုတ်ထွက်ခွင့် လျှောက်လွှာကို စိုက်ကြည့်ရင်းက စိတ်မကောင်းသည့်လေသံဖြင့် တိုးတိုးမေးသည်။

"တကယ် အဆင်မပြေလို့လား. . . သက်ကျော်ရယ်"

"အစ်မကလည်း ဘယ်ပြေမလဲ"

"ဟဲ့. . . အေးလေး အလုပ်က အဆင်ပြေနေတယ်ဆို။ မိသားစု ခွဲနေရတာလောက်ရှိတာ၊ ဒါလည်း အလွန်ဆုံးကြာ တစ်နှစ်၊ နှစ်နှစ်ပေါ့။ ဘာပြဿနာမှ မဖြစ်ပဲတောင် ဒီလိုပဲ သွားနေကြရတာ။ နင် အောင့်ပြီး စောင့်နိုင်ဘူးလား"

ပခုံးသာ တွန့်ပြမိသည်။

"မခံချင်တာပါ သက်ကျော်ရယ်၊ အဆင်မပြေတာက နည်းနည်း၊ ငါလည်း မဟုတ်တာ မလုပ်ဘဲနဲ့ဆိုပြီး မခံချင်တာက များများ၊ မခံချင်စိတ်နဲ့ ဘာကိုမှ မဆုံးဖြတ်ရဘူး ငါ့မောင်ရဲ့၊ ခံနိုင်အောင် ကြိုးစားရတယ်"

"ခံနိုင်အောင်. . . ဟုတ်လား"

"ဟုတ်တယ်၊ မမတော့ အရှင်ဉာဏိဿရဟောတဲ့ တရားတစ်ခု သွားသွား မှတ်မိနေတယ်၊ ကြွေရုပ်လိုလှနေရင်လည်း ငါ့ကြောင့်လို့ ဘဝင်မမြင့်နဲ့၊ ရွှံ့ရုပ်လို အရုပ်ဆိုးနေရင်လည်း သူများကြောင့်လို့ အပြစ်မမြင်နဲ့ ဆိုတာလေ၊ ဒီ၄ အမျိုးမျိုးအကြောင်း ဟောထားတာ၊ ရတနာပုံခေတ်က ဆရာတော်ဦးဗုတ်ကလည်း တစ်ချိန်ချိန်၊ တစ်ဘဝ ဘဝက ဝဋ်ကြွေးရှိခဲ့ရင် ဒီဘဝမှာ ကုန်အောင်ဆပ်ရတယ်လို့ ဟောတယ် မဟုတ်လား"

လက်ထဲက စာရွက်ကို ပြန်ငုံ့ကြည့်၍. . .

"နင် ဒါတင်လိုက်ရင်ရော ရမယ်လို့များ ထင်လို့လား"

ဟု မေးသည်။ ခေါင်းခါပြလိုက်တော့ ပြုံးသည်။

"အသံထွက်ရုံပါပဲ. . . ငါ့မောင်ရယ်၊ ရော့. . . ပြန်ယူသွား၊ နောက်ကို ဘာသံမှ မထွက်နဲ့၊ လူဆိုတာ ဝဋ်ကြွေးပါလာရင်၊ ကံနိမ့်လာရင် တိတ်တိတ်ကလေး ပါးစပ်ပိတ်ပြီး ငုံ့ခံရတယ်"

ပါးစပ်အဟောင်းသားဖြင့်. . .

"ဘယ်လို. . . မမ" ဟု ပြန်မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ. . . ခံရပြီဟေ့ဆိုကတည်းက အကြောင်းရှိတယ်။ အကြောင်းရှိလို့ အကျိုးဖြစ်တယ်။ ကိုယ်တစ်ချိန်တုန်းက မဟုတ်တာလုပ်ခဲ့လို့ ပစ္စုပ္ပန်မှာ ခံရတာ၊ ဒီဘဝမှာ မဟုတ်တာ မလုပ်မိရင်တောင် အရင်ဘဝက ဝဋ်ကြွေး ပါလာတာ၊ အဲဒါကို အသံတွေ ထွက်နေရင် ကိုယ်မကောင်းခဲ့တာ လူသိအောင် ကြေညာနေသလိုပဲ၊ ရှက်စရာကောင်းတယ်၊ ပါးစပ်ပိတ်ပြီး တိတ်တိတ်ကလေးခံလိုက်၊ ဝဋ်ကြွေးဆပ်လို့ ကြေသွားရင် အလိုလို လွတ်သွားလိမ့်မယ်"

ဒေါ်စံပယ်ညို၏ ဆုံးမစကားကို နားထောင်၍ နုတ်ထွက်စာကို ပြန်ယူခဲ့သော ကိုသက်ကျော်တစ်ယောက် နောက်တစ်နှစ်တွင် ရာထူးတစ်ဆင့်ထပ်တိုး၍ ရုံးချုပ်သို့ ရောက်လာခဲ့သည်။ နိုင်ငံခြားခရီးစဉ်တစ်ခုလည်း ထပ်သွားရသည်။

နိုင်ငံခြားမှ ပြန်ရောက်လာတော့ ဒေါ်စံပယ်ညိုလည်း ရာထူးတိုးမြှင့်၍ တိုင်းမြို့ကြီးတစ်မြို့သို့ ရောက်သွားကြောင်း ကြားရသည်။ ကိုသက်ကျော်ကတော့ ရန်ကုန်တွင် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းကလေးတစ်ခု အေးမြမွန်ရည်ကို ဦးဆောင်စေလျက် တွဲဖက်လုပ်ကိုင်ရင်း စီးပွားရေးအဆင်ပြေနေသည်။ စာတိုပေစကလေးများ ပြန်ရေးဖြစ်ရာက နာမည် အသင့်အတင့်ရသော စာရေးဆရာလည်း ဖြစ်လာသည်။

နောက် ၃ နှစ်ခန့်ကြာတော့ ဒေါ်စံပယ်ညို လေဖြတ်သည်။

(၇)

"မမရယ်. . . မမလောက် စိတ်ထားတတ်ပြီး အေးချမ်းတဲ့လူက သွေးတိုးပြီး လေဖြတ်ရတယ်လို့ မယုံနိုင်စရာ၊ တော်သေးတာပေါ့. . . အခုလမ်းပြန်လျှောက်နိုင်တာ"

ဒေါ်စံပယ်ညိုက မသိမသာကလေး ရွဲ့နေသော ညာဘက်ပါး တစ်ဖက်ကို ညာဘက်လက်နှင့် ထိန်းကိုင်၊ အားပျော့နေသေးသော ညာဘက်လက်ကို ဘယ်ဘက်လက်နှင့် ထိန်းကိုင်ရင်းက ရယ်မောသည်။

"ဟဲ့. . . ဘယ်ပြောနိုင်မလဲ၊ ငါက အရင်ဘဝက လင်ကွာ၊ မယား



www.burmeseclassic.com

www.burmeseclassic.com



ဘာ လုပ်ပေးခဲ့တဲ့ ရှေ့နေလားမှ မသိတာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သူများ စေ့နေတာတွေ ခွာခွာပေးခဲ့လို့ ဒီဘဝမှာ အပျိုကြီး ကလည်း ဖြစ်၊ အခုလည်း ကိုယ့်ဘယ်ဘက်ခြမ်းနဲ့ ကိုယ့်ညာဘက် ခြမ်းက သဟဇာတမှ မဖြစ်တော့တာ"

သူ့အတွက် စိတ်မကောင်းရသည့်အထဲမှ သူ၏အေးချမ်းသော လောက အမြင်ကြောင့် မနေနိုင်တော့ဘဲ ရယ်မောမိပြန်သည်။

"တဲ့. . . အခု ထွက်ခွင့်ကျတော့လည်း ဘာလို့ ဒီမြို့မှာ ဆက်နေနေ လဲ၊ ကိုယ့်မြို့ကိုယ့်ရွာလည်း မဟုတ်ဘဲ"

"ကိုယ့်မြို့ဆိုတာ မရှိပါဘူးဟယ်၊ အဖေတွေ အမေတွေလည်း မရှိ တြတော့ဘူး၊ မောင်နှမက အစကတည်းက မရှိ၊ ယောကျာ်းလည်း မရှိ သားသမီးလည်း မရှိ၊ ဘယ်မြို့ပဲနေနေ ကိုယ့်အတွက် ဘာမှမှ မထူးခြားတာ၊ နေလက်စမြို့ပဲ ဆက်နေတော့မယ်"

"မရဘူး. . . အစ်မ ရန်ကုန်ပြန်လာခဲ့၊ အေး အခုထုတ်နေတဲ့ မဂ္ဂဇင်းမှာ စာတည်းဖြစ်ဖြစ် ဝင်လုပ်"

ဒေါ်စံပယ်ညိုက ရယ်သည်။

"ဟဲ့. . . ငါလည်း စာပေနားမလည်၊ ဖတ်ရုံလောက် ဖတ်တတ်တာ၊ ဘာကိစ္စ ဒီစာပေလောကထဲ ဝင်ရမှာလဲ"

ကိုသက်ကျော်က ခေါင်းခါပြသည်။

"ကျွန်တော့်ဘဝမှာ နိမ့်နိမ့်၊ မြင့်မြင့်၊ ပြုတ်ကျကျ၊ စိတ်ထားတတ် အောင် သဘာဝစမ်းချောင်းထဲမှာ စမ်းရေကလေး စီးနေသလို တည်တည် ငြိမ်ငြိမ် စီးဆင်းနိုင်အောင် သင်ပေးခဲ့တာ အစ်မပဲ၊ အစ်မရဲ့ဒဿနတွေက ကျွန်တော့်အတွက်တောင် ဒီလောက်အသုံးဝင်ခဲ့တာ သူများတွေလည်း သိစေချင်တယ်၊ ဒီတော့ အစ်မကို စာရေးစေချင်တယ်"

ဒေါ်စံပယ်ညိုက ပြုံးပြန်သည်။

"ရေးစရာရှိတိုင်း စာရေးဆရာ ဖြစ်တာမှ မဟုတ်တာ. . . မောင်လေးရာ၊ ရေးတတ်မှ စာရေးဆရာ ဖြစ်တာ၊ အစ်မ ပြောပြဖူးတာတွေကို စာဖြစ်စေချင်ရင် စာရေးဆရာ ဖြစ်ပြီးသား မောင်လေးပဲ ရေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ တကယ်ပေးရေးမှာလား"

"ရေးပေါ့ . . ရေးရေး"

မဟေသီ

၂၀၀၇၊ နိုဝင်ဘာ

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com

# အချည်းနှီး...ဘဝတွေ

## (၁)

အချည်းနှီး. . . တဲ့။ ဘာလဲ။

သည်စကားမျိုးကို ကိုမျိုးသာ သိပ်နားမလည်။ တော်တော် ပြင်းပြင်း ထန်ထန် ရှုတ်ချသော စကားလုံးမျိုး ဖြစ်မည်ဟုတော့ ခံစားမိသည်။ ဘာအကျိုးမှ မရှိ။ ဘာအဓိပ္ပာယ်မှ မရှိ။ သည်လိုသဘောမျိုးလား။

သာသနာ၌ အချည်းနှီးဖြစ်သော ယောကျာ်း။

သည်လို စကားမျိုးတော့ ဘကြီးဘုန်းကြီးက အတင်းဖတ်ခိုင်း၍ ဖတ်ရသော ဘာသာရေးစာစောင်တွေထဲက ဗုဒ္ဓဝင်တွေ၊ နိပါတ်တွေထဲမှာ ကြားဖူးသည်။ ရဟန်း ဝတ်ပါလျက် တရားမရှာသောသူ. . . သည်လို ဆိုဟန်တူသည်။

ဒါကတော့ ဟုတ်မှာပေါ့။

ရဟန်းဝတ်သည်ဆိုကတည်းက အဓိပ္ပာယ်ရှိသောအလုပ်ကိုသာ အချိန်ရှိတုန်း ထိထိရောက်ရောက် ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင် လုပ်လိုသည့် လူစားမျိုး ဖြစ်ရမည်။ မဟုတ်လျှင် အချည်းနှီးပေါ့။

"ဟဲ့. . . ငမျိုးသာ၊ နင့်ဘဝကို ဒီလိုပဲ အချည်းနှီး အကုန်ခံတော့မှာ လား"

ဘကြီးဘုန်းကြီးက သည်လို မိန့်သည်။

သည်အချည်းနှီး ဆိုသောစကားက သူ့လို ဘဝမျိုးနှင့် ဘယ်တုန်းက ဘယ်လို ပတ်သက်လိုက်ပါလိမ့်။ ကိုမျိုးသာ သိပ်နားမလည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက အတန်းပညာရော၊ အသက်မွေးဝမ်းကျောင်း ပညာရော ဘယ်ဟာဘယ်တစ်ခုမှ လက်ကြောတင်း ဆုံးခန်းတိုင်အောင် လေ့လာခဲ့ဖူးခြင်း မရှိ။ ယခု အသက် ၄၀အရွယ်အထိလည်း ဘယ်အလုပ်ကိုမှ စွဲစွဲမြဲမြဲလုပ်ခဲ့ဖူးခြင်း မရှိသည့်အပြင် ဘဝတွင် အလုပ်မလုပ်ဘဲ နေခဲ့သည့် အချိန်ကာလ စုစုပေါင်းက အလုပ်တစ်ခုခုလုပ်ဖြစ်နေသည့် အချိန်ကာလ စုစုပေါင်းထက် အများကြီး များနေသေးပြီး အများနှင့်ပတ်ဝန်းကျင်ကို အကျိုးကျေးဇူး တစ်စုံတစ်ရာရှိမည့် အလုပ်မျိုးကို ဝေးစွ၊ မိမိယူထားသည့် မိန်းမနှင့် သားသမီးလေးဦး မိုးလင်းကမိုးချုပ် ဘယ်လိုစား သောက်နေထိုင်ကြပြီး အဆင်ပြေသည်၊ မပြေသည်ကို မေးကြည့်ဖို့ပင် တစ်ခါမျှ သတိမရတတ်သည့် ကိုမျိုးသာလို လူမျိုး၏ဘဝကို အချည်းနှီးဘဝ ဟုတ် မဟုတ် ဆန်းစစ်ကြည့်နေသည့် ဘကြီးဘုန်းကြီးသာလျှင် အချည်းနှီးအလုပ်ကိုလုပ်ပြီး အချည်းနှီးဆုံးစကားကို ပြောနေတာ ဖြစ်တန်ရာသည်။

သည်လိုဆိုတော့လည်း ငရဲက ကြီးဦးမည်။ သို့သော် ကိုမျိုးသာ ကိုယ့်အကြောင်းကို ကိုယ်တော့လည်း သိသည်။ ကိုမျိုးသာ မွေးဖွားကြီးပြင်းခဲ့ရာ မိသားစုက အသိဉာဏ်တော့လည်း သိပ်မနုံချာခဲ့။ အဖေက ကျောင်းဆရာ၊ အမေက အိမ်မှာ ကုန်ခြောက်ကလေးတွေ ရောင်းသည်။ ကိုမျိုးသာ၏ ညီပင်လျှင် ဘွဲ့ရ၍ ကျောင်းဆရာ ဖြစ်သေးသည်။ အဖေ့ခေတ်က ဆင်းရဲပေမယ့် ညီဖြစ်သူက ကျူရှင်ကလေး ဘာလေး အချိန်ပိုင်းပြ၍ ဝင်ငွေမဆိုးလှ။ သူ့လို ကျောင်းဆရာမတစ်ဦးနှင့် အိမ်ထောင်ကျပြီး ကလေးပင် တက္ကသိုလ်တက်နေပြီ။

ကိုမျိုးသာကတော့ ၁၀ တန်း သုံးခါကျ၍ ကျောင်းထွက်ခဲ့ရသည်။ ညီဖြစ်သူလို ပညာရေး ထွန်းထွန်းပေါက်ပေါက်ဖြစ်၍ လူမရိုသေ ရှင်မရိုသေ ရင်တောင် အနည်းဆုံး ဘကြီးဘုန်းကြီး၏ ခဏခဏ အဆူမခံရသည့်ဘဝမျိုးကို အားကျစိတ် ရံဖန်ရံခါတော့လည်း ပေါ်ခဲ့ဖူးသည်။ သို့သော် သည်စာတွေကျက်၊ သည်လို စည်းကမ်းကလနားနှင့်နေတိုင်း သည်လိုဘောင်ခတ်ထားသည့် ဘဝကြီးမှာ နေရမှာကို စိတ်ကူးကြည့်ရုံနှင့်ပင် အသက်မရှူနိုင်အောင် မောလှသည်။

သည်တော့ 'ဘဘုန်း'ရေ. . . ကျွန်တော့်ကို 'အချည်းနှီး'ခိုင်းတဲ့ တံဆိပ်တပ် မနေပါနဲ့တော့။ 'အချည်းနှီး' သိက္ခာကျနေပါဦးမယ်။

**နေရီရီ**

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ ကိုမျိုးသာ အလုပ်မရှိ။ အလုပ်မရှိသည်မှာ သုံးလ လောက်တော့ရှိသွားပြီ။ မိုးလင်းလျှင်တော့ မျက်နှာမသစ်ခင် ကတည်းက စ၍ ဂဏန်း တွက်သည်။ ဟိုက သည်က ကြားရသမျှ အတိတ်စိမ်းစိမ်းတို့ကို ပေါ်အောင်ဖော်ကြည့်သည်။ ဂဏန်းပေါင်း မြောက်မြားစွာ စာလုံးပေါင်း မြောက်မြားစွာပါသော စာရွက်ကြီးများကို တည့်တည့်ကြည့်လိုက် ဒေါင်လိုက်ကြည့်လိုက်လုပ်သည်။

လိုအပ်သည်ထင်လျှင် 'အတိတ်စိမ်း' အနံ့ရရာအရပ်တို့သို့ လှည့်လည် စူးစမ်းသည်။ အချိုကြီး တစ်ခါနှစ်ခါပေါက်ထားဖူးသူပီပီ ကိုယ့်ကိုယ်ကိုယ်တော့ တစ်နေ့နေ့မှာ သည်ဂဏန်းတွေကတစ်ဆင့် ဧရာမအချိုကြီးတစ်ခုမိ၍ သူဌေးဖြစ် ဖြစ်အောင် ဖြစ်ဦးမည့်သူဟု ခံယူထားသည်။ ကိုယ်သုံးသမျှငွေသည် ပေါက်ထားဖူးသမျှ၏ အဆပေါင်းများစွာရှိနေပြီကိုတော့ သတိမရ။

"နင်ကလည်း ယောက်ျားကို ထိန်းထိန်းသိမ်းသိမ်းလုပ်မယ် စိတ်မကူးဘူး"

ဘကြီးဘုန်းကြီးက ကိုမျိုးသာ၏ မိန်းမကို ဆူသည်။ မိန်းမက ရယ်သာနေသည်။

ဘယ်နားသွားထိန်းမတုန်း။

ကိုမျိုးသာမိန်းမက ကိုမျိုးသာထက် ၁၀ နှစ်ငယ်သည်။ အလယ်တန်းလောက်အထိသာ နေဖူးသည်။ မိုးလင်းတာနှင့် သူမကလည်း အတွက်အချက်စသည်ပင်။ တစ်ခါတလေများ လင်မယားနှစ်ယောက် တစ်ယောက်တစ်နေရာစီ ဂဏန်းနောက် လိုက်နေသည်မှာ အိမ်က ကလေးတွေ ကျောင်းတတ်တာတောင် ဝမ်းဟောင်းလောင်းနှင့် သွားရတတ်သည်။

ကိုမျိုးသာအဖို့ကတော့ သိပ်ပြဿနာမရှိ။ ဘကြီးဘုန်းကြီးဆီ ဝင်စားသည့် အခါလည်း ရှိသည်။ ညီဆီ ဝင်စားသည့်အခါလည်း ရှိသည်။ အမေဆီ ဝင်စားသည့် အခါလည်း ရှိသည်။ တစ်ခါတလေ တစ်ကွက်ကောင်းကလေးများ မိလိုက်လျှင်တော့ တရုတ်ဆိုင်ဝင်၊ သူငယ်ချင်းများနှင့် သောက်စားပြီး အိမ်အပြန်ပါ ကလေးများအတွက် ခေါက်ဆွဲထုပ်ကလေး ပါပါလာတတ်သေးသည်။

မိန်းမနှင့် ကလေးတွေကရော။



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ မသိ။ သိပ်မသေချာ။ တစ်ခါတလေ သူ ပိုက်ဆံပေးဖြစ်တာကတော့ သေချာသည်။ လောက်နေလား၊ မလောက်နေလား၊ ဘယ်လိုဖြေရှင်းနေကြလဲတော့ တစ်ခါမှ မမေးမိ။

မိန်းမကလည်း သူ့ကို တော်တော်ချစ်သည်ဟု ထင်သည်။ သူ ဘယ်လိုနေနေ ဘာမှ ပြဿနာမရှာ။

အဲ. . . သဝန်တိုစရာရှိလျှင်တော့ တိုတတ်သည်။

"ရှင်. . . ဟိုတရုတ်ဆိုင်က မကျင်မွှေးကြီးနဲ့ ငြိနေတယ်ဆို"

"မိန်းမရာ. . . မကျင်မွှေးက ငါ့ထက်တောင်ကြီးတာ၊ မင်းအဒေါ်အရွယ်လောက်ရှိတာ၊ ငါက စိတ်ဝင်စားမလားဟ"

မိန်းမ ကျေနပ်စွာ ပြုံးသွားသည်။ ကိုမျိုးသာကတော့ ရယ်ချင်နေသည်။ အမှန်မှာတော့ မကျင်မွှေးက ငွေကြေးချောင်လည်ပြီး အမြဲပြင်ပြင်ဆင်ဆင် ရှိ၍ ခေတ်ဆန်ဆန်လည်း ဝတ်စားတတ်သည့် အသက်ကြီးပေမယ့် သူ့မိန်းမထက်ပင် နုပျိုလှပနေသည်။ တစ်ခုလပ်လား၊ နှစ်ခုလပ်လားတော့ သိပ်မသေချာ။ တာချီလိတ် ဘက်က ပြောင်းလာတာလား၊ ကျိုင်းတုံလား။ မိုင်းယန်းလား တစ်ခုခုပဲ။ အလုပ်မျိုးစုံ လုပ်၍ စကားပြောကလည်း ကောင်းသော ကိုမျိုးသာကို လွန်ခဲ့သည့် ၇ နှစ်ခန့် သူမသည် စားသောက်ဆိုင် စဖွင့်စဉ် လက်တိုလက်တောင်းခေါ် ခိုင်းနေစဉ်ကတည်းက ငြိစွန်းမိကြပြီးသား။

မိန်းမက မရိပ်မိသည်က အ တာလည်း ပါသည်။ မကျင်မွှေးကိုက ကိုမျိုးသာကို တမ်းတမ်းစွဲမဟုတ်ဘဲ ရံဖန်ရံခါမှ တွေ့ဖြစ်ကြသည်ကြောင့်လည်း ပါသည်။ သည်ကြားထဲမှာ ဆိုင်ကို သူ့မောင်ဆိုသူနှင့် ထားခဲ့ပြီး နယ်ကို နှစ်နှစ်လောက် တစ်ခါ၊ ၆ လ လောက်တစ်ခါ ပြန်ပြန်သွားနေတာတွေလည်း ပါသည်။

ထို့ကြောင့် မကျင်မွှေးနှင့် ဇာတ်လမ်းသည် ကိုမျိုးသာအတွက် ဘာဝန်ထုပ် ဝန်ပိုးမှ မရှိ။ ရေဆာချိန် အိုးထဲရေရှိလျှင် ခပ်သောက်ပစ်သည့် သဘောသာရှိသည်။

ဘကြီးဘုန်းကြီးပြောသည့် 'အချည်းနှီးဘဝ' သည် နာမည်သာ ဆိုးသော်လည်း သူ့အဖို့တော့ ဘာဝန်ထုပ်ဝန်းပိုးမှ မရှိသလိုပင်။ လူအများလေးစားရတဲ့သူ ဖြစ်တော့ရော. . . မွေးသည့်နေ့ကနေ သေသည့်နေ့အထိ အနှစ် ၆၀၊ ၇၀ ဆယ်၊ အလွန်ဆုံး ၈၀ ပေါ့. . .။ နေရမည် ဒါပဲ။ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



အထင်မကြီးလည်း သည်မျှပင်နေရမည်။ ဘာကွာလို့လဲ။ သည်လိုပဲ ကိုမျိုးသာ ထင်သည်။

သူ ထင်တာလွဲသွားကြောင်း သိရသည့်နေ့မှာတော့ ကိုမျိုးသာ ဘစ်ယောက် ရင်ထဲမှာ ဗလောင်ဆူ၍ ကမ္ဘာပျက်မတတ် ခံစားရရှာသည်။

သူ အသက် ၄၀ ကျော်တွင်ပင် သေရတော့မည်ဆိုပါလား။

## (၂)

ဆရာတော့်မျက်နှာကိုကြည့်၍ ဒေါက်တာကြည်အောင် သက်ပြင်းချမိသည်။

"လူနာကိုပါ ခေါ်ခဲ့စေချင်တယ်ဘုရား၊ သူလည်း သူ့ရောဂါကို သူ သိသင့်ပါတယ်၊ တပည့်တော်တို့ မဖုံးကွယ်သင့်ဘူး"

ဆရာတော်က ခေါင်းညိတ်သည်။

"ဘုန်းကြီး နားလည်ပါတယ် ဆရာကြီးရယ်၊ ဒီကောင် မစားနိုင် မသောက်နိုင် တစ်လလောက် အိပ်ရာထဲ လဲနေပြီဆိုကတည်းက တစ်ခုခုတော့ အရေးကြီးနေပြီ။ သေလောက်တဲ့ရောဂါဆိုလည်း သူ့ကံနဲ့ သူ ပေါ့။ ကိုယ့်တူဆိုပေမယ့် ကိုယ့်ဘဝနဲ့ ကိုယ် သူ့ဘဝနဲ့ သူ၊ ကိုယ် ဝင်စီရင်သင့်တာမှ မဟုတ်တာ။ ဒါပေမဲ့ ဒီကောင်က ခေါင်းသိပ်မရှိဘူး။ သူ့ကို ပြောမပြခင် ဘုန်းကြီး အရင်သိထားတာ ကောင်းမယ် ထင်တယ်။ ဆရာကြီးကလည်း ဒကာရင်းမို့ လာမေးရဲတာပါ။ အစစအရာရာ ဆရာကြီး တစ်ပြားတစ်ချပ်မှ မယူဘဲ လုပ်ပေးခဲ့တာလည်း ကျေးဇူးတင်ပါတယ်"

ဒေါက်တာကြည်အောင် ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

"ရောဂါက ပြင်းပါတယ် ဘုရား"

"ဟို. . . ခုခံအားကျတဲ့ ဟာမျိုးလား၊ ဒီကောင်က ခပ်ရှုပ်ရှုပ်မို့ ဘုန်းကြီးက အဲဒါ စိတ်ပူနေတာ"

ခေါင်းခါပြလိုက်သည်။

"ကူးစက်ရောဂါတော့ မဟုတ်ပါဘူးဘုရား၊ သူ အဲဒါလည်း သိပ် မရှောင်ဘူးလို့တော့ တပည့်တော်ကို ဝန်ခံပါတယ်။ အဲဒီရောဂါမဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတာပေါ့။ ကံကောင်းတယ်ဆိုတာ သူ့မိသားစုအတွက်ပါ။ သူ့အတွက်ကတော့ အခုလည်း သိပ်မထူးဘူး ဘုရား"

"နို့ သူ့ရောဂါက"

"အသည်းခြောက်တာပါ ဘုရား။ အသည်းရောင်ဘီပိုးရှိလျက်နဲ့ အနေအထိုင် အသောက်အစား မဆင်ခြင်ခဲ့လို့ ဖြစ်တာ။ အခုတော့ တော်တော် ဆိုးတဲ့ အဆင့်ကို ရောက်နေပါပြီ. . . ဘုရား"

"ကုလို့ မရတော့ဘူးပေါ့"

"ရသလောက်တော့ ကုရမှာပါပဲ ဘုရား။ တပည့်တော်က ရောဂါ တော်တော် ကျွမ်းနေပြီဆိုတာသာ အမှန်အတိုင်း ပြောပြချင်တာပါ"

ဆရာတော်နှင့် နာရီဝက်ခန့် ထပ်ဆွေးနွေးဖြစ်သည်။

ဦးမျိုးသာ။ အင်းလေ. . . ကိုယ်နှင့် အသက်ချင်းအတူတူပဲဆိုတော့ ကိုမျိုးသာပေါ့။ ကိုမျိုးသာနေရသမျှ အချိန်အပိုင်းအခြားကလေး အတွင်းတွင် သက်သောင့်သက်သာကလေး နေထိုင်သွားရအောင် မိမိဘက်က ဘယ်လို ပံ့ပိုး ကူညီနိုင်မည်ဆိုတာမျိုးတွေပေါ့။

"ကဲ. . . ကျေးဇူးတင်တယ် ဆရာကြီးရယ်၊ ဒီလောက်အလုပ်များတဲ့ ကြားက ဘုန်းကြီးကို အချိန်ပေးတာ"

"ဆရာရင်း ဒကာရင်းတွေပါ ဘုရား၊ ပြောဖို့ မလိုပါဘူး"

ဆရာတော်က သက်ပြင်းချ၍ ရုံးခန်းနံရံတွင် ချိတ်ဆွဲထားသော တော်ဝင်သမားတော်ဘွဲ့အောင်လက်မှတ်၊ တော်ဝင်သမားတော်ကြီးအဆင့် တိုးမြှင့်သည့် လက်မှတ်၊ ပါရဂူဘွဲ့ လက်မှတ်၊ မဟာသိပ္ပံအောင်လက်မှတ် စသည်တို့ကို လှမ်းကြည့်သည်။

"အင်း သူလည်း ငယ်ငယ်က ကျောင်းဆရာသားပါပဲ ဆရာကြီးရယ်။ ဆရာကြီးအဖေကလည်း ကျောင်းဆရာကြီးပဲဆို။ ဆရာကြီးကတော့ ကိုယ့်ဉာဏ်ကို ကိုယ်သွေးတော့ ထက်တာပေါ့။ သူကတော့ ဉာဏ်နဲ့ဆင်ခြင်တုံ တရားကို သံချေး တက်တဲ့အထိ ပစ်ထားတဲ့လူစားမျိုးပဲ"

ဒေါက်တာကြည်အောင်က ဆရာတော်ကြည့်နေသော အောင်လက်မှတ်များကို လှမ်းကြည့်၍ ပြုံးသည်။

"ဒါတွေရချင်လို့ ကြိုးစားရတာနဲ့ တစ်ခုရပြီးတော့ နောက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ချင်တာနဲ့ အားလုံးရပြီးတော့လည်း ထိုက်တန်တဲ့အဆင့်ကလေး အသိအမှတ်ပြုခံရတာကလေး၊ မရမချင်း မကျေမနပ်လောဘတွေ ဒေါသတွေနဲ့ ပူလောင်ရတာနဲ့ တပည့်တော်ဘဝလည်း ဒါတွေနဲ့ပဲပြီးသွားတာ။ သိပ်ကြီးတော့ မမြတ်လှပါဘုရား၊ တပည့်တွေတောင် စာသင်ရင်းနဲ့ ပြောပြရဖူးတယ်၊ လောဘများ ပညာလောဘတောင် မကောင်းဘူးလို့"

ဆရာတော်က တိုးတိုးရယ်သည်။

"အသက်မွေးဝမ်းကျောင်း အတတ်ပညာ ကျွမ်းကျင်လိမ္မာတာကို မြတ်စွာဘုရားက မင်္ဂလာသုတ်မှာ ချီးမွမ်းထားပါတယ် ဆရာကြီးရဲ့၊ ပြီးတော့ ယော၊ ဘိက္ခဝေ၊ မံ ဥပဒါဟေယျ၊ သော ဂိလာနံ၊ မံ ဥပဒါဟေယျတဲ့၊ ဂိလာနတို့ကို ပြုစုစောင့်ရှောက်တာ ငါ ဘုရားကို ပြုစုစောင့်ရှောက်တာလို့ပဲ မြတ်တယ်လို့ဆိုသမို့လား"

"အများကို ကူညီနိုင်တာကို ပညာရတာ၊ ငွေလည်း ရတာထက် ဘပည့်တော်က တန်ဖိုးတော့ထားပါတယ် ဘုရား၊ ဒါပေမဲ့ ရှုန်းကန်ရ ယှဉ်ပြိုင်ရ နိုင်တဲ့အခါနိုင်၊ ရှုံးတဲ့အခါရှုံး။ ဒေါသဖြစ်ခဲ့ရတာတွေက များလွန်းလို့ ကုသိုလ်ဖြစ်မယ်ထင်တဲ့ ဘဝလမ်းကြောင်း ရွေးလျှောက်ခဲ့ရတာ ကုသိုလ်ရော တကယ်ဖြစ်ခဲ့ရဲ့လားလို့တော့ မကြာခဏ သံသယဝင်မိတယ် ဘုရား"

ဘုန်းကြီးက အားပါးတရ ပြုံးသည်။

"ဉာဏ်ကြီးတဲ့သူများကျ ထိုးထွင်းမြင်တတ်ပါပေရဲ့ ဆရာကြီးရယ်၊ ဒီဂုဏ်တွေ၊ ဒီဒြပ်တွေက ငါ ကိုယ်တိုင်ကြိုးစားအားထုတ်ခဲ့လို့ရတာ၊ ငါ့အရည်အချင်းတွေ ငါတော်လို့. . . ဆိုတဲ့ မာန်မာန ဖုံးမနေဘဲနဲ့ ဒီထက်သာတဲ့ဘဝ၊ ဒီထက်မြတ်တဲ့ အကျင့် ရှိနေနိုင်ပါသေးလားလို့ တွေးတတ်တာကိုက အဝိဇ္ဇာကို နိုင်ချင်စိတ်က ဖြစ်နေပြီသား။ ‹သံသရာမှာ တကယ်လူ ဖြစ်ရကျိုးနပ်ချင်ရင်တော့ တကယ်ကြိုးစားဖို့လေး တစ်ခုပဲ လိုတော့တာ› နို့ တရားဝင်မယ် ဝင်မယ် ပြောပြောနေတာ ဘယ်နှနှစ် ရှိပြီလဲ။ ဒီဝါရော တကယ်ဝင်ဖြစ်မှာလား"

သည်တစ်ခါလည်း မလုံမလဲ ဖြစ်ရပြန်ပြီ။

"ဝါကျွတ်အထိတော့ အဆင်မပြေသေးပါဘူး ဘုရား၊ တန်ဆောင်မုန်းလောက်ရောက်လို့ ဆေးတက္ကသိုလ်တွေ ပိတ်တဲ့အချိန်လောက်ကျရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖြစ် အောင်ကြိုးစားပါ့မယ်”

“တရား မဝင်ဖြစ်သေးလည်း တရားသိဖို့ကတော့ အမြဲကြိုးစားနေမှာပေါ့ ဒကာကြီးရဲ့၊ ပညာဒီလောက်ထူးချွန်ပေမယ့် သံသရာမှာ မပါမဲ့ ဉာဏ်တွေချည်း စုနေလို့ မဖြစ်သေးဘူးလေ”

“တင်ပါ့ဘုရား”

(၃)

**ဦးမျိုးသာ**

**အသက် ၄၄ နှစ်။**

သည်စာတန်းပါသော ပန်းခွေက တစ်ခွေတည်း ရှိသည်။ ဦးမျိုးသာ၏ ဇနီး ဖြစ်သူက အသုဘရှုသူ ခြောက်ကပ်ကပ် ဖြစ်နေသည့် ကွန်ကရစ်လောင်းကြမ်းခင်း၊ အကာမဲ့ ကွက်လပ်အတွင်းရှိ ဦးမျိုးသာ၏ ရုပ်ကလာပ်ဘေးတွင် ငေါင်စင်းစင်းထိုင်နေသည်။ ကလေးတွေတော့ ခေါ်မလာခဲ့။

ဦးမျိုးသာ၏ညီက မရီးဖြစ်သူ အနားကိုကပ်၍ ခေါ်နေပြီ။ “သွားကြစို့” ဟု တိုးတိုးပြောသည်။

ဦးမျိုးသာ၏ တေဖော်တေဖက်ရောင်းရင်းများက ရုပ်ကလာပ်တင် တွန်းလှည်းကို တွန်း၍ ကွန်ကရစ်လမ်းကလေးအတိုင်း မီးသင်္ဂြိုဟ်စက်ရှိရာသို့ လျှောက်လာကြသည်။ ငိုရမှာ မေ့နေသော ဦးမျိုးသာ၏ဇနီးက ငူငူငေါင်ငေါင် နောက်ကပါလာသည်။

“ခဏလေး. . . ခဏလေး”

ရေဝေးဝန်ထမ်းများက လက်ကာ၍ တားထားသည်။ အများစု လူတိုင်းနီးနီး ငိုကြွေးနေကြသော ဧရာမ လူအုပ်ကြီးက ရှေ့က ခံနေသည်။

“ခဏလေး စောင့်ပါဦး၊ ဆရာ့ကို မကန်တော့ရသေးတဲ့ တပည့်တချို့ အခုမှ ရောက်လာလို့ပါ”

“ရတယ် အစ်မ. . . ရတယ်။ ကားတန်းကြီး ဒီလောက်ရှည်တာ။ အေးအေး ဆေးဆေး ကန်တော့ကြ၊ ကျွန်တော်တို့ စောင့်မယ်”

ရေဝေးဝန်ထမ်းက မျက်နှာကြီးအသုဘ ဖြစ်ဟန်တူသော လူအုပ်ကြီးဘက် လှည့်၍ အော်ပြောရင်း ဦးမျိုးသာ၏ ညီဘက်လှည့်ကာ ခဏလေး



www.burmeseclassic.com

www.burmeseclassic.com



ခနော်. . . ဟု တိုးတိုးပြောသည်။

"များလိုက်တဲ့လူတွေ၊ ဘယ်သူမို့လဲ"

ဟု ဦးမျိုးသာ ဇနီးက မေးသည်။

"သမားတော်ကြီး တစ်ယောက်ပါ၊ အကောင်းအတိုင်းကနေ ရုတ်ဘရက် နှလုံးသွေးကြောပိတ်ပြီး ခေါက်ခနဲ ဆုံးတာတဲ့"

"နာမည်ကရော"

"ဒေါက်တာကြည်အောင်တဲ့"

ဦးမျိုးသာ ဇနီးက ဦးမျိုးသာ၏ ညီဘက်လှည့်၍. . .

"အဲဒါ အစ်ကို့ကို ကုတဲ့ ဆရာဝန်ကြီး မဟုတ်လား"

ဟု မေးသည်။

"တောက်တီးတောက်တဲ့ဟာ၊ ဟိုဒေါက်တာကြည်အောင်က ငယ်ငယ်လေး ရှိသေးတာ၊ အစ်ကို့လောက်ပဲ ရှိမယ် ထင်တယ်"

ဦးမျိုးသာ ဇနီးက. . .

"အစ်ကိုတောင် ဆုံးသေးတာပဲ"

ဟု တိုးတိုးဆိုသည်။

"ငါ့အစ်ကို၊ နင့်ယောကျ်ားက လူပေလူတေမို့ ငယ်ငယ်ကလေးနဲ့ သေတာ၊ ဟိုက ဆရာဝန်ကြီး၊ တူလို့လား. . ."

ဟု ပြောမည်ပြင်ပြီးမှ မကောင်းပါဘူးလေဟု တွေးကာ ပါးစပ် ပိတ်ထား လိုက်ရသည်။

ငိုကြွေးနေသော လူအုပ်ကြီး ပြုံဆင်းလာသည်။

"ကဲ. . . ဦးမျိုးသာ အဖွဲ့၊ လာ. . . လာ. . . ရပြီ"

ဦးမျိုးသာ၏ ညီနှင့် ဇနီးတို့ ဦးမျိုးသာ၏ ရုပ်ကလာပ်ဘေး တစ်ဖက် တစ်ချက်မှကိုင်၍ ရေဝေးဝန်ထမ်းခေါ်ရာနောက်သို့ လိုက်သွားကြသည်။

မတောသီ

၂၀၀၈၊ မေ



www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်မှုပန်းတိုင်နှင့် မရှိလို့မဖြစ်

## (၁)

လက်ဖက်ရည်ဆိုင်တွင်ထိုင်၍ အချိန်ဖြုန်းသည့်အလုပ်ကို သူ သက်ဝင်ယုံကြည်ခြင်း မရှိခဲ့သည်မှာ ကြာပြီ။

တကယ်သာ လောလော လောလောနှင့် သောက်ရလျှင် တစ်ကျိုက် စာမျှသာရှိသည့် လက်ဖက်ရည်ခွက်ကို အေးစက်၍ အပေါ်ယံမျက်နှာပြင် တင်းမာသည့် အဆင့်အထိ ရှေ့တွင်ချထားပြီး စကားတစ်ခွန်းပြောပြီးတိုင်း ပြောပြီးသည့်စကားကို မေ့ပစ်လိုက်၍ နောက်ဘာဆက်ပြောရမည်ကိုသာ စဉ်းစားနေသည့်အလုပ်ကို ဗဟုသုတရှာမှီးရန်အတွက် သော်လည်းကောင်း၊ လုပ်ငန်းဆောင်တာများ ညှိနှိုင်းဆောင် ရွက်ရန်အတွက် သော်လည်းကောင်း၊ အပန်းဖြေရန်အတွက် သော်လည်းကောင်း ကုန်ရသည့်အချိန်နှင့် ရလဒ် မကာမိဟု သူ ထင်သည်။

ဒါကလည်း နည်းနည်းအသက်ကြီးသွားလို့လည်း ဖြစ်နိုင်သည်။

တက္ကသိုလ်ကျောင်းသားဘဝတုန်းကတော့ သူလည်း လက်ဖက်ရည် ဆိုင် ထိုင်ဖူးသည်။ ကမ္ဘာကြီးပူနွေးလာသည့်အကြောင်းတို့၊ ပရိမီးယားလိဂ် အကြောင်းတို့၊ ဘာသာကြီးလေးခု၏ အနှစ်သာရများအကြောင်းတို့၊ နာမည်ကြီးပြည်တွင်းပြည်ပ အနုပညာရှင်များအကြောင်းတို့၊ ပြီးတော့ အတန်းထဲက ကောင်းမလေးတွေအကြောင်းတို့ သူငယ်ချင်းတွေနှင့် အာပေါင်အာရင်းသန်သန် နာရီပေါင်းများစွာ ဆွေးနွေးဖူးသည်။

ယခုတော့ ကျောင်းပြီးတာလည်း ၅ နှစ်ကျော်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများနှင့်လည်း မဆုံဖြစ်တော့။ အများစုကလည်း အိမ်ထောင်ကျပြီး အိမ်ထောင့်တာဝန် လုပ်ငန်းတာဝန်တွေထဲမှာ နစ်နေကြပြီ။

သူကတော့ အိမ်ထောင်မကျသေးသော်လည်း နာမည်အသင့်အတင့် ရသော ဂျာနယ်လစ်တစ်ဦးဖြစ်လာခဲ့ပြီ။ ကမ္ဘာကြီးပူနွေးသည့်အကြောင်းလည်း ရေးဖူးရဲ့။ ပရီးမီးယားလိဂ်အကြောင်းလည်း ရေးဖူးရဲ့။ ပြည်းတွင်ပြည်ပ အနုပညာရှင်များအကြောင်းလည်း ရေးဖူးရဲ့။ ဒါပေမဲ့ ငယ်စဉ်က လက်ဖက် ရည်ဆိုင်များထဲတွင် ဆွေးနွေးဖြစ်ခဲ့သည်တို့က ယခု သူ ရေးနေသည့်စာများကို အထောက်အကူ ပြုသည်ဟုတော့ မထင်မိ။ ငယ်ငယ်တုန်းက လက်ဖက်ရည် ဆိုင်ထိုင်ခဲ့သည့်အချိန်များကို ဖြုန်းမိခဲ့သည့်အချိန်များဟု ပြန်နောင်တရ နေမိသည်။

ဒါပေမဲ့ ယခုတော့လည်း သူ လက်ဖက်ရည်ဆိုင် ထိုင်နေရပြန်ပြီ။

သည်တစ်ခါတော့ တကယ်ကို အချိန်ဖြုန်းချင်၍ ထိုင်နေရခြင်း ဖြစ်သည်။ သူ အင်တာဗျူးလုပ်၊ တွေ့ဆုံမေးမြန်းရမည့် နာမည်ကြီး အဆိုတော်က သူ့ကို ၂ နာရီတိတိ စောင့်ခိုင်းသည်။ မဂ္ဂဇင်းတိုက် တစ်ခေါက် ပြန်လျှင်လည်း ဘတ်စ်ကားပေါ်မှာတင် ၂ နာရီကုန်သွားနိုင်သည်။ သည် အဆိုတော် တခြားတစ်နေရာ ထွက်သွားလိုက်ပါကလည်း နောက်တစ်ခါ ရက်ချိန်းရဖို့က သိပ်မလွယ်။

နောက်ဆုံးတော့ အသံသွင်းဌာနနှင့် မျက်စောင်းထိုးခန့်ရှိ လမ်းဘေး လက်ဖက်ရည်ဆိုင်တွင်ပင် ပလက်ဖောင်းမင်းသားလုပ်ပြီး အချိန်ဖြုန်းရတော့ သည်။

တစ်ယောက်တည်း ထိုင်နေရသည်မှာ ငြီးစီစီဖြစ်လာ၍ ဟိုဟို သည်သည် မျက်စိကစားကြည့်တော့ ဆေးကြော်ငြာဆိုင်းဘုတ်ကြီးတစ်ခုကို လှမ်းမြင်သည်။

'အောင်မြင်မှုပန်းတိုင်'ဆိုသည့် တောင်ထိပ်ပေါ်တွင် အနောက်တိုင်း ဝတ်စုံဝတ်လူငယ်တစ်ဦး လက်သီးလက်မောင်းတန်းနေသည့်ပုံပါလာ။

'အောင်မြင်မှုပန်းတိုင်'တဲ့။

ဘယ်နားမှာများ ရှိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"တို့တစ်တွေက လူငယ်တွေ သူငယ်ချင်း။ စွန့်သင့်ရင် စွန့်ရမယ်၊ ရင်းသင့်ရင် ရင်းရမယ်။ မိုက်သင့်ရင် မိုက်ရမယ်။ အေး. . . ဖိုက်သင့်ရင် ဖိုက်ရမှာပဲ။ ငါကတော့ အပြတ်ပဲ။ အောင်မြင်မှုရဖို့ဆိုရင် လုပ်သင့်တာ အားလုံး လုပ်ရမှာပဲ"

လာပြန်ပြီ။ အောင်မြင်မှု. . . တဲ့။

အာပေါင်အာရင်းသန်သန်နဲ့ ပြောနေသည့်လူငယ်တစ်ဦး၏အသံကို ကြားလိုက်ရ၍ နောက်ပြန်လှည့်ကြည့်မိသည်။ တစ်လုတ်စာမျှရှိသော လက်ဖက်ရည် ပန်းကန်တွင်းမှ တစ်ဝက်လျှော့ပြီးသားကို ရှေ့တွင်ချ၍ ကိုယ့်အသံ ဘေးလူတွေ ကြားမကြား ကျီးကန်းတောင်မှောက်ကြည့်ရင်းက ကြားကိုကြားစေချင်သည့်လေသံမျိုးဖြင့် လက်ဟန်ခြေဟန်ပါပါ စကားပြောနေသည့် လူငယ်တစ်ဦးကို တွေ့ရသည်။ သူ့ရှေ့တွင်တော့ သူ့မျက်နှာကို မကြည့်ဘဲ လမ်းပေါ်က ဖြတ်လျှောက်သွားသော စကတ်လုံချည်ဘေးကွဲ ခပ်ကျပ်ကျပ်ဝတ်ထားသည့် ကိုယ်လုံးလှလှနှင့် ကောင်မလေးကို လိုက်ငေးကြည့်နေသော လူငယ်တစ်ယောက်ကို တွေ့ရသည်။ သူ့ရှေ့က လက်ဖက်ရည်ခွက်ကတော့ ကုန်နေပြီ။

ပထမလူငယ်က ဒုတိယလူငယ်ကြည့်နေသည့် ကောင်မလေး ဆက်လျှောက်သွားသည့် နောက်ပိုင်းကို ယောင်ယမ်းတစ်ချက်လိုက်ကြည့်ပြီးမှ ဒုတိယ လူငယ်ဘက်ကိုလှည့်၍ "ငါပြောတာ ဟုတ်တယ် မဟုတ်လား" ဟု ပြောသည်။ ဒုတိယ လူငယ်က လှည့်မကြည့်ဘဲ ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။

သူကတော့ အောင်မြင်မှုရအောင် ဘာပဲလုပ်ရလုပ်ရဆိုရင်၊ တစ်ခါတည်း လုပ်လို့ရတဲ့ဟာမျိုးဆိုရင်တော့ ဟုတ်တာပေါ့ဟု တွေးနေမိသည်။

သူ့အတွေ့အကြုံအရ ပြောရလျှင်တော့ အောင်မြင်မှုဆိုတာ ပန်းတိုင်တော့ မဖြစ်နိုင်။ ပန်းတိုင်ဆိုလျှင် ရောက်ပြီးလျှင် ပြီးရမည်။ အခုက ပြီးမှ မပြီးနိုင်တော့ဘဲဟာ။

အသက် ၃၀ ကျော်ရှိသေးသော သူ့ဘဝတွင်ပင် ငယ်စဉ်ကတည်းက ဖြစ်ချင်သည့်ဆန္ဒတို့ ပြည့်ဝဖူးခဲ့သည်က အကြိမ်ကြိမ်။

**နေရီရီ**

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံး မိမိ စာမူမဂ္ဂဇင်းထဲတွင် ပုံနှိပ်ဖော်ပြပါလာစဉ်တုန်းက အောင်မြင်မှုပန်းတိုင်ကို ရောက်သွားခဲ့တာလား။ အဆောင်နေနေရသည့်ဘဝမှ သက်ရှိ နေနေသည့်အိမ်ခန်းကလေးကို စပေါ်တင်၍ ငှားနေနိုင်စဉ်အချိန်က အောင်မြင်မှုပန်းတိုင်ကို ရောက်သွားခဲ့တာလား။ ကိုရီးယားဇာတ်ဆောင်များ အကြောင်း ဆောင်းပါးပေါင်းချုပ်ကို စာမူခ ၁၀ ရာခိုင်နှုန်းနှင့် ထုတ်ဝေပေးသည့်သူ ပေါ်လာသည့်အချိန်က အောင်မြင်မှုပန်းတိုင်ကို ရောက်သွားခဲ့တာလား။ လက်ရှိမဂ္ဂဇင်းတိုက်တွင် အယ်ဒီတာ ဖြစ်လာခဲ့စဉ်က အောင်မြင်မှုပန်းတိုင်ကို ရောက်သွားခဲ့တာလား။

ဒါတွေအားလုံးဟာ သူငယ်စဉ်ကတည်းက တော်တော်တော့ဖြစ်ချင်ခဲ့သောဆန္ဒများ ဖြစ်ကြသည်။ တစ်နေ့နေ့မှာ ဒါတွေဖြစ်ကို ဖြစ်လာရမည်ဟုဝင် မမျှော်လင့်ရဲခဲ့။

ဖြစ်လာတော့ရော ကြိုးစားရ၊ ရုန်းကန်ရတာတွေက ပေါ့သွားသက်သာသွားရသည်ရယ်လို့မှ မရှိခဲ့လေဘဲ။ ပျော်ရလည်း ခဏသာ။

နောက်ထပ်ပန်းတိုင်တစ်ခုက အဆင်သင့်စောင့်ရပြန်သည်။ တချို့ပန်းတိုင်တွေက ဒါပြီးရင် ဒါ လာတော့မှာပဲဟု ကြိုတင်ခန့်မှန်း၍ ရခဲ့ပေမယ့် တချို့သော ပန်းတိုင်တွေက နောက်မှမမျှော်လင့်ဘဲ ကိုယ်လျှောက်ရာ ဘဝခရီးမှာ ကမ်းပါးယံကြီး မြေကထွက်လာပြီး ကာဆီးလိုက်သလို ပေါ်လာတာတွေလည်း ရှိသည်။ တစ်ခုပြီးတစ်ခု မဆုံးနိုင်အောင်ပေါ်နေသဖြင့် ကြာတော့ကြိုးစားချင်စိတ်၊ ရုန်းကန်ချင်စိတ် ကုန်သွားလောက်အောင်ပင် ဖြစ်ခဲ့ရသည်ကအကြိမ်ကြိမ်။ ကြိုးစားမှု၊ ရုန်းကန်မှုကို ရပ်လိုက်မိလျှင်လည်း နောက်ရမည့်ဟာတွေ မရတော့တာ၊ ရတာထား။ ရှေ့က ကြိုးစားထားပြီးသမျှကို အားနာစိတ်ကလေးဖြင့် ရပ်မရဘဲ ဆက်ကြိုးစားခဲ့ရသည်က များသည်။

နောက်ဆုံးတော့ သည်အောင်မြင်မှုတွေကို အောင်မြင်မှုပန်းတိုင်ဟုမခေါ်ချင်တော့။ ဟို. . . ဆေးကြော်ငြာထဲကပုံလို ကမ်းပါးယံထိပ်မှာလက်သီးလက်မောင်းတန်း၍ ကြွေးကြော်နေရပြီး မိုးရှုးမီးပန်းများ ကောင်းကင်တွင် ထိန်ထိန်ညီးနေတာမျိုးလည်း တစ်ခါမျှမရှိခဲ့။

အောင်မြင်မှုမှတ်တိုင်ဟု ခေါ်လျှင်တော့ မဆိုး။

ကျောက်ကုန်းမှတ်တိုင်၊ ဝွတ္တလစ်မှတ်တိုင် အဲသလိုမျိုးပေါ့။ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြတ်ဖြတ်သွားနေရသည့် မှတ်တိုင်ကလေးတွေမျှပါပဲ။ ဒါတောင် အဲသလို အကောင်းမှတ်တိုင်ကလေးတွေချည်း ဖြတ်သန်းရတာတော့လည်း မဟုတ်။ ကျရှုံးမှု မှတ်တိုင်တွေကလည်း အကြိမ်ကြိမ်။ ကျရှုံးသည့်အခါ သိပ်စိတ်မညစ်မိစေဖို့ အောင်မြင်သည့်အခါ သိပ်မပျော်မိရလေအောင် လှုပ်ရှားတတ်သည့် စိတ်ကို ထိန်းချုပ်နိုင်နင်းခဲ့တာပင် အတော်ကြာခဲ့လေပြီ။

ယခု သူ သွားတွေ့ရမည့် နာမည်ကြီး အဆိုတော်ဘဝမှာဆိုလျှင်တော့ အောင်မြင်မှုပန်းတိုင်ဆိုတာ နည်းနည်း ပိုအဓိပ္ပာယ် ရှိလေမလားမသိ။

အသက်က သူ့ထက် ၅ နှစ်မျှကြီးပေမယ့် လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက လျှမ်းလျှမ်းတောက် အောင်မြင်နေခဲ့ပြီ။ စတိတ်ရှိုးပွဲများတွင်လည်း အနုပညာကြေး အမြင့်ဆုံးရသူ သရဖူကို ယခုတိုင်ဆောင်းထားဆဲ။ သူ့ထက်အနှစ် ၂၀ ခန့် ငယ်သူ လူငယ်များမှအစပြု၍ သူ့အရွယ် လူရွယ်များအထိ သူ့ကို သူ့ရဲကောင်းသဖွယ် ကိုးကွယ်ကြသည်။ သူ့စတိတ်ရှိုးများတွင် နာရီပေါင်းများစွာ ခြေတောင့်အောင်ရပ်၍ အားပေးကြ၊ သူနှင့်အတူ သီချင်းလိုက်ဆိုကြသည်။ သူ ဝတ်သလို လိုက်ဝတ်ကြသည်။ သူ ကြိုက်နှစ်သက်တာတွေကို လိုက်၍ ကြိုက်နှစ်သက်ကြသည်။ အဝတ်အစား ကြော်ငြာတွင်ပင် မင်းသားအငယ် ချောချောလှလှတွေနှင့် ရိုက်မည့်အစား သူနှင့် ရိုက်ကြသည်။ ဒါမှ အောင်မြင်မှုပန်းတိုင် မဟုတ်ရင် ဘာများ ဟုတ်ရပါဦးမည်နည်း။

သည်နေ့ သူ အင်တာဗျူးရမည့် အကြောင်းအရာကတော့ အောင်မြင်မှုပန်းတိုင်နှင့် သိပ်မဆိုင်။ သည်အဆိုတော်ကို အားကျကြ၊ လေးစားကြ၊ အတုခိုးချင်ကြသည့် လူငယ်တွေအတွက် သည်အဆိုတော်အမြဲ သုံးစွဲလေ့ရှိသည့်၊ နှစ်ခြိုက်သည့်၊ တန်ဖိုးထားသည့် အရာတွေကို သိအောင်ဖော်ထုတ်ဖို့ ဖြစ်သည်။ သူ့မဂ္ဂဇင်းတိုက်က သည်ကဏ္ဍကို 'စတားတို့၏ မရှိမဖြစ်'ဟု နာမည်ပေးထားသည်။

(၃)

"မရှိမဖြစ်. . . ဟုတ်လား"

အဆိုတော်က နားမလည်သလို မျက်မှောင်ကြုတ်ပြသည်။ သူက မျက်နှာကို ကြိုးစားပြုံးပြရင်း ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ အစ်ကို၊ လူငယ်တွေက အစ်ကို့ကို ဟီးရိုးဝါးရှစ်ဝိ တော်တော်လုပ်ကြတယ်၊ အစ်ကိုလည်း သိပါတယ်"

သက်လတ်ပိုင်း ရောက်နေပြီဖြစ်သော အဆိုတော်က ရင့်ကျက်တည် ငြိမ်စွာ ပြုံးသည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အစ်ကိုက အဲဒါကို နည်းနည်းတော့ မှားနေ တယ် ထင်တာပဲ၊ အစ်ကိုက သူတို့ကို ဖျော်ဖြေနေတာလေ။ ရွှေဆောင်လမ်းပြ လုပ်နေတာမှ မဟုတ်တာ၊ သူတို့ အားကျချင်းအားကျရင် အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေကို အားကျနေသင့်တာ"

ဘုရားရေ. . . သည်လောက် အောင်မြင်နေသူ၏နှုတ်က သည်လို စကားမျိုး ထွက်လာလိမ့်မည်ဟု သူ တစ်ခါမျှ ထင်မထားမိ။

"ဒါတော့ အစ်ကိုရယ်၊ အသိပညာရှင်၊ အတတ်ပညာတွေချည့်ပဲ ရှိနေလို့ ပြီးတာမှ မဟုတ်တာ၊ အစ်ကိုတို့လို အနုပညာရှင်တွေလည်း လိုတာပဲ"

အဆိုတော်က ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အနုပညာရှင် အရေအတွက်ထက်တော့ အသိပညာရှင်၊ အတတ်ပညာရှင် အရေအတွက်က ပိုလိုတာပဲ။ ခေတ်လူငယ် ကလေးတွေ ကြည့်ရတာ အသိပညာရှင်၊ အတတ်ပညာရှင် ဖြစ်ချင်တဲ့ ကလေး တွေ အချိုးအစားနဲ့ မော်ဒယ်၊ မင်းသား၊ မင်းသမီး၊ အဆိုတော် ဖြစ်ချင်တဲ့ အချိုးအစား နည်းနည်းများ မမျှမတ ဖြစ်နေလားလို့၊ အစ်ကို့သားပဲ ကြည့်လေ၊ သူက စာတော်တယ်၊ အစ်ကိုက ကြီးရင် ဆေးကျောင်းတက်စေချင်တယ်၊ ဆရာဝန် ဖြစ်စေချင်တယ်၊ အဲဒါပြောတော့ သူက ပြောတယ်၊ သားသူငယ်ချင်း ဆရာဝန်သားသမီးတွေတောင် ကြီးလာရင် အဖေ့လိုပဲ ဖြစ်ချင်တာ. . . တဲ့၊ မခက်လား"

သည်တစ်ခါတော့ အဆိုတော်ပြောသည့်အချက်ကို သဘောကျ စွာဖြင့် သူပါ လိုက်ရယ်မိသည်။

ဒါပဲပေါ့။ အောင်မြင်မှုမှာ မယစ်မူးဘဲ၊ ဘဝင်မမြင့်ဘဲ ကိုယ့်ဘဝကို ကိုယ်၊ သူစိမ်း တစ်ရံစာတစ်ယောက်၏ဘဝလို ဘေးကထွက်ကြည့်၍ မှန်မှန် ကန်ကန်သုံးသပ်တတ်သူတစ်ဦးမို့ သည်လူ့အောင်မြင်မှုကလည်း ကြာရှည် ခိုင်ခန့်၊ မူးယစ်ဆေးဝါး၊ လူမှုရေး၊ အိမ်ထောင်ရေး ပြဿနာများနှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကင်းကင်း နေနိုင်ခဲ့သည်ပေါ့။ ကောင်းပါသည်၊ အနည်းဆုံးတော့ လူငယ်တွေ ဒါကို အားကျသင့်သည်။

"ဘာပဲ ဖြစ်ဖြစ်ပေါ့ အစ်ကိုရယ်၊ အစ်ကို့စတိုင်ကို လူငယ်တွေက အကုန် လိုက်အတုခိုးနေကြတော့ အစ်ကို ဘာလေးတွေ နှစ်သက်စွဲလမ်းတယ်၊ ဘယ်ဟာတွေကို အစ်ကို့ဘဝမှာ မရှိမဖြစ်ဘူးလို့ ထင်သလဲ။ အဲဒါမျိုးကလေးတွေ ရေးချင်လို့ပါ။ တတ်နိုင်ရင် ဓာတ်ပုံပါ ရိုက်ချင်ပါတယ်။ ဥပမာ. . . အရင်လကတော့ ဟိုအဆိုတော်မလေးက ဖန်စီကြိုးကလေးတွေတို့၊ ဖိနပ်အမျိုးမျိုးတို့ပေါ့လေ ဖြေသွားတော့ အဲဒါတွေနဲ့ ကျွန်တော် ဓာတ်ပုံအလှလည်း ရိုက်ပါတယ်။ အစ်ကိုကတော့ ဂစ်တာတို့ ဘာတို့များ ဖြေမလားပေါ့"

အဆိုတော်က မျက်မှောင်ကြုတ်၍ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဟုတ်တယ်၊ ၈ တန်းကျောင်းသားဘဝမှာ ဂစ်တာလေးတစ်လုံး ကိုယ်ပိုင် စ ဝယ်နိုင်တော့ အစ်ကို စွဲလမ်းလိုက်တာ။ အစ်ကို့ဘဝမှာ အဲဒီဂစ်တာ မရှိလို့ မဖြစ်လို့ ထင်ခဲ့မိတာ။ ညအိပ်ရာဝင်ရင်တောင် ဂစ်တာကို ပိုက်အိပ်တာ"

"ကောင်းလိုက်တာ. . . အစ်ကိုရယ်၊ အဲဒီ ဂစ်တာကလေး အိမ်မှာ ရှိသေးရင် ကျွန်တော် ဓာတ်ပုံလာရိုက်ချင်လိုက်တာ"

အဆိုတော်ကပြုံး၍ ခေါင်းကို ဖြည်းဖြည်းခါသည်။

"ရပ်ကွက်တန်ဆောင်တိုင်ပွဲမှာ ပထမဆုံးစင်ပေါ် တက်ပြီး သီချင်းဆိုခွင့် ရတဲ့အချိန်တုန်းကပေါ့။ ရပ်ကွက်ရုံးမှာ သီချင်း သွားသွား တိုက်ကြတာ။ ပွဲမတိုင်ခင် ညမှာပဲ အဲဒီဂစ်တာ ပျောက်သွားတယ်။ အစ်ကိုလည်း တတ်နိုင်သလောက် မျက်စိအောက်မှာ၊ ပေါင်ပေါ်မှာ တင်ထားနေတာ။ ခဏကလေး အချလိုက်မှာ ဘယ်လိုက ဘယ်လို ပျောက်သွားတယ်မသိဘူး။ လူတွေကလည်း သိပ်များတယ်လေ။ တကယ့် အချိန်ကြီးကျမှ ဂစ်တာမရှိဘဲ ဖြစ်သွားတော့ စိတ်ထိခိုက်လိုက်တာ။ နောက်တစ်လုံးကလည်း ချက်ချင်း ပြန်မဝယ်နိုင်ဘူး။ ဒါပေမဲ့လည်း သီချင်းကတော့ တက်ဆိုဖြစ်ခဲ့ပါတယ်"

အဆိုတော်က ပြုံးသည်။

"အချိန်တန်တော့လည်း ဂစ်တာပြန်ဝယ်နိုင်ရုံ မကဘူး။ တီးဝိုင်းတစ်ခုလုံးတောင် ထူထောင်နိုင်ခဲ့တာပဲ။ အခုအချိန်မှာတော့ ဘယ်ဂစ်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခလို့လည်း မရှိတော့ပါဘူး။ တီးဝိုင်းထဲကဂစ်တာ ကြုံရာကောက်တီးတာပဲ၊ စိတ်ကြိုက်ကြိုးညှိဖို့သာ လိုတာပေါ့" ဟု ဆက်ပြောသည်။

မျှော်လင့်ထားသည်နှင့် များစွာ ကွာဟနေသော အဖြေမို့ ဂျာနယ်လစ် ဆရာ စိတ်ညစ်သွားသည်။

"တခြားအသုံးအဆောင် တစ်ခုခုရော အစ်ကို၊ အစ်ကိုနှစ်သက်စွဲလမ်းတဲ့ဟာမျိုး ဘာရှိလဲ"

အဆိုတော်က သူ့ဆံပင်တိုတို ခေါင်းကိုပွတ်သည်။

"မရှိပါဘူးကွာ၊ အလှအပ ဖက်ရှင်ပစ္စည်းကျတော့လည်း အစ်ကို့ရုပ်နဲ့ အစ်ကို့ အသက်အရွယ်ကျတော့ တယ်ဆိုင်တယ်လည်း ပြောလို့က မရ"

ဂျာနယ်လစ် စိတ်အိုက်သွားပြန်သည်။

အဆိုတော်ကရယ်၍ လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

"တစ်ခုတော့ ရှိတယ်၊ စာထဲထည့်ရေးဖို့တော့ အစ်ကို ခွင့်မပြုဘူးနော်။ ငါ့ညီ အသံသွင်းတာ ပိတ်ထားလိုက်"

ကဲ. . . ဘာပဲဖြစ်ဖြစ်။

ဂျာနယ်လစ် အသံသွင်းစက်ကို ပိတ်လိုက်သည်။

"စာရေးဖို့ ပြောပြတာတော့ မဟုတ်ဘူး။ အစ်ကို ဆိုလိုတာ ငါ့ညီ နားလည်အောင် ပြောပြတာ၊ အစ်ကို့မှာ ငယ်ငယ်က ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်၊ ဒီမိန်းမကို ပြောတာမဟုတ်ဘူး၊ အစ်ကို အနုပညာလောကထဲ မရောက်ခင် ဟိုအထက်တန်း ကျောင်းသားဘဝကတည်းက တွဲခဲ့တဲ့ ချစ်သူကို ပြောတာ"

## (၄)

၆ နှစ်လုံးလုံး ဘယ်ကိစ္စကိုမဆို တစ်ယောက်မျက်နှာတစ်ယောက် တစိမ့်စိမ့်ကြည့်၍သာ လုပ်ဖြစ်ခဲ့သောသူ။

သူငယ်ချင်း ချစ်သူ။

ဘယ်ကိစ္စကိုမှ သည်မိန်းကလေးမပါဘဲ မလုပ်ခဲ့ဖူးသဖြင့် တဖြည်းဖြည်းနှင့် သည်မိန်းကလေးသည် သူ့ဘဝအတွက် မရှိမဖြစ်လို ခံစားလာရသည်။ အဲသည်လို အချိန်မှာပင် သည်မိန်းကလေးက လူကြီးမိဘ သဘောတူသူ



www.burmeseclassic.com

www.burmeseclassic.com


တစ်ဦးနှင့် လက်ထပ်သွားခဲ့သည်။

မူးယစ်ဆေးစွဲနေသူတစ်ဦးကို အစိမ်းတိုက်. . . တိုက်ပိတ်၍ ဆေးဖြတ်ခါစတွင် ခံစားရသည့် တုန်ယင်ချောက်ချားမှုမျိုးနှင့် သူရူးသူနှမ်းတစ်ယောက်သဖွယ် ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ အော်ဟစ်လိုက်၊ ငိုယိုလိုက် ပေါက်ကွဲနေမိခဲ့သည်။

လက်ထပ်တော့မည်ဟု သတင်းကြားကတည်းက ချစ်သူကို ဆက်သွယ်ရန် အရူးအမူး ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့။ သုံးလေးရက်နေ့မအိပ်၊ ညမအိပ် ကြိုးစားထားရ၍ နီးမြန်းယောင်ကိုင်းနေသော မျက်လုံးများ၊ တကယ့်ခြေထောက်နှစ်ဖက်စလုံး မရှိတော့သလို ဟာနေဆာနေသော ခံစားမှု၊ တဆတ်ဆတ်တုန်ခါနေသော ရင်တို့သည် နောက်ဆုံးဘယ်လိုမှလည်း ဆက်သွယ်၍ မရ၊ ချစ်သူကလည်း တကယ် လက်ထပ်သွားပြီဟု သိလိုက်ရသော အသိနှင့်မှ လူကို အရုပ်ကြိုးပြတ် ပုံလဲကျသွားစေခဲ့သည်။

နောက်ထပ် ၂ နှစ်မပြည့်ခင်အချိန်အတွင်းမှာတော့ သူ ယခုလက်ရှိဇနီးနှင့် လက်ထပ်ဖြစ်ခဲ့သည်။

(၅)

ပါးစပ်အပေါင်းသားဖြစ်နေသော ဂျာနယ်လစ်ကိုကြည့်၍ အဆိုတော်က ရယ်မောသည်။

"ကဲ. . . ညီ၊ မင်းစက်ဖွင့်ချင်ဖွင့်တော့"

ဂျာနယ်လစ်က ကြောင်တက်တက်နှင့် အသံဖမ်းစက်ကို ပြန်ဖွင့်သည်။

"ဆိုလိုတာကကွာ ဘဝမှာ ဒါတော့မရှိလို့ မဖြစ်လောက်အောင် ဘယ်အရာ၊ ဘယ်ပစ္စည်း၊ ဘယ်လူပုဂ္ဂိုလ်ကိုပဲ ဖြစ်ဖြစ် စွဲလမ်းတပ်မက်တဲ့စိတ်က သိပ်အဓိပ္ပာယ် မရှိလှဘူး ဆိုတာပါ။ မရှိဘဲသာ နေကြည့်. . . ခဏပါပဲ။ အချိန်တန် တော့လည်း သူ့ဟာသူ ပြေလည်သွားတာပါပဲ။ အဲ. . . မပြေလည်ဘူး၊ ရူးသွားတယ်၊ သတ်သေသွားတယ်ဆိုတဲ့ လူမျိုးတွေဟာလည်း



www.burmeseclassic.com

www.burmeseclassic.com

ဘာကယ်တမ်းမပြေလည်တာထက် သူတို့ရဲ့ စိတ်ဓာတ်က မကြံ့ခိုင်တာ၊ စိတ္တဇပါလာတာဆိုတာ မင်းလည်း ကြားဖူးမှာပါပဲ”

အဆိုတော်က သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

“ခုနေအခါမှာ အစ်ကို့ဘဝမှာ မရှိလို့မဖြစ်၊ အရေးအကြီးဆုံးက ဘာလဲလို့ မေးရင်တော့. . . ညီ ရေးလို့ရပါတယ်။ ပရိသတ်ကြီးပါပဲ။ ဒီပရိသတ်ကြီးမရှိရင် အစ်ကို အဆိုတော်ဘဝဆိုတာ မရှိနိုင်တော့ဘူး။ အဲသည်အခါကျရင် မိသားစုစားဝတ်နေရေးကိုလည်း တာဝန်ယူနိုင်တော့မှာ မဟုတ်ဘူး။ အစ်ကို ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ် လျော့ပါးပြီး အသုံးမကျတော့သလို ခံစားရမှာပဲ။ ဒီတော့ ပရိသတ်ဆိုတာ မရှိမဖြစ်ပေါ့။ ဒါပေမဲ့ ဘဝမှာ မရှိမဖြစ်လို့ထင်ခဲ့ဖူးသမျှ အရာတွေ အကုန်လုံးလည်း အချိန်တန်တော့ မရှိဘူးဘဲ ဖြစ်ဖြစ် သွားကြတာပါပဲ။ ဒီနေ့ ၁၀ နှစ် လုံးလုံး ခိုင်မာနေခဲ့တဲ့ ပရိသတ်ကြီးလည်း တစ်နေ့နေ့ကျတော့ တခြားအဆိုတော် တစ်ယောက်ရဲ့ ပရိသတ်ဖြစ်သွားဦးမှာပါပဲ။ အဲဒီလိုလည်း ကြိုတော့ နှလုံးမသွင်းထားလို့ မဖြစ်ပြန်ဘူး”

အဆိုတော်ကပြုံး၍ ဂျာနယ်လစ်ကို ကြည့်သည်။

“တကယ်တော့ ဘဝမှာ မရှိလို့ မဖြစ်တာ တစ်ခုပဲ ရှိပါတယ် ညီရယ်။ အဲဒါက “မရှိလို့မဖြစ်”တာ တစ်ခုမှမရှိဘူး။ အားလုံးဟာ တစ်နေ့နေ့ကျရင် မရှိဘူး ဖြစ်သွားတတ်တယ်ဆိုတဲ့ အသိတရားပါပဲ”

ဂျာနယ်လစ် ဘာဝင်မေးရမှန်း စဉ်းစား၍ မရသေး။

မဟေသီ

၂၀၀၉၊ ဇန်နဝါရီ


www.burmeseclassic.com

www.burmeseclassic.com

# အချစ်...ချိုမြ... ဓူတ...ကွဲအက်

(၁)

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၄ ရက်

တော်တော်ချစ်စရာ ကောင်းသည်ဟုတော့ ထင်သည်။

သတင်းထောက်မလေးတစ်ဦးပါ။

ကိုမြတ်မိုးငြိမ်း ထိုင်နေသောစားပွဲခုံအတွင် ဒူးကလေးတုပ်ထိုင်ရင်းက အသံဖမ်းစက်ကလေးနှင့် မေးခွန်းထုတ်နေတာပါ။

အရွယ်ကလေးကငယ်တော့ ကျစ်လျစ်လှပသော ကိုယ်ခန္ဓာကလေးက ဂျင်းဘောင်းဘီကျပ်ကျပ်၊ အသားကပ်တီရှပ်တို့နှင့် လိုက်ဖက်နေသည်။ မျက်နှာကလေးကလည်း ဘာမှ မခြယ်သထားဘဲနှင့် ကြည်လင်အေးမြနေသည်။

ချစ်စရာတော့ ကောင်းသည်။

ခက်တာက ချစ်စရာဆိုသည့် စကားအဓိပ္ပာယ်ကိုက တွေးကြည့်လျှင် မရေမရာ။

ချစ်ဖို့ ကောင်းသည်။

ချစ်သည်။

ဘာလဲ. . . ချစ်သည်ဆိုတာ။

ချစ်သည်ဆိုတာ စွဲလမ်းနှစ်သက်တာထက်တော့ အဓိပ္ပာယ် နည်းနည်းပိုသိမ်မွေ့သင့်သည် မဟုတ်ဘူးလား။ ဒါလည်း သိပ်မသေချာ။

ချစ်သည်. . . ဆိုသည့်စကား၏အဓိပ္ပာယ်ကို သေသေချာချာ နား



www.burmeseclassic.com

www.burmeseclassic.com



လည်းဟု ကိုယ့်ကိုယ်ကိုယ်ထင်သော စာရေးဆရာကိုမှ ထိုချစ်စရာ တော်တော်ကောင်းသည့် သူငယ်မက "အချစ်ဆိုတာကို ဆရာဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုချင်ပါသလဲ. . . ဆရာ" ဟုမေးလာတော့ ကိုမြတ်မိုးငြိမ်း ဘာဖြေရမည်မသိ။

"သမီးရယ်. . . သမီးမေးခွန်းမေးတာ လူများမှားနေပြီလားလို့ ဆရာ့အသက်က ၄၀ ကျော်၊ ပြီးတော့ ဆရာက ဝတ္ထုရေးတဲ့သူ မဟုတ်ဘူးလေ"

ကလေးမက ချစ်စရာကောင်းအောင် ရယ်ပြန်သည်။

"သိပါတယ်. . . ဆရာရဲ့ ဒါပေမဲ့ ဒီနေ့ သမီးတို့ဂျာနယ်က လုပ်တဲ့ပွဲဟာ ဖေဖော်ဝါရီ ၁၄ ရက်အတွက် အထိမ်းအမှတ်ပွဲ မဟုတ်လား။ ပြီးတော့ ဆရာက လူငယ်တွေအတွက် အရေးကြီးတဲ့ စကားကလေးတွေကို နားစွဲအောင် ရေးတတ်တာ နာမည်ကြီးမို့ ဆရာ့စကားကလေးကို ရေးချင်လို့ပါ"

ကိုမြတ်မိုးငြိမ်း ရှေ့မှာထိုင်နေသည့် ထုတ်ဝေသူ ကိုစိုးကြီးက မချိမချဉ် မသိမသာ ပြုံးပြသည်။ စချင်နောက်ချင်တာ လျှာယားနေပြီဆိုတာ သိသာလှသည်။ အင်းလေ. . . ကိုယ်ကလည်း အသက်မငယ်၊ လူပျိုကလည်း မဟုတ်ပေမယ့် လူလွတ်ကဖြစ်နေ၊ ကလေးမကလည်း ချစ်စရာကောင်းနေပေသကိုး။

"ကဲ. . . ဒီလိုလုပ်သမီးရယ်၊ သမီးမေးခွန်းကို ဆရာ ပေါ့ပေါ့တန်တန်လည်း မဖြေချင်ဘူး၊ ဒီတော့ ဒီည ဆရာစဉ်းစားပြီး ရေးထားမယ်၊ မနက်ဖြန်မနက်ပိုင်း ဆရာ ဒီက ကိုစိုးကြီးတို့တိုက်မှာ ရှိမယ်။ သမီးလာယူမလား"

ကောင်မလေးမျက်နှာ ဝင်းလက်သွားသည်။

"ကောင်းတာပေါ့၊ ဆရာ့လက်နဲ့ချရေးရင် သမီးအသံသွင်းပြီးပြန်ရေးတာထက် ရှယ်ဖြစ်သွားမှာ၊ သမီးလာခဲ့ပါ့မယ်၊ ကျေးဇူးတင်ပါတယ် ဆရာ"

ဟုပြောပြီး ထွက်ခွာသွားသည်။

"အတော်ပဲ. . . ဆရာ၊ ဒီကပြန်ရင် ဆရာ ကျွန်တော့်အိမ်လိုက်ခဲ့၊ ဝီစကီ ကောင်းကောင်းရထားလို့ ဆရာ့ကို တိုက်ချင်နေတာနဲ့ အတော်ပဲ ဝီစကီလေးသောက်ပြီး အချစ်အကြောင်း စဉ်းစားတော့ ပိုထွက်တာပေါ့ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးကြီးက စကားခေါ်သည်။

အင်း . . .

ဒါလည်းမဆိုး၊ ကိုမြတ်မိုးငြိမ်းက ရုံဖန်ရုံခါမှ သောက်တတ်သူ ဖြစ်ပေမယ့် မျက်စိထဲမှာ ကိုစိုးကြီး တိုက်မယ့် ဝီစကီပုလင်းလှလှကလေးကို မြင်ယောင်ကြည့်လိုက်တော့ ငယ်ရည်စားကို စမြင်ဖူးသည့်နေ့ကလိုမျိုး ရင်က ခုန်ချင်ချင် ဖြစ်သွားသည်။

ငယ်ရည်းစား . . .

ဘုရားရေ . . . ငါ့ငယ်ရည်းစားက ဘယ်သူပါလိမ့်။

ရင်ခုန်ခဲ့ဖူးသည့် မိန်းကလေးတွေကို စဉ်းစားကြည့်လိုက်ရင် အများကြီးမှ တကယ့်ကို အများကြီး၊ တချို့လည်း ချစ်သူ ဖြစ်ခဲ့သည်။ တချို့လည်း ခင်မင်ရုံသာ၊ တချို့ဖြင့် အဖက်လုပ်၍ စကားပင် ပြန်မပြောခဲ့ကြ။

အနက်ရှိုင်းဆုံး ပတ်သက်ခဲ့ဖူးသူကို ပြောပါဆိုရင်တော့ လဲ့လဲ့မျိုးကိုပင် ပြောရမည် ထင်သည်။ ဖြစ်တော့ ဖြစ်နိုင်သည်။ လဲ့လဲ့မျိုးအကြောင်း၊ ပြီးတော့ စတွေ့ခဲ့ကြရသည့်အကြောင်းကို စဉ်းစားမိရင် ယခုတောင် ရင်က ခုန်ချင်ချင်။

(၂)

၁၉၈၉ ခုနှစ်

လဲ့လဲ့မျိုးနှင့် သူစတွေ့ကြပုံတွင် တကယ်တော့ ထူးထူးခြားခြား ဘာမှကို ပြောပြစရာ မရှိခဲ့ပါ။

လဲ့လဲ့မျိုးက သူငှားနေသည့် အိမ်ရှင်၏သမီး။ တက္ကသိုလ်ကျောင်းသူဘဝမှ ကျောင်းခဏနားနေရသဖြင့် အိမ်နီးချင်းကလေးများကို စာပြပေးနေသော ကျူရှင် ဆရာမကလေးတစ်ဦး။ ငယ်ဂုဏ်ကလေးဖြင့် ရုပ်ကလေးက ချစ်စရာကောင်းသော်လည်း ထူးထူးခြားခြားတော့ မလှ။ အသားပင် နည်းနည်း ညိုလိုက်သေးသည်။ ကိုယ်လုံးကိုယ်ဟန်ကလေးတော့ ကျစ်ကျစ်လျစ်လျစ်။ ငယ်တာကိုး။

သူက ကဗျာရှူးစာရှူးဘဝကို ခဏရပ်ထားပြီး ရန်ကုန်မြို့ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျောတစ်ချစာ နေရာရဖို့နှင့် ထမင်းနပ်မှန်ဖို့ မနည်းရုန်းကန်လှုပ်ရှားနေချိန်၊

"မီတာခစာရွက် လာပေးတာ"

ဟု အိမ်ပေါက်ဝကနေ စာရွက်လာပေးသော အိမ်ရှင်သမီး လဲ့လဲ့မျိုးနှင့် သူ ရိုးရိုးကလေးပင် စတွေ့ခဲ့ကြပါသည်။

သည်မျှမထူးခြားသည့် စတွေ့ခဲ့ကြရပုံကို ပြန်တွေးမိလျှင်ပင် ရင်ခုန်ချင်ရအောင် သူတို့စတွေ့ကြတာမှာ ဘာများ ထူးထူးခြားခြား ပြောပြစရာ ရှိလို့လဲဟု မေးလျှင် ထူးခြားတာတစ်ခုတော့ ကျိန်းသေပေါက် ရှိပါသည်။

သောကတွေ၊ ဗျာပါဒတွေ ပင်လယ်လိုဝိုင်းနေပြီး နှာခေါင်းကလေးပေါ်အောင် မနည်းကူးခတ်နေရသော အချိန်မျိုးတွင် သည်သာမန် မိန်းကလေးတစ်ဦးကို ဖျတ်ခနဲ မြင်လိုက်ရရုံနှင့် သောကတွေ၊ ဗျာပါဒတွေ အကုန်လုံးကို မေ့ပျောက်ပြီး ဘယ်လိုမှ မခုန်သင့်သောအချိန်တွင် ရင်က နွေးထွေးစွာခုန်ဖြစ်ခဲ့ပုံကို အမှတ်ရနေတာပါ။

## (၃)

**၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၄ ရက်**

ကိုစိုးကြီးက ရေခဲတုံးကလေးများ ထည့်ထားသောဖန်ခွက်အတွင်းသို့ ပယင်းရောင်လဲ့လဲ့ပြေးနေသော ဝီစကီကို ဖြည်းဖြည်းချင်း လောင်းထည့်သည်။

"ဟာ. . . ကိုစိုးကြီး၊ များတယ်၊ ဆိုဒါရောဖို့ ချန်ဦးလေ"

"ဆရာကလည်း အရင်တုန်းက 'အွန်သည်ရော့ခ်'တောင် ချလာတာ ကျွန်တော် မသိတာကျလို့၊ ခပ်ပြင်းပြင်းကလေး ခံစားစမ်းပါ"

"မတူတော့ဘူးဗျာ. . . ခပ်ပြင်းပြင်းတွေ ခံစားနိုင်တဲ့အရွယ်မှ မဟုတ်တော့တာ"

ကိုစိုးကြီးက ရယ်၍ ဖန်ခွက်တွင် ဆိုဒါအနည်းငယ် ထပ်ဖြည့်ပြီး သူ့ဘက်သို့ လှမ်းပေးလိုက်သည်။

ပထမတစ်ကျိုက်ကို မသောက်မီ ဖန်ခွက်နှုတ်ခမ်းကို သူ့နှုတ်ခမ်းဝနားတွင် ထား၍ အနံ့ကလေးကို အရင်မွှေးကြည့်လိုက်သည်။

ဒါ. . . မွှေးတာတော့ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရီဝေပြင်းပြ ရှုတသော ရနံ့ပါ။

သည်ရနံ့က ရှင်လန်းတက်ကြွဖွယ်ရာ မရှိပါ။ ဒါပေမဲ့ တစ်နေကုန် ကြုံခဲ့ရပြီးသမျှ ပျော်စရာ၊ စိတ်ရှုပ်စရာ. . . အားလုံး အားလုံးကိုတော့ ဘေးသို့ ခဏ တွန်းပို့နိုင်သည်။

မေ့ဆေးရနံ့ ဆိုပါစို့။

ဟိုကောင်မလေး မေးထားသည့်. . . "အချစ်ဆိုတာကို ဆရာ ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုချင်ပါသလဲ ဆရာ" ဆိုသည့်မေးခွန်းကို အဖြေရှာရဦး မည့်ကိစ္စကိုပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။

(၄)

၁၉၉၀ ခုနှစ်

အယ်ဒီတာချုပ်က လူပျို့ပဲဗျာ။ တိုက်မှာပဲနေလိုက်တော့ ခင်ဗျား နေစရိတ်၊ သွားစရိတ် သက်သာတာပေါ့။ ခင်ဗျား အဆင်မပြေမှန်းသိလို့ ကျွန်တော်က ပိုင်ရှင်ကို တမင်မေတ္တာရပ်ခံပေးထားတာဟု ဆိုသည်။

တကယ်တော့ သူ့စကားက အမှန်။ စာတည်းအဖွဲ့ဝင်ကလေး ဖြစ်လာရုံမျှနှင့် လခက ဘာမှရှိလှတာမဟုတ်။ ပိုင်ရှင်ကရော အယ်ဒီတာချုပ် ကပါ လူငယ် ခြေပေါ့သူအဖြစ် ဟိုနားဒီနားခိုင်းရင်း တမင်မုန့်ဖိုးပဲဖိုးကလေး ဖန်တီးပေးသည်နှင့် ပြေလည်နေရတာ။ တိုက်မှာသာနေလိုက်လျှင် တော်တော် ကြီးကို ပြေလည်သွားမည်။

ခက်တာက. . . လဲ့လဲ့မျိုး။

လဲ့လဲ့မျိုးနှင့် သူက နှလုံးသားချင်း နားလည်နေကြပြီဟုတော့ သူထင် သည်။ ချစ်ခွင့်ကလည်း ပန်ထားပြီးပြီ။ အဖြေပေးဖို့ကိုတော့ လဲ့လဲ့မျိုးက နေ့ရွှေ့ ညရွှေ့ ရွှေ့နေသည်။ ဒီလိုအချိန်မျိုးမှာ သူ အနေမဝေးချင်။

သည်မျှဘဝကို အိုးနင်းခွက်နင်း ရုန်းကန်နေရချိန်မှာ မိန်းကလေး တစ်ယောက်၏ အချစ်ကို ရဖို့က ဘယ်လောက်များအရေးပါလို့လဲဟု လုပ်ဖော် ကိုင်ဖက် စာရေးဆရာ၊ ကဗျာဆရာတစ်ဦးက လမ်းဘေးအရက်ဆိုင်မှာ သူ့ကို ဝေဖန်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဗျာ၊ အဲဒါ အရေးအပါဆုံးပေါ့"

"ဘာလို့လဲ"

"ဘဝက ကြမ်းတမ်းလေလေ၊ ပင်ပန်းလေလေ၊ စိတ်ညစ်စရာကောင်းလေလေ၊ အချစ်ရှိဖို့က အရေးကြီးလေလေပေါ့၊ ချစ်နေရမှ၊ ရင်ခုန်နေရမှ အဲဒီစိတ်ညစ်စရာကလေးတွေကို ခဏတစ်ဖြုတ်မေ့ထားနိုင်မှာ၊ စိတ်ညစ်စရာတွေ ပြည့်နေတဲ့ ဟောဒီဘဝကြီးကို ရင်ဆိုင်နိုင်မှာ။ အချစ်မပါဘဲ သွားရင်ဆိုင်မှတော့ ခင်ဗျား ရှုံးသွားမှာပေါ့"

စာရေးဆရာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကောင်းလိုက်တာဗျာ။ ကောင်းလိုက်တဲ့စကား။ အဲဒါ ခင်ဗျား ရေးမလားပြော။ ခင်ဗျားမရေးရင် ကျွန်တော် ရေးမယ်ဟု ချက်ချင်းဘက်ပြောင်း သူ့ကို ထောက်ခံခဲ့သည်။

တန်းတူရွယ်တူချင်း အရက်ဆိုင်မှာ ပြောသောစကား အယ်ဒီတာချုပ်ကိုတော့ သူ မပြောရဲခဲ့ပါ။

ဖြည်းဖြည်းချင်းတော့ ပြောင်းခဲ့ပါ့မယ် ဆရာဟုသာ မယုတ်မလွန်ဖြေရပါသည်။

(၅)

**၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၄ ရက်**

ကိုစိုးကြီးက အနည်းငယ်သာ ကျန်တော့သော ဝီစကီပုလင်းကို ထောင်ပြ၍ ကေးလ်သည် ဘော့တယ်လ် (အကုန်သောက်ကြစို့)ဟု အင်္ဂလိပ်လို ပြောသည်။ တော်တော်များများ သောက်ထားမိပြီးပြီကို ရိပ်မိသော်လည်း လူက တော်တော်ရှင်နေသည်မို့ လက်ဝှေ့ယမ်းပြကာ ချဗျာဟု ဆိုလိုက်သည်။ ကိုစိုးကြီးက သူ့ဖန်ခွက်ထဲသို့ လက်ကျန်အရက်အားလုံးကို လောင်းထည့်လိုက်သည်။

"ဒီနေ့ ဆရာ့နေ့ပဲ၊ ချ ဆရာရယ်"

"ဘယ်လို. . . ဘယ်လို"

"ဒီလောက် ကောင်မလေးချောချော တစ်ယောက်က "အချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ၊ အစိပ္ပာယ်ဖွင့်ပေးပါ ဆရာရယ်" လို့ လာပြောတာတောင် ဆရာ နေ့မဟုတ်လို့ ဘယ်သူ့နေ့ ဖြစ်ရဦးမှာလဲ"

ကိုစိုးကြီးပြောသည့်စကားက ကိုယ်လိုရာ ကိုယ်ဆွဲပြောမှန်း ရှင်းရှင်း ကြီး ရိပ်မိသော်လည်း အရက်ရှိန်နှင့် အူမြူးနေသဖြင့် ဟက်ဟက်ပက်ပက် ရယ်မောမိသည်။

"သမီးအရွယ်လေးပါဗျာ"

"ဆရာ့အရွယ်တွေ သမီးအရွယ်ကလေးတွေနဲ့ တွေ့တွေ့သွားတာ ဘာဆန်းတော့လို့လဲ ဆရာရယ်၊ ဒါ ကျွန်တော် မြှောက်ပေးတာတော့ မဟုတ်ဘူးနော်၊ ဒါပေမဲ့ ဆရာက မသိရင်တော့ ၃၀ ကျော်ပဲ ထင်ရတာပဲ"

"ကိုင်း. . . ခင်ဗျား ဧည့်ခံတဲ့အရက် ခင်ဗျား ပြန်သောက်ဗျာ"

နှစ်ယောက်သား ကိုယ်များယိမ်းထိုးအောင် အူလိုက်သည်းလိုက် ရယ်မိ ကြပြန်သည်။

## (၆)

**၁၉၉၁ ခုနှစ်**

လဲ့လဲ့မျိုး၏ မိဘများက ကြေးရတတ်များ မဟုတ်ကြသော်လည်း သမီးကိုတော့ မြတ်မိုးငြိမ်းနှင့် သဘောမတူခဲ့ကြ။ မြတ်မိုးငြိမ်းနှင့် သူတို့သမီး ချစ်သူတွေ ဖြစ်နေကြပြီမှန်း ရိပ်မိသောအခါ မြတ်မိုးငြိမ်းကို အိမ်ဆက်မငှား တော့ရုံသာမက လဲ့လဲ့မျိုးကိုလည်း အိမ်ထောင်ချပေးရန် ကြံစည်ကြ တော့သည်။

"မခွဲနိုင်ဘူး အစ်ကိုရယ်"

မျက်ရည်ကလေး ဝေ့လျက်က လဲ့လဲ့မျိုးတိုးတိုးပြောတော့ မြတ်မိုးငြိမ်း ရင်ထဲတွင် သိမ့်ခနဲခါအောင် ခံစားရသည်။

"သိပ်ပင်ပန်းဆင်းရဲမှာ လဲ့ရဲ့"

"လဲ့ကို အပင်ပန်းအဆင်းရဲ မခံနိုင်ဘူးလို့ အစ်ကိုထင်နေတာလား"

နွေးထွေးသည့် ရေလှိုင်းထဲတွင် စီးဝင်နစ်မျောရင်း မြတ်မိုးငြိမ်း ဆုံးဖြတ် ချက်တစ်ရပ်ကို ပိုင်ပိုင်နိုင်နိုင် ချမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့မျိုးကို သူ့ဇာတိ အညာရှိ ဆိတ်ဖြူမြို့သို့ ခိုးပြေးခဲ့ပါသည်၊

မောင်နှမက ၆ ယောက်။ ၃ ယောက်က အိမ်ထောင်သည်၊ အဲဒီထဲက နှစ်ယောက်က မိဘနှင့် အတူတူ နေနေသည်မို့ လဲ့လဲ့မျိုးနှင့် သူ့မိဘအိမ်တွင်တော့ နေ၍မရ။ ဘကြီးတစ်ဦးက ဆေးရုံလမ်းပေါ်ရှိ သူ ပိုင်ပိတ်ထားသောအိမ်တစ်လုံးမှာ ပေးနေတော့လည်း ငွေမရှိပေမယ့် နှစ်ဦးတည်း လွတ်လွတ်လပ်လပ် နေရတော့ ပျော်စရာပါ။

ပါလာသမျှ အပေါင်းအသင်းရောင်းရင်းတွေ ဝိုင်းကူလိုက်ကြသောငွေထုပ်ကလေး တဖြည်းဖြည်းပါးသွားသည်ကို မြင်နေရလျက်ပင် စိတ်ပူရမှာ စိတ်ညစ်ရမှာ သတိမရမိလောက်အောင်ပင် သူတို့ ပျော်ခဲ့ကြပါသည်။

"တစ်ခုခုတော့ လုပ်ဦးမှနော်. . . အစ်ကို"

"အစ်ကိုက စာပဲရေးတတ်တာပဲကွယ်၊ အခုလည်း ရေးတော့ရေးနေတာပဲ။ ရန်ကုန် လူကြုံနဲ့ ပို့ထားတာတွေ အခြေအနေ ကောင်းတယ်လို့တော့ပြောတာပဲ"

"လဲ့လည်း တစ်ခုခုလုပ်ရမှာပေါ့ အစ်ကိုရဲ့၊ ဒီမှာ လက်နှိပ်စက်ကြီးရှိနေတာ၊ လဲ့လည်း လက်နှိပ်စက်ရိုက်တတ်တာ၊ စာချုပ်တို့ ရုံးစာတို့ ပိုက်ဆံယူရိုက်ရအောင်လေ၊ အစ်ကိုလည်း ဖောက်သည် ကူရှာပေးပေါ့၊ အစ်ကို့စာမူတွေတောင် လက်ရေးနဲ့မပို့ချင်ရင် လဲ့ ကူရိုက်ပေးလို့ ရသေးတယ်"

ချစ်သူပင်ပန်းမှာ မကြည့်ရက်သဖြင့် တားသေးသော်လည်း လဲ့လဲ့မျိုးနားမထောင်ပါ။ သူ ညဉ့်နက်သည်အထိ စာရေးလျှင် လဲ့လဲ့မျိုးလည်း ညဉ့်နက်သည်အထိ လက်နှိပ်စက် ရိုက်နေတတ်ပါသည်။

တစ်ခါတလေ လဲ့လဲ့မျိုးမှာ လက်နှိပ်စက်ရိုက်စရာ မကျန်တော့သော်လည်း သူက မအိပ်သေးဘဲ ကြမ်းပြင်ပေါ်တွင် စာထိုင်ရေးနေသော အခါမျိုးတွင် လဲ့လဲ့မျိုးက အစ်ကို မအိပ်သေးရင် လဲ့လည်း မအိပ်ဘူး ဟုဆိုကာ သူ့ပေါင်ကို ခေါင်းအုံး၍ ကြမ်းပြင် ပေါ်တွင် ခွေခွေကလေး လာအိပ်နေတတ်ပါသည်၊

သည်လိုအခါမျိုးတွင် စာဆက်ရေးဖို့ ဘယ်လိုမှ စဉ်းစား၍ မရတော့ဘဲ အိပ်ပျော်နေသည့် လဲ့လဲ့မျိုး၏ မျက်နှာကလေးကို တစိမ့်စိမ့်ငေးကြည့်ကာ ကြည်နူး အေးမြခြင်း ရေအလျဉ်မှာ နစ်မြောနေခဲ့မိတာတွေကို အနှစ် ၂၀ နီးပါးကြာမြင့်သည့်တိုင်အောင် မေ့၍ မရနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com


(၇)

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ ရက်

တဒိန်းဒိန်းထိုး၍ကိုက်သော ခေါင်းကိုက်ဝေဒနာကြောင့် ကိုမြတ်မိုး ငြိမ်း အိပ်ရာမှ လန့်၍နိုးလာသည်။

ဘုရား. . . ဘုရား. . . တော်တော်ဆိုးပါလား။

ပြန်အိပ်ပျော်သွားလျှင်များ သက်သာမလားဟု ကြိုးစား၍ ပြန်အိပ်ကြည့် သေးသည်။ မရပါ။ လည်ချောင်းထဲမှ ပျို့၍ပါတက်လာသဖြင့် အိပ်ရာမှ လူးလဲထ၍ ရေချိုးခန်းရှိရာသို့ ပြေးရသည်။

အန်လိုက်တော့လည်း ပေါ့မသွား။

ခေါင်းက မကြာခင်ပေါက်ကွဲတော့မည်ဟု အချက်ပြသလို တဆစ်ဆစ် ကိုက်နေသည်။ အိမ်ခန်းအနေထားကလည်း မျက်စိရှေ့မှာ လှိုင်းထနေသည်။ သူ့မျက်နှာရော သူ့ခေါင်းပါ ကြီးလာလိုက်၊ သေးသွားလိုက်ဖြစ်နေသလို ခံစားနေရသည်။

မိတ်ဆွေ ဆရာဝန် စာရေးဆရာဆီ ပြေးရမလားဟု တွေးမိသည်။

မဖြစ်သေး။

သည်အသက်အရွယ်နှင့် လူငယ်တွေလို တစ်ပုလင်းကို နှစ်ယောက် တည်း သောက်ရပါမည်လားဟု ဆူဖို့က ကြိမ်းသေနေသည်။

ကိုစိုးကြီးကို ဆက်ကြည့်လျှင်ကော။

သေချာသည်။ သူလည်း ကိုယ့်လို ဖြစ်နေမှာပါပဲ။

ဒီနေ့ ကိုစိုးကြီး တိုက်ကိုသွားဖို့၊ ဟိုမှာ 'အချစ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်' စာရွက်လာတောင်းမည့် သူငယ်မနှင့်ဆုံဖို့၊ ဒါတွေ ဘာမှမဖြစ်နိုင်တော့ဘူးဟု ထင်သည်။

(၈)

၁၉၉၉ ခုနှစ်

ငွေရေးကြေးရေးဆိုင်ရာ ပြဿနာတွေ ပြေလည်သွား၍ လူမှုဂေဟ စနစ် ပြောင်းလဲသွားပြီး အိမ်တွင်းပြဿနာတွေ များလာတာလား။

အိမ်တွင်းပြဿနာတွေက အစကတည်းက ရှိနေတာကို ငွေရေး


www.burmeseclassic.com

www.burmeseclassic.com



ကြေးရေး ပြဿနာတွေ ဖုံးအုပ်နေစဉ်က မရိပ်မိခဲ့ကြတာလား။ မြတ်မိုးငြိမ်း သို့မဟုတ် လဲ့လဲ့မျိုး၊ သို့မဟုတ် သူတို့နှစ်ဦးစလုံး လူငယ်အရွယ်ကို ကျော်ဖြတ်လာကြပြီး ရုပ်ရော နှလုံးသားပါ အိုမင်းအေးစက်လာကြတာက အဓိက ပြဿနာလား။

သူတို့နှစ်ဦး၏ သံယောဇဉ်ကြိုးတို့ စတင်လျော့ပါးလာချိန်တွင် ခိုင်မြဲအောင် ပြန်လည်တုပ်နှောင်ပေးမည့် ရင်နှစ်သည်းချာကလေးများ မထွန်းကားနိုင်တာက တကယ့်အကြောင်းရင်းပဲလား။

ယခုအချိန်အထိ အဖြေကို စဉ်းစား၍ မရခဲ့ပါ။

မြတ်မိုးငြိမ်းက လူသိများ၍ ထင်ရှားသော စာရေးဆရာတစ်ဦး၊ ပြီးတော့ နာမည်ကြီး မဂ္ဂဇင်းကြီးတစ်ခု၏ တာဝန်ခံအယ်ဒီတာတစ်ဦး ဖြစ်လာခဲ့သည်။ ဝင်ငွေက ဘက်စ်ဆဲလ်ား စာရေးဆရာများကို အစွန်းထွက်မျှသာ မိုသော်လည်း ရေကျော်ဘက်တွင် အပေါ်ထပ် တိုက်ခန်းတစ်ခန်း ဝယ်ယူ၍ ရန်ကုန်တွင် အခြေချနေနိုင်သည်အထိတော့ ဟန်ကျပန်ကျ ဖြစ်လာသည်။

လဲ့လဲ့မျိုးက ကျောင်းပြန်တက်ဖြစ်သဖြင့် ဘွဲ့ရလိုက်သည်။ ခရီးသွား အေဂျင်စီတစ်ခုတွင် အလုပ်ဝင်လုပ်ရာမှ သွက်လက်ချက်ချာမှုကြောင့် မန်နေဂျာအဆင့်ကို အချိန်တိုတိုနှင့် ရောက်ရှိသွားသည်။ မြတ်မိုးငြိမ်းဝင်ငွေနှင့် လဲ့လဲ့မျိုး ဝင်ငွေက မကွာဟလှ။

လဲ့လဲ့မျိုးပတ်ဝန်းကျင်တွင် နိုင်ငံခြားသားရော၊ မြန်မာလူမျိုးပါ ယောကျာ်း လေးတွေ အများကြီး ဖြစ်လာသည်။ ဒါလည်း ဘာမှသိပ်ပြဿနာ မရှိ။ လဲ့လဲ့မျိုးက အနေအထိုင် တည်ကြည်သည်။ ပြီးတော့ ငယ်ငယ်ကတည်းက သိပ်မလှသော လဲ့လဲ့မျိုးက ယခုအခါ တော်တော်မလှတော့။ မြတ်မိုးငြိမ်း သဝန်တိုစရာ ဘာမှဖြစ်မလာ။

မြတ်မိုးငြိမ်းပတ်ဝန်းကျင်မှာလည်း မိန်းကလေးတွေ အများကြီး ဖြစ်လာသည်။ ဒါကတော့ နည်းနည်းပြဿနာရှိသည်။ မြတ်မိုးငြိမ်းက အနေအထိုင် တည်ကြည်သော်လည်း အနေအထိုင်မတည်ကြည်သည့် လောကသား တချို့ကြောင့် လဲ့လဲ့မျိုး၊ မြတ်မိုးငြိမ်းကိုပါ စိတ်ပူလာသည်။ ပြီးတော့ အဲဒီ မိန်းကလေးတွေထဲမှာ မဂ္ဂဇင်းထဲတွင် အလှဓာတ်ပုံပါဖူးချင်သော၊ မော်ဒယ်လ် ဖြစ်ချင်သော၊ ရုပ်ရှင်မင်းသမီး ဖြစ်ချင်သော၊ အဆိုတော် ဖြစ်ချင်သော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတချို့က တော်တော်လှနေသည်။ အဲဒီထဲကမှ တချို့က တော်တော်ရဲတင်းနေကြသည်။

မဂ္ဂဇင်းလောကကို စွန့်လွှတ်ဖို့ လဲ့လဲ့မျိုး တောင်းဆိုလာသည်။

"အိမ်မှာပဲ စာရေးပေါ့၊ ဝင်ငွေနည်းသွားလည်း ဘာဖြစ်လဲ၊ လဲ့ရှာနိုင်တာပဲ"

အဲဒီအချိန်မှာတော့ လဲ့လဲ့မျိုး ဝင်ငွေက မြတ်မိုးငြိမ်းဝင်ငွေကို အပြတ်အသတ် ကျော်ဖြတ်ပြီးနေပြီ။ နိုင်ငံခြားခရီး မကြာခဏထွက်ရသည့် အဆင့် ရာထူးတစ်ခုလည်း ရရှိထားပြီးပြီ။

မြတ်မိုးငြိမ်း တွင်တွင်သာသာ ခေါင်းခါပါသည်။ တောင်ပေါ်ရောက်ပြီးမှ ခုန်ချရလျှင် သည်တောင်တက်ခရီးကို အစကတည်းက ဘာလို့စခဲ့ရမှာတဲ့လဲ၊ အလုပ် လုပ်သည်ဆိုတာကလည်း ဝင်ငွေတစ်ခုတည်းအတွက်မှ မဟုတ်တာ။

မြတ်မိုးငြိမ်း ဘာမှမဖောက်ပြန်သေးသည်ကိုသိ၍ ဒီအလုပ်ကို စွန့်လွှတ်ဖို့ အတင်းဖိအားပေးရမှာလည်း ခက်နေသဖြင့် လဲ့လဲ့မျိုး အံသာကြိတ်နေရသည်။

အဲဒီနောက်တွင်တော့ သူတို့နှစ်ယောက် မိုးလင်းသည်နှင့် တစ်ယောက်ကိစ္စကို တစ်ယောက်ကန့်ကွက်သည့် အလေ့အထ စွဲကပ်လာကြသည်၊ တစ်ယောက်က ဘာလုပ်လုပ် တစ်ယောက်က မှားသည်ဟုသာ မြင်တတ်ကြတော့သည်။

နှစ်ယောက်စလုံးလည်း စိတ်မချမ်းသာကြပါ။

လဲ့လဲ့မျိုးက အထူးကုဆရာဝန်ပေါင်းစုံဆီ ရောက်သည်။ ရင်ဘတ်အောင့်သည်ဆိုပြီး နှလုံးရောဂါ အထူးကုဆရာဝန်နှင့် အကြိမ်ကြိမ်စစ်ဆေးသော်လည်း နှလုံးရောဂါ ရှာမတွေ့။ ဗိုက်အောင့်သည့်ကိစ္စလည်း အစာနှင့်အူလမ်းကြောင်း ဆရာဝန် ဘယ်လိုရှာရှာ ဘာရောဂါမှ မတွေ့။

မြတ်မိုးငြိမ်းကတော့ မိတ်ဆွေ စာရေးဆရာ ဆရာဝန်က သွေးပေါင်အတင်းချိန်ကြည့်ရာမှ သွေးတိုးရောဂါ စနေပြီမှန်း သိခဲ့ရသည်။

မြတ်မိုးငြိမ်း ကိုယ်ပိုင်စာအုပ်ထုတ်ဝေရေး လုပ်ငန်းကလေးတစ်ခုကို အစပြုဖို့ ကြိုးစားနေချိန်၊ လဲ့လဲ့မျိုးက စင်္ကာပူတွင် သွားရောက်



www.burmeseclassic.com

www.burmeseclassic.com



အခြေချနေထိုင်ရမည့် အလုပ်တစ်ခုကို လက်ခံပြီးချိန်တွင်တော့ နှစ်ယောက်စလုံး လမ်းခွဲရန် အသင့်ဖြစ်ခဲ့ကြလေသည်။

လမ်းခွဲစကားကို ဘယ်သူက စပြောပြီး ဘယ်သူက အတည်ပြုဖြစ်လိုက်သည်ကို မမှတ်မိရလောက်အောင်ပင် သူတို့ ကွာရှင်းပြတ်စဲတာ မြန်ဆန်ခဲ့ကြသည်။

ချစ်သူဘဝက ဖြစ်ခဲ့သည့် လင်မယား လမ်းခွဲရတာ ပျော်စရာမကောင်းမှန်း သိသော်လည်း အတူတူ နေနေရတာလည်း ပျော်စရာ မကောင်းဘော့မှန်း နှစ်ယောက်စလုံးက နားလည်နေပြီးသားပါ။

ခေါင်းကိုက်တတ်တာကြီးရယ်၊ သွေးတိုးရောဂါရယ်ကတော့ စွဲကျန်ခဲ့သည်။

## (၉)

**၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ ရက်**

သတင်းထောက်မကလေးကပြုံး၍ "ဆရာနေမကောင်းဘူးဆို" ဟုမေးသည်။ အပြုံးကလေးက ချစ်စရာကောင်းနေသေးကြောင်း သတိထားမိသော်လည်း ခေါင်းကိုက်သည့်ဝေဒနာကြောင့် သူ့အပြုံးကို မခံစားနိုင်။

ကိုစိုးကြီး ရုံးခန်းရှိ ဆက်တီတွင် ထိုင်နေရင်းက လွတ်နေသည့် ကုလားထိုင်ကိုသာ မေးငေါ့ပြလိုက်သည်။ "ခေါင်းကိုက်တာပါ" ဟုသာ ဖြေလိုက်သည်။

"သမီးမေးတဲ့ မေးခွန်းကြောင့်တော့ မဟုတ်ပါဘူးနော်"

ပြုံး၍ ခေါင်းခါပြလိုက်သည်။

အရက်ကြောင့် ကိုက်တာပါ။ ဒါပေမဲ့ သမီးမေးတဲ့ 'အချစ်'ဆိုတာလည်း အရက်လိုပဲ သောက်နေတုန်းတော့ ဘဝအမောတွေ ခဏမေ့နိုင်သလိုလိုထင်ရပြီး ပြီးတော့လည်း ခေါင်းကိုက်ကျန်ခဲ့တတ်တဲ့ဟာမျိုးပါပဲ ဆိုသည့်စကားကိုတော့ ရင်ထဲသို့သာ မျိုချလိုက်ရသည်။

"ဆရာရေးတော့ မရေးဖြစ်ဘူးပေါ့ ဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ ခဏတွေဝေ စဉ်းစားနေပြီးမှ ဖြေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု သမီးလိုက်ရေးလေ"

ကောင်မလေးက ဟုတ်ကဲ့ဟုဆိုကာ မှတ်စုစာအုပ်နှင့် ဘောလ်ပင် ထုတ်သည်။

"အချစ်ဆိုတာ လောကကြီးရဲ့ ပြဿနာတွေကို ရင်ဆိုင်နိုင်စွမ်း ရှိအောင်လို့ လူတွေက ဖန်တီးမွေးဖွားယူထားတဲ့ ခံစားချက်တစ်ရပ်ပါပဲကွယ် ခက်တာက တစ်ခါတလေမှာ သူ ကိုယ်တိုင်ကလည်း ရင်ဆိုင်စရာ ပြဿနာ တစ်ရပ် ဖြစ်ဖြစ်သွား တတ်တာပါပဲ"

ကောင်မလေး မျက်မှောင်ကြုတ်သွားသည်။ "ရပြီလား သမီး" ဟု မေးတော့ ပြုံး၍ ခေါင်းညိတ်ပြသည်။

"သမီး သိပ်တော့နားမလည်ဘူး၊ ဒါပေမဲ့ ရပါပြီဆရာ"

ဟု ဆိုသည်။

**Life Style**

၂၀၀၉၊ မေ



www.burmeseclassic.com

www.burmeseclassic.com

## ဥပေက္ခာ...လူ

(၁)

ဘုရား. . . ဘုရား. . .

ဆောင်းဆိုတာ ဒါမှ တကယ့်ဆောင်း စစ်စစ်ပါလား။

အဝေးပြေးကားကြီးပေါ်မှပင် မဆင်းရသေး၊ ခရီးသည်ဆင်း တံခါးပေါက် ဖွင့်လိုက်သည်နှင့် ပြင်ဦးလွင်ဆောင်းက လှိုက်ခနဲ လှိမ့်ဝင်လာသည်။

အေးနေသော ကုတ်ပိုးကို ခံနိုင်အောင် ဂျာကင်ကော်လံကို ထောင်လိုက်ပြီး လာကြိုမည် ပြောထားသည့် ကိုရဲထိုက်ကို ကားပြတင်းပေါက်မှတစ်ဆင့် ရှာကြည့်မိသည်။ သိပ်တော့မလွယ်. . . နေကနှင်းကို ကွဲအောင် မခွဲနိုင်သေးသဖြင့် လူတွေ ရပ်နေတာမြင်ရသော်လည်း မျက်နှာတွေက ခပ်ဝါးဝါး။

အားလုံးကလည်း အနွေးထည်အထပ်ထပ်နှင့် သိုးမွှေးခေါင်းဆောင်းနှင့် မာဖလာ လည်ပင်းပတ်လို့။

"ဟော့ကောင်ကြီး"

ဖုန်းခနဲ ပခုံးကိုပုတ်လိုက်သူကို မော့ကြည့်တော့. . . သူ။

ကားပေါ် တက်လာပြီး သူ့ဘေးရောက်နေပြီ။

"အစ်ကိုထိုက်. . . နေကောင်းရဲ့လား"

"ဒေါင်ဒေါင်မြည်ပဲ"

သူ့ထုံးစံအတိုင်း အားပါးတရရယ်၍ အမိုးနားကစင်မှ သူ့အိတ်ကို ဆွဲချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အစ်ကို မလုပ်နဲ့"

"ဟေ. . . မင်းအိတ် မဟုတ်ဘူးလား"

"ဟုတ်တယ်. . . လေးလို့. . . အစ်ကို့ခါးထိသွားမှာစိုးလို့"

ကိုရဲထိုက် ခါးရိုးဆစ်ကျွံထွက်သောရောဂါဖြင့် အိပ်ရာပေါ်မှာ သုံးလလောက် အိပ်နေခဲ့ရသည်မှာ မကြာသေး။

"ဘာမှပြဿနာ မရှိဘူး၊ ကောင်းသွားပြီ"

မျက်မှောင်ကြုတ်၍. . .

"ဟာ. . . အစ်ကို၊ ခွဲမှမခွဲတာ၊ ဘယ်လိုလုပ် ကောင်းသွားလဲ"

ဟု မေးမိသည်။

"ဆရာဝန်စကား နားမထောင်လို့ ကောင်းသွားတာပေါ့ကွ၊ သူတို့က သုံးလ နားခိုင်းတယ်၊ ငါက နှစ်လပဲ နားပြီး လျှောက်သွားနေတော့ ကောင်းသွားရော. . . ဟား. . . ဟား. . . ဟား"

အပြောင်အပြက်ပြောရင်း ရယ်မောရင်းက သူ့အိတ်ကိုဆွဲ၍ ကိုရဲထိုက် ကားပေါ်မှ ဆင်းသွားပါသည်။

(၂)

"ဘယ်သူမှလဲ မတွေ့ပါလား၊ အစ်မနဲ့ သမီးရော"

အိမ်ကို ချာလည်လှည့်ကြည့်ရင်းမေးတော့ ကိုရဲထိုက်က ပခုံးတွန့်ပြသည်။

"ဘယ်သူမှ မရှိကြဘူး ငါ့ကောင်. . . လွတ်လွတ်လပ်လပ်သာနေ"

"ရန်ကုန် သွားကြတာလား"

"ဟုတ်ပ"

"ကြာမှာလား"

"တော်တော်ကြာမှာ၊ ငါ ပြောထားတယ်၊ နွယ်မောင် အေးအေးဆေးဆေး လာလည်မှာ၊ တော်တော်နဲ့ ပြန်မလာကြနဲ့လို့"

"လုပ်ပြီ အစ်ကိုထိုက်ကတော့. . ."

"ဟား. . . ဟား. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



နွယ်မောင်က ပခုံးမှအိတ်ကို ကြမ်းပြင်သို့ချသည်။ ကိုရဲထိုက်က အံ့ဩဟန်ဖြင့်. . .

"ဟော့ကောင်. . . မင်း သုံးချောင်းထောက်ကြီးရော"

ဟု မေးသည်။

"ကင်မရာပဲ ပါတယ်၊ အစ်ကိုထိုက်ရာ. . . ထောက်. . . ထားပစ်ခဲ့တယ်၊ လိုမှငှားသုံးတော့မယ်၊ လာကတည်းက ဓာတ်ပုံရိုက်ဖို့ အဓိကမှ မဟုတ်တာ"

ဟုဖြေတော့ မျက်လုံးပြူးပြသည်။

"ဟ. . . နိုင်ငံကျော် ဓာတ်ပုံဆရာက ပြင်ဦးလွင်ကို ဓာတ်ပုံရိုက်ဖို့ လာတာ မဟုတ်တော့ ဘာလာလုပ်တာတုန်း"

နွယ်မောင်က ပခုံးတွန့်ပြ၍. . .

"အနားယူ သက်သက်ပါပဲ"

ဟုပြောတော့ ကိုရဲထိုက် ဇဝေဇဝါဟန် လုပ်ပြသည်။

(၃)

နေ့လယ်စာကို အမျိုးသားကန်တော်ကြီးဥယျာဉ်မှာ ဓာတ်ပုံသွားရိုက်ရင်း စားခဲ့မည်ဟု ပြောတော့ ကိုရဲထိုက် လက်ခံသော်လည်း ညစာမစောင့်နဲ့ဟု ပြောတာတော့ လက်မခံ။

"ငါ့အိမ်မှာ ဝိုင်အကောင်းစား ရထားတယ်၊ ငါနဲ့ပဲ ပြန်လာစား"

"အစ်ကို မသောက်တော့ဘူးဆို"

"မသောက်ပါဘူး၊ မင်းအတွက် ချန်ထားတာ၊ မင်းပြန်လာစား. . . မစားလို့ မရဘူးနော်"

ရယ်ကျဲကျဲနှင့် ကျွန်တော်က ဝိုင်လောက်နှင့် မရဘူးဟု ဝန်ခံလိုက်ရသည်။

"ဟော့ကောင်. . . အသည်းကွဲတာက ဝိုင်နဲ့လည်း ကွဲလို့ရတယ်၊ ဝီစကီနဲ့ လည်း ကွဲလို့ရတယ်၊ ဘာမှမရှိရင် ရေနွေးကြမ်းသောက်ပြီးတောင် ကွဲလို့ရတယ်။ ဒုက္ခရောက်ပြီးသား အသည်းကို အရက်နဲ့တော့ ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မနှိပ်စက်နဲ့။ ငါ သနားလို့ ဝိုင်ပေးသောက်တာ၊ မရှည်နဲ့ ပြန်လာသောက် ဒါပဲ"

နွယ်မောင် မျက်လုံးပြူးပြဲ၍. . .

"ကျွန်တော်က ဘယ်မှာ အသည်းကွဲလို့လဲ. . ."

ဟု ပြန်ဆင်ခြေတက်လိုက်သည်။

". . . ဘယ်မှာ အသည်းကွဲလို့လဲဆိုတော့ ရန်ကုန်မှာပဲ ဖြစ်မှာပေါ့ကွာ၊ လုပ်မနေနဲ့၊ ငါ မင်း အစ်ကို. . . နှစ်ဝမ်းတည်းကွဲတာ၊ မင်း မျက်နှာကိုကြည့်ရင် အကုန် ရိပ်မိတယ်၊ ညနေကျ ဝအောင်ပြော"

ဟု အစ်ကိုထိုက်က ဟောက်သည်။ နွယ်မောင် ရယ်ကျဲကျဲနှင့်သာ အသံတိတ်နေရသည်။

(၄)

ညနေကျတော့လည်း ကိုရဲထိုက်အလိုကျ ဝိုင်ပဲ သောက်ဖြစ်ပါသည်။

"ဆိုပါဦး. . . မင်းမော်ဒယ်လ်မလေး ဘယ်သူနဲ့ပါသွားတာလဲ၊ ဒါရိုက်တာနဲ့ လား၊ ကုမ္ပဏီပိုင်ရှင်သူဌေးနဲ့လား"

နွယ်မောင် မျက်လုံးပြူးသွားသည်။

"အစ်ကိုထိုက် ဘာတွေကြားထားလို့လဲ"

"ငါ့ဟာငါ ပြင်ဦးလွင်မှာ အေးအေးဆေးဆေးနေနေတာ ဘာကြားရမှာလဲ"

"ကျွန်တော် ဓာတ်ပုံရိုက်ပေးတဲ့ မော်ဒယ်လ်မလေးကို ကြွေနေတယ်ဆိုတာ ဟိုတစ်ခါဖုန်းဆက်တုန်းက အစ်ကိုထိုက်ကို ပြောပြဖူးတယ်လေ။ နောက်ပိုင်းအခြေ အနေ တိုးတက်လာတာတော့ မပြောပြရသေးဘူး။ မန္တလေးနဲ့ပုဂံကို အတူတူလာ တော့လည်း ကိုထိုက်ဆူမှာစိုးလို့ ကျွန်တော် ပြင်ဦးလွင်ကို မလာဘူး။ ကျန်တာတွေ အားလုံး ကိုထိုက်သိနေတာ သတင်းပေးတဲ့လူ ရှိလို့ပဲပေါ့။ မဟုတ်ဘူးလား"

ကိုရဲထိုက်က အမြည်းတစ်လုတ်ကို ဝါးရင်းက ခေါင်းခါပြသည်။

"နွေကျ တိမ်ထွန်းမယ်၊ မိုးတွင်းကျ ရွာချမယ်ပေါ့ကွာ။ ဒီဘဒ္ဒကမ္ဘာမှာ မဖြစ်ဖူးသေးတဲ့ အရာမှမရှိတာ။ အားလုံးတွက်ကြည့်လို့ရပါတယ်။ မင်းကောင်မလေး ဘယ် လှတယ်။

www.burmeseclassic.com



ခေါ်ဒယ်လ်လည်း ဖြစ်ချင်တယ်။ အဆက်အသွယ်တော့ မရှိဘူး။ မင်းက ရှာပေးရတယ်။ ဒီအထိ ငါ သိပြီးသား။ သူ့ဆန္ဒတွေက ဒီလောက်နဲ့ ရပ်သွားမှာ မှ မဟုတ်တာ။ ဒီထက်ပိုပြီး ဆန္ဒတွေပြည့်ဖို့ ဖန်တီးပေးနိုင်တဲ့သူ တွေ့ရင် ပါသွားမယ် ဆိုတာ အစကတည်းက အသိသာကြီးပဲ ထားလိုက်စမ်းပါ"

နွယ်မောင် ဝိုင်တစ်ကျိုက်ကျိုက်ရင်းက ကုလားထိုင်တွင် ကျောမှီချလိုက် သည်။

"ကျွန်တော် အရှမ်းခံစားနေရတာ၊ အစ်ကိုထိုက် ပြောလိုက်တာများ ပေါ့ ပျက်ပျက်နဲ့"

ကိုရဲထိုက်က ခွက်ထိုးခွက်လန်ရယ်၍. . .

"ပထမတစ်ယောက်တုန်းကလည်း မင်း အရှမ်းခံစားပြီးသားလေ၊ မြင်ဦးလွှင်တက်လာတာနဲ့ တက်မလာတာနဲ့ ဒါပဲကွာတာပဲ"

ဟု ဆိုသည်။

"မတူဘူးဗျ၊ ဒီတစ်ယောက်က တကယ့်အဖြူထည် အရိုးခံလေး၊ ကျွန်တော်နဲ့ လက်ထပ်ပြီးရင် ကျွန်တော့်ပါရမီဖြည့်ဖက် ဘဝနဲ့ပဲ နေတော့မှာတဲ့"

ကိုရဲထိုက်က မဲ့ပြုံးပြုံးသည်။

"အဲဒီလိုလုပ်ပြီးမှ ထားမသွားတာ တော်သေးတာပေါ့ကွာ"

"ဟာ. . . အစ်ကိုထိုက်ကလည်း ကျွန်တော် ဒီလောက်ခံစားနေရတာကို တောင် ဘာမှမဟုတ်အောင် ပြောပစ်နေ. . . ဒီမှာ ဖီးလ်ငုပ်လိုက်တာ"

ကိုရဲထိုက်က တဟားဟား ရယ်ပြန်သည်။

(၅)

"မင်းမှာ တကယ်လို့. . ."

ပြောရင်းက စကားရပ်ထားသော ကိုရဲထိုက်ကို နွယ်မောင်က စိတ်မရှည် စွာ မော့ကြည့်၍. . .

"လျှာလေးချင် အားလေးချင်ရင်လည်းသောက် အစ်ကိုထိုက်ရာ၊



www.burmeseclassic.com

www.burmeseclassic.com



အရက် မသောက်ပဲနဲ့တော့ လေးမနေနဲ့"

ဟု ဘုတောသည်။ ကိုရဲထိုက်က ရယ်၍. . .

"ငါ့အစာအိမ် အနာပေါက်သွားမှ မင်း ဆေးရုံထမ်းပို့နေရမယ်"

ဟု ဆိုသည်။

"မင်းမှာ တကယ်လို့ မလွဲမသွေ သေကိုသေရမယ့် ရောဂါရှိနေပြီ . . ."

"လုပ်ပြန်ပြီ မဦးမချွတ်"

"ဟ. . . ငါပြောတာ ဆုံးအောင်နားထောင်ဦး၊ မလွဲမသွေ သေကိုသေရမယ့်ရောဂါကရှိနေပြီး အဲဒီလိုရှိနေတာကို မင်းဟာမင်း သိပြီး သားဆိုပါတော့။ အဲဒါဆို မင်းကောင်မလေး မင်းကိုပစ်သွားတာ စိတ်ဝင်စားနိုင်ပါဦးမလား"

Good Question ဟု တိုးတိုးရေရွတ်၍ နွယ်မောင် စဉ်းစားသည်။

"ခုလောက်တော့ စိတ်ဝင်စားမယ် မထင်ဘူး။ ဒါပေမဲ့ ကျွန်တော်ခု နေကောင်းနေတာပဲ"

ကိုရဲထိုက်က ဖြည်းညင်းစွာ ခေါင်းခါသည်။

"မကောင်းဘူး၊ မင်းသေမှာ. ."

"ဘာလဲဗျာ၊ အစ်ကိုထိုက်ရ. . ."

"ဟုတ်တယ်လေ၊ မင်းက မသေမျိုးမို့လား၊ သေမှာပဲဟာ. . . ဘယ်တော့ သေမယ်ဆိုတာသာ မသိတာ။ အသက်အရ၊ ကျန်းမာရေးအရတွက်ရင် ငါ့ထက်နည်း နည်းနောက်ကျ၊ မင်းကောင်မလေးထက် နည်းနည်းစောပြီးသေမှာ။ ဒါပေမဲ့ ဒါလည်း အပိုင်ပြောလို့ရတဲ့ကိစ္စမဟုတ်ဘူး။ မနက်ဖြန်သေချင်လည်း သေမှာ။ အဲဒါကို ဘာလို့ပြုပြင်လို့မရတဲ့ကိစ္စတွေ လိုက်စိတ်ဝင်စားနေရတာလဲ"

နွယ်မောင် ပါးစပ်အဟောင်းသား ဖြစ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၆)

သက်ပြင်းတစ်ချက်ချ၍. . .

"အစ်ကိုထိုက်က တရားသူကြီးလုပ်ဖို့ မကောင်းဘူး၊ အဲဒီလောက် နှလုံး သွင်းတတ်ရင် ဘုန်းကြီးပဲဖြစ်သင့်တာ"

ဟု တိုးတိုးပြောမိ သည်။

"ပါရမီနည်းလို့ပေါ့ ငှဲသီရယ်၊ ဟဲ. . . ဟဲ. . . ဟဲ၊ ငါက ပါရမီ နည်းနည်း နည်းလို့ တရားသူကြီးဖြစ်တာ။ မင်းက တော်တော်နည်းလို့ ကောင်မလေး သူလှလေးတွေကို မာတ်ပုံရိုက်ပေးရတဲ့ မာတ်ပုံဆရာဖြစ်တာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့လေ၊ သံသရာနဲ့မကင်းတဲ့ကြိုးတွေ များများလာမယ့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေလေ။ မင်းနဲ့ ငါနဲ့လုပ်ရမယ့်အလုပ်မျိုးတွေ မလုပ်ချင်လို့ တေမိမင်းစကားမပြောဘဲနေတာ မဟုတ်လား၊ တို့က အဲဒါ အကောင်းမှတ်ပြီး ကျင်လည်နေ၊ ပျော်နေကြတယ်"

မနေနိုင်ဘဲ အသံထွက်အောင် ရယ်မိသည်။

"မရယ်နဲ့. . . ငါ့ကောင်ရဲ့။ ပါရမီနည်းလို့ ဒီဘဝ တရားမရတောင် ပါရမီက မွေးယူရတယ်။ ပါရမီမွေးကြည့်မှ တစ်နေ့တစ်နေ့ ငါတို့ခံစားရတာ တွေ၊ ပူဆွေးနေတာတွေ၊ ပျော်ရွှင်နေတာတွေ ဘယ်လောက်တောင် အဓိပ္ပာယ် မဲ့တယ်ဆိုတာ မင်းသိမယ်"

"လက်စသတ်တော့ အစ်ကိုထိုက်က ကျွန်တော့်ကို တရားပြနေတာ ကိုး"

"မပြရဲရပေါင်ကွာ၊ အဲဒီလောက် သူများကို တရားပြလောက်အောင် တရားရှိရင် ငါ တောင် ဒီအလုပ်ဆက်မလုပ်ဘူး"

ကိုရဲထိုက် သူ့ဘာသာစကားနှင့် သူ ဖွင့်ဆိုသော အဘိဓမ္မာများကို နားထောင်ရင်း နွယ်မောင့်ရင်ထဲက အပူများ အနည်းငယ်ငြိမ်းချမ်းသွား သယောင် ရှိသည်။

လက်ထဲက ဖန်ခွက်လွတ်ကို စားပွဲပေါ် ချ၍ ဝိုင်အနည်းငယ် ထပ်ငှဲ့ရင်း. . .

"ကဲ. . . လုပ်ပါဦး၊ ဘာပါရမီတွေ မွေးရမှာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးကြည့်သည်။

"ခက်တာက စလုပ်ကြည့်ကွာ"

"လုပ်ပြန်ပြီ အစ်ကိုထိုက်က. . . လွယ်တာက စလုပ်ပြောစမ်းပါ"

"မသိဘူးလေကွာ၊ ငါကတော့ ခက်တာကို နောက်မှာ ချန်ထားခဲ့ရင် ဘယ်တော့မှ မထိဖြစ်တော့မှာစိုးလို့ပေါ့. . ."

"ဘာလဲ"

"ဥပေက္ခာလေ"

နွယ်မောင်က ဥပေက္ခာဟု တိုးတိုးဆိုကြည့်သည်။

"ဟုတ်တယ်၊ ဥပေက္ခာ. . .၊ လူတွေက မေတ္တာနဲ့ ကရုဏာကျ ထားတတ်ကြတယ်၊ မုဒိတာနဲ့ ဥပေက္ခာကျမှ ခက်ခက်နေတာ။ မင်းပဲကြည့် မင်းကောင်မလေး နယ်မြို့ကနေ မလည်မဝယ်နဲ့ တက်လာတုန်းက မင်း သူ့ အပေါ် မရိုးမသားစိတ်တွေ မထားခင်ကတည်းက မေတ္တာလည်း ရှိတယ်၊ ကရုဏာလည်းရှိတယ်။ ဒါကြောင့်လည်း ကူညီခဲ့တာပေါ့၊ အခုအောင်မြင်တော့ မယ်၊ သူ ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရတော့မယ် ဆိုတော့ မုဒိတာမထားနိုင် တော့ဘူး။ မင်းကို လက်တစ်လုံးခြား အသုံးချသွားတာလည်း ဥပေက္ခာ မထား နိုင်တော့ဘူး။ အဲတော့ သူက ဘာဖြစ်သွားသလဲ။ ဘာမှ မဖြစ်ဘူး။ မင်းပဲ ပူလောင်နေတာ"

"ဘုရား. . . ဘုရား"

ဒီတစ်ခါတော့ ဘုရားကို အမိပ္ပာယ်ပြည့်ဝစွာ တမိသည်။ လက်ထဲက ဝိုင်ခွက်ကိုလည်း ယောင်ယမ်း၍ ချသည်။

"တကယ်တော့ ဒါတွေက မင်းချည်းပဲ ရှေးဖြစ်တဲ့ကိစ္စတော့ မဟုတ် ဘူး။ အကြောင်းမရှိဘဲ ဖြစ်လာတဲ့ အကျိုးတွေလည်း မဟုတ်ဘူး။ ဒီလိုပဲ ဖြစ်လာတယ်ဆိုတာ ဘေးကထိုင်ကြည့်နေတဲ့ တို့တစ်တွေတောင် မြင်ထားပြီး သား။ မင်းသာ ကြိုတင်လက်ခံထားခဲ့ရင် အစောကြီးကတည်းက မင်းရင်ထဲ အေးချမ်းနေမှာ။ ဘယ်သူကမှ ဘယ်လောကဓံကမှလည်း ပျက်လိုက်မှာ နော်. . . ပျက်ထည့်လိုက်မှာနော်လို့ ခြိမ်းခြောက်လို့ မရဘူး။ လူတွေကို လောကဓံကို ကြောက်နေစရာမလိုဘူးကွာ။ စင်ပေါ်ကပဲ။ နောက်ဆုံးတစ်နေ့ ပျက်သွားပြီဆိုတော့လည်း ဩော်. . . အချိန်တန်သွားပြီကိုး ဆိုပြီး ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com


ပြုလိုက်ရုံပဲ"

နွယ်မောင် ဘာပြန်ပြောရမှန်းမသိဘဲ အာစေးမိနေဆဲ။

တယ်လီဖုန်းသံက ပေါ်လာသည်။ ကိုရဲထိုက်က နေရာမှထ၍ ဖုန်းသွားပြောသည်။

ဟိုဘက်က ဘာပြောသည်ကိုတော့ မကြားရ။

"အေး. . ပြော၊ ပြောပါ. . ရပါတယ်၊ ပြော. . . ပြော. . ."

စသဖြင့် ကိုရဲထိုက် ပြောနေသံတွေသာ ကြားနေရသည်။

"သမီးပါ ခေါ်သွားမှာလား"

". . . . ."

"အေး ရပါတယ်"

". . . . ."

"ဘာမှ ပြဿနာမရှိဘူး၊ ထိုးပေးမယ်"

". . . . ."

"ပို့မနေနဲ့လေ၊ သွားခါနီးတော့ တစ်ခေါက်လာခဲ့မယ်၊ သမီးလေး မလာပါနဲ့၊ ကလေးတစ်ယောက်တည်း စိတ်မချဘူး။ ကိုယ် လာခဲ့မယ်။ သမီးကို ဖေဖေ့ကို ရန်ကုန်မှာပဲ ကန်တော့လို့ပြောလိုက်။ အဲဒီကျမှ လက်မှတ်ထိုး ပေးမယ်"

". . . . ."

"ရပါတယ်၊ ဘာမှ ပြဿနာမရှိဘူး"

ကိုရဲထိုက် ဖုန်းကိုချပြီး နွယ်မောင်ရှိရာ ပြန်လာထိုင်သည်။ မျက်နှာက စောစောကလောက် မတက်ကြွ၊ မလန်းဆန်း။

"အစ်မလား. . . အစ်ကိုထိုက်"

"အေး"

"ဘယ်သွားကြမလို့လဲ"

"စင်ကာပူ. . .၊ သူ လုပ်နေတဲ့ကုမ္ပဏီက ဟိုက ရာထူးပေးနေတယ်"

"သမီးပါ လိုက်သွားမှာလား"

"အေး. . . ဟိုမှာ ကျောင်းဆက်ထားမလို့တဲ့"

"ဘာ လက်မှတ်ထိုးခိုင်းနေတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



ကိုရဲထိုက်က မော့ကြည့်၍ မဲ့ပြုံးပြုံးပြသည်။

"ကွာရှင်းစာချုပ်လေ"

နွယ်မောင် ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

(၇)

ကားထွက်ဖို့ အချိန်နည်းနည်းစောနေသေးသဖြင့် ကားဂိတ်နားက လက်ဖက်ရည်ဆိုင်မှာ ထိုင်နေဖြစ်ကြသည်။

"အစ်ကိုထိုက် ဘာလို့ ကျွန်တော့်ကို ပြောမပြတာလဲ"

နွယ်မောင်က ကားဂိတ်ဘက်သို့ ငေးမောကြည့်ရင်းက တိုးတိုးမေးသည်။

"ငါက မင်းကို ဘယ်လို အားပေးရမလဲ စဉ်းစားနေတာလေကွာ"

ကိုရဲထိုက်က ပြုံးပြုံးပင်ဖြေသည်။

"ကိုရဲထိုက် ဘာမှ မခံစားရဘူးလား"

သူက ရယ်၍. . .

"လူလေကွာ. . . မင်းက ငါ့ကို ရဟန္တာမှတ်နေလား၊ ခံစားလည်း ဖြစ်ပြီးသားပဲ။ မခံစားလည်း ဖြစ်ပြီးသားပဲ။ ဖြစ်မယ်ဆိုတာလည်း အစောကြီးကတည်းက နည်းနည်းချင်း ရိပ်မိလာပြီးသားကိစ္စပဲ။ လျှော့ခံစားရတာပေါ့"

ဟု ဖြေသည်။

"ဘာလို့ ကြိုတွက်ထားမိရတာလဲ"

"ရှင်းရှင်းလေးပါကွာ၊ လာဘ်မစားတတ်တဲ့ တွံဖက်မြို့နယ် တရားသူကြီး အဆင့်လောက်ရှိတဲ့ အရာရှိငယ်က အိမ်ထောင်ဦးစီး၊ မိန်းမက မိသားစုလူနေမှုဘဝကို အတတ်နိုင်ဆုံး၊ အမြင့်ဆုံးဖြစ်ချင်တဲ့သူ။ လာဘ်စားတာကတော့ သူလည်း မကြိုက်ပါဘူး။ အလုပ်ထွက်ပြီး စီးပွားရေးလုပ်ဖို့ တစ်ချိန်လုံး တိုက်တွန်းနေတာ။ ငါမှ နားမထောင်ဘဲ"

"အစ်ကိုထိုက်က ဘာလို့ မထွက်တာလဲ"

"ဟကောင်ရ. . . အလုပ်လုပ်တယ်ဆိုတာ ပိုက်ဆံတစ်ခုတည်းမှ မဟုတ်တာ။ ကိုယ်ယုံကြည်တာကို ကိုယ်လုပ်ရတဲ့ သဘောလည်း ပါတာလေ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်မောင် သက်ပြင်းချ၍. . .

"သမီးလေး သနားပါတယ်ဗျာ"

ဟု တိုးတိုးညည်းသည်။

"မင်းတောင် သနားမှတော့ ငါက ငါ့သမီး ပိုသနားသေးတာပေါ့။ ဒါပေမဲ့ ဒီနေရာကို ငါ့လိုမဟုတ်တဲ့ လူတစ်ယောက်ရောက်လာရင် လူတွေအများကြီး ငါ့သမီး ထက်ပိုပြီး သနားစရာကောင်းသွားမယ်။ အဲဒီလိုတွေးမိရင် ငါ လုပ်လက်စကို ဘယ်လိုမှ နောက်မဆုတ်နိုင်ဘူး"

နွယ်မောင်က ခေါင်းခါ၍. . .

"အစ်ကိုထိုက်လို စိတ်ထားနိုင်ဖို့တော့ မလွယ်ပါဘူးဗျာ။ ကျွန်တော်ဖြင့် အစ်ကိုထိုက်ကို ဘယ်လိုလုပ် ဒီလောက်အေးချမ်းနေသလဲ တွေးကြည့်လို့တောင် မရဘူး"

ဟု ပြောသည်။

"မင်းကလည်း ငါ့ကို လူထူးလူဆန်း စာရင်းသွင်းနေပြန်ပြီ။ ငါက ဘာမှ ထူးဆန်းတာလုပ်နေတာ မဟုတ်ဘူး။ ဗုဒ္ဓဘာသာဝင်တွေ လုပ်ရမယ့်ဟာကိုပဲ လုပ်ဖို့ ကြိုးစားနေတာ"

"ဘာလဲ"

"ဥပေက္ခာတရား ထားဖို့လေ၊ တတ်နိုင်ရင် ကြိုးစားပြုပြင်၊ တိုးတက်အောင် လုပ်၊ မတတ်နိုင်တဲ့ကိစ္စ လျစ်လျူရှုလိုက်ပေါ့။ ရှင်းနေတာပဲ"

ကားဂိတ်ဘက်တွင် လူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်ကို တွေ့ရသည်။ ကားပေါ်တက်ဖို့ ခေါ်နေဟန်တူသည်။

ညီအစ်ကိုနှစ်ယောက် လက်ဖက်ရည်ဆိုင်မှ ထကြသည်။

**Perfect**

၂၀၀၉၊ ဇူလိုင်



www.burmeseclassic.com

www.burmeseclassic.com

# နတ်ဆိုး

## (၁)

ပြန်တက်ရာ လမ်းကြောင်းမရှိသည့် ချောက်ကြီးတစ်ခုအတွင်းသို့ ပြုတ်ကျပြီး ဘာဒဏ်ရာ အနာတရမှ ကြီးကြီးကျယ်ကျယ် မရှိသည့်တိုင် လာကယ်မည့်သူမပေါ်ဘဲ မှောင်စပျိုးသည့်အထိ တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေရခြင်းမှာ မည်သည့် ၁၅ နှစ်သားအရွယ် ကလေးတစ်ဦးအတွက် မဆို ချောက်ချားတုန်လှုပ်စရာ ကောင်းနေမည်မှာ အမှန်ပင်။

သည်ကြားထဲမှာ 'အာသာမင်းဟန်'က သူလိုကိုယ်လို ၁၅ နှစ်သား ကလေးတစ်ဦးမဟုတ်။ ဖခင်ဖြစ်သူ ဒေါက်တာမင်းဟန်က သူ့တစ်ဦးတည်းသော သားကလေးကို 'အာသာဘုရင်'လောက် ထူးချွန်ထက်မြက်အောင် မြင်စေချင်ဇောဖြင့် 'အာသာ မင်းဟန်'ဟု နာမည်ပေးခဲ့သော်လည်း 'အာသာ'က သာမန်ထက်အနည်းငယ် ဉာဏ်ရည်နိမ့်သော အူကြောင်ကြောင် ထုံထိုင်းထိုင်း လူငယ်ကလေးတစ်ဦးအဖြစ် ကြီးပြင်းလာခဲ့သူဖြစ်သည်။

အဖေလို ပညာထူးချွန်ဖို့ဝေးစွ၊ မူလတန်းကျောင်းသားဘဝက စာမေးပွဲဖြေနေရင်း တန်းလန်း သို့မဟုတ် စာမေးပွဲဖြေနေသည်ဆိုသည့်အသိကို မေ့လျော့၍ စာမေးပွဲခုံပေါ် ခေါင်းချအိပ်ပျော်နေသဖြင့် ဆရာမများက အတင်းနှိုး၍ဖြေခိုင်းရသူ ဖြစ်သည်။

အတန်းထဲတွင် ဆရာတွေ အိမ်စာပေးလျှင် သူ ဘယ်တော့မှ လုပ်မလာ။ အရိုက်ခံရတာလည်း အကြိမ်ကြိမ်၊ နောက်ဆုံး ဒေါက်တာမင်းဟန် ကျောင်းလိုက်သွား၍ ဆရာမကို ရှင်းပြရသည်။ တကယ်တော့ အိမ်စာလုပ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုတ်သည်ကိုပင် ကလေးက နားမလည်တာပါ။

ဘယ်အရာမဆို သူများသဘောပေါက်သလို လွယ်လွယ်နှင့်သဘော ပေါက်ဖို့အတွက် 'အာသာ့'မှာ သိပ်ခက်သည်။ ဘာကြောင့် ထိုသို့ ခက်နေရမှန်း ထို သူ ကိုယ်တိုင်လည်း နားမလည်။

မိဘတွေကလည်း နားမလည်ပါ။

နေ့စေ့လစေ့၊ ပေါင်ပြည့် ကျန်းမာစွာ မွေးလာခဲ့သည့်ကလေးပါ။ ငယ်စဉ် ဘဝတွင်လည်း ဘာမှကြီးကြီးကျယ်ကျယ် နေမကောင်းတာ၊ ခေါင်းကို ခိုက်မိတာ၊ မသက်စရာ ဘာမှမရှိ။

သူငယ်ချင်း ဦးနှောက်နှင့်အာရုံကြော ဆရာဝန်ကြီးကလည်း ကလေးမှာ ဦးနှောက်အာရုံကြောဆိုင်ရာရောဂါ ဘာမှမရှိဟု မှတ်ချက်ချသည်။ သူငယ်ချင်း ကလေးအထူးကုဆရာဝန်ကြီးကတော့ "ကလေးကို ၄ နှစ်နဲ့ ကျောင်းအပ်လို့ တစ်တန်းတည်းသား သူငယ်ချင်းတွေလောက် စာမလိုက် နိုင်ဖြစ်ပြီး စိတ်အားငယ်တာ"ဟု အပြစ်တင်စကားဆိုသည်။ ဒါတော့ ဒေါက်တာမင်းဟန် သိပ်လက်မခံနိုင်ပါ။ သည်ကလေး ထူးခြားနေတာ ကျောင်း မထားခင်ကတည်းက အားလုံး သတိထားမိခဲ့တာပဲ။ ကျောင်းကြောင့်တော့ မဖြစ်နိုင်။

မိခင်ဖြစ်သူကလည်း သူနာပြုဆရာမပါ။ သို့သော် ဖခင်ဆရာဝန် မသိအောင် တိတ်တိတ်မြန်မာဆေးဆရာနှင့် သွားပြသည်။ မြန်မာဆေးဆရာ က ကလေး၏လက်ကိုကိုင်ကြည့်ရင်း. . . နှလုံးကသွေးထွက်တဲ့ နေရာကလေး မှာ အားနည်းနေတာဟု မှတ်ချက်ပြုပြီး သွေးအားတိုးဆေးဆိုတာတွေ တိုက်သည်။ ဒါလည်း ထူးမလာပါ။

အညာဘက်ကလာသောအဘွားက ကလေးကိုအညာသို့ အလည်ဟု ဆိုကာ ခေါ်သွားသည်။ ပြီးတော့ အကြားအမြင်ဆရာနှင့်ပြသည်။

"သိုက်ကလာတာ၊ သူ့သိုက်က ပဲခူးဘက်မှာ ရှိတယ်။ ပဲခူးဘက်ကို မသွားစေနဲ့။ သိုက်က ပြန်ခေါ်တတ်တယ်"

မုတ်ဆိတ်ဗရပျစ်နှင့် အကြားအမြင်ဆရာဆိုသူက ကန်တော့ခံငွေကို ယူရင်းက ကွမ်းတဝါးဝါးနှင့်ပြောတော့ အဘွားဖြစ်သူ တော်တော်စိတ်ညစ်သွား သည်။ ဒေါက်တာမင်းဟန်က ပဲခူးမှာ တာဝန်ကျနေသည်။ ကလေးက



www.burmeseclassic.com

www.burmeseclassic.com


ပဲခူးမှာနေတာပါ။

သမက်ဖြစ်သူ၏ စိတ်ကိုသိသဖြင့် အဲဒါကိုလည်း ဒေါက်တာမင်းဟန်ကို ပြန်မပြောရဲ။

အာသာကလေးက ထူးဆန်းသောစကားတချို့ ပြောလာလျှင်တော့ ဟိုဆရာပြောတာ ဟုတ်များဟုတ်နေပြီးလားဟု စိတ်ခေတ်ကျ၊ စိတ်ပူတတ်လေသည်။

"ဘွားဘွား ခရစ်ယာန်ဆိုတာ ဘာလဲဟင်"

အာသာ ၄ နှစ်သားတုန်းက မေးတာပါ။

"ကိုးကွယ်တဲ့ဘာသာတစ်မျိုးပေါ့ သားရယ်၊ ဘွားဘွားတို့ ဗုဒ္ဓဘာသာ ကိုးကွယ်သလိုမျိုးပေါ့"

"လှည်းကြီးတွေက အမိုးကြီးတွေနဲ့ လူတွေအများကြီး ပါတာမျိုးလား"

"သားက ဘယ်မှာတွေ့ဖူးလို့လဲ"

"ညညဆို သားအိပ်ရာထဲမှာ အများကြီးပဲ၊ သားကိုယ်ပေါ်တောင် တက်တက်လာသေးတယ်"

အဘွားဖြစ်သူ စိတ်ပူစွာဖြင့် သမီးကိုပြောပြတော့ သမီးက အေးအေးပင်။

"သူ့အဖေက ကောင်းဘွိုင်ကားတွေ သိပ်ကြိုက်တာ အမေရဲ့၊ အဲဒါ လိုက်လိုက်ကြည့်ရင်း စိတ်စွဲနေတာနေမှာပေါ့"

တစ်ခါတလေလည်း သူ့ခုတင်ထဲကစောင်ကို ဖယ်ခိုင်းသည်။ သူ့အပြောတော့ ညညအဲသည့်စောင်ထဲက လက်သည်းရှည်ကြီးတွေ ထွက်လာသည်ဟု ပြောသည်။ အဲဒါက ၆ နှစ်သား ဖြစ်နေပြီ။ ဒါလည်း အိမ်က ကြောင်ကလေးကို စိတ်စွဲတာနေမှာပေါ့ဟုသာ ထားလိုက်ကြသည်။

ယခု ၁၅ နှစ်သားမှာတော့ သိပ်မဆိုးတော့။

အတန်းထဲမှာလည်း သူငယ်ချင်းနှစ်ယောက်စ သုံးယောက်စ ရှိလာပြီ။ အခြေခံပညာရေး အလယ်တန်းစာမေးပွဲအောင်တော့ ဂုဏ်ထူးတစ်ခုပင် ပါလိုက်သေးသည်။

မြန်မာစာပါ။

စာကတော့ မိဘတွေ ထူးချွန်စေချင်သလောက်တော့ မထူးချွန်သေး


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေလည်း စာအုပ်တစ်အုပ်နှင့် အသံထွက် စာဖတ်တာလိုလို၊ တစ်ယောက်တည်း စကားပြောနေတာလိုလို လုပ်နေတတ်သေးသည်။

အဲသည်လို ဉာဏ်ရည်မပြည့်ဝသူ 'အာသာမင်းဟန်' ကျောင်းပိတ်ရက်မှာ ပဲခူးအနီး ရွာကလေးတစ်ရွာသို့ မိသားစုနှင့် ပျော်ပွဲစားထွက်စဉ် လူကြီးများမပါဘဲ တောစပ်ထဲမှာ ဟိုဟိုသည်သည် လျှောက်ကြည့်ရင်း ချောက်ထဲပြုတ်ကျခဲ့တာပါ။

သူ ကျသွားမှန်းကို တောစပ်အပြင်ဘက်မှာ စားသောက်နေကြသည့် မိဘများသာမက သူနှင့်အတူ တောစပ်ထဲဝင်ခဲ့သည့် အသက် ၂၀ အရွယ် မိဘများ၏ သူငယ်ချင်းတစ်ဦးသား မောင်အောင်မျိုးပင် ချက်ချင်းမသိလိုက်ပါ။

(၂)

မောင်အောင်မျိုး အပြောအရတော့ 'အာသာ'နှင့်သူ လူစုကွဲသွားသည်မှာ ၅ မိနစ်ခန့်သာ ရှိသေးသည်ဟု ဆိုသည်။ 'အာသာ'ကျသွားသည့် အသံရော၊ အော်သံပါ သူ မကြားမိ။ သူ တောစပ်တစ်ဝိုက်တွင် တကြော်ကြော် အော်ခေါ်နေသော်လည်း အာသာက မထူး၊ နောက်ဆုံး သူပါ ချောက်ချားလာ၍ လူကြီးတွေကို ပြန်လာခေါ်ပြီး တောနင်းရှာကြသည်မှာ အာသာ ပျောက်သွားပြီး ၂ နာရီခန့်အထိ ဘာမှမထူး။

အဲသည့်ချောက်ကိုတော့ အားလုံးက အာသာ ကျသွားနိုင်သည့် နေရာဟု သတ်မှတ်သည်။ ချောက်နှုတ်ခမ်းပါးတစ်လျှောက် ဝါးရုံပင်များ ထူထပ်စွာ ပေါက်ရောက်နေကြသည်မို့ ချောက်အောက်ခြေမှာလည်း သစ်ရွက်ကြွေများ တောက်လျှောက်ဖုံးလွှမ်းနေလိမ့်မည်ဟု ခန့်မှန်းကြသည်။ ကျသွားတောင် အကျမနာနိုင်ဟု ဖြေတွေး တွေးကြသည်။ ခက်တာက ချောက်ထဲသို့ ဆင်းလမ်းတက်လမ်း ရှာမတွေ့ကြ။

ချောက်နှုတ်ခမ်းပါးမှ ဝိုင်းအော်ကြသော်လည်း ထူးသံမကြားရ၊ မှောင်စ ပျိုးလာတော့ တစ်ဖွဲ့က မြို့ထဲဘက်ပြန်၍ ကြိုးများယူရန်၊ ကျွမ်းကျင်သူများ ခေါ်ရန် ဆုံးဖြတ်ကြသည်။

အဲသည့်အချိန်မှာပင် ချောက်နှုတ်ခမ်းစပ်မှ တရှဲရှဲအသံများ



www.burmeseclassic.com

www.burmeseclassic.com



ကြားရပြီး အာသာကလေး မှောက်လျက် ဖက်တက်လာသည်ကို မြင်ရသည်။

"သား. . . အာသာ ဘုရား ဘုရား"

အမေဖြစ်သူက ရှေ့ဆုံးက ပြေးချီသည်။ အာသာက အချီမခံ။ သူ့ဟာသူ ကြိုးစား၍ မတ်မတ်ရပ်သည်။

တစ်ကိုယ်လုံးလည်း ချွေးတွေနှင့် ရွဲနစ်နေသည်။ ဒူး၊ တံတောင်တို့ တွင်လည်း ပွန်းပဲ့ဒဏ်ရာ များစွာနှင့်။

"သား ဘာမှ မဖြစ်ပါဘူး"

တကယ်လည်း သူ ဘာမှ မဖြစ်။

အိမ်ကိုပြန်ရောက်၍ ရေမိုးချိုး၊ ဒဏ်ရာများ ဆေးထည့်ပေးပြီး ခေါက်ဆွဲ ပြုတ်တစ်ခွက် ကုန်အောင်သောက်ပြီး နှစ်ခြိုက်စွာ အိပ်မောကျသွား သည်။

ဒါပေမဲ့ လူကြီးတွေကတော့ အဖြေရှာမရသော ပြဿနာသုံးခုနှင့် ကျန်ခဲ့သည်။

တစ်ခုက သူတို့ပင်လျှင် ဆင်းလမ်းရှာမရသော သည်ချောက်ကြီးကို ၁၅ နှစ်သားက ဘယ်လိုရအောင် ဖက်တက်လာခဲ့သလဲဆိုတာရယ်။

နောက်တစ်ခုက အမြဲတမ်းလိုလို စိုးရိမ်အားငယ်ရိပ်တွေ ဖုံးလွှမ်းနေ တတ်သော အာသာကလေး၏ မျက်ဝန်းတစ်စုံ ထိုနေ့က ဘာလို့ အေးချမ်း တည်ငြိမ်နေရသလဲ ဆိုတာရယ်။

ပြီးတော့. . .

တစ်သက်လုံးက ဉာဏ်ရည်နိမ့်ကလေးတစ်ယောက်အဖြစ် အများ သတ်မှတ်ခဲ့သော အာသာမင်းဟန် ထိုနေ့နောက်ပိုင်း ဘာကြောင့် ပညာ ထူးချွန်ပြီး ဉာဏ်ရည်ထက်မြက်သူတစ်ယောက် ဖြစ်လာခဲ့သလဲဆိုတာရယ်ပါ။

(၃)

နောက်ထပ် နှစ်ပေါင်း၂၀ တိတိ ကြာမြင့်သွားခဲ့သည်။

မောင်အောင်မျိုးလည်း အဆောက်အအုံ ကန်ထရိုက်တာ ဦးအောင်မျိုး ဖြစ်ပြီး၊ 'အာသာ'နှင့် မဆုံတော့တာလည်း ကြာပြီ။

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ လုပ်နေကျထက် နည်းနည်းပိုကြီးသော 'ခွင်'တစ်ခုကို 'ခိုက်' မိသည်။ ခုတ်လှေကားပါသည့် အထပ်မြင့် အဆောက်အအုံတစ်ခု ဆောက်ဖို့ပါ။ နိုင်ငံခြားက ဘွဲ့ရထားသော ဗိသုကာကို အားကိုး၍ အဲသည့်ခွင်ကို ရအောင်ယူခဲ့သော်လည်း လက်တွေ့တွင် မျှော်လင့်မထားသည့်ပြဿနာနှင့် ရင်ဆိုင်ရသည်။

"ရေတွေ တအားထွက်နေတယ် ကိုအောင်မျိုးရဲ့"

ပါတနာတစ်ဦးက ညည်းတွားသည်။ ဗိသုကာလည်း ကြံရခက်နေဟန်ဖြင့် ကွန်ပျူတာ မော်နီတာကိုသာ စူးစိုက်ကြည့်နေသည်။

"နေရာကောင်းဗျ၊ လက်လွှတ်လို့ မဖြစ်ဘူး၊ နည်းလမ်းလေးရှိရင် ရှာကြပါဦး"

ဦးအောင်မျိုးကလည်း ညည်းပြောကလေး ပြောတော့ ဗိသုကာပညာရှင်က ခေါင်းကို ဖြည်းညင်းစွာခါသည်။

"ဒါ တော်တော် ပညာပါနေပြီ။ အာသာနဲ့ပဲ တိုင်ပင်ရတော့မှာ"

ဦးအောင်မျိုး မျက်လုံးများပြူးသွားပြီး. . .

"အာသာ. . . ဟုတ်လား"

ဟု မေးသည်။

"ဟုတ်တယ်၊ နာမည်အမှန်က 'ဧရာဟန်'ပါ၊ ပြဿနာရှိတိုင်း အဖြေရှိရမည်ဆိုပြီး ကြော်ငြာတဲ့ ဗိသုကာအုပ်စုလေ။ မကြားဖူးဘူးလား၊ 'ဧရာဟန် အင် အဆိုစီယိတ်'ဆိုတာ၊ အမ်ဒီက ဦးဧရာဟန်တဲ့။ ငယ်ငယ်ပါပဲ၊ သူ့ကို 'အာသာ'လို့ခေါ်ကြတာပဲ။ သူ ရှင်းမပေးနိုင်တဲ့ ပြဿနာမရှိဘူး။ တကယ့် ကျိုးနီးယပ်စ် စစ်စစ်"

ဧရာဟန် ဆိုတာတော့ မသိ။ နာမည်တူတာကိုးဟု တွေးမိသည်။

"ခင်ဗျားလို နယူးယောက်က ဘွဲ့ရတဲ့သူထက်တောင် တော်သလား"

ဗိသုကာက ရယ်သည်။

"ဆရာ ဒီအလုပ်လုပ်နေပြီး။ ဦးဧရာဟန်အကြောင်း မသိတာ အံ့သြစရာပဲ။ ဒီလူက မြန်မာပြည်မှာ အတော်ဆုံး မဟုတ်ဘူး။ ကမ္ဘာပေါ်မှာ အတော်ဆုံးပဲ။ ဆရာ တွေ့ဖူးချင်ရင် ကျွန်တော်နဲ့ လိုက်ခဲ့"

ဦးအောင်မျိုး ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဦးဇရောဟန်ကိုတွေ့ဖို့က တကယ်တော့ သိပ်မလွယ်ပါ။

သူ့ရုံးခန်းပေါက်ဝတွင် ကိုယ့်လိုပင် တွေ့ချင်သူတွေ ကြိတ်ကြိတ်တိုး နေသဖြင့် ၂ နာရီခန့် စောင့်ရသည်။

တွေ့ရတော့လည်း အသက် ၃၅နှစ်အရွယ် လူရွယ်တစ်ဦး ဖြစ်နေသည်။

ဦးဇရောဟန်က ဗိသုကာဆရာပြသော လက်ပ်တော့မှ ဒီဇိုင်းများကို စူးစူးစိုက်စိုက်လေ့လာရင်း သူ့ကွန်ပျူတာထဲသို့ အချက်အလက်များ ရိုက်ထည့်နေသည်။

အတော်ကြာတော့မှ ပြုံး၍ ခေါင်းညိတ်ပြသည်။

"အိုကေမယ် ထင်ပါတယ်၊ ကျွန်တော် နှစ်ရက်လောက်နေရင် ဖုန်းဆက်လိုက်မယ်လေ"

ဦးအောင်မျိုးက ဝင်ဈေးဆစ်သည်။

"နက်ဖြန်လောက် မရဘူးလား ဆရာရယ်"

ဦးဇရောဟန်က မော့ကြည့်၍ ရယ်သည်။

"အစ်ကိုက ကျွန်တော့်ကို တကယ်မမှတ်မိတာကိုး၊ 'အာသာ'ပါ အစ်ကိုရဲ့၊ 'အာသာမင်းဟန်' ပါ"

ဘုရားရေ. . . ကမ္ဘာပေါ်မှာ အတော်ဆုံးဆိုတဲ့ သည်လူက ဟိုစာသင်၍ မရသည့် ကလေးတဲ့လား။

"အာသာလို့တော့ ပြောသား၊ နာမည်တူတာ မှတ်နေတာ၊ နှစ်တွေက လည်း ကြာ၊ မြန်မာနာမည်ကလည်း ပြောင်းထားတော့"

အာသာက ရယ်သည်။

"မနက်ဖြန်က ကျွန်တော် ဆေးရုံဆင်းရမှာမို့ပါ အစ်ကိုရဲ့၊ တစ်ရက်လောက်တော့ ထပ်စောင့်ပါ၊ အဖြေကတော့ ကျွန်တော် သိသလောက် ရှိနေပါပြီ"

သည်တစ်ခါတော့ ဦးအောင်မျိုးရော၊ ဗိသုကာဆရာပါ မျက်လုံးပြူး သွားသည်။

"ဘာ. . . ဆေးရုံဆင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်က သွေးတိုးရောဂါ၊ နှလုံးရောဂါရော၊ မျက်လုံး အတိမ်ရော စုံနေတာ။ အဲဒါ ကျွန်တော့်ဆရာဝန်က ကျွန်တော့်ကိုနားခိုင်းတာ ရေလို့ ဆေးရုံအတင်းတင်ထားတာ၊ အခု သူ မသိအောင် တိတ်တိတ်ကလေး ထွက်လာပြီး အလုပ်လုပ်နေတာ၊ ပြီးရင် သူ ည လာမရောင်းခင် ဆေးရုံပြန် နေရဦးမယ်။ မနက်ဖြန်တော့ ဆင်းရမယ် ပြောတာပဲ"

ဦးအောင်မျိုး ကြောင်တက်တက်နှင့် ခေါင်းညိတ်ပြမိသည်။

(၅)

'အာသာ' ပြင်ဆင်ပေးသော အစီအစဉ်ဖြင့် လုပ်ငန်းအောင်မြင်သွား သော အထိမ်းအမှတ်အဖြစ် ဦးအောင်မျိုး 'အာသာ'ကို ဆာကူရာတာဝါ အပေါ်ဆုံးထပ်ရှိ ကော်ဖီဆိုင်တွင် ကော်ဖီလိုက်တိုက်သည်။

ရန်ကုန်မြို့ တစ်မြို့လုံးကို အပေါ်စီးက စီးမြင်နေရသော ရှုခင်းကို ခံစားရင်း ကော်ဖီပူပူကို မှုတ်သောက်နေသော အာသာကိုကြည့်၍ ဦးအောင်မျိုး သိချင်သော မေးခွန်းကို မအောင့်နိုင်။

"အဲဒီနေ့က ညီလေးအပေါ်က အော်ခေါ်တာတွေ ဘာလို့မထူးတာ လဲ ဟင်"

အာသာကရယ်၍ ကော်ဖီပန်းကန်လုံးကို ပန်းကန်ပြားပေါ် ချသည်။

"ချောက်ထဲမှာလား အစ်ကို၊ တကယ့်ကို ဘာမှမကြားခဲ့တာပါ။ ကျွန်တော့် နားတွေ အကုန်အူပြီး လူကလည်း ချွေးတွေနဲ့ ရွှဲနစ်နေတာပဲ၊ အကြောက်လွန်တာ ဖြစ်မှာပေါ့"

"ဒါပေမဲ့ ညီလေး၊ ရအောင်တက်လာခဲ့တာပဲ၊ အပေါ်ကိုရောက်တော့ လည်း အေးဆေးပဲ"

အာသာ သက်ပြင်းချသည်။

"ပထမတော့ ဝါးရွက်တွေကို လေတိုးတဲ့အသံမျိုး ကြားနေရတာ၊ နောက်တော့ ကိုယ်ကိုယ်တိုင် ကိုယ်ထဲကထွက်လာပြီး ကိုယ့်ကိုယ်ကိုယ် ပြန်စကားပြောနေသလိုပဲ။ မင်းအည့်ခံတော့မှာလား၊ အည့်ခံရင် အသက်ပါ ပါသွားမှာ၊ သွား. . . ရအောင်တက်. . . ဆိုတာမျိုးတွေပေါ့၊ အခု အသက်ကြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားမိတာပါ၊ ဆက်ဖ်မိုတီဗေးရှင်း (self-motivation)ပေါ့၊ ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးတာ၊ အရင်က မရှိခဲ့တဲ့ သတ္တိတွေ၊ စွမ်းအားတွေ ပွင့်ထွက်လာတဲ့သဘောပေါ့၊ အဲဒီနောက် ကျွန်တော် ပြောင်းလဲသွားတာ အစ်ကိုလည်း အသိပဲ"

ဦးအောင်မျိုး ခေါင်းညိတ်ပြရင်း ရယ်သည်။

"လူတွေက ညီ့ကို အဲဒီအောက်မှာ နတ်ဝင်ပူးသွားတယ် ပြောနေကြတာ"

'အာသာ'က ကော်ဖီသီးသွားအောင် ရယ်သည်။

"ဝင်ပူးရင်လည်း နတ်ကောင်းနတ်မြတ်တော့ မဖြစ်နိုင်ဘူး၊ နတ်ဆိုးပဲ ဖြစ်မှာပဲ"

"ကြုံကြုံဖန်ဖန်ကွာ၊ ဒီလောက်တော်လာအောင် လုပ်ပေးတာ နတ်ကောင်း နတ်မြတ်ပဲ ဖြစ်မှာပေါ့၊ ဂစ်ဖ်တစ် (gifted)၊ ညီလေးက သမာဒေဝနတ်ကောင်း နတ်မြတ်တွေဆီက လက်ဆောင်ရတာ"

အာသာကပြုံးကာ ခေါင်းကို ဖြည်းညင်းစွာခါသည်။

"ဂစ်ဖ်တစ် (gifted) ဆိုတဲ့စကားနဲ့ ကာ့စ် (cursed) ဆိုတဲ့စကား ဘာ ကွာသလဲ အစ်ကို"

"တခြားစီပဲဟာ၊ ဂစ်ဖ်တစ်က စွမ်းအားတစ်ခုခု ပိုင်ဆိုင်ထားတာ၊ ကာ့စ်က ကျိန်စာသင့်နေတာလေ"

"ဒါဆို အစ်ကို 'နဂါးမျက်စောင်း'ဆိုတဲ့ အယူအဆ ကြားဖူးတယ် နော်၊ လူတစ်ယောက်က တခြားတစ်ယောက်ကို ရင်ထဲမှာကျိတ်ဒေါသ ဖြစ်လိုက်တာနဲ့ အဲဒီ တခြားလူ ဘေးအန္တရာယ် သင့်ရောဆိုတာလေ"

"ကြားဖူးသားပဲ၊ ရှေးလူကြီးတွေ ယုံကြည်ကြတာ"

"အဲဒါ စွမ်းအားလား၊ ကျိန်စာလား အစ်ကို"

ဦးအောင်မျိုး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"နှစ်ခုစလုံးပဲလို့ ပြောရမှာပဲ၊ ဒါပေမဲ့ မတူဘူးလေ၊ ဟိုဟာက အဖျက် စွမ်းအားကို ပိုင်တာ၊ ညီက အပြုစွမ်းအား ရှိနေတာ"

အာသာကပြုံး၍ ခေါင်းခါပြသည်။

"အစွန်းရောက်လာရင် ဘယ်အစွမ်းမှ မကောင်းဘူး အစ်ကို၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုပြောသလို ကျွန်တော်က ဂစ်ဖ်တစ်ပဲ ဆိုပါစို့၊ အခု ကျွန်တော့်ဘဝက ဘာကောင်းလို့လဲ အစ်ကို၊ စိတ်ရောလူရော ထောင်းထောင်းကြေနေပြီ၊ ဆေးရုံတက်တာတောင် မနားရဘူး၊ သာမန်လူတစ်ယောက်ထက် အသက်တိုတော့မယ်ဆိုတာလည်း သေချာနေပြီ။ ပျမ်းမျှထက်မြင့်တဲ့ ဉာဏ်ရည်ရှိနေပြီဆိုပေမယ့် အဲဒီဉာဏ်ရည်ကိုသုံး၊ ဆင်ခြင်ရှုပွား ပြီး ဘဝကူးကောင်းအောင် ပြင်ဆင်နိုင်ဖို့ဆိုတာလည်း မဖြစ်နိုင်တော့သလောက်ပဲ"

ဦးအောင်မျိုး ဘာပြန်ပြောရမည်မသိ။

'အာသာ' ခေါ် ဦးရောဟန်က တိုးတိုးရယ်သည်။

"ဒါကြောင့် ကျွန်တော် ပြောတာပေါ့၊ ဟိုချောက်ထဲမှာ ကျွန်တော်ဆုံခဲ့တာ နတ်ဆိုးပဲ ဖြစ်မှာပဲလို့၊ ပြီးတော့ အဲဒီနတ်ဆိုးက မောင်းထုတ်လို့လည်း ရတော့ဘူး၊ ကျွန်တော် ကိုယ်တိုင်ကိုက အဲဒီ နတ်ဆိုး ဖြစ်နေပြီ"

မဟေသီ

၂၀၀၉၊ ဩဂုတ်



www.burmeseclassic.com

www.burmeseclassic.com

# မမြမေ၏ ပြောရေးဆိုခွင့်

(၁)

မမြမေ တစ်ခါမှ ဝင်ဆွေးနွေးခွင့် မရလိုက်ပါ။

ဝစ်သက်လုံး. . . ဆိုပါစို့။

(၂)

မမြမေ ငယ်ငယ်က တော်တော်လှသည်။

အပျော်တမ်း ဓာတ်ပုံဆရာတစ်ဦးက ၁၆ နှစ်သမီး မမြမေ၏ပုံကို အလှရိုက်၍ ထိုစဉ်က တပ်မတော်မှထုတ်ဝေသော မဂ္ဂဇင်းတစ်စောင်၏ ဓာတ်ပုံပြိုင်ပွဲတွင် ဝင်ပြိုင်ရာမှ ဆုရခဲ့ဖူးသည်။

ထိုဓာတ်ပုံကြောင့်ပင် မမြမေ ဓာတ်ပုံရိုက်ခံကြောင်း အစ်ကိုက သိသွားပြီး အမေ့ကို တိုင်၊ အမေက ဆူ၊ အဖေက ရိုက်ဖူးသည်။

ထိုဓာတ်ပုံကြောင့်ပင် ဖြူးမြို့ပေါ်တွင်ထင်ရှားသော မိန်းကလေး တစ်ဦး ဖြစ်လာပြီး သူဌေးသားပေါင်းစုံက မမြမေ၏ မိဘများကို ချည်းကပ်လာသည်။ လူလတ်တန်းစား လူပျိုများက မမြမေနှင့် ရင်းနှီးခွင့်ရရန် ကြိုးစားလာသည်။ ရွယ်တူ အထက်တန်းကျောင်းသားများက မမြမေတို့အိမ်ရှေ့ အုတ်ခုံမှာထိုင်၍ 'ဆွတ်ချူရန်ခက်ပါရဲ့၊ မျက်ပါနဲ့ သက်လယ်ရယ်၊ အုံ့ပုန်းမောင့်မျက်နှာငယ်မှာ အကွက်မလည်နိုင်သေး' ဟု ဟဲကြသည်။

ဒီထဲတွင် ပွဲရုံပိုင်ရှင် သားတစ်ယောက်၏ မိဘများက မမြမေ၏ မိဘများကို အပိုင်စည်းရုံးခဲ့လေသည်။

"သမီး တက္ကသိုလ် တက်ချင်သေးတယ် အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



မမြမေက ထိုခေတ်က ရှားရှားပါးပါး ၁၀ တန်းအောင်ခါစ ကလေးပါ။

“မရှည်နဲ့၊ ညည်းကို တက္ကသိုလ် ၄ နှစ် ပေးတက်ရင် ဘွဲ့တော့ရမှာ တော့တ်ဘူး။ ဟိုကျောင်းဆရာသား ဆင်းရဲသားကောင်နဲ့ လိုက်ပြေးပြီး တွရောက်မယ်၊ ငါတို့ စီမံတဲ့အတိုင်း လုပ်”

မမြမေ၏ မိခင်က ပြန်လည်ဆွေးနွေးခြင်းကို ဘယ်တုန်းကမှ ဆိုတတ်သော မိခင်မဟုတ်။ မမြမေဘက်ကလည်း ထောက်ကွက်ရှိနေ သည်။ မမြမေတို့ ငယ်စဉ်တုန်းက စာသင်ပေးသော ကျောင်းဆရာကြီး၏ သားနှင့်က ချိတ်တိတ်တိတ် ဖြစ်နေသည်။

ထိုသူငယ်က စာတော်ပေမင့် ဆင်းရဲသည်။ တက္ကသိုလ်တက်နေ သည် ဆိုသော်လည်း အလွန်ဆုံး "ရဲအရာရှိဘဝလောက်သာ မှန်း၍ရမည်။ ပွဲရုံပိုင်ရှင်သားနှင့်တော့ မယှဉ်နိုင်။

ပြောစရာတစ်ခုတော့ ရှိသည်။ ပွဲရုံပိုင်ရှင်သားက အထက်တန်း သာလောက်သာ တတ်သည်။ ဒါကော ဘာထူးဦးမှာလဲ၊ မမြမေမှာမှ ပြောပိုင်ခွင့် မရှိခဲ့တာ။

(၃)

မမြမေ အိမ်ထောင်ရေး မသာယာပါ။

ပွဲရုံပိုင်ရှင်သား၊ နောင် ပွဲရုံပိုင်ရှင်ဖြစ်လာသူက မမြမေကို ညှော်ခန်း ခွင် အလှထောင်ထားသော ကြွေရုပ်ကလေးတစ်ရုပ်ကို ချစ်သလိုမျိုး ၊ဖိုးထားချင်သော်လည်း အိမ်ရှင်မတစ်ဦး၏ စီမံခန့်ခွဲပိုင်ခွင့်ကို မပေးခဲ့ပါ။

ယုတ်စွအဆုံး ခင်ပွန်းဖြစ်သူကိုပင် စီမံခန့်ခွဲနိုင်စွမ်းမရှိ။

သည်တော့ ခင်ပွန်း အရက်သောက်တတ်တာ၊ အပေါင်းအသင်းများ နှင့် ညည့်နက်သည်အချိန်အထိ အချိန်ဖြုန်းတတ်တာ၊ တစ်ခါတလေ မိန်းပါလောင်းတတ်တာ ဘာကိုမှ ပြောပိုင်ခွင့်မရှိ။

ခင်ပွန်းကလည်း နိုင်ကွက်ရှိနေသည်။ မပြည့်စုံသော မမြမေ၏မိဘ ဆောင်နှမအားလုံးကို ထောက်ပံ့စောင့်ရှောက်ထားသည်။ အလုပ်ပေးအိန် ပေး၊

www.burmeseclassic.com



ငွေ ပေးတန် ပေး။ သည်ကြားထဲ မောင်တစ်ယောက်က သူဌေးယောက်ဖ ဘဝင်တက်ပြီး ပွဲရုံမှာ သွားသွားပြီး ပါဝါပြတတ်သေးသည်။ ခင်ပွန်း အားလုံးကို ပြုံး၍ သည်းခံသည်။ ပြီးမှ အိမ်မှာ မမြမေကို ပြန်၍အနိုင်ယူသည်

သဝန်ကလည်း အလွန်တိုတတ်သည်။

ကျောင်းဆရာသား၊ နောင် ကျောင်းဆရာ ဖြစ်လာသူဆီမှာ သ ငယ် 'မမြနှောင်းငယ်' ပညာသင်နေတာတောင် လမ်းမှာတွေ့ရင် မခေါ် နှုတ်မဆက်ရဲ။

နောင် ထိုလူငယ် ကျောင်းအုပ်ဆရာကြီး ဖြစ်လာပြီး 'မြနှောင်းငယ် တက္ကသိုလ်ကျောင်းသူ ဖြစ်သည်အထိပါပဲ။

မြနှောင်းငယ် တက္ကသိုလ်တက်ရင်း ချစ်သူ တွေ့လာသည်။

ပထမတော့ ဒေါ်မြမေ မသိချင်ယောင်ဆောင်နေသည်။ ကို အလှည့်တုန်းက မရလိုက်တဲ့ မိမိအိမ်ထောင်ရေးကိုစွ မိမိလွတ်လပ်စွာ ဆုံးဖြ ပိုင်ခွင့်အား သမီးကို ပေးမည်ဟု စိတ်ကူးသည်။

သမီးချစ်သူက ရန်ကုန်က စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး၏ သာ ကိုယ်တိုင်လည်း စီးပွားရေးလုပ်နေသတဲ့။

သတင်းတွေ ကြားရတာကတော့ ဒေါ်မြမေ၏အမေ၊ မြနှောင်းငယ် ၏ အဘွားပင် တပြုံးပြုံး ဖြစ်နေသေးသည်။

များမကြာမီ မကြားချင်သော နောက်ဆက်တွဲသတင်းများကို ကြား သည်။ ကောင်လေးက မယားကြီး ရှိသတဲ့။ ကွဲမလို့ ကွာမလို့လုပ်နေကြ မှန်သော်လည်း ကလေးလည်း ရှိသတဲ့။

သမီးလည်း အစက မသိလို့ လက်ခံခဲ့တာတဲ့။

သိသိချင်းတော့ စိတ်ထိခိုက်လွန်းသဖြင့် ကိုယ့်ကိုယ်ကိုယ်သတ်သေ တောင် စဉ်းစားသေးသတဲ့။ နောက်တော့ ကောင်လေးက ထုံးစံအတိုင် မချစ်ဘဲ ယူထားရသည့် မယားကြီးကြောင့် သူ့ဘဝ ဘယ်လို အမှောင်ဖုံး ကြောင်း၊ သူ့ဘဝကို အမှောင်ထဲမှ မြနှောင်းငယ် ဆွဲတင်ကယ်ယူ လွတ်ပါမည်ကြောင်း ချွဲချွဲပျစ်ပျစ် လာတောင်းပန်လေသည်။

"သူ့မိန်းမ သူ ပြောသလို တကယ်ဆိုးလည်း သူ့ထိုက်နဲ့ သူ မချစ်ဘဲ မိဘတွေ အတင်းပေးစားလို့ ယူထားရပါတယ်ဆိုလည်း သူ့ဘ



www.burmeseclassic.com

www.burmeseclassic.com



ချင်းကြွေးနဲ့ သူပဲ၊ အမှောင်ထဲက ကယ်ပါ၊ ကယ်ပါ ဆိုပြီး ငါ့သမီးကို အမှောင်ထဲ ကို ဆွဲသွင်းတာ၊ သူ တစ်ယောက်တည်း စိတ်ဆင်းရဲစရာရှိတာ ကြိတ်မှိတ်မခံဘဲ သူများသားသမီး အပျို နုနုထွတ်ထွတ်လေးကို စိတ်ဆင်းရဲစရာ ရှာပေးတာ၊ ဒီလိုလူမျိုး ညည်းကိုချစ်တာ ဘယ်လိုမှ ယုံစရာအကြောင်း မရှိဘူး။ ဒီလို လူမျိုးက ချစ်ရင်းချစ်ရင် ကိုယ့်ကိုယ်ကိုယ်သာ အမြဲချစ်နေတတ်တဲ့ လူစားမျိုး၊ အဲဒီလူမျိုးယူရင်လည်း ညည်းစိတ်ဆင်းရဲရမှာပဲ"

ဒေါ်မြမေလိုမ့်ဆူတော့ မြနှောင်းငယ် မှောက်၍သာ ငိုနေသည်။ ဒေါ်မြမေ၏ အမေကတော့ မျက်နှာအသာလွှဲ၍. . .

"ညည်းထင်သလောက်လည်း ဆိုးမယ်မထင်ပါဘူးအေ၊ ညည်း ယောကျ်ားလည်း ရန်ကုန်မှာ သွားလေ့လာနေတယ် မဟုတ်လား"

ဟု လေသံတိုးတိုးနှင့် ပြောသည်။

သိပါသည်။ အမေတို့ကတော့။

ကျိုကျိုတက်ချမ်းသာသည့် မြေးသမက်လောင်းလေးကို လက်လွှတ် ဆိုက်ရမှာ နှမြောနေကြောင်း။

တကယ်တော့ ဆူသာ ဆူနေရသည်။ ဆုံးဖြတ်ချက်ချသည့် အခါကျတော့ ဒေါ်မြမေ အရေးမပါခဲ့ပါ။

## (၄)

ကောင်လေး မိဘတွေက ဒေါ်မြမေ၏ ခင်ပွန်းနှင့် ဆွေးနွေးကြ သည်။ သူတို့ သား၏ အိမ်ထောင်ရေးက တကယ်ကို မသာမယာ ဖြစ်နေ ကြောင်း၊ ဇနီးဖြစ်သူကလည်း ကွဲပေးကွာပေးပြီး နိုင်ငံခြား အပြီးထွက်သွားတော့ မည်ဖြစ်ကြောင်း၊ သူတို့သားကလည်း မြနှောင်းငယ်ကို စွဲစွဲလမ်းလမ်း တကယ် ဖြစ်နေတာ မကြည့်ရက်ကြောင်း၊ တင့်တင့်တယ်တယ် လက်ထပ်ပေးမည် ဖြစ်ကြောင်း ဆိုပဲ။

အဘွားဖြစ်သူက မျက်နှာအသာလွှဲ၍ မေးငေါ့ပြီး. . . ငါ မပြော သားဟု ပြောသော်လည်း မိခင်ဖြစ်သူ ဒေါ်မြမေက သက်ပြင်းမချနိုင်ပါ။

"ကလေးမျက်နှာလည်း ကြည့်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"မေကလည်းကွာ. . . သူ့မိရင်း ဖရင်းတွေတောင် စိတ်ပြတ်နေ ကိုတို့ ဝင်ပါစရာ မလိုပါဘူး၊ သမီးလေးလည်း တစ်ရှက်က နှစ်ရှက် အဖြစ်မခံ တော့၊ ပေးစားလိုက် ပြီးတာပဲ"

"ဟဲ့. . . ကမ်းနားဟိုတယ်လောက်တော့ မဖြစ်ဘူးနော်၊ အင်းလျား လိတ်မှာ လုပ်ခိုင်း"

အဘွားက ဝင်ပါပြန်သည်။

နောက်ဆုံး ဒေါ်မြမေ မနိုင်တော့သဖြင့် တားမရလျှင် ပေးစား သို့သော် ဟိုတယ်တွင်တော့ တခမ်းတနားမလုပ်ဘဲ အကျဉ်းချုံး လက်ထပ်ပေး အရေးဆိုရသည်။

"အကြောင်းသိတွေ အများကြီး လာထိုင်ပြီး ပြုံးစိစိလုပ်နေကြမယ့် မင်္ဂလာပွဲကို ဘာလို့ တခမ်းတနားလုပ်နေကြမှာလဲ"

ဘယ်သူမှ နားမထောင်ပါ။

အင်းလျားလိတ်မှာ တခမ်းတနား မင်္ဂလာဆောင်ပေးကြသည်။

ပြောပြီးပါပကော။

မမြမေမှာ ပြောရေးဆိုခွင့်မှ မရှိပေပဲ။

(၅)

မြနှောင်းငယ်၏ အိမ်ထောင်ရေး အဆင်မပြေပါ။

ခင်ပွန်းဖြစ်သူက စီးပွားရေးမှာ တော်သော်လည်း သူ့ကို အမှောင်ထု ထဲမှ ကယ်တင်ဖို့ မိန်းကလေးတွေကို စည်းရုံးသည့်အလုပ်ကို ဝါသနာပါနေ သည်။ ကံအားလျော်စွာ မြနှောင်းငယ် မွေးလာသည့်သမီးလေး 'ဟေမာန်မေ'ကို တုန်နေအောင် ချစ်သဖြင့် အချိန်တန်လျှင်တော့ အိမ်အမြဲပြန်လာသည်။

တချို့မိန်းကလေးတွေကိုလည်း အိမ်တစ်ဆောင် မီးတစ်ပြောင်ထား ပေးသည်ဟု ကြားသည်။

ဘာတတ်နိုင်မှာလဲ။

အဲ့သည့်နောက် မိန်းကလေးကို တရားဝင်လက်ထပ်ဖို့ သူ့မှာ မခက်၊ မြနှောင်းငယ်က ကွာရှင်းပေးဖို့ လိုတာမှ မဟုတ်။ အနောက်နိုင်ငံများတွင်တော့



www.burmeseclassic.com

www.burmeseclassic.com



တွဲချင် သလောက်တွဲ၊ တကယ်လက်ထပ်မည်ဆိုလျှင်တော့ ယောကျ်ားတစ်ဦးကို မိန်းမတစ်ဦးသာ ယူခွင့်ရှိသည်တဲ့။

အဲဒီလိုဆိုရင်လည်း သူ မြနှောင်းငယ်ကိုတော့ ကွာပေးနိုင်မည်မထင်ပါ။ မယားပြိုင်တွေ ဘယ်လောက်များနေပြီဆိုတာ မသိရသော်လည်း ပွဲတက်လမ်းတက်တော့ မြနှောင်းငယ်ကိုသာ ခေါ်သည်။

စီးပွားကလည်း တက်သည်လေ။

မနိုင်သည့်အဆုံး မြနှောင်းငယ် ခန္တီပါရမီကို အပြည့်အဝကျင့်သုံးသည်။ မိဘလည်း မရှိတော့၊ ခင်ပွန်းလည်း ဆုံးပြီဖြစ်၍ တစ်ယောက်တည်းဖြစ်နေသော မိခင်ကြီး ဒေါ်မြမေကိုပင် အိမ်ခေါ်ထားသည်။

ဒေါ်မြမေက တစ်စွန်းတစ်စ ကြားသော်လည်း သမီးကို မမေးရဲပါ။

သမီး ဟန်မပျက်၊ ပွဲတက်၊ အလုပ်လုပ်၊ ရယ်မောတက်ကြွနေသည်ကိုသာ မသိဟန်ဆောင်၍ ကြည့်နေရပါသည်။

သည်လိုနှင့်ပင် 'ဟေမာန်မေ'လေး ၁၀ တန်းအောင်သည့်အချိန်ရောက်လာသည်။

(၆)

ဟေမာန်မေက နိုင်ငံခြားတွင် တက္ကသိုလ်သွားတက်ချင်သည်။ ပညာထူး ချွန်၍ ပညာလောဘကြီး၍တော့ မဟုတ်၊ မိဘထားနိုင်၍ ပြီးတော့ သူ့ပတ်ဝန်းကျင် အပေါင်းအသင်းတွေထဲမှာ နိုင်ငံခြားကျောင်းသွားတက်တာခေတ်စားနေ၍ဖြစ်သည်။

မိန်းကလေးတစ်ယောက်တည်း နိုင်ငံခြားမှာသွားနေမှာကို ဘွားမြမေသဘောမကျပါ။ သို့သော် ဘာတတ်နိုင်မှာလဲ။ မိဘနှစ်ယောက်စလုံးက ခွင့်ပြုနေသည်လေ။

"မိန်းကလေးရယ်၊ ယောကျ်ားလေးရယ် ခွဲခြားနေတဲ့ ခေတ်မဟုတ်ဘူး . . . အမေရဲ့။ တန်းတူပညာသင်၊ တန်းတူအလုပ်လုပ်ကြတာ။ သမီးကို အဲသလို ကိုယ့်ကိုယ်ကိုယ်ယုံကြည်တဲ့ မိန်းကလေးမျိုး ဖြစ်စေချင်တယ်"

"ပညာသင်တာတော့ အမေလည်း သဘောကျပါတယ်ကွယ်၊ ငယ်လွန်းသေးတော့ မိဘကွယ်ရာမှာ ဖက်ပေါ်ဆူးကျကျ၊ ဆူးပေါ်ဖက်ကျကျ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာနော်”

“မြန်နှောင်းငယ်ရဲ့သမီးက အဲဒီလောက်မညံ့ပါဘူး အမေရယ်”

သည်လိုနှင့် ဟောမာန်မေ စင်ကာပူ ရောက်သွားသည်။

(၃)

သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ပေါ့။

အရွယ်ရောက်လာပြီးသည့် ယောကျာ်းလေးနှင့် အရွယ်ရောက်ပြီးသည့် မိန်းကလေး ချစ်သူတွေ ဖြစ်ကြတာ ဘာဆန်းလို့လဲ။

နိုင်ငံခြားမှာ ပညာသွားသင်သည့် မြန်မာမိန်းကလေးနှင့် နိုင်ငံခြားမှာ ပညာသင်ရင်းရှိနေသည့် မြန်မာကောင်လေး ကြိုက်ကြတာလည်း လက်မခံနိုင်စရာ မရှိပါ။

နိုင်ငံခြားသားနှင့် ကြိုက်တာထက်စာရင်တော့ တော်သေးတာပေါ့။ မြန်မာချင်းကြိုက်တော့ မြန်မာနိုင်ငံနှင့် အဆက်အသွယ်မပြတ်။ နောက်ဆုံး တစ်နေ့ နိုင်ငံခြားမှာ အခြေချဖြစ်ဦးတော့။ မြန်မာနိုင်ငံတော့ ခဏခဏ ပြန်လာကြမည်ပင်။

နိုင်ငံခြားမှာ ပညာသင်နေသည့် မြန်မာကျောင်းသားဆိုတာကလည်း ကြေးရတတ်မိဘက ပေါက်ဖွားလာပြီး၊ ပညာလိုချင်စိတ်အနည်းနှင့် အများ တော့ရှိမည့် လူစားမျိုး။ နိုင်ငံခြားမှာ လာအလုပ်လုပ်ပြီး မြန်မာပြည်မှာ မိန်းမ ကျန်ခဲ့သလား၊ မကျန်ခဲ့လားတောင် ဘယ်သူမှ မသိသည့် လူလတ်ပိုင်း ယောကျာ်းကြီးနှင့် ကြိုက်တာထက်စာလျှင် တော်သေးတာပေါ့။

သို့သော် ဘွားမြမေ သက်ပြင်းမချနိုင်ပါ။

ကွယ်လွန်သူ ခင်ပွန်းနှင့် သူ စေ့စပ်ပြီး လက်ထပ်ခါနီးတုန်းက သွားအတူ၊ လာအတူလုပ်ကြတာ၊ သူ့မိဘများက သူတို့ဘာသာသူတို့ သဘောတူ၍ ပေးစားသော ယောကျာ်းကိုပင်လျှင် စိတ်မချ၍ တူလေး တစ်ယောက်ကို သွားလေရာထည့်ပေးတာ မှတ်မိသေးတော့။

‘လက်ဖက်ရည်ခွက်နဲ့ နှုတ်ခမ်းကြားမှာပင် တော့လွဲပေါင်း များစွာရှိသည်’ တဲ့။ အင်္ဂလိပ်စကားပုံ ရှိသည်။ လွဲခဲ့လျှင် နစ်နာဆုံးရှုံးခဲ့မည်က



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဟု ယုံကြည်ကြသည်။ မကြာခင် လက်ထပ်ကြမည့်သူတွေပဲဟု အရဲအားကိုး၍ သဒ္ဒါလွန်ကြမည် စိုးသည်။ လွတ်လပ်ခွင့်ကို ကန့်သတ်ခဲ့ကြသည်။

ယခုတော့ ကောင်လေးရော ကောင်မလေးပါ မိဘ ဆွေမျိုးသားချင်း မရှိသော၊ လက်လှမ်းမမီသော နိုင်ငံခြားမှာ ချစ်သူတွေ ဖြစ်သွားကြသတဲ့။

ဘုရား. . . ဘုရား. . .။

"အမေကလည်း ခက်တာပဲ၊ ဒီခေတ်မှာ ယောကျ်ားလေးရယ်၊ မိန်းကလေးရယ် ခွဲခြားနေလို့ ရတာမဟုတ်ဘူး။ ပညာသင်သင်၊ အလုပ်လုပ်လုပ်၊ ကိုယ့်ကိုယ်ကိုယ် မိန်းကလေးမို့ လူကြီးတွေ မရှိတဲ့အရပ်မှာ မနေဘူးဆိုတာမျိုး လုပ်နေရင် ဘယ်လိုလုပ် လူရာဝင်မှာတဲ့လဲ။ ပြီးတော့လည်း အမေ့မြေးက ၁၈ နှစ် ရှိနေပြီ၊ ပညာတွေလည်း သင်ထားတာ"

အသက် ၁၈ နှစ်ရှိပြီး ပညာသင်ထားတဲ့ မိန်းကလေးတွေ တစ်ယောက်မှ စိတ်အလိုကို မလိုက်တတ်ကြဘူးတဲ့လား။ ဆင်ခြင်တုံတရား အားပျော့သောကိစ္စတွေကို မလုပ်ကြတော့ဘူးတဲ့လား။

အထူးသဖြင့် အသက် ၃ နှစ်လောက်ကတည်းကစပြီး နေ့ကျောင်း၊ ည စာကျက်ဝိုင်းနှင့် စာတော်ဖို့ စာတော်ဖို့ စာတော်ဖို့ အတန်းထဲမှာ ပထမရဖို့ ဒါတွေ နောက်ကိုသာ တစိုက်မတ်မတ် ဖိလိုက်ခိုင်းနေခဲ့ပြီး၊ ဘဝနှင့် ပတ်ဝန်းကျင်ကို ဖတ်တတ်ဖို့၊ သုံးသပ်တတ်ဖို့၊ ဆင်ခြင်တတ်ဖို့၊ စာပေဖတ်ရှု လေ့လာရမည့်အချိန်တွင်လည်း ကွန်ပျူတာဂိမ်းနှင့် ဗီဒီယိုရှေ့တွေမှာ ရောက်နေ၊ မိဘကလည်း ရင်းရင်းနှီးနှီး ပြောဆို တိုင်ပင်ဆွေးနွေးတာမျိုး မရှိခဲ့သည့် ဟောမာန်မေလို မိန်းကလေးမျိုးက နိုင်ငံခြားမှာ ရည်းစားထားရင်း ကိုယ့်ကိုယ်ကိုယ် သတိမလပ်စောင့်ကြပ်ကာကွယ်နိုင်သည့် ဆင်ခြင်တုံတရား ရှိနေမည်ဆိုတာက တော်တော်ဆုတောင်းယူရမည့် ကိစ္စဖြစ်နေသည်၊ သည်ကြားထဲမှာ မိဘနှစ်ပါးမှာ တစ်ပါးက လူမှုရေး ဖောက်ပြန်သည့်ကိစ္စကို နိစ္စဓူဝ လုပ်ငန်းဆောင်တာအနေဖြင့် လုပ်နေတတ်သူဆိုတော့။ မိဘလုပ်သမျှ မှန်သည် ထင်တတ်သော သားသမီး လိမ္မာဖို့က သိပ်မလွယ်။

ဒါပေမဲ့ ဘွားမြမေ ဘာမှပြောပိုင်ခွင့် မရှိပါ။

ကောင်လေး၏ဖခင်က နာမည်ကြီး သူဌေးကြီး၊ သူ့သားလက်ထက်



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ပိုချမ်းသာသူ ဖြစ်နေသည်ဟု ကြားရရုံမျှနှင့် မြနှောင်းငယ်တို့ လင်မယား တပြုံးပြုံး ဖြစ်နေကြပါသည်။

(၈)

ကျောင်းဆရာသား၊ ကျောင်းအုပ်ဆရာကြီးဟောင်း အဘိုးအိုနှင့် ပြန်ဆုံသည်။

သန်တုန်း၊ မြန်တုန်း၊ တက်ကြွတုန်း၊ အလုပ်လုပ်တုန်း။

ဂျာနယ်တစ်စောင်မှာ ပင်တိုင်ဆောင်းပါးရှင် ဆရာကြီး ဖြစ်နေသတဲ့။ လူမှုရေးကူညီမှု အဖွဲ့အစည်းတစ်ခုတွင်လည်း အမှုဆောင်လူကြီး ဖြစ်နေသည်။ ဘွားမြမေက မွေးနေ့အထိမ်းအမှတ် ငွေသွားလှူတော့ 'ဖြူး'ကဟု ပြောမိသဖြင့် အသင်းမှလူငယ်များက "ကျွန်တော်တို့ လူကြီးတွေထဲမှာလည်း ဖြူးသား ရှိတယ်" ဟု မိတ်ဆက်ပေးရာမှ ပြန်ဆုံကြခြင်းဖြစ်သည်။

"အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ သားက ဆရာဝန်လေ၊ သူနဲ့ပဲနေတယ်၊ မမြမေ ရော. . ."

"သမီးနဲ့ မြေးတောင် အပျိုဖြစ်နေပြီ"

"ဟုတ်လား၊ ဘာတက်နေတာလဲ"

"ပိုလီပါပဲ၊ စင်ကာပူမှာ"

စာရေးဆရာကြီးက အံ့သြဟန်ပြသည်။

"ဟုတ်လား၊ ကျွန်တော် အရင်လကတောင် စင်ကာပူ ရောက်ခဲ့သေးတယ်"

"အလုပ်နဲ့လား"

ခေါင်းညိတ်ပြလိုက်သည်။

"ဆေးရုံတစ်ရုံက ဖိတ်လို့၊ ခေါ်ကြော်ငြာတာပေါ့လေ၊ ရက်ကလေး ရှည်ရှည် ရတာမို့ ဟိုမှာ ကျောင်းသွားတက်တဲ့ကလေးတွေအကြောင်း ဆောင်းပါးရေးချင်တာနဲ့ တချို့ကလေးတွေနဲ့ တွေ့ဖြစ်သေးတယ်။ မမြမေ မြေးနာမည်က. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟေမာန်မေတဲ့၊ တွေ့ခဲ့သေးလား"

စာရေးဆရာကြီးမျက်နှာက ပထမစဉ်းစားနေဟန်၊ နောက် သတိရသွားဟန်၊ နောက် ပြောရခက်သည့်ဟန်၊ ပြီးတော့. . . ဒိုးဖိလိုက်သည့်ဟန်။

ဘုရား. . . ဘုရား. . .။

"သိပ်လှတဲ့ နာမည်လေးပဲ၊ သူနဲ့တော့ မတွေ့ခဲ့ပါဘူး။ နောက်တော့ ရောက်ဖြစ်ဦးမှာပါ၊ မှာချင်တာရှိရင် မှာလေ"

တစ်ခုခုတော့ ရှိနေပါပြီ။

ချက်ချင်းမေးရမှာ ခက်နေသဖြင့် ဂျာနယ်တိုက် လိပ်စာသာမေးပြီး ပြန်ခဲ့ရသည်။

(၉)

"မြေးကို သိနေတယ် မဟုတ်လား"

စာရေးဆရာကြီး ဖြေရခက်ဟန်ဖြင့် ရယ်သည်။

"မဆုံခဲ့ပါဘူး၊ နာမည်ကြားဖူးတာပါ"

"ဘယ်လိုကြားဖူးတာလဲ"

ခေတ္တနှုတ်ဆိတ်နေပြီးမှ ဖြေသည်။

"သူနဲ့တွဲနေတဲ့ကောင်လေးက နာမည်ကြီး သူဌေးကြီး တစ်ယောက်ရဲ့သားကိုး၊ သူကောင်မလေးဆိုပြီး ဟိုအသိုင်းအဝိုင်းမှာ သိကြ၊ ပြောကြတာပေါ့၊ ဒီလောက်ပါပဲ"

ဘွားမြမေ စိတ်လှုပ်ရှားစွာ ရှေ့ကိုင်း၍ တိုးတိုးမေးသည်။

"ကောင်လေးက လိမ္မာရဲ့လား"

စာရေးဆရာကြီးက တုံ့ဆိုင်းဆိုင်းနေပြန်သည်။

"ကိုယ်တိုင်ဆုံဖူးတာ မဟုတ်တော့ ပြောရခက်သားပဲ"

"ပြောသာ ပြောပါ၊ ဘာကြားလို့လဲ"

"ဒီမှာနေတုန်းက ဆေးစွဲဖူးတယ် ပြောတာပဲ၊ သိပ်ချမ်းသာကြတော့ ဟုတ်ချင်လည်း ဟုတ်မှာ၊ မနာလိုကြလို့ ပြောတာလည်း ဟုတ်ချင်ဟုတ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဘွားမြမေ ရင်ထဲ ခဲဆွဲထားသလို လေးလံသွားသည်။

"အခုရော"

"အခုတော့ မလုပ်တော့ဘူး ထင်ပါတယ်၊ ကျောင်းလည်း ကောင်းကောင်း တက်နေတာပဲ"

"မြေးနဲ့ရော တွဲနေတာ သေချာလား"

စာရေးဆရာကြီးက ထူးဆန်းစွာပြန်ကြည့်၍ ခေါင်းညိတ်ပြသည်။

"ကြာပြီလား"

"လေး ငါးလပေါ့"

ဘွားမြမေက ခေတ္တတုံ့ဆိုင်းသွားပြီးမှ တခြားကောင်မလေးတွေရော ရှိသေးလားလို့ မေးသည်။ စာရေးဆရာကြီး ခေါင်းခါပြသည်။

"အခုတော့ အဲဒီတစ်ယောက်ပါပဲ"

"အရင်ကရော"

"သူက အဲဒီနေရာမှာ နာမည်ကြီးတယ်"

ဘုရား. . . ဘုရား. . .

"မြေးနဲ့ရော ဘယ်အဆင့်တွေ ရောက်ကုန်ပြီလဲ"

"ဘာကို မေးတာလဲ"

"သိမှာပါ၊ မေးရခက်လို့"

"သိပါတယ်၊ ဖြေရခက်လို့"

သွားပါပြီ။

(၁၀)

သမီးနှင့် သမက်ကို အကျိုးအကြောင်းပြောပြတော့ အင်းမလုပ်၊ အဲအလုပ်။ ဟုတ်ပါတယ်လေ။ ငါကိုက မနေနိုင်တာ။

တကယ်တော့ ပြောရေးဆိုခွင့်ဆိုတာ မမြမေမှာ ဘယ်တုန်းကမှ မရှိခဲ့တာ။ တစ်သက်လုံး. . . ဆိုပါစို့။

Perfect

၂၀၀၉၊ အောက်တိုဘာ

**နေရီရီ**

www.burmeseclassic.com

www.burmeseclassic.com

# မှန်ထဲက အဖေ့မျက်နှာ

(၁)

အိပ်ခန်းထဲမှာ မီးမှိန်မှိန်ကလေး ထွန်းထားသည်။

မိမိ နောက်ဆုံးအချိန်ကို ရင်ဆိုင်နေရသည့် တော်တော်များများသော လူတွေလို ခပ်မှောင်မှောင် အခန်းထဲမှာနေရမှာကို အဖေ ကြောက်ဟန်မတူ။ အဖေက သိပ်သတ္တိကောင်းသော လူတစ်ယောက်တော့မဟုတ်။ သာမန် ခေါင်းကိုက်တာလေးတစ်ခုတည်းကို အဖေ အကျယ်ကြီး အော်ဟစ် ညည်းတွားသည်ကို သူ မြင်ခဲ့ဖူးသည်။

ယခုတစ်ခါနှလုံးရောဂါဖြင့် အိပ်ရာထဲ လဲနေချိန်တွင်တော့ အဖေ အလွန် အေးချမ်းတည်ငြိမ်နေသည် ဟု ညီမလေး ပြောသည်။

မေမေ မရှိတော့၍ စွန့်ခွာရမည့်ဘဝကို သိပ်မတပ်မက်တော့တာ လား။

လွန်ခဲ့သည့် ၂ နှစ်ခန့်ကမှ စွဲစွဲမြဲမြဲ အားထုတ်ခဲ့သော တရားဓမ္မတို့ ပဲလား။ ဖေဖေက နဂိုကတည်းက အလွန် နားလည်ရခက်သူပေပဲ။

(၂)

"ဆေးရုံမှာပဲ ထားတာမဟုတ်ဘူး"

ညီမလေးကို လေသံနှင့် အပြစ်တင်တော့ ညီမလေးက ပုခုံးတွန့်[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com


"အဖေက အိမ်မှာပဲ သေချင်တယ်တဲ့။ ညီမလေးတို့အိမ်ကို လိုက်ခဲ့ပါလို့လည်း ခေါ်တာပဲ။ မရဘူး။ ဒီမှာပဲ နေမယ်တဲ့။ သမားတော်ကြီးကလည်း နေ့တိုင်းလာကြည့်ပေးတယ်"

"ညီမလေးက ညမအိပ်ဘူးလား"

ညီမလေးမျက်နှာ အထားရခက်သွားသည်။

"အိပ်တဲ့အခါလည်း အိပ်ပါတယ်၊ ဒါပေမဲ့ အကြီးမကလည်း ၁၀ တန်းဆိုတော့ အခက်သား"

အဖေ လှဲလျောင်းနေသော အိပ်ရာဘက် ပြန်ကြည့်မိသည်။

"အဖေက သတိမရဘူးလား"

"ရပါတယ်၊ ဒါပေမဲ့ မှိန်းနေတာများတယ်၊ မောနေတာလား၊ တရားမှတ်နေလားတော့မသိဘူး။ ကိုကို့အသံ ပေးကြည့်လေ၊ သူ မျက်လုံးဖွင့်ကြည့်မှာပါ"

ခေါင်းကို ဖြည်းညင်းစွာခါ၍ နားပါစေဟာဟု ပြောလိုက်သည်။

"ပြောလိုက်ပါ၊ သူ ဝမ်းသာမှာ၊ ဒီရက်တွေထဲ သူ သိပ်စကားမပြောဘူး။ အဲဒါ ညီမလေးက ဖေဖေ ကိုကို့ကို ခေါ်ပေးရမလားလို့မေးတော့ ချက်ချင်း ခေါင်းညိတ်ပြတယ်။ သူက ကိုကို့ကို တော်တော်တွေ့ချင်နေတာ၊ ကိုကိုကလည်း မေမေ မရှိကတည်းက နိုင်ငံခြားက ပြန်မလာတာ ၄ နှစ်တောင်ရှိနေပြီလေ"

သည်တစ်ခါတော့ သူ အနေရခက်သွားသည်။

ဒါလည်း အမှန်ပါပဲ။

သူက အမေ့သား ဖြစ်သည်။ လူမှန်းသိခါစ အရွယ်ကတည်းက အလုပ်ကိစ္စနှင့် တစ်ချိန်လုံး ခရီးထွက်နေသော၊ ပြန်လာလျှင်လည်း အလုပ်ကိစ္စတွေ တစ်ပုံကြီး ပါလာသော၊ သူနှင့် စကားပြောတာဆို၍ အိမ်ကကားနှင့် ကားဒရိုင်ဘာကို အဖေ အလုပ်ကိစ္စနှင့် သူ့ကျောင်းကိစ္စ ခွဲဝေညှိနှိုင်းသည်ကလွဲ၍ တခြားအကြောင်း သိပ်ပါလေ့မရှိသော၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်မှာ အောင်မြင်မှုတွေ တစ်ခုပြီးတစ်ခု သူမတူအောင်ရခဲ့ပြီး အောင်မြင်မှုများထဲတွင် ပြန်လည်ယစ်မူးနေသည်ဟု သူ ထင်ထားသော သူ့အဖေနှင့် သူ မရင်းနှီးပါ။

ခေါင်းတိုးဝင်ခွေ့စရာ အမေ့ရင်ခွင် ကွယ်ပျောက်သွားကတည်းက အမေ့ အိမ်မဟုတ်တော့သော အဖေ့အိမ်ကို သူ မလွမ်းတတ်ခဲ့ပါ။ နိုင်ငံခြားမှာ



www.burmeseclassic.com

www.burmeseclassic.com



သခကောင်းကောင်း အလုပ်တစ်ခုရထား၍ အိမ်ကိုငွေမှန်မှန်ပို့ပေးသည်မှ တစ်ပါး အိမ်ကိုသူ သိပ်ဆက်သွယ်လေ့မရှိ။

အဖေကလည်း စ၍ မဆက်သွယ်ပါ။

ပြီးတော့ ညီမလေးက အဖေ့ကို သိပ်ချစ်သည်။ အဖေ အိမ်ပြန်လာတိုင်း အဖေ့ရင်ခွင် အတင်းဝင်တိုးတတ်သူဖြစ်သည်။ အိမ်ထောင်ကျသွား၍ အိမ်ခွဲနေသည့်တိုင် အဖေ့ကို ဂရုစိုက်လိမ့်မည်ဟု သူ ထင်သည်။

သူကလည်း အတူနေစဉ်က အဖေနှင့် ဖက်လှဲတကင်း မနေဖြစ်ခဲ့သဖြင့် နိုင်ငံခြားတွင် နေသောအခါ၌ ခပ်စိမ်းစိမ်း ဖြစ်နေခဲ့သော်လည်း အဖေသည် သားသမီးတွေအပေါ် မှာ ပျမ်းမျှဖခင်တွေထက် တာဝန်ကျေခဲ့သည်ကို ကောင်းကောင်း နားလည်သည်။ အဖေ အလုပ်မလုပ်နိုင်တော့သော်လည်း အလုပ်လုပ်နေစဉ်ကနှင့်မခြား ပြည့်စုံကုံလုံစွာ နေနိုင်အောင် သူ ပို့ပေးခဲ့သည်။ နေမကောင်းဘူးကြားရတော့ ပို၍ပင် တိုးပို့ပေးသည်။ လိမ္မာရေးခြားရှိသောဇနီးကလည်း ဒါကို မငြိုငြင်ခဲ့။

"လူကိုယ်တိုင်လည်း တစ်ခါလောက် သွားကြည့်ပါဦးလား အစ်ကို"

"တကယ်အရေးကြီးရင်တော့ ညီမလေးက ပြောမှာပေါ့ကွယ်၊ အစ်ကိုလည်း ဒီက ထွက်လို့မရတာ အဖေလည်း နားလည်မှာပါ"

ဇနီးက ဖြည်းညင်းစွာ ခေါင်းခါသည်။

"အဖေကျေနပ်အောင် သွားရမှာမှ မဟုတ်တာ အစ်ကို၊ အစ်ကို အဖေမို့ပေါ့။ ညီမ အဖေသာဆိုရင် ဒီမှာရှိတာတွေ အကုန်ပစ်ပြီးပြေးမှာ အစ်ကိုက သွေးအေးလွန်းတယ်"

သည်လိုနှင့်ပင် ညီမလေးက ကိုကို့ကို ဖေဖေ မှာနေပြီဟု ဖုန်းဆက်ပြောသော တစ်နေ့သို့ ရောက်ခဲ့တော့သည်။

(၃)

"အဖေ. . . သားရောက်လာပြီ"

ဟု သူ တိုးတိုးလေးပြောတော့ အဖေက မျက်လုံးတစ်ချက် ပင့်ကြည့်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သား နားလေ၊ မောလာရောပေါ့"

ဟု တိုးတိုးပြောသည်။

ဒါပေမဲ့ သူ မနားပါ။

ကမ္ဘာတစ်ဝက် ခရီးကို လေယာဉ်စီးလာရတာပေမဲ့ အဖေ အိပ်ရာထဲမှာ သူ့ကို ငြိမ်ငြိမ်ကလေး စောင့်နေရတာက ပိုပင်ပန်းနိုင်ကြောင်း သူ နားလည်ပါသည်။

ညီမလေးကို. . .

"အိမ်ပြန်တော့. . . ငါ စောင့်လိုက်မယ်"

ဟု ပြောလိုက်စဉ်က ညီမလေး မျက်လုံးထဲတွင် အရောင်တစ်ချက် လက်သွားသည်ကို မသိချင်ယောင်ဆောင်ရင်း အဖေ့အိပ်ရာဘေးမှ ဆုံလည် ကုလားထိုင်တွင် သူ ဝင်ထိုင်သည်။

အဖေက မျက်လုံးပြန်ပိတ်ထားသည်။

သူနာပြုဆရာမကလေးက သူ့အတွက် ကော်ဖီဖျော်ရန်ထ ထွက်သွားတော့ ညီမလေးပါ အိမ်ပြန်ဖို့ လိုက်ထွက်သွားသည်။

ဘေးက စားပွဲလေးတွင် စာအုပ်များ ပြန့်ကျဲနေသည်။

အဖေတော့ စာမဖတ်နိုင်တာ ကြာရောပေါ့။ သူနာပြုဆရာမကလေးက ဖတ်ပြနေဟန်တူသည်။ တရားစာအုပ်က အများစု။

မိသားစုဓာတ်ပုံ အယ်လ်ဘမ်တွေလည်း တွေ့သည်။ ဒါတော့ အဖေ ကြည့်နေတာ သေချာပါသည်။ အဖေ လွမ်းနေတာပေါ့။

အမေ့ကိုလား။

ငါနဲ့ ညီမလေးလည်း ပါမှာပါပဲ။

သက်ပြင်းချ၍ စာအုပ်ပုံကို ဆက်လှန်သည်။ သားရေဖုံး ဖုံးထားသော စာအုပ်တစ်အုပ် ထွက်လာသည်။

အဖုံးတွင် သူ့နာမည်ကို စတေကာနှင့် ကပ်ထားသည်။

ဖွင့်ကြည့်တော့ အဖေ့လက်ရေးတွေ။

ဘာလဲ။ အဖေက သူ့ကို တစ်ခုခုရေးမှာခဲ့တာလား။

စိတ်ဝင်စားစိတ်ဖြင့် စာအုပ်ကို အစမှစဖတ်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ပထဦးဆုံး စာမျက်နှာမှ ပထမဦးဆုံးစာကြောင်းက သူ့မွေးနေ့ ရက်သ နှစ်အတိအကျကို မြန်မာသက္ကရာဇ်နှင့်ရော၊ ခရစ်နှစ်နှင့်ပါ ဖော်ပြထားလေသည်။

**'သားလေး မွေးတယ်'**

၆ ပေါင်ခွဲ၊ ဖြူဖွေးနေတာပဲ၊ ရယ်လိုက်ရင် ပါးချိုင့်ကလေးတောင် ပါသေးတယ်။ လှလိုက်တာ၊ မိန်းကလေးသာဆိုရင် ကြီးလာရင် အလှကြောင့် နာမည်ကြီးဦးမှာ။

ယောကျ်ားလေးကတော့ လှဖို့ အရေးမကြီးပါဘူး။ အောင်မြင်ဖို့ လိုတယ်။ သူများကို ဦးဆောင်နိုင်တဲ့ ယောကျ်ားမျိုး၊ လူအများက လေးစားအားကိုးရတဲ့ ယောကျ်ားမျိုး၊ အဲဒါမျိုး သားကိုဖြစ်စေချင်တယ်။

သူ့အဖေ ငါက ပညာတော့ထူးချွန်ပါရဲ့၊ စီးပွားဥစ္စာက မပြည့်စုံ၊ အိမ်ထောင်ကျပြီးတာ နှစ်နှစ်အထိ အိမ်ပိုင်မပြောနဲ့ ငှားတောင်မနေနိုင်လို့ သားတို့ အမေနဲ့အတူ ဂျစ်ပစီတွေလို ဟိုလူ့မှီခိုလိုက်၊ ဒီလူ့မှီခိုလိုက် နေနေရတုန်း။ အဲဒီဘဝ မျိုးနဲ့ သားကိုမကြီးပြင်းစေချင်ပါဘူး။ အဲဒီဘဝမျိုး ရှိခဲ့တယ်ဆိုတာတောင် သားကို မမှတ်မိစေချင်ဘူး။

ခုကတည်းက ကြီးပွားဖို့ နည်းလမ်းရှာရတော့မယ်။

စင်ကာပူမှာ လုပ်ခဲ့ဖူးတဲ့အလုပ် ပြန်သွားလုပ်လို့ကတော့ ရမှာပဲ။ ဒါပေမဲ့ မိန်းမရကတည်းက ကိုယ်တစ်ခေါက်ပြန်သွားရင် ကောင်းမလား မသိဘူး ပြောလိုက်တိုင်း ညှိုးညှိုးသွားတဲ့ မိန်းမရဲ့မျက်နှာလေးကို မကြည့်ရက်ခဲ့တာ။ အခုတော့ ဒီလောက်လှတဲ့သားကလေးကိုပါ ထားခဲ့ရမှာ ဘယ်လိုလုပ်ဖြစ်နိုင်မှာတဲ့လဲ။

အို. . . သူတို့ကို အရိပ်တကြည့်ကြည့်နဲ့ ချစ်နေချင်တယ်ဆိုတာ အတ္တကို စွဲတဲ့ အချစ်မျိုးပဲ။ ဖခင်ကောင်း၊ အိမ်ထောင်ဦးစီးကောင်းဆိုတာ ကိုယ်စိတ်ချမ်းသာရေးထက် ကိုယ့်ရင်သွေးနောင်ရေးကို တွက်ရမှာပဲ။ ငါ ပြန်သွားမယ်။ အရင်းအနှီး စုမိတော့မှ ဟိုကလုပ်ငန်းမျိုး ဒီမှာ အသေးစား ပြန်လုပ်နိုင်ဖို့ ကြိုးစားရမှာပဲ။

စာအုပ်၏ နောက်စာမျက်နှာများကို တုန်ရီနေသော လက်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူ အပြေးအလွှား လှန်လှောကြည့်မိသည်။

ဘုရား . . . ဘုရား အများကြီးပါလား။

အဖေ ဒါတွေ တစ်သက်လုံး မှန်မှန်ရေးခဲ့တာပေါ့ ဟုတ်လား။

အလုပ်တွေကြိုးစား၊ ကြိုးစားသလောက် နာမည်ကြီး၊ အောင်မြင်။ အများက လေးစားအားကိုးခံရ၊ အဲဒီဘဝမျိုးကိုပျော်လို့ အဖေ ရွေးချယ်ခဲ့တယ်ထင်တာ။ တကယ်တော့ အဖေက ငါတို့နဲ့ပဲ နေချင်ရှာတာပါလား။ ငါတို့အတွက် အဲဒီ အလုပ်တွေ စလုပ်ခဲ့တာပါလား။

အဖေ့ဘက် ပြန်လှည့်ကြည့်မိသည်။ အဖေက မျက်စေ့စုံမှိတ်ထားသည်။ အသက်ကို ပြင်းပြင်းရှူနေသည်။ ဆရာမလေးက တိတ်ဆိတ်စွာ ဆွယ်တာထိုးနေသည်။

သူ စာအုပ်ကို စာမျက်နှာ အနည်းငယ်ကျော်၍ လှန်လိုက်သည်။

(၅)

"သား လမ်းလျှောက်ပြီတဲ့၊ ခဏခဏ လဲသတဲ့။ ဒါပေမဲ့ မငိုဘူးတဲ့။ ပြန်ထလျှောက်တာပဲတဲ့၊ ဒါမှငါ့သားကွ၊ ငါ့သားကလေး လမ်းလျှောက်တာ မြင်ချင်လိုက်တာ"

ဒါ အဖေ ငါ တစ်နှစ်သားကျော်ကျော်က စင်ကာပူမှာ ရေးခဲ့တာပေါ့။ နှစ်ပေါင်း ၄၀ လောက်တောင် ရှိနေပါပကောလား။

စာမျက်နှာများကို ကမန်းကတမ်း ကျော်လှန်ကြည့်မိသည်။

"သားကို ဝမ်းကွဲအစ်မတွေ မိန်းကလေးလိုဝတ်ပြီး ပန်းပန်ပေးထားတာတွေ့လို့ စိတ်ဆိုးပြီးပြောမိတယ်။ ဟိုကလေးတွေရဲ့မိဘတွေ ကျေနပ်ပုံမရဘူး။ မိန်းမကတောင် သူ့အမျိုးတွေကိုပြောလို့ မျက်နှာက ခပ်ပျက်ပျက်၊ မကျေနပ်လည်း မတတ်နိုင်ဘူး။ ကလေးက မိန်းကလေးလိုလှနေလို့ ပြင်ပေးကြည့်တာပါတဲ့။ ဘာဆိုင်လဲ။ ယောကျ်ားကလေးက ယောကျ်ားကလေးပေါ့။ သားအသက် ၃ နှစ်ပြည့်ပြီ။ ငါ နိုင်ငံခြားကယူလာတဲ့ ကလေးပြုစုနည်းစာအုပ်တွေက ဒီအရွယ်မှာ ကလေးက သူ့ကိုယ်သူ ယောကျ်ားကလေးလား၊ မိန်းကလေးလား၊ စလေ့လာတာတဲ့။ နည်းနည်းမှ လွဲချော်လို့ မဖြစ်ဘူး၊ သားကို



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပီသတဲ့ သားမျိုးပဲ ဖြစ်စေချင်တယ်"

တုန်ခါသောရင်ဖြင့် သူ မျက်ရည်ဝိုင်းလာသည်။

စားပွဲပေါ်က တစ်ရှူးဘူးကိုနှိုက်၍ မျက်လုံးကို တစ်ရှူးတစ်စနှင့် သုတ်သည်။ ဆရာမကလေး မမြင့်အောင် ဖြည်းဖြည်းလုပ်ရသေးသည်။

အိမ်နှင့် သားသမီးတွေထက် သူ့အလုပ်ကိစ္စတွေကို သူ ပိုစိတ်ဝင်စားသည် ဟု သူ အမြဲထင်ခဲ့သော အဖေ။

အဖေ ဖတ်သော ကလေးပြုစုနည်းစာအုပ်မျိုးတွေကို သူကိုယ်တိုင် ဖခင် ဖြစ်နေပါလျက် သူ မဖတ်ဖြစ်ခဲ့ပါလား။

(၆)

"သားက ကောင်မလေးတစ်ယောက်ရဲ့ပုံကို စာအုပ်ကြားထဲမှာ သိမ်းထားသတဲ့။ အုပ်စုလိုက် ခတ်ပုံထဲက ဖဲ့ညှပ်ထားတာပါတဲ့။ ကောင်မလေးက သူ့ထက်ကြီးပါတယ်။ သူက ကလေးသာသာ ပုံကလေး။ ပြန်ကြိုက်မှာလည်း မဟုတ်ပါဘူးတဲ့။ သူ့အမေပြောခါစက နည်းနည်းစိတ်ပူတယ်။ သားက ၈ တန်းပဲ ရှိသေးတာ။ မိန်းကလေးတွေကို စိတ်ဝင်စားစရာလား။ ဒါပေမဲ့ ဒါသဘာဝတရားပဲ။ ငါ သိကြောင်း သူ သိရင် ရှက်ပြီး မဟုတ်တာတွေ လျှောက်လုပ်ရင် ဒုက္ခ၊ မသိချင်ယောင်ဆောင်နေတာ ကောင်းမယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ငါ တစ်သက်လုံး စိတ်ပူခဲ့တဲ့ သားက မိန်းကလေးလိုလှနေလို့ မိန်းကလေးစိတ်ဝင်မှာစိုးတဲ့ ကိစ္စတော့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး"

ဒါလည်း ဖေဖေ သိခဲ့တာပါပဲလား။ ဖေဖေ ဘယ်တုန်းကမှ သူ သိကြောင်း ထုတ်ဖော်ပြောဆိုဖို့ဝေး၍ အမူအရာနှင့်ပင် မပြခဲ့သော သူ့လူပျိုဘဝက အချစ်ဇာတ်လမ်းအားလုံးကို နောက်စာမျက်နှာများတွင် အသေးစိတ် တွေ့ရသည်။

ခွင့်လွှတ်ပါ အဖေရယ်။

အဖေ့ကို သားကိစ္စတွေ စိတ်မဝင်စားဘူးလို့ သားအမြဲပင် ထင်နေခဲ့မိတာ။အဖေ သားတစ်ယောက်ကို အရိပ်ကြည့်နေတယ်ဆိုတာတောင် မရိပ်မိလိုက်တဲ့သား။ တကယ်တော့ သားကသာ အဖေ့ကို စိတ်မဝင်စားမိခဲ့တာပါလား။



www.burmeseclassic.com

www.burmeseclassic.com


သည်လိုနှင့်ပင် စာမျက်နှာများကို ဆက်တိုက်လှန်ခဲ့ရင်း အမေ မဆုံးမီ ၂ နှစ်အလိုသို့ ရောက်လာခဲ့တော့သည်။

(၃)

"ဆရာဝန်က နှလုံးရောဂါတဲ့။ ကလေးတို့ မေမေကို ကလေးတွေကို ပြောပြမထားနဲ့လို့ပြောတော့ သူက သိပ်လက်မခံချင်ဘူး။ သားနဲ့သမီးလည်း သိထားသင့်တာပေါ့တဲ့"

"သမီးက အရေးမကြီးဘူး၊ သားသိလို့ မဖြစ်ဘူး"

အဖေက အမေ့ကို ပြောနေသံကို စာအုပ်လှန်ရင်း နားနှင့်ဆတ်ဆတ် ကြားရဘိသကဲ့သို့ ရှိ၏။

"သမီးက အနီးမှာ။ သားက အဝေးမှာ။ မပြောကောင်း မဆိုကောင်း အဖေ အသည်းအသန်ဖြစ်တော့မှ အစကတည်းက အဖေ နှလုံးရောဂါရှိတာ ကို ကျွန်တော့်ဘာလို့ ပြောမပြလဲလို့ အပြစ်တင်ရင်မခက်လား"

အမေ ပြန်ဆွေးနွေးသံ။

နေပါဦး အဖေ နှလုံးရောဂါရှိတာ ငါ ဘယ်အချိန်တုန်းက သိလိုက် တာပါလိမ့်မယ်။ အမေဆုံးပြီး တစ်နှစ်ကြာမှ။ အဖေ ပထမဦးဆုံးအကြိမ် ဆေးရုံတက်ရတော့မှ။ ဒါလည်း သိပ်တော့မထူးပါ။ သူ ပြန်မှ မလာဖြစ်ခဲ့ဘဲ။

အဲဒီအချိန်မှာ ၃ နှစ်လောက်တော့ နောက်ကျခဲ့ပြီ။

နေပါဦး။ အဲဒါ ငါ လက်ထပ်ခါနီးဆဲဆဲ မဟုတ်ဘူးလား။

"သားသိလို့ မဖြစ်ဘူး။ သမီးလည်း မပြောနဲ့၊ သူ့အစ်ကိုကို သွားပြော နေဦးမယ်"

အဖေ့အသံ ပြန်ပေါ်လာသည်။

"ဘာဖြစ်လို့လဲ"

"သားက လက်ထပ်ခါနီးပြီ။ သူနဲ့ လက်ထပ်မယ့် ကောင်မလေးလည်း နိုင်ငံခြားမှာပဲ အခြေချနေတဲ့ မြန်မာမိဘတွေက ပေါက်ဖွားလာတာ သူတို့လက်ထပ်ပြီးရင် ဟိုမှာပဲ အခြေချကြမှာပဲ။ ပြီးတော့ ကောင်မလေး အကြောင်းကို ငါ အကုန်စုံစမ်း ကြည့်ပြီးပြီ။ ဘယ်လိုမှ သဘောကျစရာ


www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ မရှိဘူး။ တို့သားကို တစ်သက်လုံး တကယ်စိတ်ချမ်းသာစေမယ့် အိမ်ရှင်မလေလောင်းကလေးပဲလို့ ကိုယ်ထင်တယ်။ ဒီလိုမိန်းကလေးမျိုးနဲ့ လက်တွဲရခါနီးမှာ အဖေ ကျန်းမာရေးအကြောင်း သိလိုက်ရလို့ဟိုမှာ အခြေချဖို့ ချီတုံချတုံဖြစ်သွားတာမျိုး သားကို မဖြစ်စေချင်ဘူး"

အဲဒီနောက် ၂ နှစ်အကြာမှာ အမေ ရုတ်တရက်လေဖြတ်သွားသည်။ အမေ လေဖြတ်သွားသည့်သတင်းကိုရတော့ သူ ရှုံးမတတ် ဆောက်တည်ရာမရ ဖြစ်ခဲ့သည်။

ကမူးရှူးထိုး အိမ်ပြန်ပြေးလာခဲ့သည်။

"အမေ သွေးတိုးရောဂါရှိနေတာ မသိရအောင် အမေ့ကို မှန်မှန်ဆေးစစ် မပေးဘူးလား အဖေရယ်"

ဟုပင် အဖေ့ကို မျက်ရည်လည်ရွဲဖြင့် အပြစ်စကားဆိုမိခဲ့သေးသည်။

တကယ်တော့ အဲသည့်အချိန်မှာ အဖေ နှလုံးရောဂါသည် ဖြစ်နေတာ ၂ နှစ်တောင် ကြာနေခဲ့ပြီပေါ့။ အဖေကလည်း ပြောမပြ၊ သူကလည်း မရိပ်မိခဲ့ပါ။

အမေဆုံးသည်နှင့် ရက်လည်သည်အထိသာစောင့်ပြီး အဖေ့ကို ပုဆိန်ပေါက်ဦးချ၍ နိုင်ငံခြားပြန်ခဲ့သည်။

"သွားတော့ သားရေ၊ မင်းလည်း စိတ်ချရပြီ။ ညီမလေးလည်း စိတ်ချရပြီ၊ မင်းတို့အမေလည်း သွားနှင့်ပြီ၊ အဖေမှာ ဘာမှနောက်ဆံတင်းစရာ မရှိတော့ဘူး။ သွားစရာရှိတဲ့ ခရီးသွားဖို့ ပြင်ဆင်စရာရှိတာ ပြင်ဆင်ရုံပဲ ကျန်တော့တယ်"

စာအုပ်ကုန်သွားပါသည်။

(၈)

အရိပ်အမြွက်ဖြစ်ဖြစ်တော့ပြခဲ့ဖို့ ကောင်းပါတယ် အဖေရယ်။

ဖုတ်လိုက် ဖုတ်လိုက် အသက်ရှူရင်းက မျက်လုံးစုံပိတ်၍ မှိန်နေသော အဖေ့မျက်နှာကိုငေးကြည့်ရင်းက သူ မျက်ရည်လည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တစ်တွေ၊ အမေ့သားတွေ၊ အမေ့သမီးတွေ လုပ်ကြ အမေ့ကိုပဲ ကပ်ချွဲနွဲ့နေပြီး အဖေကို လူစိမ်းတစ်ယောက်လို ဆက်ဆံနေခဲ့ကြတာ အဖေ့အတွက် ဘာမြတ်လို့လဲ၊ အဖေ အဲဒီလိုနေမှ ကျွန်တော်တို့ လိမ္မာမယ်လို့ ဘာလို့အဖေ အစွဲအလမ်းကြီးခဲ့ရတာလဲ။ အဲသလိုနေခဲ့ရတာ အဖေ ပျော်လို့လား။

အဖေ အခုလို စကားမပြောနိုင်တော့မှ အဖေ ကျွန်တော့်ကို ဒီလောက် ဂရုစိုက်ခဲ့ရတာတွေသိရတော့ ကျွန်တော် ဘယ်လိုလုပ် ဖြေမှာလဲ အဖေ။ ကျွန်တော့်ဘက်လည်း ငဲ့စဉ်းစားကြည့်ပါဦး။ မျက်ရည်တို့က ကျလုလု ဖြစ်လာပြန်သဖြင့် ဆရာမကလေး မရိပ်မိအောင် နေရာမှအသာထ၍ ထွက်ခဲ့သည်။

အဖေကတော့ အသက်ရှူသံ ပြင်းပြင်းနှင့်မှိန်းနေဆဲ။

(၉)

ရေချိုးခန်း ကြွေလက်ဆေးအင်တုံတွင် ကျသမျှမျက်ရည်၊ ချွေး နှာရည်တို့ အားလုံး မျက်နှာအဝသစ်၍ ဆေးကြောပစ်မိသည်။

ဒါတောင် ထပ်ကျနေသေး၍ ထပ်သစ်ရပြန်သည်။

တစ်ခါလောက်ပဲဖြစ်ဖြစ် ခဏနေပြန်ကောင်းပေးပါ အဖေရယ်၊ အဖေ ဂရုစိုက်ခဲ့တာတွေကို မမှီရင်တောင် ခဏဖြစ်ဖြစ် သားကြိုးစားပြီး အဖေ့ကို ဂရုတစိုက် ပြုစုလိုက်ဖူးချင်လွန်းလို့ပါ။

တောက်တစ်ချက်ကို တိုးတိုးခေါက်မိသည်။

တော်တော်အသုံးမကျတဲ့ ငါ ပါလား၊ ကိုယ့်ကို ပန်းအိုးကလေးထဲမှာ စိုက်ထားတဲ့ပန်းပင်တစ်ပင် တဖြည်းဖြည်းပွင့်လာတာကို စောင့်ကြည့်သလို စောင့်ပြီး ဂရုစိုက်နေတဲ့ အဖေတစ်ယောက်ရှိနေတာကို တစ်သက်လုံး မရိပ်မိလောက်အောင် ငါက ဘယ်လောက်ညံ့တဲ့သားမျိုးပါလိမ့်၊ စိတ်တိုတိုနှင့် ကြည့်မှန်ကို မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com


မှန်ထဲမှ အဖေက သူ့ကို မျက်ထောင့်နီကြီးနှင့် ပြန်ကြည့်နေလေသည်။

ပေဖူးလွှာ
၂၀၀၉၊ နိုဝင်ဘာ

စာရေးသူ၏ နောက်ဆက်တွဲ မှတ်ချက်

အဲဒီ မဂ္ဂဇင်း ထွက်သည့်အချိန် အတိအကျမှာပဲ ကွယ်လွန်သွားရှာသည့် ကျေးရွာရှင် ဖခင်ကြီးအတွက် အမှတ်တရ။


www.burmeseclassic.com

www.burmeseclassic.com

# ဟထားသော တံခါးပေါက်မှ

## (၁)

ဘုရားရေ. . . ။

သေမယ်ဆိုရင်တောင်မှ ဒီလူတွေလက်ထဲမှာတော့ ဘယ်လိုမှ မသေသင့်ဘူးလေ။ ရှင်ရမယ်ဆိုရင်တောင်မှ ဒီလူတွေကို တောင်းပန်ပြီး ရှင်ရတာမျိုးမဖြစ်ချင်ဘူးလေ။ ဒါက ဘယ်လိုဖြစ်ရတာလဲ။

ဦးသီလှ ဇောချွေးများ ပြန်လာသည်။

သူ့ကိုထည့်ထားသောအခန်းတွင် ကြမ်းပြင်မရှိပါ။ အနည်းငယ် စိုစွတ်နေသော မြေသားပြင်ပေါ်တွင် သူ ဒီအတိုင်း ထိုင်နေရခြင်းဖြစ်သည်။ သူ ဝတ်ထားသော လုံချည်မှာ ညအိပ်ရင်းဝတ်ထားသော လုံချည်ဖြစ် သော်လည်း မြေသားစိုစိုပေါ်တွင် ထိုင်ချပစ်ဖို့တော့ တော်တော်နှမြောစရာ ကောင်းနေသည်။ ဝတ်ထားသည့် စပို့ရှပ်ကလည်း သောင်းဂဏန်းတော့ အနည်းဆုံး တန်ဖိုးရှိသည့်ဟာမျိုးပါ။

အို ဘာအရေးလဲ။

ဝတ်ထားသည့်လူတောင် မကြာခင်သေရတော့မှာပဲဟာ။

လူဆိုးတွေကို ကြည့်ရတာကလည်း ရုပ်ရှင်တွေထဲမှာ တွေ့နေကျ လူဆိုးတွေလို သန့်သန့်ရှင်းရှင်း၊ စမတ်ကျကျ မဟုတ်။ စွပ်ကျယ်အပြ လုံချည်ချေးလက်လေးသစ်၊ အသားရောဆံပင်တွေပါ နေလောင်ခြောက်ကပ်ပြီး မည်းနက်၍ အာဟာရ မလုံလောက်သဖြင့် ခွက်ဝင်နေသောပါးရိုးများ အထက်မှာ မိမိကိုယ်ကို မိမိယုံကြည်မှု မရှိသည့်ဟန်ပန်မျိုး ကျီးကန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



မှောက် မျက်လုံးတွေနှင့်။

အားလုံး ၃ ယောက်။

တကယ်လို့ တစ်ယောက်တစ်ယောက်ချင်း ဆိုလျှင်တောင် ဦးသီလ သူတို့ကို နိုင်အောင် တိုက်နိုင်သည်။ ဘာကိုယ်ခံပညာမှ ဦးသီလ မတတ်သော်လည်း သူတို့လည်း တတ်ပုံမပေါ်။ ပြီးတော့ အားလုံး ဦးသီလထက် အနည်းဆုံးခေါင်းတစ်လုံးစာ လောက်စီနိမ့်သော လူ့ဗလံကလေးများ ဖြစ်ကြသည်။

ကွမ်းတွေ ဝါးထားသဖြင့် နီရဲနေသော ပါးစပ်ကြီးတွေ ဟစိဟစိနှင့် အသိဉာဏ်လည်း သိပ်မြင့်ဟန်မတူ။

လက်ထဲတွင် ကိုင်ထားကြသည့် ဓားရှည်တစ်ချောင်းစီ ရှိနေခြင်းနှင့် သုံးယောက်နှင့်တစ်ယောက်ဖြစ်နေခြင်းတို့ကြောင့်သာ ဦးသီလ သူတို့နောက် အသာတကြည် လိုက်ခဲ့ခြင်း ဖြစ်သည်။

တောက်! ကြမ်းပြင်ကလည်း သေးနံ့ကို ဟောင်နေတာပဲ။ ဘယ်လို အောက်တန်းစား လူဆိုးတွေလည်း မသိဘူး။

အင်းလေ. . . လူဆိုးကို အထက်တန်းကျစေချင်တာ ငါကလည်း ရူးပါ့။

အခန်းထဲတွင် မီးထွန်းမထား။

အခန်းအပြင်မှာလည်း ဖယောင်းတိုင်မီးလား၊ မီးအိမ်မီးလားမသိ၊ ဝါကျင့်ကျင့် ခပ်ဖျော့ဖျော့ အလင်းရောင်တစ်ခုသာ မြေကြီးနှင့်ကြမ်းပြင်ကြားမှ လျှပ်ဝင်နေသည်။

စောစောက သဲ့သဲ့ကြားနေရသော လူသံအနည်းငယ် ပြန်ကျယ်လာသည်။

"ခွေးတိရစ္ဆာန်၊ အသိဉာဏ်မရှိတဲ့ကောင်၊ ပစ္စည်းရရင် တော်ပြီပေါ့ လူ ဘာလို့ ခေါ်လာခဲ့ရတာလဲ"

လူစိမ်းသံ တစ်သံ။

ဒုက္ခပဲ၊ ဒါဆို သူတို့ ၄ ယောက် ဖြစ်သွားပြီပေါ့။

"သူ့ငွေးတဲ့ကွ၊ ပစ္စည်းက ဘာမှမပါဘူး။ ပိုက်ဆံ သူနဲ့ပါလာအောင် ပဲရတာ၊ လူဖမ်းလာပြီး လာရွေးခိုင်းမလို့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . အောင်မာ၊ ငါ့များ ခံပြောနေတယ်၊ ပြောစမ်းပါဦး သူ့အိမ်ကို မင်း သိလို့လား၊ ပိုက်ဆံကို ဘယ်လိုတောင်းမှာတဲ့လဲ"

တစ်ဖက်က တော်တော်ငြိမ်သွားသည်။ ပြီးမှ. . .

"အဲဒါကြောင့် မင်းခေါ်ခိုင်းလိုက်တာပေါ့ အစ်ကိုရ၊ ငါတို့ထဲ မင်းပဲ လူရည်လည်တာ"

"အဲဒါတွေကြောင့် ငါ စိတ်တိုတာပေါ့၊ ခေါင်းမရှိတဲ့ကောင်တွေ မစဉ်းမစား လျှောက်လုပ်နေ၊ သူဌေးဆိုတာ အသိုင်းအဝိုင်း ရှိတယ်။ ပြီးလို့ မင်းတို့ကို တောနင်းရှာရင် မင်းတို့ လွတ်မယ်ထင်လို့လား၊ ပြီးတော့ မင်းတို့ မျက်နှာတွေလည်း"

ခုမှရောက်လာသူ ပြောရင်း ရပ်သွားသည်။ အသံကိုအုပ်၍ တိုးတိုး ဆက်ပြောနေသည်။

ဟုတ်ပါရဲ့။ သူတို့ကို ငါ သိနေပြီ။

သေချာပါပြီ။ သူတို့ ငါ့ကို သတ်ကြတော့မှာ။

အပြင်က ငြင်းသံခုန်သံများ တဖြည်းဖြည်းနှင့် ခပ်ဝေးဝေးသို့ ရွေ့သွားပြီး ပျောက်သွားသည်။

တောက် !

ဒါ မူယာ့အပြစ်တွေပဲ။

မူယာ ထပြန်သွားတုန်းက သူ့ကိုသာနှိုးရင် သူ တံခါးထပိတ်ဖြစ်မည်။ ဒါဆို ဒီလူတွေ ဝင်လာလို့မရ။ တံခါးကို ချိုးဖွဲ့ဝင်ကြမည်ဆိုလျှင်တောင် ပတ်ဝန်းကျင်မှ ကြားမည်။ လုံခြုံရေးဝန်ထမ်းများ ရောက်လာနိုင်သည်။ ခုတော့ မူယာက တံခါးကို ဟဟကလေး စေ့သွားခဲ့လို့။

ဘုရားရေ. . . မူယာနဲ့ ဒီကောင်တွေများ အချိတ်အဆက် ရှိနေရော့ သလား။

ဒါတော့ မဖြစ်နိုင်၊ ဒီကောင်တွေကြည့်ရတာ တောကြိုတောင်ကြားက ပုံတွေပဲ။ မူယာက ဖြူဖြူသန့်သန့်ကလေး၊ ဆင်းသာဆင်းရဲသည်။ သည်လို ကောင်စားတွေနှင့် ပတ်သက်နေရလောက်အောင်တော့ အောက်တန်းမကျနိုင်

ဦးသီလှ သက်ပြင်းချမိသည်။

နောက်ဆုံးတော့ ငါ ပါပဲ။ ငါကိုကလည်း မူယာနှင့် သွားမပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



မိသင့်။ တစ်သက်လုံး ကိုယ်ကျင့်သီလနာမည်နှင့်လိုက်အောင် လုံသည်ဟု နာမည်ကောင်းနှင့် ကျော်ကြားထင်ရှားခဲ့ပြီးမှ၊ မူယာနှင့်တွေ့တော့မှ အရှုံးအမဲသားကျွေးမိသလို။

မင်းကရော ဘာကြောင့် ဒီလောက်လှရသလဲ မူယာရယ်။

(၂)

တကယ်တော့ မူယာက ဦးသီလှရိုက်နေသော ဂေါက်ကွင်းမှ ကယ်ရီမလေးပါ။ အကျင့်စာရိတ္တနှင့် ပတ်သက်လျှင် နာမည်သိပ်မကောင်းလှပေမယ့် ဟိုလို အတန်းအစားတော့လည်း မဟုတ်။ ဦးသီလှရှေ့တွင် ငြိစွန်းခဲ့ဖူးသည့် သူဌေးနှစ်ယောက်သာ ရှိသည်။ အဲဒီသူဌေးကြီးနှစ်ယောက်က မူယာ့ကို တော်တော်ပံ့ပိုးသွားကြသဖြင့် အိမ်ပိုင်ကလေးနှင့် အဝတ်အစားကောင်း၊ လတ်ဝတ်ရတနာကောင်းနှင့် ကျန်ခဲ့ပေမယ့် အဲဒီသူဌေးနှစ်ယောက် ဘယ်သူတွေဆိုတာ ဘယ်သူမှ တိတိကျကျ မသိ။

မူယာက နှုတ်လုံသည်။

အထောက်အပံ့ခံဘဝမှ တစ်ဆင့်တက်ဖို့ ဘယ်တော့မှ မကြိုးစား။

သတင်းသိုးသိုးသန့်သန့်ကြောင့် ချဉ်းကပ်သူတွေရှိပေမယ့် မူယာကို လွယ်လွယ်နှင့် မစည်းရုံးနိုင်။

လူရွေးသေးတာတဲ့။ ရရင်ပြီးရော မဟုတ်ဘူးတဲ့။

အဲသည့်အချက်တွေ အကုန်လုံးက ဦးသီလှကို တုန်လှုပ်စေသည်။

အသက် ၄၅ နှစ်အရွယ်၊ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်၊ ကျန်းမာရေးလိုက်စားသဖြင့် အရွယ်တင်နုပျို၍ ရုပ်ရည်ချောမောသော်လည်း တစ်ခါမှ နာမည်ပျက် မရှိဘူးခဲ့သူ။

အလှူအတန်း ရက်ရော၍ မြို့မျက်နှာဖုံးအဖြစ် ထင်ရှားသူ။

အဲသည့်အချက်တွေက မူယာ့ကို တုန်လှုပ်စေသည်။

မူယာက တော်တော်လှသည်။

"သူတို့က အစောကြီးထဲက တီးအော့ဖ်သွားကြတာ၊ မူယာက နေ့ဦးလာမယ် ပြောထားလို့ သေသေချာချာ ထိုင်စောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



အဲသလို ပြုံးအပြောလိုက်မှာ ဦးသီလှ နှလုံးသားတို့ အရည်ပျော်သွားခဲ့သည်။

နှလုံးသား။

ဘယ်နှလုံးသားလဲ။ အဲဒါ ငါ တပ်မက်ခဲ့တာ၊ အိမ်ကမိန်းမ အရွယ်လွန်နေပြီမို့ အရွယ်ကောင်း လှလှပပ မိန်းကလေးတစ်ယောက်ယောက်နဲ့ ငါ ဒီထက် အိုမသွားသေးခင်မှာ တစ်ခါလောက်ဖြစ်ဖြစ် ဆိုတဲ့စိတ်မျိုး ပေါ်ခဲ့တာ။ တဏှာသက်သက်ပဲ။

မူယာက ဘာမှမထူးခြားပါ။

အရွယ်ကောင်း၊ ရုပ်ရည်လှပ၊ ကိုယ်ဟန်အချိုးကျပြီး ဦးသီလှအတွက် အဆင်ပြေပြေ ရနိုင်သော မိန်းကလေးတစ်ဦးမျှသာပါ။

တကယ်တော့ ဦးသီလှ ကိုယ်ထဲတွင် ကိန်းအောင်နေသော အရွယ်မလွန်ခင်မှာ အလှတရားကို တစ်ခါလောက်ပဲ ဖြစ်ဖြစ် ထပ်မြည်းစမ်းကြည့်ချင်နေသည့် လောဘစိတ်နှင့် ရနိုင်သော အလှတရားတို့ သွားတွန်းမိတိုက်မိပြီး ဖြစ်ပေါ်လာသည့် မီးစ၊ မီးနတွေပါ။

ဘာခံစားချက်မှ မဟုတ်။ တဏှာသက်သက်ပါ။

အစကတည်းက ကိုယ်ထဲမှာ ဘာမှအခံ ရှိမနေလျှင် မူယာမကလို့ မာယာလာလည်း သည်အပန်းဖြေစခန်း ဘန်ဂလိုကလေးထဲကို ရောက်လာစရာအကြောင်း မရှိ။

"မူယာ အစ်ကိုကြီးနဲ့ လိုက်လာတာ မေမေ သိရင် သေမှာ၊ ဒီညတော့ အိမ်ရောက်အောင် ပြန်ပို့ပေးနော်"

"မူယာ့သဘောပဲ၊ ဧည့်ကြိုကောင်တာ အဆောက်အအုံရှေ့မှာ ကားထိုးထားတာပဲ၊ ကားပေါ်မှာ ကိုမြ ရှိတယ်။ မူယာ ပြန်ချင်တဲ့အချိန် လိုက်ပို့ပေးလိမ့်မယ်"

ဘုရား ဘုရား။

ငါ ပါပဲလား။

မူယာက အစကတည်းက ငါ့ကို ခွင့်တောင်းထားပြီးသားပဲ။ ငါက အိမ်က မိန်းမကို ရန်ကုန်သွားမယ် ပြောထားပြီးသားမို့ အိမ်မပြန်ချင်လို့ ဆက်အိပ်နေခဲ့တာ။ မူယာက ငါ့ကို အားနာလို့ မနိုးတာ။



www.burmeseclassic.com

www.burmeseclassic.com


နောက်ဆုံးတော့ ဒီအောက်တန်းစား ကလေကဝလက်မှာ သေရှော့ခုယာ စေ့ထားခဲ့တဲ့တံခါး မလုံလို့မှ မဟုတ်တာ။ ငါ ဆင်ခြင်တုံတရား နည်းခဲ့လို့ ဖြစ်ရတာ။

ဒီကောင်တွေကို ငွေပေးမယ်ပြောပြီး ချော့ကြည့်ရကောင်းမလား၊

ငွေတော့ တစ်ယောက်ယောက်နဲ့ သွားယူ၊ လူတော့ သတ်မှာပဲ ထင်တယ်။ သူတို့ကိုက မြင်ထားတာ။

ငိုယိုတောင်းပန်ပြီး ရဲမတိုင်ပါဘူး။ ကတိပေးရင်ကော။

ရမယ် မထင်ပါဘူး။ အရိုင်းအစိုင်းတွေ။

သေရတာချင်း အတူတူတောင် ငါ့လိုဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်က ဒီကောင်တွေလို အကျင့်သိက္ခာမရှိ၊ အဆင့်အတန်းမရှိ၊ တန်ဖိုးမရှိတဲ့ ကောင်တွေကို အောက်ကျခံတောင်းပန်ပြီးမှ သေရမယ်လို့၊

မူယာရေ့ . .

ငါတော့ နင်နဲ့ ပတ်သက်မိတာ မှားပြီထင်တယ်။

ဘာထင်တာလဲ၊ သေချာနေပြီ ဥစ္စာကို။

သေရအောင်ကို သေချာနေတာ။

(၃)

ကျွီခနဲ တံခါးဖွင့်သံ။

လက်ဆွဲမီးအိမ်၏ အလင်းရောင်။

ဝင်လာသူက နှစ်ယောက်၊ တစ်ယောက်ကို ခုံတစ်လုံးကိုင်လာသည်၊ တစ်ဦးက သေးသေးကွေးကွေး။ သူ့ကို ခေါ်လာတဲ့ သူတွေထဲက ဟု ထင်သည်၊ တစ်ဦးက ဦးသီလှ လောက် ကိုယ်လုံးထည်၊ လူသစ်ဖြစ်မည်။

သေးသေးကွေးကွေးကောင်က ခုံကိုချ၍ ပြန်ထွက်သွားသည်၊ လူသစ်က ခုံတစ်လုံးပေါ်တွင် လက်ဆွဲမီးအိမ်ကိုချ၍ ခုံတစ်လုံးတွင်ထိုင်သည်၊ လက်တွင်လည်း ဓားရှည်တစ်လက် ကိုင်ထားသည်။

သေချာပါပြီ။

ဒီကောင် ငါ့ကို သတ်တော့မှာ။ ဟိုကောင်တွေက အဲသလောက်


www.burmeseclassic.com

www.burmeseclassic.com



လက်မယဉ်လို့ ဒီကောင်တစ်ယောက်တည်း ဝင်လာတာ။

ဦးသီလှ မြေကြီးကြမ်းပြင်ပေါ် တွင်ပင် စိတ်ပျက်လက်ပျက် ခြေဆင်းထိုင်၍ ထိုလူသစ်ကို မော့ကြည့်သည်။ အလင်းရောင် ပြောင်းပြန်ဖြစ်နေပြီး မျက်နှာကို မမြင်ရ။ လူလုံးခပ်မည်းမည်း။ မလျှော်မဖွတ်တာကြာပြီဟု ထင်ရသော ဂျာကင် အထူကြီးနှင့် လုံချည်ခပ်နွမ်းနွမ်း ဝတ်ထားသည်ကိုသာ သိသည်။

"ငါ့ကို သတ်ရင်တော့ မင်းတို့ကို တောနင်းရာကြမှာ သေချာတယ်။ ငါ့ဆီက ရသလောက်နဲ့ ကျေနပ်ပြီး ငါ့ကို လွှတ်ပေးရင် ဒီပိုက်ဆံလောက်နဲ့ ငါ မင်းတို့ကို တိုင်မနေဘူး။ ယုံတာ မယုံတာ မင်းတို့ သဘောပဲ"

လူစိမ်းကိုယ် တွန့်ကနဲ ဖြစ်သွားသည်။

## (၄)

"ခင်ဗျား နာမည် ဘယ်လို ခေါ်သလဲ"

အတန်ကြာ ငြိမ်သက်နေပြီးမှ လူစိမ်းကမေးသည်။

ခုမှတော့ မထူးတော့ပါဘူးလေ။

"သီလှ"

လူစိမ်း ကိုယ်အနည်းငယ် လှုပ်ရှလှုပ်ရှ ဖြစ်သွားပြန်သည်။

အတန်ကြာ ထပ်ငြိမ်သက်နေပြီးမှ တိုးတိုးပြောသည်။

"ခင်ဗျား ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ"

သွားပြီ။

## (၅)

မလှုပ်မယှက် ဆက်ထိုင်နေသော ဦးသီလှကို လူစိမ်းက ခဏတော့ ဘာမှ မပြောဘဲ စိတ်ရှည်ရှည် စောင့်နေသေးသည်။ ပြီးမှ တိုးတိုးပြောသည်။

"ကျွန်တော့်ကိုယုံပါ၊ ခင်ဗျားကို ဘန်ဂလိုကို ပြန်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါ ယုံစရာလား။

"မင်း ငါ့ကို ညာပြီး သတ်မလို့လား"

လူစိမ်းက ခေါင်းကို ဖြေးညင်းစွာ ယမ်းသည်။

"အမှန်က ဟုတ်တယ်၊ ကျွန်တော်တို့ ဒီလိုပဲ တိုင်ပင်ထားတာ ဒါပေမဲ့ ခင်ဗျားလိုက်ခဲ့ပါ၊ သူတို့မသိအောင် ခင်ဗျားကို ခေါ်ထုတ်သွားဖို့ ဒီတစ်နည်းပဲရှိတယ်၊ ခင်ဗျား ဒီမှာဆက်နေနေရင် အသတ်ခံရမှာပဲ။ ခင်ဗျား ကျွန်တော့်ကိုမယုံရင်လည်း ခင်ဗျားမှာ ယုံရမယ့်လူ မရှိဘူး"

ဒါတော့ ဟုတ်ပြန်သည်။

"ဒါပေမဲ့. ."

"ခင်ဗျားနဲ့ ကျွန်တော် စကားပြောနေတာ သိပ်ကြာလို့ မရဘူး"

ဒါလည်း ဟုတ်နေပြန်သည်။

သူတို့ပြောနေသံတွေ ဟိုကောင်တွေကြားလျှင် ဘယ်လိုတုံ့ပြန်မည်ဆိုတာ မသေချာ။ သည်အကောင်က ဘာကြောင့်စိတ်ကောင်း ဝင်နေသည်ဆိုတာ မသေချာသော်လည်း တစ်ဖက်က အဲဒီစိတ်ကောင်းကလေး ဘယ်လောက်ကြာကြာခံမည် ဆိုတာက မသေချာပြန်။

ဦးသီလှ နေရာမှ တွန့်ဆုတ်တွန့်ဆုတ် ထသည်။

(၆)

လူစိမ်းက ဝါးရုံတောထဲမှ လူသွားလမ်းကလေးအတိုင်း ရှေ့မှသွားနေရာမှ ရပ်၍ ကိုင်ထားသော လက်နှိပ်ဓာတ်မီးကို လှမ်းပေးသည်။

"အနားအထိတော့ လိုက်ပို့လို့ မရဘူး။ ဒီအတိုင်းသာ ဆက်သွား ဟိုဝါးရုံ လေးပင် ပူးထွက်နေတဲ့နေရာကျရင် လမ်းကခွသွားလိမ့်မယ်။ အဲဒီကျရင် ညာဘက်ကိုလိုက်၊ ကတ္တရာလမ်းနဲ့တွေ့ရင် ဘယ်ဘက်ကို လိုက်သွားရင် ခင်ဗျားညက အိပ်ခဲ့တဲ့ တည်းခိုဆောင်ပေါက်ဝကို ရောက်မယ်"

ငါ တကယ် လွတ်တော့မှာပါလား။ မယုံနိုင်စရာ။

ဦးသီလှ လက်နှိပ်ဓာတ်မီးကို လှမ်းယူသည်။ လူစိမ်းမျက်နှာကို မထိုးမိစေရန် တမင်အောက်ကို စိုက်ထိုးလိုက်သည့်ကြားမှ လူစိမ်းညာဘက် လက်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က မင်းကြောင်ကွက်ကို မြင်ဖြစ်အောင် မြင်လိုက်မိသေးသည်။

အသိဉာဏ်၊ လူနေမှု အဆင့်အတန်းနိမ့်သော ပတ်ဝန်းကျင်မှ ကြီးပြင်းလာသည့် လူအများမှလက်ခုံမှာ ထိုးကွင်းမင်ကြောင်းတွေရှိတတ်တာ မဆန်းပေမယ့် ခါတိုင်းမြင်နေကျက 'ဇွဲ'တို့၊ အစက်ကလေး သုံးစက်တို့၊ နဂါးပုံတို့၊ အသည်းပုံတို့။

ယခုကတော့ 'သီလ'တဲ့။

"ဖိုးမောင်"

ဦးသီလှ နှုတ်က မထိန်းနိုင်မသိမ်းနိုင် ထွက်သွားပါသည်။

(၇)

တကယ်တမ်းကျတော့ ဦးဖိုးမောင်၊ ဦးသီလှကို ကတ္တရာလမ်းစပ် အထိ လိုက်ပို့ပေးခဲ့ပါသည်။

ကတ္တရာလမ်းစပ်ရောက်တော့ လရောင်က ထိန်နေသည်။

ဦးသီလှ ခေတ္တရပ်၍ တွေဝေစဉ်းစားနေပြီးမှ ဦးဖိုးမောင်ကို လက်နှိပ် ဓာတ်မီး ပြန်ကမ်းပေးလိုက်သည်။

ပြီးတော့ တိုးတိုးမေးမိသည်။

"ဘယ်လိုဖြစ်ရတာလဲ ဖိုးမောင်ရယ်"

ဦးဖိုးမောင်က တိုးတိုးရယ်သည်။

"ငါက ဘာမှမဆန်းဘူး၊ ဆန်းတာက မင်း"

"ငါက ဟုတ်လား"

"ဟုတ်တယ်လေ၊ ငါက တစ်သက်လုံး အကျင့်မကောင်းတဲ့အကောင်၊ လူဆိုးသူခိုးဘဝရောက်တာ ဘာမှမဆန်းဘူး။ ငါတို့ ငယ်ငယ်တုန်းက ၄ တန်း အတန်းပိုင်ဆရာမကြီးလေ၊ ငါ့ကို ဉာဏ်ကောင်းသလောက် အကျင့်မကောင်း တဲ့ ကောင်ဆိုပြီး အမြဲဆူတာ မှတ်မိလား။ ဆူတိုင်းဆူတိုင်းလည်း မင်းနဲ့ အမြဲနှိုင်းတာလေ၊ 'သီလှ'ဆိုရင် နာမည်နဲ့လိုက်အောင် သီလ ရှိတာတဲ့၊ ပြောလွန်းလို့ ဘုရားပွဲမှာ ငါ ဒီမင်ကြောင်ထိုးပြီး ငါ့မှာလည်း သီလ ရှိပါတယ်လို့ မင်းကို စခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ငါ မှတ်မိသွားတာပေါ့"

"ငါလိုကောင်က လူဆိုးသူခိုးဖြစ်တာ ဘာမှမဆန်းဘူး၊ မင်းလိုကောင်က ငါတို့လို လူဆိုးသူခိုးတွေလက်ထဲ ရောက်ရလောက်အောင် အဲဒီတည်းခိုခန်းမှာ ဘာသွားလုပ်နေတာလဲ၊ ငါ့ကို ပြောစမ်းပါဦး"

ဦးသီလှ အရှိုက်ထိသွားသည်။

(၈)

"မင်း ငါ့ကို မှတ်မိသွားဖို့ မကောင်းဘူး"

ဦးဖိုးမောင်က တိုးတိုးပြောတော့ ဦးသီလှ ကျောထဲမှာ အေးစက်သွားသည်။

"မင်း ငါ့ကို မလွတ်တော့ဘူးလား"

ဦးဖိုးမောင် ရယ်သည်။

"ငါ ကိုယ်ကျင့်တရား မကောင်းလို့ လူဆိုးဖြစ်နေပေမယ့် ငယ်သူငယ်ချင်းကို ပြန်သတ်ရလောက်အောင်တော့ မယုတ်မာသေးဘူးကွ ပြီးတော့ ငါနဲ့ ကွဲနေတဲ့ ငါ့မိန်းမမှာ ကလေးနှစ်ယောက်ရှိတယ်၊ ငါတို့ ငယ်ငယ်က တက်ခဲ့တဲ့ရွာကျောင်းကလေးမှာပဲ တက်နေတာ၊ ၄ တန်းအောင်တော့ မြို့ကျောင်းဆက်မပို့နိုင်လို့ ကျောင်းထွက်ရမလို ဖြစ်နေတာ၊ တိတိကျကျပဲ မင်း အဲဒီကျောင်းကို အလယ်တန်းကျောင်းဖြစ်အောင် ဆောက်လှူလိုက်တဲ့နှစ်က အဲဒါနဲ့ ဆက်တက်နေကြတာ၊ အခု အကြီးတောင် ၈ တန်းရောက်နေပြီတဲ့၊ ငါ့သား ငါ့လိုလူမိုက်မဖြစ်ဘဲ မင်းလိုလူလိမ္မာ ဖြစ်ရင်တောင် မင်းကျေးဇူး မကင်းဘူး"

ဦးသီလှ စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

"မင်း အဲဒီလောက် အတွေးအခေါ် ရှိရင် အဲဒီဘဝမှာ နစ်မနေသင့်ဘူး။ ရှိန်းပေါ့ကွာ၊ မင်းကောင်တွေက တိရစ္ဆာန်လောက်ပဲ အသိဉာဏ်ရှိတာ၊ မင်းသွား အဲဒီဘဝထဲ နေစရာလား"

ဦးဖိုးမောင်က ဟက်ဟက်ပက်ပက် ရယ်သည်။

"မင်းတောင် အဲသလိုကောင်တွေ လက်ကမှ မလွတ်တာကွာ၊ သူများ



www.burmeseclassic.com

www.burmeseclassic.com



တရားချနေရတယ်လို့"

ဦးသီလှ သက်ပြင်းချသည်။

အာရုံထဲတွင် မူယာ့ကို ပြေးမြင်မိသည်။

"နှစ်ပေါင်းများစွာ တကယ့်ကို ကိုယ်ကျင့်တရားကို လုံအောင်ထိန်းခဲ့တာပါကွာ၊ အခုမှ တစ်ချက်ကလေး တံခါးတစ်ချပ်ဟသွားတာ၊ တစ်ခါထဲကံနိမ့်ပြီး မင်းကောင်တွေ ဝင်လာတော့တာပဲ"

ဦးဖိုးမောင်က နားမလည်သလို ကြောင်ကြည့်နေသည်။ ဦးသီလှက ဆက်ပြောသည်။

"ပြန်ပိတ်မှာပါ၊ အဲဒီတံခါးကို ငါ ပြန်ပိတ်ပြီး နောက်ကို လုံလုံခြုံခြုံပဲနေတော့မှာ၊ မင်းလည်း ဒီဘဝက လွတ်အောင် ကြိုးစားပါ၊ ငါ အတတ်နိုင်ဆုံးကူညီချင်ပါတယ်"

ဦးဖိုးမောင်က ဘာမှပြန်မပြောဘဲ ခေါင်းတဆတ်ဆတ် လုပ်နေသည်။ ဦးသီလှက လက်တစ်ချက်ပြ၍ လရောင်အောက်တွင် ညီညာပြန့်ပြူးနေသော ကတ္တရာလမ်းပေါ် တက်ခဲ့ပါသည်။

**Faces**

၂၀၀၉၊ ဇန်နဝါရီ



www.burmeseclassic.com

www.burmeseclassic.com

# တော်မှန်းမပါသည့်သံစဉ်

(၁)

ရယ်စရာတော့လည်း ကောင်းနေမည်ထင်သည်။

သတ္တဗေဒဖြင့် ဘွဲ့ရခဲ့သော်လည်း မိဘထုတ်ပေးသည့် အရင်းအနှီးဖြင့် ကြော်ငြာအေဂျင်စီထောင်ရင်း အောင်မြင်စပြုလာသည့် 'နန္ဒ'။

ရူပဗေဒဘွဲ့ရခဲ့သော်လည်း နေ့ကလေးထိန်းကျောင်းကလေးတစ်ခု ဦးစီးလုပ်နေရင်းက နာမည်ရလာသည့် 'ခေမာ'။

နာမည်နှစ်ခုစလုံး ရှေးဆန်ဆန် နှစ်လုံးတည်းစီ ပေးထားတာက လွဲလျှင် ရခဲ့သောဘွဲ့တွေနှင့် အသက်မွေးဝမ်းကျောင်းတွေက တစ်ဦးစီမှာရော အချင်းချင်းရော ဘာမှဆက်စပ်မှုမရှိသည့် လူငယ်နှစ်ဦး မကြာခင် လက်ထပ်ရတော့မည်တဲ့။

ဒါက ရယ်စရာမကောင်းလှသေးဘူးထား။

သည်လူငယ်နှစ်ဦးက ချစ်သူတွေလည်း မဟုတ်ကြ။ သူတို့မှာလည်း ချစ်သူတွေမရှိ။ နန္ဒမှာက 'ဆုံကွဲ'ကလေးတွေရှိခဲ့ဖူးပေမယ့် 'ခေမာ'မှာက ချစ်သူပင်မထားခဲ့စဖူး။

အမှန်တော့ 'ခေမာ'က တော်တော်လှပါသည်။ တည်တည်ငြိမ်ငြိမ် နှင့် ကျက်သရေရှိလှသည်ဟု အပျိုပေါက်ဘဝကတည်းက အများအံ့သြ ငေးမောတာ ခံခဲ့ရသူပါ။ ဒါပေမဲ့ တစ်ဖက်ကလည်း ဘာသာရေးကိုင်းရှိုင်းပြီး ယခု အသက်အစိတ်အရွယ်အထိ အချိန်ပြည့်လိုလို လူကြီးမိဘတွေနှင့် ရင်အုပ်မကွာနေတတ်သူမို့ "ရှေးအဘွားကြီးလေးကျနေတာပဲ"ဟု ကွယ်ရာတွင် မေးငေါ့ခံရတတ်သူလည်း ဖြစ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒကတော့ ခေတ်လူငယ် တော်တော်များများနှင့် တစ်ပုံစံတည်း ထွက်နေသည့် ခေတ်လူငယ်တစ်ဦးသာ ဖြစ်သည်။

ဒါကြောင့် လူကြီးမိဘတွေစီစဉ်၍ ဒီနှစ်ယောက် လက်ထပ်ကြရ မည့်ကိစ္စက အနည်းငယ်တော့ ရယ်စရာကောင်းနေနိုင်သည်။

ဒါ ဘာဆန်းလို့လဲ။

ဒီလိုစုံတွဲတွေ အများကြီးရှိတာပဲဟု စောဒကတက်ဖွယ်ရာတော့ ရှိသည်။

ဒီထက် ထူးခြားတာ ရှိပါသေးသည်။

နန္ဒနှင့် ခေမာ ဘာကြောင့် တစ်ယောက်ကိုတစ်ယောက် ချစ်သူလို အိမ်ထောင်ဘက်လိုတွေးကြည့်၍ မဖြစ်နိုင်ရသည့်အကြောင်းရင်းပါ။ သူတို့ နှစ်ယောက်က တစ်ခြံထဲမှာ ဆောက်ထားသည့်အိမ်တစ်လုံးစီမှာ ကြီးပြင်းလာ ကြသော ငယ်သူငယ်ချင်းတွေပါ။

နန္ဒက ခေမာထက် အသက် ၅ နှစ်ကြီးသည်မို့ 'သူငယ်ချင်း'ဆိုသည့် စကား သုံးနှုန်းရတာ အနည်းငယ် ခက်ကောင်း ခက်နိုင်သည်။ 'ခေမာ့'ကို နန္ဒက 'ခေမာ' ဟုခေါ်သော်လည်း 'နန္ဒ'ကို 'ခေမာ'က 'ကိုကို' ဟု ခေါ်သည်။

တကယ်တော့ နန္ဒအတွက် သွေးသားတော်သည် ဖြစ်စေ၊ မတော် သည် ဖြစ်စေ 'ခေမာ'သည် သူ့ညီမကလေးသာဖြစ်သည်။ ငယ်စဉ်က သူက 'ကြီးကြီး'ဟု ခေါ်သော ခေမာ့ မေမေ ပုံပြောပြလျှင် သူနှင့် ခေမာ ခြင်ထောင် တစ်ခုတည်းမှာ တိုးဝှေ့ နားထောင်ကြရင်း မကြာခဏ တစ်အိပ်ရာထဲ အတူတူအိပ်ခဲ့ရဖူးသည်ကိုပင် မှတ်မိသေးတော့။

အိမ်နှင့် မလှမ်းမကမ်း အလယ်တန်းကျောင်းကလေးတွင် အတူ တက်စဉ်က ပုစုကွေးသေး 'ခေမာ'ကလေးကို မိဘတွေက ကျောင်းလိုက်ပို့ စရာမလို။ နန္ဒနှင့် ထည့်လိုက်လျှင် ပြေလည်သည်။ ရံဖန်ရံခါ အပြန်မှာ 'ခေမာ'က မလျှောက်နိုင်တော့ဘူးဟု နွဲ့ဆိုးဆိုးလျှင် သူ ကုန်းပိုးပင် ခေါ်ခဲ့ဖူး သည်။

အရွယ်ရောက်လာကြတော့ သူနှင့် မိန်းကလေးတွေ ဇာတ်လမ်းတွေ ဖြစ်တိုင်းလည်း 'ခေမာ့'ကို ကိုယ့်ညီမလေးအရင်းလို သဘောထား၍ အကုန် နှိုးနှိုး ပြောပြဖူးသည်။ ခေမာကလည်း ဝေဖန်ချက်တွေ၊ ထင်မြင်ချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ဖူးသည်။

နောက်ဆုံး သူ အလုပ်လုပ်တော့ နယ်ကို အလုပ်ကိစ္စနှင့် သွားရင်း နယ်မှာ အဖျားကြီး၍ ဆေးရုံတက်ရစဉ်က မေမေနှင့်အတူ ခေမာ လိုက်လာခဲ့၍ ပြုစုပေးခဲ့ဖူးသည်။

တကယ့်ညီမကလေးပါ။ ခုခါမှ အဲဒီညီမကလေးကို ဇနီးတော်ရမည်လို့။ မဖြစ်နိုင်တာ။

ပြီးတော့ ခေမာ ဘယ်လောက်သန့်စင်တယ်ဆိုတာ သူ အသိ။ သူ အဲဒီလောက် မသန့်စင်ဘူးဆိုတာက ခေမာ မသိ။ ဒါကို မသိချင် ယောင်ဆောင်ပြီး လက်ထပ်ဖို့ကို လက်ခံရမည်က စိတ်မသန့်စရာ။

ဒီအထိက ရယ်စရာသိပ်မကောင်းသေးဘူးထား။

တကယ် ရယ်စရာကောင်းတာက အခုမှလာပြီ။

သူနှင့် ခေမာ့ကို နှစ်ဖက်မိဘတွေက ခရီးတစ်ခုကို အတူတူသွားဖို့ လွှတ်သည်။ နှစ်ယောက်တည်းပါ။ ဘယ်သူမှ မပါ။

ပေလီကို မဟုတ်။ ငွေဆောင် မဟုတ်။ ချောင်းသာမဟုတ်။ တောင်ကြီး မဟုတ်။ ပြင်ဦးလွင် မဟုတ်။ ဘာရင်ခုန်စရာမှ မရှိ။

"သမီးကလေးက မိုးတွင်းတိုင်း တရားစခန်းဝင်တာ၊ ငါ့သားက တရားနဲ့ ဝေးလွန်းတယ်။ နောက်ပိုင်း တကယ်လက်တွဲရတဲ့အခါကျရင် သဒ္ဓါတရားချင်း ညီအောင် ညှိကြရတဲ့အခါ သမီးကလေးက လျှော့ရတာ မဟုတ်ဘဲ သားက ဒီထက်ပိုတာမျိုး ဖြစ်စေချင်တယ်။ တရားဆိုတာလည်း ထိုင်ဖူးမှ ဘာကြောင့်ထိုင်ရလဲဆိုတာ သဘောပေါက်မှာ။ ပါးစပ်နဲ့ ရှင်းပြ ရခက်တယ်။ သမီးကလေးက ဟိုဘက်ဆောင်၊ သားက ဒီဘက်ဆောင် တွေ့စရာတော့ မရှိဘူး။ ဒါပေမဲ့ မောင်နှမနှစ်ယောက် အသွားအပြန် အဖော်ရတာပေါ့ကွယ်။ လိုက်သွားလိုက်ပါ"

အမေ့စကားကို ပြန်ကြားယောင်မိသည်။

တကယ်တော့ သူနှင့် တစ်သက်လုံး မောင်နှမအရင်းတွေလို နေခဲ့သည့် သူ့ဇနီးလောင်းမိန်းကလေးနှင့် သူ နှစ်ယောက်တည်း အတူတူသွားနေသည့် ခရီးက တရားစခန်းကိုပါ။

ကဲ. . . ရယ်စရာ မကောင်းပေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ပါရမီ မရှိသေးလို့ တရားအားမထုတ်ချင်ဘူးလို့ ပြောနေကြတာ သိပ်မှားတာပဲ။ ပါရမီ ရှိတဲ့လူက တရားအားထုတ်ရင် တစ်ထိုင်တည်းနဲ့ တရားရချင်ရသွားမှာပေါ့။ ပါရမီ မရှိတဲ့သူက အဲဒီလို မရတော့ရော ဘာဖြစ်လဲ။ ပါရမီ ရသွားမှာပေါ့။ လုပ်ကို မလုပ်ဘဲနဲ့တော့ ပါရမီက အလိုလို ရှိလာစရာ အကြောင်းမရှိဘူး"

ဟော. . .

ဆရာတော် ဟောလိုက်တော့ ရှင်းရှင်းကလေးရယ်။

ဟုတ်သားပဲ။

ကဲ. . . ထိုင် ထိုင်။

အသက်အစိတ်အရွယ် ဇနီးလောင်းက တရားစခန်းဝင်ဖို့ကိစ္စကို ဘာမှ အပန်းကြီးနေဟန်မတူ။ သွားနေကျနေရာတစ်ခုမှာ လုပ်နေကျ အလုပ်တစ်ခု သွားလုပ်နေသည့်ပုံစံသာ ပေါက်သည်။ ဒါကို ပါရမီလို့ ခေါ်တာလားမသိ။ လုပ်ဖန်များတော့ လုပ်ရတာ အားမစိုက်ရတော့။

သူ့မှာတော့ အသက် ၃၀ အရွယ်မှာ တရားစထိုင်ဖို့ ပြင်ဆင်လိုက်ရတာ။ စိတ်ပင်ပန်း၊ လူပင်ပန်း ရှိလိုက်တာ။ ဒါကိုပင် ပါရမီနုသည် ခေါ်မလား။ ခေမာနှင့် မှန်မှန်တရားစခန်းလိုက်ဝင်လျှင်တော့ ပါရမီရင့်လာမည် ထင်သည်။ သို့သော် ထိုသို့ ပါရမီရင့်လာရန် စိတ်အားထက်သန် မထက်သန်ပင် ကိုယ့်ကိုယ်ကိုယ် မသေချာသေး။

နန္ဒ တင်ပျဉ်ခွေကို ဘယ်နှကြိမ်မြောက်မှန်းမသိ။ ပြင်မိပြန်သည်။ ခါးကို ပြန်မတ်သည်။ လက်ကို နေရာပြန်ချသည်။

ပြင်တဲ့။ လိုရင်ပြင်ပါတဲ့။ တစ်ချိန်လုံးတော့လည်း ခဏခဏပြင်မနေနဲ့ပေါ့တဲ့။ ခဏခဏဆိုတာ ဘယ်လောက်တစ်ခါကို ခေါ်တာပါလိမ့်။

အို. . . ဘယ်လိုလုပ်သိမှာတဲ့လဲ။ နာရီကြည့်ပြီး တရားထိုင်နေတာမှ မဟုတ်တာ။ မျက်လုံးမှိတ်ပြီး ထိုင်နေတာပဲဥစ္စာ။

"စိတ်ကတော့ ပျံ့လွင့်မှာပဲ။ ပျံ့လွင့်တဲ့စိတ်ကြောင့် စိတ်ဓာတ်မကျနဲ့။ ပျံ့လွင့်တတ်တဲ့ သဘောကလေးကို မြင်အောင်ရှု"

ဆရာတော်က အားပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပေ့ါ။

စိတ်က ပျံ့လွင့်သွားသည်။

ပျံ့လွင့်သည့်အာရုံထဲတွင် ပခုံးကြိုးမပါသော ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားသည့် ကြော်ငြာမော်ဒယ်လ်မကလေး၏ ရင်ညွန့်ဝင်းဝင်းကလေး ပေါ်လာသည်။

## (၃)

"အစ်ကို ပြောပေးရင် ရပါတယ်"

နန္ဒ အလုပ်စားပွဲပေါ် ပိုက်ထားသောလက်နှစ်ဖက်၏ တံတောင်ကို စုံချ၍ ရှေ့ကိုကုန်းပြီး အားတတ်သရော ပြောနေတာပါ။

မြင်နေရသည့်ရှုခင်းက အသက် ၃၀ အရွယ် လူပျို မကြီးတကြီး၏ နှလုံးခုန်နှုန်းကို မသိမသာမြန်စေပြီး အသက်ရှုကို သိသိသာသာ မှားစေသည်။

"အစ်ကို ပြောတော့ ပြောပေးကြည့်ပါမယ်"

ပြန်ဖြေသော နန္ဒ အသံက သိသိသာသာ တုန်ယင်နေသည်။

ကောင်မလေးက ပြုံးသည်။

နန္ဒ သဘောတူလိုက်တာကိုပဲ ပြုံးပြီးကျေနပ်သွားတာလား။ နန္ဒ အသံ တုန်နေတာကိုပဲ သဘောကျနေတာလားတော့မသိ။ စားပွဲပေါ်က လက်ကိုင်ဖုန်းကလေးကို ကောက်ယူ၍. . .

"ကျေးဇူးပဲ၊ ဘိုင့်ဘိုင်"

ဟုဆိုကာ ထွက်ခွာသွားသည်။

နန္ဒ၏ တုန်နေသောရင်က တော်တော်နှင့် အနည်မထိုင်။

ဒီကောင်မလေး ဒီထက်ပိုဆိုးတဲ့ ဝတ်စားဆင်ယင်မှုမျိုးနှင့်ပုံကို သူ အင်တာနက်မှာ တွေ့ဖူးသည်။ နာမည်ကြီးချင်၍ တမင်လုပ်တာလားတော့ မသိ။ ဓာတ်ပုံဆရာ နာမည်ကြီးနှင့် စနစ်တကျ အလင်းအမှောင်ပေး၍ ရိုက်ထားတာဆိုတော့ ပုံက တော်တော် ကြွားကြွားရွှားရွှား ရှိလှသည်။ အဲဒီပုံတို့ သူ ရှာတွေ့တာမဟုတ်။ သူ့စာရေးမကလေးတွေ 'ဒေါင်းလုတ်'လုပ်ထားပြီး ကြည့်၍ ရယ်နေကြတာကို သူ တွေ့ရတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးမကလေးတစ်ယောက်က. . .

"ခေတ်ပုံဆရာ အင်တာနက်တင်မှာပဲ ဆိုတာသိလို့ လုပ်တာပဲ။ နာမည်ကြီးဖို့ ဒီထက်မြန်တဲ့နည်း ဘယ်ရှိမလဲ"

ဟု ဆိုသည်။

အဲဒီပုံတွေက စာရေးမ မိန်းကလေးတွေအတွက် ရယ်စရာ သက်သက်သာ ဖြစ်ခဲ့ပြီး သူ့အတွက်တော့ မျက်နှာတစ်ခုလုံး ဖိန်းဖိန်းရှိန်းရှိန်း ဖြစ်စေသည်။ အသက်ရှူတော့ မမှားသေး။

လူချင်းပက်ပင်းတွေ့ရတော့ အဲဒီလောက်တောင်မဆိုးသည့် ဝတ်စားဆင်ယင်ပုံမျိုးကိုပင် သူ အသက်ရှူမှားနေရသည်။

ဘာကြောင့်လဲ။

နည်းနည်းပါးပါး သင်ကြားခဲ့ဖူးသော သတ္တဗေဒဘာသာ အကြွင်းအကျန်ထဲမှာ အဲဒီအဖြေ ရှိလေသည်။

အင်ဒရိုဂျင်ပါ။ ဟော်မုန်းတစ်မျိုးပါ။

ဟိုစာရေးမလေးတွေမှာ မရှိ။ သူ့မှာ ရှိသည်။ ပုံကြည့်တော့ နည်းနည်းပဲ ထွက်သည်။ လူမြင်တော့ များများထွက်သည်။

တကယ်တော့ သိပ်ကို ကမ္ဘာဦး လူသားဆန်သည့် ဒီထက်ရိုင်းရိုင်း ဆိုရလျှင် တိရစ္ဆာန်များတွင်ပင်ရှိသည့် တုံ့ပြန်မှုတစ်ခုပါ။

ဟော်မုန်းကို အခြေပြုပါသည်။

နှလုံးသားနှင့် မဆိုင်ပါ။ နှလုံးသားဝေးလို့ ဦးနှောက်၏ အခန်းကဏ္ဍပင် ပါချိန်မရလိုက်ပါ။

ဟိုမိန်းကလေးတွေလည်း အတူတူပေါ့။

အဲသလို မိန်းကလေးမျိုးနှစ်ဦး သူနှင့်'ကြုံတွဲ'ကလေးတွေ တွဲခဲ့ဖူးသည်။ မကြုံတော့လည်း ကွဲခဲ့ကြသည်။

အဲဒီမိန်းကလေးတွေတုန်းကလည်း သူ အသက်ရှူမှားခဲ့၊ ရင်ခုန်မြန်ခဲ့ဖူးတာပါ။

တကယ်တော့ လှလို့ကြိုက်တာပါလား။

စွဲလမ်းတာဆိုလျှင်တောင် စကားလုံးက ယဉ်ကျေးနေဦးမည်။ တပ်မက်တာ သက်သက်ပါလား။ သူကလည်း ဒီမိန်းကလေးတွေဆီက သူ



www.burmeseclassic.com

www.burmeseclassic.com


လိုချင်တာ ဘယ်လောက်အထိ ရနိုင်မရနိုင်ကို တစ်ချိန်လုံး စိတ်ဝင်စားနေမိခဲ့သည်။ အဲဒီမိန်းကလေးတွေကလည်း သူတို့တွင် သူ လိုချင်တာ ရှိနေသည်ကို ဂုဏ်ယူဝင့်ကြွားနေခဲ့ကြသည်။

စပါးစေ့ တစ်ထောက်စာ။

ဆယ်စုနှစ် တစ်ခု၊ နှစ်ခုစာ။

အဲဒါတွေကို 'အင်ဒရိုဂျင်'အားကိုးနှင့် တပ်မက်နေလိုက်မိသည်မှာ ဉာဏ်ကောင်းပါသည်ဟု လူတိုင်းချီးမွမ်းခံရသော ဦးနှောက်ပင် ဝင်အလုပ်လုပ်ချိန် မရှိခဲ့။ တွေးကြည့်တော့လည်း ရှက်စရာပါလား။

ဘုရားရေ။

ငါ တရားထိုင်နေတာနော်။

ပျံ့လွင့်တာကို ရှုဆိုပေမယ့် အဲဒီလောက်ကြီး ပေးပျံ့လွင့်တာတော့ မဖြစ်သင့်ဘူးထင်တယ်။ တရားထိုင်တဲ့အချိန်မှာတော့ ဟော်မုန်းတွေ၊ သွေးသား ဆန္ဒတွေ ကပြနေတဲ့ အာရုံတွေကြည့်နေလို့ ဘယ်ဖြစ်မလဲ။ အဲဒီထက် အသိဉာဏ်မြင့်မားတဲ့ အမြင်နဲ့ သတိနဲ့စောင့်မှပေါ့။

ရှူရှိုက်၊ ရှူ. . . ရှိုက်. . .

စိတ်ကပြန်၍ တည်ငြိမ်အေးချမ်းသွားသည်။

သိပ်မကြာလိုက်။

နားထဲသို့ ဝုန်းဝုန်းဒိုင်းဒိုင်း ပြိုလဲသံများဝင်လာသည်။

## (၄)

"ဒါတော့ ခင်ဗျားတို့ သက်သက်ညစ်တာပဲဗျာ"

နန္ဒ လေသံက တင်းမာခက်ထန်နေသည်။

စားပွဲပေါ် သူ ကိုင်ပေါက်မတတ် ပစ်တင်လိုက်ရာက အရှိန်လွန်၍ ပြုတ်ကျသွားသော ဗီနိုင်းလ်စ နမူနာဖိုင်ကို စာရေးမကလေးတစ်ဦးက မျက်စိပျက် မျက်နှာပျက်နှင့် ကြမ်းပြင်ပေါ် လိုက်ကောက်နေသည်။

ဆေးကုမ္ပဏီမှ မန်နေဂျာဆိုသူ လူရွယ်ကတော့ မျက်နှာတည်မျက်မှ မပျက်ဘဲ လေအေးလေးနှင့် ပြန်ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ 'ဘရာသာ'တို့နဲ့ ကျွန်တော်တို့နဲ့ နဂိုကတည်းက သဘောတူထားပြီးသားပဲလေ။ နမူနာပြထားတဲ့ ဗီးနိုင်းလ်ကွာလတီနဲ့ တကယ်ရတဲ့ ပစ္စည်းကွာလတီမတူရင် ငွေမချေဘူး။ ပစ္စည်းမယူဘူးဆိုတာလေ"

"ခင်ဗျား အပိုမပြောနဲ့။ ပစ္စည်းကွာလတီက တကယ်ကွာတာ မဟုတ်ဘူး။ ခါတိုင်း အစမဝင်တော့လို့ ဝင်တဲ့အစနဲ့ ပြောင်းလုပ်တာသာ ရှိတယ်။ ကွာလတီက ချွတ်စွပ်ပဲ။ ခင်ဗျား ဒီမှာ ကတ်တလောက်နဲ့လည်း စစ်လို့ရတယ်။ အခုဟာက ခင်ဗျားကုမ္ပဏီ 'ရိုက်ဆစ်' ပေါ်လို့ မှာပြီးသားကိစ္စကို မယူချင်တော့လို့ သက်သက် အကြောင်းပြတာ အသိသာကြီး။ တကယ်တော့ ခင်ဗျားတို့ ပြဿနာ ရှိနေမှန်းသိလို့ ဈေးဆစ်ရင်တောင် လျှော့ပေးဖို့အထိ ကျွနတော် စဉ်းစားထားပြီးသား။ အဲဒါကို ခင်ဗျားတို့က အခုလုံးလုံး မယူတော့ဘူးလုပ်တော့ ကျွန်တော့်ဗီနိုင်းလ်တွေက ပြန်ဖျက်လို့ရတာမှ မဟုတ်တာ။ ခင်ဗျားတို့ တကယ်မယူရင် ကျွန်တော်က သိန်းချီပြီးတော့ တော့ အဆုံးရှုံးမခံနိုင်ဘူး။ ရှေ့နေကတစ်ဆင့် ခင်ဗျား ပိုင်ရှင်ကို စကားပြောရမှာပဲ"

လူရွယ်က ပြုံးပြုံးပင်။

"ဒါကတော့ 'ဘရာသာ'သဘောပါပဲ။ ကဲ. . . ကျွန်တော့်ကို ခွင့်ပြုပါဦး"

လူရွယ်နှင့်အဖွဲ့ ထွက်ခွာသွားတော့ နန္ဒ ဆုံလည်ကုလားထိုင်ပေါ် ခြေပစ် လက်ပစ် ကျောမှီချလိုက်သည်။

ရင်ထဲက တလှပ်လှပ်။

အသက်ရှူတာ မြန်လိုက်၊ နှေးလိုက်။

ဒေါသ။

လောဘကြောင့် လိုချင်။ လိုချင်၍ ကြိုးစား။ မရတော့ ဒေါသ။

ဒေါသထွက်ရုံနှင့် ဘာကြောင့် နှလုံးခုန်မြန်ခဲ့ရ၊ အသက်ရှူမှားခဲ့ရပါသနည်း။

ဘုရား. . . ဘုရား. . . ။

ဒါလည်း ဟော်မုန်းပါပဲလား၊ မှတ်မိပါသည်။ 'အဒရီနယ်လင်'တဲ့။ 'ဖိုက်'၊ ဒါမှမဟုတ် 'ဖလိုက်'တဲ့။ ရန်လိုရင်လည်း ထွက်၊ ကြောက်ရင်လည်း ထွက်။ လူမှာ လည်း ရှိသည်။ တိရစ္ဆာန်မှာလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒါလည်း သိပ်အဆင့်အတန်းနိမ့်လွန်းသော သွေးသားတုံ့ပြန်မှုတစ်ခု သက်သက်ပါလား။

ဦးနှောက် မပါ၊ နှလုံးသား မပါ။

ခေမာ။

ခေမာ ဒေါသဖြစ်ရတာ သူ တစ်ခါမှမတွေ့ဘူးတာကို သွားသတိရသည်။ သူ့ထက်စာရင် တရားပိုရှိသည်ဟု ဆိုရမည်။

တရား။

ဘုရားရေ့ . . ငါ တရားထိုင်နေတာပဲ။

စိတ်က အဲဒီလောက်ပျံ့လွင့်နေ၍တော့ မဖြစ်ဘူးထင်သည်။

ပြန်မှတ်၊ ပြန်မှတ်။

ရှူရှိုက်၊ ရှူရှိုက်။

ရှူ . . ရှိုက် . . .

(၅)

ဗင်ကားကလေးက အဝေးပြေးလမ်းမကြီးအတိုင်း ရန်ကုန်မြို့ဘက်သို့ ဦးတည်ပြေးလွှားနေသည်။

"ကိုကို . . အဆင်ပြေရဲ့လား"

ခေမာက တိုးတိုးမေးတော့ ကားမောင်းနေရာကလှည့်၍ ပြုံးပြီး ခေါင်းညိတ်ပြသည်။

"ရလာခဲ့တဲ့တရားတွေ ခေမာ့ကို ပြန်ပြောပြဦးလေ။ သာဓုခေါ်ရအောင်"

ရှက်ရယ်သာ ရယ်မိသည်။

"သိပ်များများ မရှိပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်တရား မရှိဘူးလဲ နည်းနည်း ပိုသဘောပေါက်သွားတာလောက်ပါပဲ"

ခေမာ မရယ်ပါ။ တိုးတိုးကလေး သာဓုသုံးကြိမ် ခေါ်သည်။

"မိုးအေးနိုင်တယ်ဆိုပြီး ဒီကျရင် ကိုကို ဝတ်ဖို့ သိုးမွှေးထည်အလေး ကြိုထိုးထားတာ၊ ဒီမှာ လူစုခွဲတဲ့အချိန်ကျတော့ လောလော ဆောလောနဲ့



www.burmeseclassic.com

www.burmeseclassic.com

ခေမာဘက်ပဲ ပါလာတယ်။ ယောကျ်ားဆောင်နဲ့ မိန်းမဆောင် ပစ္စည်းပေးခိုင်းလို့လည်း မကောင်းတာနဲ့"

"ကိစ္စမရှိပါဘူး၊ ကိုမှ မချမ်းတာ"

ခေမာက ရယ်သည်။

"လိုချင်လည်း မရတော့ပါဘူး၊ အဒေါ်ကြီးတစ်ယောက် အနွေးထည်မပါလို့ ချမ်းနေတာတွေ့လို့ လှူခဲ့လိုက်ပြီ"

ဒီတစ်ခါတော့ နန္ဒက 'သာဓု'ခေါ် ပေးလိုက်သည်။

"ကိုကို အန်တီ့အတွက် တရားခွေတွေ ပါသေးလား"

"ဟောဗျ၊ မေ့ခဲ့ပြီ"

"ရတယ်. . . ခေမာ့မှာ ပါတယ်"

"ကြီးကြီး အတွက်ရော"

"မေမေ့မှာ အားလုံးရှိပြီးသား၊ ခေမာက အန်တီ့အတွက် သက်သက်ယူလာခဲ့တာ၊ အန်တီက ဒူးက ထိုင်ရခက်တော့ တရားနာ၊ တရားထိုင် အိမ်မှာပဲ အိပ်ရာထဲလုပ်ရရှာတာ သတိရလို့"

မှန်ပါသည်။

နန္ဒ အမေတွင် အဆစ်ရောင်ရောဂါ ရှိသည်။

ဒါကို သားအရင်းက သတိမရဘဲ ချွေးမလောင်းဖြစ်ဖို့ မဖြစ်ဖို့တောင် စဉ်းစားနေဆဲမိန်းကလေးက သတိရတာ ကျေးဇူးတင်စရာ။

"ကိုကို"

"ဟင်"

"အဲယားကွန်း လျှော့ပါလား"

"ဘာလို့လဲ၊ ခေမာ ချမ်းလို့လား"

ခေမာက ခေါင်းခါပြသည်။

"ခေမာက အနွေးထည် ဝတ်ထားတာပဲ၊ ကိုကို ရှပ်အင်္ကျီ လက်ပြတ်ကလေးနဲ့၊ တော်ကြာ အအေးမိနေဦးမယ်"

နန္ဒက ဖွဖွရယ်သည်။

"ခေမာကလည်း ကို အအေးကြိုက်တာသိရက်နဲ့၊ ရုံးမှာတောင် အမြဲ အဲယားကွန်း ဖွင့်ထားတာ"


www.burmeseclassic.com

www.burmeseclassic.com



"မတူဘူး ကိုကိုရဲ့၊ ဟိုက မြို့ထဲကလေ၊ အခုက မိုးရွာထားခါစ ဟိုင်းဝေး လမ်းပေါ် မှာတိုက်တဲ့လေက အဲယားကွန်းကနေ ဝင်နေတာ"

ခေမာက ပြောပြောဆိုဆို ကားစတီယာရင်ပေါ် တင်ထားသည့် နန္ဒ၏ လက်ဖမိုးတစ်ဖက်ပေါ် သူ့လက်ဖဝါးကလေးနှင့် ညင်သာစွာ တင်စမ်းလိုက်သည်။

"ကြည့်. . . ကိုကို့လက်တွေ အေးစက်နေတာပဲ၊ လျှော့လိုက်ပါ ကိုကိုရယ်၊ လိမ္မာပါတယ်"

နန္ဒ ကားအဲယားကွန်းကို လျှော့လိုက်သည်။

လက်လည်း မတုန်၊ အသက်ရှုလည်း မမှား၊ ရင်ခုန်လည်း မမြန်။

ဒါပေမဲ့ ခေမာ့လက်ကလေးက နူးညံ့နွေးထွေးသည့် အထိအတွေ့က လက်ပြန်ရှုပ်သွားသည့်တိုင် ပျောက်ကွယ်မသွားသလို။

ရင်ထဲမှာလည်း နွေးထွေးလုံခြုံစွာ ငြိမ်းချမ်းနေသည်။

ဂီတသံစဉ် လှိုင်းတစ်ခုခုထဲမှာ စီးဝင်လွင့်မျောနေရသလို။

ဟော်မုန်းမပါသည့် သံစဉ်မျိုးပေါ့။

**Life Style**

၂၀၀၉၊ ဇန်နဝါရီ



www.burmeseclassic.com

www.burmeseclassic.com

## ရိုးရိုးကျူဆရာဝန်

(၁)

ဆေးတက္ကသိုလ်ဖွင့်လိုက်တော့ သာမန်နယ်မြို့ကလေးတစ်မြို့ကနေ ၁၀ နှစ်လောက်အတွင်းမှာ တက္ကသိုလ်မြို့ကြီးတစ်မြို့အဖြစ် စည်ကားလာခဲ့သည်၊

ကြိုက်သူတွေလည်း ရှိရဲ့၊ မကြိုက်သူတွေလည်း ရှိရဲ့။

အဓိကကြိုက်သူတွေကတော့ ထမင်းဆိုင်ရှင်တွေနှင့် အဆောင်ငှားစားသူတွေဖြစ်မှာပေါ့။ ဆေးကျောင်းသူ၊ ကျောင်းသားက ၂,၅၀၀ မှ ၃,၀၀၀ လောက်ရှိသည်။ ဆရာတွေ အပါ ၃,၀၀၀ ပဲထား။ တစ်ယောက်ကို ပျမ်းမျှ တစ်လ ၅၀,၀၀၀ ပဲ။ မြို့မှာ သုံး၊ မြို့၏ ဂျီဒီပီက တစ်လကို သိန်း ၁,၅၀၀ တက်နေသည်။

မကြိုက်သူတွေကလည်း ရှိသည်။ ကားမောင်းသူတွေပေါ့၊ ဆိုင်ကယ်အစီးရေ ၅၀၀ လောက်ပဲ တိုးသွားသည်ထားဦး။ လမ်းမကြီးငါးသွယ်တွင် ဆိုင်ကယ်တွေ ဥဒဟို ရှုပ်ယှက်ခပ်နေတာ ဆေးကျောင်းသားတွေ၏ ကျေးဇူးအဓိကဟု ပြောနိုင်ပါသည်။

(၂)

ကိုအေးမင်းကတော့ ကြိုက်သည်လည်း မရှိ၊ မကြိုက်သည်လည်း မရှိ။ အဆင်ပြေပါသည်ဟုသာ ပြောရမည်ထင်သည်။

ကိုအေးမင်းက ဂျီပီခေါ် ပြင်ပဆေးကုခန်းဖွင့် ဆရာဝန်တစ်ဦးပါ။

**နေရီရီ**

www.burmeseclassic.com

www.burmeseclassic.com



သည်မြို့မှာနေတာ ၁၀ နှစ် ကျော်ပြီဆိုတော့ လူနာတွေကအစ "ဒေါက်တာအေးမင်း" ဟု မခေါ်ဘဲ "ကိုအေးမင်း" ခေါ်သူက များသည်။ အသက်ကလည်း ၄၀ ကျော် ရှိဆိုတော့ လူနာတွေ ပျမ်းမျှ၏ အလယ်လောက်ရောက်နေသည်။

မြို့မှာ လူတွေများလာ၍ သူ့ဆေးခန်းလည်း ဝင်ငွေတိုးမလာ။ ဆေးကျောင်းသူတွေ၊ ဆေးကျောင်းသားတွေ ဆိုတော့ လာပြလည်း သူက အခမဲ့ကြည့်ပေးမည့်သူပဲ။ အထူးကုဆရာဝန်တွေများလာ၍ သူ့ဆေးခန်းလည်း ဝင်ငွေလျော့မသွား။ မကွေးမြို့နှင့်အနီး ပတ်လည်ရွာတွေက အထူးကုဆရာဝန်တွေနှင့်မှ ပြချင်သည့် အလေ့အထ သိပ်မရှိသေး။

သည်တော့ ကြိုက်စရာလည်း မရှိ။ မကြိုက်စရာလည်း မရှိ။

အဆင်ပြေပါသည်ဆိုတာကတော့ အပျင်းပြေ၍ ပြောတာပါ။

ကိုအေးမင်း ဆေးခန်းဖွင့်ထားသောလမ်းထဲတွင် ယောက်ျားကလေးဘော်ဒါဆောင် သုံးဆောင်လောက်ရှိသည်။ 'ဆေးကျောင်းသားသီးသန့်'ဟု ခပ်မာမာ ဆိုင်းဘုတ်ချိတ်ထားသည့် အဆောင်တွေချည်းပါပဲ။

အဲသည် ဘော်ဒါဆောင်တွေဆီ ကတ္တရာလမ်းမပေါက်၊ နွေဆိုချိုင့်ခွက်တွေ၊ မိုးဆိုလျှင် ဗွက်တွေရှိသည့်မြေသား လမ်းကလေးသာ ပေါက်သည်။ သည်တော့ ဆေးကျောင်းသားကလေးတွေက ကတ္တရာလမ်းပေါ်ထွက်တိုင်း လမ်းထိပ် ကိုအေးမင်း ရှိရာ အပေါက်ဝက ထွက်ရသည်။

တစ်ခါတလေလည်း လမ်းထဲပင်မဝင်ဘဲ ကိုအေးမင်းဆေးခန်းထဲတွင် ထိုင်အနားယူနေကြပြီး အပြင်ပြန်ထွက်ကြသည်လည်း ရှိသည်။ အဲသည်မှာပဲ ဆေးကျောင်းသားကလေးများနှင့် ကိုအေးမင်း ခင်နေသည်။

အပျင်းပြေတာပေါ့။

နို့မို့ သူ့နေ့စဉ်ဘဝ ဘာမျှ အပြောင်းအလဲမှ မရှိတာ။

(၃)

ကိုအေးမင်းလည်း ဆရာဝန်ဖြစ်ခါစကတော့ သူများလိုပင် သမားတော် ဖြစ်ချင်ခဲ့ဖူးသည်။ ဆေးပညာဘွဲ့လွန်ဝင်ခွင့်စာမေးပွဲကို သုံးခါဖြေဖူးသည်။ နှစ်ခါက ရေးဖြေကျ၊ တစ်ခါက ရေးဖြေအောင်။ လူတွေ့ဖြေတွင်



www.burmeseclassic.com

www.burmeseclassic.com



အရွေးမခံရ။

လက်ထောက်ဆရာဝန်ဘဝနှင့် နယ်စွန်နယ်ဖျားမကျန် ရောက်ခဲ့ပြီးနောက် မကွေးမြို့ရောက်လာတော့ ထူးခြားဖြစ်စဉ်နှစ်ခု ဘဝမှာပေါ်လာသည်။ တစ်ခုက မကွေးသူ မစောမူနှင့် အိမ်ထောင်ကျတာ။ နောက်တစ်ခုက ဆိုင်ကယ်မှောက်တာ။

ခြေထောက်က ကျိုးသွားသည်။ အရိုးက ပြန်ဆက်၍ရသော်လည်း လမ်းပြင်းပြင်းထန်ထန် မလျှောက်နိုင်တော့။ နှုတ်ထွက်ခွင့် တင်ပြတော့ လူကြီးများက သဘောတူသည်။

ကိုအေးမင်းလည်း ဇနီးရဲ့မြို့ ယောက္ခမ အိမ်တွင်ပင် အခြေချ၍ ပြင်ပဆေးခန်းကလေး ဖွင့်နေခဲ့သည်။

ဆိုင်ကယ်တော့စီးတုန်း၊ မစီးလို့ရမလား။ ကားမှ မဝယ်နိုင်တာ။ အဲသည် ဆိုင်ကယ်နှင့်ပင် မနက်တိုင်း မြသလွန်ဘုရားကိုတက်သည်။ ပြုးနေသည့် ဘီလူးရုပ်နှင့် တည့်တည့်က တန်ဆောင်းထဲတွင် ပုတီးစိပ်သည်။ အပြန်မှာ ဈေးလမ်းထဲက 'ရွှေပြည်စိုး'စာအုပ်ဆိုင်မှာ ဂျာနယ်၊ မဂ္ဂဇင်း ဝင်မွှေသည်။ လုံးချင်းစာအုပ်တွေ ဝင်မြည်းသည်။ ဂျာနယ်က အမြဲဝယ်သည်။ လုံးချင်းစာအုပ်က ဖတ်ချင်တာတွေ မှတ်၍ အိမ်နားက စာအုပ်အငှားဆိုင်တွင် ငှားဖတ်သည်။

အပေါင်းအသင်းများပါလာလျှင် 'လက်နှစ်ဖက်'ကဖီးမှာ မလိုင်နံပြားဖြစ်ဖြစ်၊ ပဲပြုတ် အီကြာကွေး ဖြစ်ဖြစ် ဝင်စားသည်။ တစ်ယောက်တည်းဆိုလျှင်တော့ အိမ်ပြန်၍ မစောမူ လက်ရာ ပဲပြုတ်နှင့်ထမင်းကြော်ကို ပုံသေအားပေးသည်။ အဲဒါ ပြီးလျှင်တော့ ဆေးခန်းစထိုင်သည်။

ကိုအေးမင်း ဆေးခန်းက လူမစည်ပါ။ တစ်ယောက်တစ်ယောက်ကို နာရီဝက်မှ တစ်နာရီစောင့်ရပါသည်။

"ဆရာက ဆေးမှ မထိုးတာကိုး"

ဆေးကျောင်းသားကလေးတစ်ဦးက ဆရာလုပ်တော့ ကိုအေးမင်း ရယ်နေရသည်။

"ဆေးထိုးမှ ဆိုတဲ့လူက ဆေးထိုးတဲ့ ဆေးခန်းသွားမှာပေါ့ကွာ ဆေးထိုးကြောက်တဲ့လူက ငါ့ဆီလာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကလည်း ဒီမှာဆေးထိုးမှ ဆိုတဲ့လူက များနေတာ သိလျက်နဲ့"

"သိတာနဲ့ ယုံကြည်တာ မတူဘူးကွ၊ ငါက ဆေးရုံတက်ရလောက်အောင် အရေးမကြီးတဲ့လူနာ ဆေးထိုးဖို့လိုတာ သိပ်မရှိဘူးလို့ ယုံကြည်တာ။ ယုံကြည်တာကြီးနဲ့ ဆန့်ကျင်ပြီး လုပ်နေရတော့ ပိုက်ဆံတွေရလည်း ပျော်မှာမှ မဟုတ်တာ"

ဆေးကျောင်းသားကလေး ဘာပြောရမှန်းမသိ။ ခေါင်းသာ ကုတ်နေသည်။

တကယ်လည်း ကိုအေးမင်း အဲသည်အတိုင်း ခံယူထားပါသည်။ ပိုက်ဆံတွေ အများကြီးရသည့် ဆရာဝန်လည်း ရှိမှာပေါ့။ ပိုက်ဆံနည်းနည်းပဲရသည့် ဆရာဝန်လည်း ရှိမှာပေါ့။ ပိုက်ဆံများများရသည့် ဆရာဝန်ထဲ ငါပါမှဖြစ်မည်ဆိုသည့် စိတ်မျိုး ထားမှတော့ ဖြစ်လည်း ပျက်မှာစိုး၍ စိတ်မော၊ မဖြစ်လည်း မဖြစ်သေး၍ စိတ်မော၊ ဘာကောင်းတာ ရှိလို့လဲ။ ပြီးတော့ ပိုက်ဆံတွေ အများကြီးဝင်နေသည့် ဆရာဝန်လည်း အလိုလိုနေရင်း နောက်မဝင်တော့ဘူး ဖြစ်သွားနိုင်သလို မဝင်နေသည့် ဆရာဝန်လည်း ဝင်ချင်ဝင်လာတတ်တာမျိုး။

ကိုယ်စိတ်ချမ်းသာနေလျှင် ပြီးရောပေါ့။

ယခုလည်း သုံးလောက်နေတာပါ။ စာအုပ်ကလေးတောင် မှန်မှန်ဝယ်ဖတ် နိုင်သေးသည်။ ဟော. . . လူနာ အလာကျဲတော့ ဆေးခန်းမှာလည်း စာဖတ်ချိန်ရသေးသည်။ ဘယ်လောက်ကောင်းသလဲ။

ကိစ္စရှိလျှင်လည်း ခဏထွက်သွား၍ ရသေးသည်။ ဆေးခန်းကို ပိတ်စရာ မလို။ သည်မြို့မှာ ဆေးခန်းဖွင့်ချိန်တွေ၊ ပိတ်ချိန်တွေထားလို့ မရ။ ရွာပေါင်းစုံက ယာဉ်ပေါင်းစုံနှင့် လာသောသူတွေက ရောက်ချင်ရာအချိန် ရောက်လာပြီး ပြပြီးသည်နှင့်ပြန်မှာ။ တစ်နေကုန်ဖွင့်၍ ကြိုရသည်။

ခဏထွက်သွား၍ ရသည်ဆိုတာက ဆေးကျောင်းသားကလေးတွေက ဆေးခန်းကို စောင့်စောင့်ထားပေးနေတာကိုး။ ကျောင်းဖွင့်ရက်များတွင်ပင် ကျောင်းမတက်ဘဲ သူ့ဆေးခန်းထဲ လာထိုင်နေသည့် ကျောင်းသားကလေးတွေက တစ်နေ့ကို တစ်ယောက် အနည်းဆုံး ရှိနေတတ်သည်။

ပုံမှန်အရှိတတ်ဆုံးက ဖြိုးဝေ။



www.burmeseclassic.com

www.burmeseclassic.com



(၄)

"ဖြိုးဝေ မတွေ့ပါလားကွ"

အပြင်မှပြန်လာသော ကိုအေးမင်း ဆေးခန်းထဲတွင် စစ်တုရင်ထိုင်ထိုးနေသော ဆေးကျောင်းသားကလေးနှစ်ဦးကို လှမ်းမေးသည်။ ကောင်ကလေးတစ်ဦးက လှည့်မကြည့်ဘဲ ဖြေသည်။

"ကျောင်းသွားတယ်"

"ကျားသားမိုးကြိုး"

ကောင်ကလေးတွေက ရယ်သည်။

"အကောင်းထင်မနေနဲ့ ဆရာ၊ ကျောင်းခေါ်ချိန်မပြည့်လို့ ပါမောက္ခခေါ် တွေ့တာ"

"ဘယ်ပါမောက္ခလဲ"

"ဆရာပဲ ဆရာ့သူငယ်ချင်းဆိုတဲ့ ပါမောက္ခလေ"

ကိုအေးမင်း သက်ပြင်းချမိသည်။

"ဒီကောင်တော့ သေမှာပဲ"

"ဖြိုးဝေလား ဆရာ၊ ဒီကောင့်မှာ အကြောက်တရားမှ မရှိတာ"

"ဖြိုးဝေ မဟုတ်ဘူးကွ၊ ငါ့သူငယ်ချင်း ပါမောက္ခကို ပြောတာ၊ ဒီကောင်က ဒေါသလည်း ထွက်လွယ်တယ်၊ သွေးလည်း တိုးတတ်တယ်၊ မင်းတို့လိုကောင်တွေလည်း အုပ်ချုပ်နေရသေးတယ်။ ဆေးပညာ ငါ့ထက် အများကြီးတတ်ပြီး ငါ့လို အေးအေးဆေးဆေး မနေရရှာဘူး။ ဒါနဲ့ပဲ သေမှာပဲ"

ဆေးကျောင်းသားကလေးက ရယ်သည်။

"ဖြိုးဝေ ဆိုတဲ့ကောင်က အဆူခံပြီး ပြန်လာမယ့်ကောင်ပါ ဆရာရယ် ကျောင်းဆက်တက်နေမှာမှ မဟုတ်တာ၊ ပြန်လာမှ ဗျူးပေါ့"

"အေးလေ"

(၅)

"အလကားပါ ဆရာရယ်၊ ရစ်နေတာ၊ နိုင်ငံခြားမှာ သူငယ်တန်းတောင် Attendance မခေါ်ဘူး"

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com


ဖြိုးဝေက စလွယ်သိုင်းထားသောအိတ်ကို စားပွဲပေါ် ချ၍ ပြောသည်။

"မင်း ဘယ်သူပြောလဲ"

"ဘာကိုလဲ ဆရာ"

"နိုင်ငံခြားမှာ သူငယ်တန်းတောင် Attendance မခေါ်ဘူး ဆိုတာလေ၊ မင်းဟိုမှာ အသိတွေ၊ အမျိုးတွေရှိလို့လား"

"မရှိပါဘူး ဆရာရဲ့၊ ဒီလိုပဲ သူငယ်ချင်းတွေပြောတာပဲ"

"အဲဒီကောင်တွေရော အမျိုးရှိလို့လား"

ဖြိုးဝေက ကျွတ်ခနဲ မြည်တမ်းသည်။

"ပါမောက္ခ ရစ်ရတဲ့ကြားက ဆရာကပါ ရစ်နေပြန်ပြီ။ ဘာလို့လဲ၊ ကျွန်တော် ပြောတာ မဟုတ်လို့လား"

"မသိဘူးလေ. . ငါမှ နိုင်ငံခြား မရောက်ဖူးတာ၊ ရစ်တာ မဟုတ်ပါဘူးကွာ၊ တကယ်မသိလို့ မေးတာပါ၊ တကယ်တော့ ပါမောက္ခလည်း ရစ်တာ မဟုတ်ဘူး၊ သူ့အလုပ် သူ လုပ်တာပဲ၊ ကိုယ့်အလုပ် ကိုယ် မလုပ်တာက မင်း မဟုတ်ဘူးလား"

ဖြိုးဝေက သက်ပြင်းချ၍ ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်သည်။

"အဖေတို့ အမေတို့ပေါ့ ဆရာရယ်၊ ဒီကျောင်းကြီး အတင်းတက်ခိုင်းလို့ အဲဒီလိုမှန်းသိရင် ကျွန်တော် ၁၀ တန်း လျှော့ဖြေပါတယ်"

"နို့ဆေးကျောင်းတက်တာပဲ၊ နောက်ဆုံးနှစ် အပိုင်း(က) ရောက်နေပြီး၊ ရှေ့အတန်းတွေတုန်းကကျတော့ ဘာလို့လျှော့မဖြေခဲ့တုန်း"

သူငယ်ချင်းနှစ်ယောက် ဝိုင်းရယ်ကြတော့ ဖြိုးဝေက မျက်စောင်းထိုးသည်။ ဒီကောင်တွေ ဝိုင်းဆွယ်တာလေ။ ဆက်တက်ရအောင်တဲ့ဟု ဆိုသည်။

ရည်ရွယ်ချက် ကြီးမားပါပေ့ကွာ ဟုပြော၍ ကိုအေးမင်း ရယ်သည်။

"ဆရာ"

"ဟေ"

"ဆရာသာ ကျွန်တော့်နေရာမှာဆို ဘာလုပ်မလဲ"

"တစ်ခုခုပေါ့ကွာ"

"ဟာ. . . ဆရာကလည်း"

"ဟုတ်တယ်လေ၊ ဆက်တက်မယ်ဆိုရင်လည်း ပီပြင်အောင်တက်၊


www.burmeseclassic.com

www.burmeseclassic.com



တကယ် ဝါသနာမပါဘူးဆိုရင်လည်း မိဘကို ကိုယ်ဝါသနာပါတာ ပြောပြပြီး ညှိပေါ့၊ အဲဒါ တစ်ခုခုလုပ်မှပေါ့။ နို့ မင်းက ဘာဝါသနာပါတာတုန်း"

ဖြိုးဝေက ခေါင်းကုတ်၍ ဘာမှဝါသနာမပါဘူးဟု ဖြေသည်၊ သူငယ်ချင်းတွေက ဂိမ်းဆိုင်သွားတာ၊ ကာရာအိုကေသွားဆိုတာ၊ လက်ဖက်ရည်ဆိုင် ထိုင်တာဟု ဝိုင်းစကြသည်။

"ဒါဆိုလည်း မိဘတွေက မလွှန်ပြန်ဘူး။ နောက်ဆုံးတော့ လွှန်တဲ့လူမင်းတစ်ယောက်တည်း ကျန်ပါလား ဖြိုးဝေရာ"

ဖြိုးဝေ ခေါင်းဆက်ကုတ်နေဆဲ။

(၆)

နေ့လယ်ပိုင်းကျတော့ ဆေးကျောင်းသားကလေးတစ်သိုက်ကို ဆေးခန်း စောင့်ထားခဲ့၍ ကိုအေးမင်း အိမ်ပြန်ထမင်းစားသည်။ ယောက္ခထီးကို သွေးပေါင်ချိန်ပေးသည်။

ရပ်ကွက်ကထိန်အစည်းအဝေး ခဏဝင်တက်သည်။

ဆေးခန်းပြန်လာတော့ မောင်မိုးမြင့် စောင့်နေတာ တွေ့ရသည်၊ လူနာ မဟုတ်ပါ။ ဆရာဝန်ပါပဲ။ မကွေးဆေးတက္ကသိုလ် စတက်ကတည်းက ကိုအေးမင်းဆီ ဝင်ထွက်နေခဲ့သော လူငယ်ကလေး။ ယခုတော့ ဒေါက်တာ မိုးမြင့် ပေါ့။

"ဟာ. . . မိုးမြင့်၊ မကွေး ရောက်နေတာလား"

"ခဏလာတာ ဆရာ၊ ဆမ သင်တန်းတစ်လပဲ"

ကိုအေးမင်း ပစ္စည်းတွေချရင်းက မျက်ခုံးပင့်မိသည်။

"ဟေ. . . မင်းပြောတော့ အလုပ်ဝင်မယ်ဆို"

"စဉ်းစားတုန်းပါပဲ ဆရာရယ်"

ကိုအေးမင်း မိုးမြင့်ကို ထိုင်စရာနေရာပြရင်းက သူ ပါထိုင်မိသည်၊

"ဘာတွေ စဉ်းစားနေတာတုန်းဟ"

"အစုံပါပဲ ဆရာရယ်၊ ရှေ့အလားအလာတွေပေါ့"

"ဆရာဝန် ဖြစ်နေမှပဲကွာ၊ အလားအလာက သိပ်မည့်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်က ရယ်သည်။

"ဆရာကတော့ အမြဲတမ်းအေးဆေးပဲနော်၊ ကျွန်တော်တို့အရွယ်တုန်းကရော ဆရာ ဒီလိုပဲ အေးဆေးပဲလား"

ပခုံးတွန့်ပြမိသည်။

"ပူနေလည်း ဖြစ်ချင်မှ ဖြစ်တာမျိုးကွ၊ ငါလည်း ငါ့အတန်းမှာတော့ တော်တော် စာတော်ခဲ့ဖူးတာပဲ၊ အခု ပါမောက္ခ ဖြစ်နေတဲ့ သူငယ်ချင်းတွေထဲမှာ ကျောင်းတုန်းက ငါ စာသင်ပေးခဲ့ရဖူးတဲ့ကောင်တွေ ပါတယ်၊ အခုတော့လည်း ကိုယ်မနိုင်တာ၊ မတတ်တာ သူတို့ မေးနေရပြီပေါ့"

မိုးမြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဆရာ စိတ်မညစ်ဘူးလား"

ခေါင်းခါပြလိုက်သည်။

"ဘယ်သူက ကံကောင်းလိုက်တာလဲ မင်းသိလို့လား၊ ငါ့ဘဝက အခု မင်း မြင်တဲ့အတိုင်း အေးဆေးပဲ၊ လုပ်ချင်တဲ့အလုပ်ကို လုပ်ချင်တဲ့အချိန်မှာ အေးအေး ဆေးဆေးလုပ်တယ်၊ ငါ့သူငယ်ချင်း မင်း ဆရာတွေ၊ ဘွဲ့တွေ အများကြီး ယူထားတဲ့ ကောင်တွေဘဝ မင်း မြင်တဲ့အတိုင်းပဲ။ မော့ကြည့်တော့ အမြင့်ကြီးထင်ရတာ၊ ဝင်ကြည့်ရင် ကျပ်ညပ်နေတဲ့ ဘဝမျိုးတွေကွ"

မိုးမြင့် အတန်ကြာအောင် တိတ်ဆိတ်နေသည်။

"နို့ မင်းက ဘာရှေ့အလားအလာတွေ စဉ်းစားနေတာလဲ"

မိုးမြင့်က သက်ပြင်းချသည်။

"အလုပ်ဝင်ရင် နေရာကောင်းကောင်းရဖို့ ဘယ်လောက် သေချာလဲ၊ ဘွဲ့လွန် အောင်ဖို့ကရော ဘယ်လောက် ရာခိုင်နှုန်းရှိလဲ၊ နိုင်ငံခြားသွားရဖို့ အခွင့်အရေး ရှိ၊ မရှိ။ အဲဒါမျိုးတွေပေါ့ ဆရာရယ်၊ ဒီအတိုင်းသွားလိုက်တဲ့ကောင်တွေက ရောက်နေပြီ"

"သူတို့ရော အဆင်ပြေကြလို့လား"

"သူတို့လည်း အမျိုးမျိုးပါပဲ ဆရာရယ်၊ အများစုကတော့ ဒီမှာထက် အဆင်ပြေကြပုံပဲ၊ ဒါပေမဲ့ ပျော်နေကြပုံတော့လည်း မပေါက်ဘူး"

ကိုအေးမင်းက ရယ်သည်။

"လုပ်လို့ရတာ အရင်လုပ်ပေါ့ ငါ့လူရာ၊ ကျန်တာ ဒုက္ခထား



www.burmeseclassic.com

www.burmeseclassic.com



အခုလုပ်လို့ ရတဲ့ သေချာတဲ့ဟာကို အရင်လုပ်"

"ဘာလဲ ဆရာ"

"ဆေးကုလေကွာ၊ ဆရာဝန် ဖြစ်ပြီပဲ၊ ဆေးကုပေါ့။ ကျန်တာတွေက နောက် ဖြစ်လာချင်လည်း လာမယ်၊ မလာချင်လည်း မလာဘူး၊ အေး. . . ဆေးကတော့ ကုလို့ရတယ်၊ ကုသာကု။ ငါက ဂျီပီဆိုတော့ နှာစေးချောင်းဆိုး လေးတွေ ကုမယ်။ မင်းတို့က လက်ထောက်ဆရာဝန် လုပ်ရင်တော့ အသေအကျေ အသက်လုရမယ့် ဟာမျိုးတွေချ၊ ဟ. . . ကြည့်စမ်း အခုတောင် မင်းတို့က ငါ့ထက်သာချင်ချင် ဖြစ်နေပြီ"

မိုးမြင့် ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

(၃)

ညနေ ၅ နာရီလောက်တွင် မစောမူနှင့် ကလေးနှစ်ယောက် ဝင်လာသည်။ ဘာမျှအကြောင်းထူးကိစ္စရှိ၍ မဟုတ်။ ကလေးတွေ ညနေကျောင်းပြီး ကျူရှင်ပြီးချိန်တွင် ဝင်လာနေကျ ဖြစ်သည်။

သားတို့ကျောင်းမှာ ဒီနေ့ ဘာထူးသေးလဲ၊ ဘာမှမထူး။ ဆရာမက အိမ်စာ မပြီး၍ဆူ။ ဖုန်းလာသေးလား၊ အစ်ကို့အဖေ ဆက်တယ်။ ကလေးတွေ နေကောင်းရဲ့လား၊ ရွှေစက်တော်ရာသီကျရင် လာဖို့ကြိုးစားနေတယ်။

ဒီလောက်ပါပဲ။

ပြီးတော့ ညနေတိုင်း ကိုအေးမင်း မပျက်မကွက်အားပေးတတ်သည့် ဆီရွှဲရွှဲ ဆမ်းထားသော လက်ဖက်သုပ်ကို ထမင်းဘူးကလေးနှင့် ထားခဲ့၍ မစောမူ ပြန်မည်။ ကလေးတွေက ဖေဖေကြီး တာ့တာ။

အဲသည်အချိန်လောက်မှာ လူနာနည်းနည်းစည်မည်။ ည ၇ နာရီ လောက် အထိပေါ့။ ပြီးလျှင် ဆေးကျောင်းသားကလေးတွေ စည်မည်။ တစ်ယောက်တစ်ပေါက် ပြောကြ၊ ရယ်ကြ၊ သူတို့ဆီက ကြားရသမျှ ကိုအေးမင်း အတွက် စိတ်ဝင်စားစရာတွေ ချည်းသာပါ။

သည်နေ့တော့ သူတို့ ဆရာကလေးတစ်ဦးပါ ပါလာသည်။

ကိုမြတ်စိုး လက်ထောက်ကထိက (ဆေးပညာ)။

**နေရီရီ**

www.burmeseclassic.com

www.burmeseclassic.com


(၈)

"အစ်ကို့ လာနှုတ်ဆက်တာ"

"ခွင့်လား၊ တီဂျူတီ (ယာယီတာဝန်)လား ညီလေး"

ကိုမြတ်စိုးက ရယ်သည်။ ဆေးကျောင်းသားကလေးတွေဘက် ငဲ့ကြည့်၍ တိုးတိုးဖြေသည်။

"လစ်တော့မလို့ဗျ၊ တိုး တိုး"

ကိုအေးမင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဘာတွေဖြစ်လို့လဲ ညီ"

သက်ပြင်းချ၍ ခေါင်းယမ်းသည်။

"ကျွန်တော်က ပတ်ဝမ်းအောင်ထားပြီး ပတ်တူးသွားမလို့ စောင့်နေတာ အစ်ကို သိသားပဲ၊ အင်္ဂလိပ်စာ ကိစ္စရော၊ ယူကေဗီဇာ ကိစ္စတွေရောက ဒီက ဘယ်လိုမှ ပြေလည်အောင် စီစဉ်လို့ မရတော့ဘူး။ လောလောဆယ် အော်ဇီက အစ်ကိုဆီ လစ်ပြီး အဲဒီက ပြန်ကြိုးစားမလို့"

သည်တစ်ခါတော့ ကိုအေးမင်း အာစေးမိသွားပါသည်။

"မင်း အမ်အာစီပီ(တော်ဝင်သမားတော်ဘွဲ့)ရတော့ ဘယ်လိုလုပ် ပြန်လာမလဲ"

ကိုမြတ်စိုးက တိုးတိုးရယ်သည်။

"အစ်ကိုကလည်း လစ်မှတော့ ဘယ်ပြန်လာပါ့မလဲ"

"မိဘတွေရော တိုင်ပင်ပြီးပြီလား"

ခေါင်းညိတ်ပြသည်။

"သူတို့ကတော့ ဘယ်သွားစေချင်မလဲ၊ လိုက်လာလို့မှ မရတာ၊ မိန်းမနဲ့ ကလေးတွေတော့ ဖြည်းဖြည်းချင်း ခေါ်ရမှာပေါ့၊ မတတ်နိုင်ဘူးလေ၊ အမ်အာစီပီ ဆိုတာ ဘဝပဲ။ လက်လွှတ်တော့ မခံနိုင်ဘူး။ အစ်ကို့သာ လာနှုတ်ဆက်တာ၊ ကလေးတွေ မသိပါစေနဲ့"

"အေးပါကွာ"

ကိုမြတ်စိုးက ဆေးကျောင်းသားကလေးတွေ၏ စစ်တုရင်ဝိုင်းတွင် ဟိုဟာရွှေ့၊ သည်ဟာရွှေ့ ဟန်ဆောင်ပန်ဆောင် အကြံပေး၍ ထွက်ခွာသွားသည်။

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကျောပြင်ကိုကြည့်၍ ကိုအေးမင်း သက်ပြင်းချသည်။

အမ်အာစီပီက ဘဝဆိုတော့ ကိုယ့်နိုင်ငံမှာ ကိုယ့်ဆွေမျိုး မိတ်သင်္ဂဟတွေနဲ့ နေရတဲ့ ဘဝကရော အမ်အာစီပီအတွက် စတေးပစ်ရတာ တန်လို့လား ငါ့ညီရာ. . . ဟု တိုးတိုးရေရွတ်မိသည်။

အထူးကုဆရာဝန် မဖြစ်သေးသူက ဖြစ်ချင်၍ ဖြစ်ပြီးသူက ပို၍ ဖြစ်ချင်၍ အင်းလေ. . . ငါ့ဘဝပဲ ကောင်းပါတယ်။ ရိုးရိုးကု ဆရာဝန်ပေါ့ဟုလည်း တွေးမိပြန် သည်။

(၉)

ဆေးခန်းပိတ်တော့ မှောင်ပြီ။

ဆေးခန်းကိုသော့ခတ်ရင်း သူ့ဆိုင်ကယ်ကလေးကို သူလှမ်းကြည့်မိသည်။ ဘေးကရပ်ထားသော ဆေးကျောင်းသားကလေးများ၏ သစ်လွင်တောက်ပသော မော်ဒယ်မြင့်ဆိုင်ကယ်များကြားတွင် သူ့ဆိုင်ကယ်တစ်ပတ်နွမ်းက ဆိုင်ကယ်ထက် ဆိုက်ကားနှင့် ပို၍ တူနေသည်။

တူပါစေလေ၊ ဆိုင်ကယ်ဆိုတာ လှဖို့မလို၊ စီးဖို့ပဲဥစ္စာ။

ဒူးက နည်းနည်းပြန်နာသည်။

ကိစ္စမရှိ၊ အိမ်ကျလျှင် မစောမူ ဆီးတိုက်သော သံပရာရည်နှင့် ဆေးတစ်လုံး သောက်လိုက်လျှင် ပြေလည်မည်။

တဲ. . .

ပြန်။

မနက်လည်း ဘုရားတက်ရဦးမည်။

စရဏ

၂၀၁၀၊ ဇန်နဝါရီ

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးစာမေးပွဲ

(၁)

ဘဝမှာ ကိုယ့်လောက်စာမေးပွဲ ဖြေဖူးသူရှိခဲ့လျှင်တောင် တော်တော်တော့ ရှားမည်ဟု ဒေါက်တာအောင်ကျော် တွေးမိသည်။

ကျခဲ့သည့် စာမေးပွဲတွေလည်း အများကြီး။

အောင်ခဲ့သည့် စာမေးပွဲတွေလည်း အများကြီး။

သည်လောက် စာမေးပွဲပါးဝနေတာတောင် စာမေးပွဲတစ်ခုဖြေဖို့ စောစောစီးစီးကတည်းက လုံလောက်စွာ စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့သည်ဟု တစ်ခါမှ မရှိခဲ့စဖူး။ တကယ်ဖြေရတော့မည်ဆိုမှပဲ နေ့မီး၊ ညမီးနှင့် ဝုန်းဒိုင်းကျဲရတာချည်းသာ။

သူ့ကို စာမေးပွဲဖြေရတာ ပျော်နေသည်ဟု လူငယ်တွေက ထင်တတ်ကြသည်။ တကယ်တော့ စာမေးပွဲဖြေရတာ တစ်ခါမှ သူ မပျော်ပါ။ လုပ်စရာအလုပ်တစ်ခုကို လုပ်ချိန်တန်လျှင် ရှောင်လွှဲမသွားတတ်သော သူ့ဝသီကြောင့် စာမေးပွဲတွေ တစ်ခုပြီးတစ်ခု ဖြေနေရခြင်းဖြစ်ပါသည်။

တကယ်တော့ စာမေးပွဲဖြေတာကလွဲလျှင် သူ လုပ်ရတာ ပျော်သောအလုပ်တွေက အများကြီး။ ငယ်စဉ်ကဆိုလျှင် ရုပ်ရှင်ကိုရုံမှာသွားတန်းစီကြည့်ရတာကိုလည်း သူ ပျော်သည်။ အပေါင်းအသင်းတွေနှင့် ခရီးသွားရတာကိုလည်း သူ ပျော်သည်။ အတန်းပညာနှင့် လုံးလုံးမသက်ဆိုင်လျှင် ဘာစာဖတ်ရဖတ်ရ သူ ပျော်သည်။ နည်းနည်း အရွယ်ရလာ၊ တီဗွီပေါ်လာတော့ တီဗွီရှေ့ထိုင်ရတာကို သူ ပျော်သည်။ နောက်ပိုင်း ကွန်ပျူတာရှေ့၊



www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်ရှေ့ထိုင်ရတာ ပျော်သည်။ အိမ်ထောင်ကျပြီး တာဝန်အရ မိသားစုနှင့် ခွဲနေရသည့်အချိန်က-အတူနေရသည့်အချိန်ထက် ပိုများတော့ မိသားစုနှင့်နေရတာကို သူ ပျော်သည်။

စာမေးပွဲဖြေရန် ပြင်ဆင်ရတာကလွဲလျှင် ဘာလုပ်လုပ် ပျော်နေတတ်သူ။ ဘဝမှာ အသက် ၄၀ ကျော်သည်အထိ စာမေးပွဲတွေ ဖြေမဆုံးနိုင်ဖြစ်ခဲ့ရတာက လောကကြီး တော်တော် မတရားဟု သူ ထင်သည်။

ဘွဲ့တွေ အများကြီးရသော ခွဲစိတ်ဆရာဝန်ကြီးတစ်ဦးဘဝကို လူတကာက အားကျနေကြချိန်တွင် ဒေါက်တာအောင်ကျော်က ထိုဘွဲ့တွေအများကြီးရဖို့အတွက် သူ မပျော်ဘဲ ဖြေလိုက်ရသည့်စာမေးပွဲတွေကိုသာ သတိရနေမိသည်။

လူ့ဘဝဆိုတာ ဒီထက်တော့ ပျော်ပျော်ကလေးနေလိုက်ရပြီး ကုန်သွားခဲ့ဖို့ ကောင်းတာပေါ့။

စာမေးပွဲ တစ်ခါဖြေပြီးတိုင်း ဖြေပြီးတိုင်းလည်း တော်ပြီ. . . နောက်ဆို ငါ ဘာစာမေးပွဲမှ မဖြေတော့ဘူး။ ရာထူးမတက်ချင် နေပါစေတော့ဟု အကြိမ်ကြိမ် ဆုံးဖြတ်မိခဲ့သည်ချည်းသာ ဖြစ်သည်။ ပြီးတော့လည်း အချိန်တန်တော့ မဖြေမဖြစ် စာမေးပွဲတစ်ခုက ပေါ်လာခဲ့သည်ချည်းသာ။

အသက် ၄၅ နှစ်တွင် ခွဲစိတ်ပါရဂူဘွဲ့ရပြီးချိန်တွင်တော့ တကယ့်ကို ဘာစာမေးပွဲမှ ဖြေစရာမရှိတော့ဟု စိတ်ကို ဒုံးဒုံးချလိုက်သည့်နောက်ပိုင်း ၁၀ နှစ် လုံးလုံး ဘဝကအေးချမ်းလို့။

အသက် ၅၅ နှစ် ကျတော့မှ နောက်ဆုံးစာမေးပွဲတစ်ခု ရှိနေတာကို ဗြုန်းစားကြီး သတိထားမိတော့သည်။

(၂)

ငှံ့၍ခွဲနေလျှင် ခါးက ခဏခဏကိုက်နေသည်ကို သတိထားမိသည်မှာ တော်တော်ကြာပြီ။ အထူးသဖြင့် ခြေနှင့်ဆိုင်သော ခွဲစိတ်မှုမျိုးကြာကြာခွဲရသည့် အခါမျိုးတွင် မခံမရပ်နိုင်အောင် ကိုက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျိုးပေါင်းတက်တာ နေမှာပေါ့ ဆရာကျော်ရယ်"

မေ့ဆေးဆရာဝန်ကြီးက ထင်မြင်ချက်ပေးသည်။

"ရက်စက်ပ့ါ ဆရာရယ်၊ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ငယ်ငယ်တလေးပဲ ထင်နေတာ"

ရယ်ရွှမ်းပတ်ရွှမ်းနှင့် ပြန်ချေပမိသည်။ တကယ်တော့ အရိုးကျိုးပေါင်းတက်သည်ဆိုသည်မှာ တော်တော်ကြီးမှ ဖြစ်နိုင်သည်ဟု သူ ခံယူထားသည်။

"ခွဲစိတ်ဆရာဝန်ဆိုတာ လူသာငယ်လျှင် ငယ်မယ်၊ ခါးက အိုတာမြန်နိုင်တယ်ဗျ၊ တစ်ချိန်လုံး ကုန်းခွဲနေရတာ၊ ခင်ဗျား ဓာတ်မှန်တော့ ရိုက်ကြည့်သင့်တယ်"

"ဓာတ်မှန်ဘာလုပ်မှာလဲ ဆရာကျော်ရဲ့၊ အမ်အာရ်အိုင် (MRI) ရိုက်ပါလား၊ ပီအိုင်ဒီ (PID) ဆိုရင် (MRI )ကမှပေါ်တာ"

ခွဲစိတ်ခန်းပေါက်မှ ခေါင်းပြူ၍ မီးယပ်သားဖွား ဆရာဝန်မမကဝင်အကြံပေးသည်။ ပီအိုင်ဒီဆိုတာကလည်း ကျောရိုးဆစ်နှစ်ခုကြားမှ အရိုးနုပြားလေး ကျွံထွက်တာ၊ အလေးချိန် သိပ်များတဲ့လူတွေမှ ဖြစ်တာပါပဲ။ ငါ ဒီလောက် မဝအောင် ထိန်းထားနိုင်ခဲ့တာ အဲဒါတော့ ဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။

အင်း ဓာတ်မှန်တော့ ရိုက်လိုက်မှ။

(၃)

ကင်ဆာတဲ့။

အစာလမ်းကြောင်း တစ်နေရာရာက လာသတဲ့။ အခု အရိုးကိုပြန့်နေတာတဲ့။

ဘုရားရေ. . .။

ငါ မကြာခင် သေရတော့မှာတဲ့လား။

ဆရာဝန်၊ ဆရာဝန်ချင်း လူနာပြန်လုပ်ရသောအခါ သူငယ်ချင်းဆရာဝန်များက သူ့ကို အဖြေမှန် ပြောမပြဘဲ ကြာကြာ မဖုံးကွယ်နိုင်။

သိရသောအခါတွင်လည်း သူ အရှုးမီးဝိုင်း ဆောက်တည်ရာမရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။ ပိုဆိုးသည်က ဇနီးနှင့် သားသမီးများကလည်း သူ့ကို ဖေး နှစ်သိမ့်နိုင်ဖို့ နေနေသာသာ။ သူတို့ကိုယ်တိုင်ပင် အရှုံးမီးဝိုင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြသည်။

"နိုင်ငံခြား သွားကုရမလား"

"သူငယ်ချင်း သဘောပဲ၊ ကြိုးစားတာကတော့ အရှုံးမရှိပါဘူး"

ဘုရား. . .။

သည်အဖြေက သိပ်ပြီး အားတတ်သရောမရှိ။ ကုသပေးနေသည့် ဆရာဝန် ကိုယ်တိုင်က သူ့အပေါ်မှာ မျှော်လင့်ချက် သိပ်ထားနိုင်ပုံမပေါ်။

ဒါ စာမေးပွဲကျတာပါပဲ။

ရက်ပိုင်း၊ အလွန်ဆုံး လပိုင်းလောက် ကုသမှုခံလိုက်ရလျှင် ကောင်း သွားမည်ဟု ယူဆထားခဲ့မိသော ခါးနာဝေဒနာ၊ ယခုတော့ကုသ၍ မပျောက် သည့်အပြင် အသက်ကိုပါ မလွှဲမသွေသိမ်းပိုက်တော့မည်တဲ့။ ရှုံးပြီ။

နေပါဦး။ ငါ ခါတိုင်းလည်း စာမေးပွဲ အကြိမ်ကြိမ်ကျခဲ့၊ ရှုံးခဲ့ဖူးတာပဲ။

ခါတိုင်း စာမေးပွဲကျရင် ငါ ဘယ်လောက်ကြာကြာ ကြေကွဲခဲ့လို့လဲ။ လူးလဲထပြီး နောက်တစ်ခါ ပြန်ဖြေဖို့ ပြင်ဆင်တာပဲ မဟုတ်လား။

သည်တစ်ခါရော အဲ့သည့်အတိုင်းလုပ်ရင် မရနိုင်ဘူးလား။

သေရမည့် ရောဂါတစ်ခု မိမိကိုယ်ထဲ ရောက်နေသည်။ အဲ့သည် ရောဂါ ကို အမြစ်ပြတ်မောင်းထုတ်ချင်သည်။ နည်းလမ်းတွေ စဉ်းစားလိုက်တော့ သိပ် မရေရာ။ သည့်ထက် သေချာရေရာပြီး အကျိုးအမြတ်ရှိမည့်ကိစ္စကို ဘာကိုမှ မလုပ်လိုက်ရဘဲ ရှိစုမဲ့စုကျန်နေသည့် အချိန်ကလေး ကုန်ဆုံးသွားဖို့ ရှိသည်။

တော်ပြီ။

အဲဒီစာမေးပွဲ ငါ မဖြေကြည့်တော့ဘူး။

ငါ သေသွားတဲ့အချိန်မှာ ရှင်ကျန်နေခဲ့တဲ့ လူတွေလည်း အချိန်တန် ရင် အားလုံးသေကြရဦးမှာပဲ။ ငါလည်း ခုတစ်ခေါက်ရှင်ရင် နောက်တစ်ခေါက် မှာ နောက်ရောဂါတစ်ခုနဲ့ သေဦးမှာပဲ။ သေမင်းနဲ့ ယှဉ်ပြိုင်ပြီးနိုင်အောင် စာမေးပွဲဖြေဖို့ဆိုရင် တော့ ရှုံးရာကျတော့မယ်။

အဆင်သင့်အနေအထားနှင့် သေနိုင်ဖို့။

စာမေးပွဲလိုပေါ့။

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com



လုံလောက်သော ပြင်ဆင်မှုများနှင့် စာမေးပွဲခန်းကို ဝင်ခဲ့သလို လုံလောက်သောပြင်ဆင်မှုများနှင့် သေခြင်းတရားကို ရင်ဆိုင်ဖို့၊ ဒါက နည်းနည်းနီးစပ်မည်။ ယုတ္တိတန်မည်။

လုပ်စရာရှိသည့်အလုပ်တွေကို ဇယားတွက်ချက်ကြည့်သည့်အခါ ကျတော့ ခါတိုင်းစာမေးပွဲတွေ ဖြေခဲ့သလိုပင်။ လုံလောက်သော ကြိုတင် ပြင်ဆင်ချိန် သူ့မှာ မရှိတော့ကြောင်း အလန့်တကြား တွေ့ရလေသည်။

(၄)

သားနှင့်သမီးက ကျောင်းမပြီးသေး။ အိမ်ထောင် မကျသေး။

ထားလိုက်တော့။ ထားလိုက်တော့။

အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေ တက်နေတာပဲ၊ ကျောင်းပြီး သည့်အထိ ဆက်ထားနိုင်ဖို့အတွက်တော့ သူ့ဇနီးမှာ လုံလောက်သော အင်အား၊ စိတ်ဓာတ်နှင့် ဉာဏ်ရည်ရှိသည်။ အဲ့သည့်ဉာဏ်ရည်ကို သတိပြုမိ၍ သာ ဇနီးသည်ကို ငယ်စဉ်က သူ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ဒါအတွက် ပူစရာ မလို။

လိုတော့ရော ဘာတတ်နိုင်မှာတဲ့လဲ။

သားနှင့်သမီး ကျောင်းပြီးသည်အထိ သူ့အသက်ကို ဆွဲဆန့်၍မှ မရတာ။ ထားလိုက်၊ ထားသာ ထားလိုက်တော့။

ကိုယ့်ကိုယ်ကိုယ် အတွက်ရော။

သေခြင်းတရားကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်ဖို့ ဘယ်လောက် အဆင်သင့် ဖြစ်နေပြီလဲ။

သင်ခန်းစာတွေ ကြေလို့လား။

ခေါင်းကိုသာ ယမ်းမိသည်။

တော်ပါသေးရဲ့၊ မိရိုးဖလာထက် ပို၍ သဒ္ဒါတရားထက်သန်သော ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်နေခဲ့လို့။

သည်စာမေးပွဲအတွက် စာမကျက်ရသေးပေမဲ့ အဲသည့်စာတွေ ဘယ်က ရှာကျက်ရမည်ဆိုတာတော့ သူသိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၅)

ဇနီးသည်က သူ့ကို သွေးရူးသွေးတန်း ဖြစ်နေသည် ဟုထင်သည်။ သူငယ်ချင်းဆရာဝန်ကြီးများကို တိုင်ပင်သည်။

ကောင်ဆယ်လင်း (Counselling) နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း အတွက် ဘယ်ဆရာဝန်ကို အားကိုးရမလဲဟု။ သူငယ်ချင်း ဆရာဝန်များက ခေါင်းကုတ်သည်။ သူတို့အမြင်တွင် အောင်ကျော်သည် ရောဂါကို ရင်ဆိုင်ရာ တွင် သူ ကိုယ်တိုင် လူနာဖြစ်နေလင့်ကစား ဆရာဝန်များထက်ပင် သွေးအေး နေသည်။

ရက်ချိန်း မှန်မှန်လာသည်။ ကုသမှု မှန်မှန်ခံယူသည်။ လာပြီးလျှင် တော့ ချက်ချင်း ထပြန်သည်။ တတ်နိုင်သမျှတော့ ခဏခဏ မလာဘဲနေချင် ကြောင်း ပြောင်ပြောသည်။

လမ်းမှန်မှန် လျှောက်နေသေးသည်။ အစားအသောက် မပျက်။ ဟိုဟာ စမ်းကြည့်ရအောင်၊ ဒီဟာစမ်းကြည့်ရအောင်ဆိုလျှင်တော့ 'နိုး'ပဲ။ ပိစပ်ဆူလာနဖာ၊ ယတြာ၊ အကြားအမြင် အကုန်ငြင်းသည်။

ခိုင်မာစွာ သက်သေမပြနိုင်သော မျှော်လင့်ချက်များအတွက် သူ့မှာအချိန် မရှိ။

အားသည်နှင့် ကက်ဆက်နား သွားထိုင်သည်။ မီးမလာလျှင် ဓာတ်ခဲ နှင့် ဖွင့်သည်။

အရှင်ဉာဏိဿရ၊ အရှင်ဇဝန၊ အရှင်ဆေကိန္ဒ၊ အရှင်ဆန္ဒာမိက၊ အရှင်ပညိဿရ ထွက်ထွက်သမျှသော တရားခွေတွေကို ဝါးစားပစ်သလို နားထောင်သည်။ တရားစာအုပ်တွေ ဖတ်သည်။

သည်အထဲကနေ ငြိမ်းချမ်းစွာသေဖို့ နည်းလမ်းကောင်းတွေကို တွေ့ရမည် ဟု သူ ယုံကြည်ထားသည်။

တစ်နေ့ တစ်နာရီခန့် တရားမှတ်သည်။ မထိုင်နိုင်ပါ။ လှဲ၍ မှတ် သည်။

တရားမှတ်သည်ဆိုတာထက် သေနည်း လေ့ကျင့်နေသည်ဆိုလျှင် ပို၍ မှန်မည်ထင်သည်။ ဖြစ်ပျက်ကို မြင်အောင်ရှု၍ မရ၊ ဝေဒနာကိုပဲ စိတ်စွဲနေသည်။ မျက်လုံးတွေ မှိတ်ယောင်နေအောင် အမြဲပိုနေကြသည့် ဇနီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးမျက်နှာကို အာရုံထဲက ထုတ်၍ မရ။

ကိုင်း မတတ်နိုင်ပါဘူး။ သေနည်းသာ လေ့ကျင့်။ မေတ္တာကို ဇူးစူးစိုက်စိုက် ပွားကြည့်သည်။ ပြီးတော့ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ။ အာရုံတွေ လွင့်သွားသည်။ ကိုင်း မဖြတ်တတ်တာမှတ်။

(၆)

ရောဂါက ရင့်လာတော့ လမ်းမလျှောက်နိုင်တော့။ အိပ်ရာထဲက ထတာတောင် လူတွဲထရသည်။ ဒါကရုပ်။

ရုပ်ယိုယွင်းနေတာ။ အဲသည့်ယိုယွင်းနေသည့် ရုပ်တွေထဲမှာ မကြာခင် ဦးနှောက်နှင့် အသိတရားပါ သွားပေတော့မည်။

ဘုရားရေ. . သင်ခန်းစာတွေက မကျေညက်သေးပါလား။ ထားလိုက် ထားလိုက်။

အရင်စာမေးပွဲတွေ ဖြေခဲ့တုန်းကရော သင်ခန်းစာတွေအားလုံး ကိုယ့်စိတ်ကြိုက် ကြေညက်ပြီးမှ ဖြေခဲ့ရသည့်စာမေးပွဲ ဘယ်နှစ်ခါများ ရှိခဲ့ဖူး လို့လဲ။ အဲသည့် စာမေးပွဲဖြေသူ အားလုံးထဲက သင်ခန်းစာအပြီးဆုံး၊ အပေါ်ဆုံး သုံးပုံတစ်ပုံလောက် ထဲမှာပါရင်ကို အောင်လာခဲ့တာ မဟုတ်လား။

သည်တစ်ခါလည်း သည်လိုပဲပေါ့။ ပြီးမှာ မဟုတ်ဘူးဆိုပြီး စိတ်လျှော့ လိုက်မှ စာမေးပွဲက ကျတော့မည်။ သည်တစ်ခါကျလျှင် ခါတိုင်းနှင့်မတူတာက နောက်တစ်ခါလည်း ပြန်ဖြေခွင့်ရတော့မှာမဟုတ်။ ရသလောက်နှင့် ဖြေ၊ ဒါပဲ။ ယခုတော့ အချိန်နည်းနည်းရသေးသည်။ ဆက်လုပ်၊ ဆက်လုပ်။

(၇)

"သူငယ်ချင်း ဆေးရုံမှာ ခဏလာနားပါလား"

တော်. . . တော်။ မင်းပြောတဲ့ခဏ ငါ သိတယ်။ ခက်တာက ငါ့မှာ အဲဒီခဏပဲ ရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် နေသာပါတယ်ကွာ၊ သူငယ်ချင်းလည်း ခဏခဏ မလာနဲ့ မင်း လက်ထောက်တွေ ဘာတွေ တစ်ခါတလေ လွှတ်ကြည့်ခိုင်း"

သူငယ်ချင်းဆရာဝန် မျက်နှာပျက်သွားသည်။

"ဟ ငါလာနိုင်ပါတယ်ကွ၊ အဲဒါကြောင့်ပြောတာ မဟုတ်ဘူး"

"သိပါတယ် သူငယ်ချင်းရ၊ မင်း ဘယ်လောက် အလုပ်များများ ကြိုးစားပြီး လာကြည့်ပေးမယ်ဆိုတာ၊ ခက်တာက ငါကလည်း မင်း လာတော့ စကားက ပြောချင်တယ်၊ မင်းတပည့်လေးတွေလာတော့ ခဏနဲ့ပြန်၊ ငါလည်း အမှတ်ကလေးနဲ့ပြန်နေ၊ တို့ငယ်ငယ်တုန်းက စာမေးပွဲဖြေခါနီး စာကျက်ရင် စကားမပြောမိအောင် တစ်ခန်းစီနေပြီး သွားကျက်ကြတာလေ၊ အချင်းချင်း စာမေးချင်တဲ့အခါနဲ့ စားတဲ့သောက်တဲ့ အခါပဲ ပြန်ပေါင်းကြတာ သတိမရ ဘူးလား"

သူငယ်ချင်း မျက်မှောင်ကုတ်ကြည့်သည်။

"အခု မင်းက ဘာစာမေးပွဲဖြေနေလို့လဲ"

ဒေါက်တာအောင်ကျော်က သိမ်မွေ့စွာ ပြုံးသည်။

"ဘဝကူး စာမေးပွဲလေကွာ၊ ငါ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကူးချင်တယ်၊ ငြိမ်းငြိမ်းချမ်းချမ်း ကူးတဲ့နည်းရှိတယ်၊ လေ့ကျင့်လို့ရတယ်လို့လည်း ငါ ယုံကြည်တယ်၊ အဲဒါ ငါ လေ့ကျင့်နေတာ၊ အောင်မြင်ရင် ငါ စာမေးပွဲအောင်တာပဲ"

သူငယ်ချင်းဆရာဝန် ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

## (၈)

ခက်သည်က ဇနီးနှင့်သမီး။

သွားရတော့မည်ဆိုတာ သိလာလေလေ။ သူတို့က အနားက မခွာတော့လေ၊ မိမိ ကျန်နေသေးသည့် သင်ခန်းစာတို့ မကျေညက်လေ။

ချစ်သည်လေ။ တစ်သက်လုံး ချစ်ခဲ့တာပဲ။ ခွဲရခါနီးမှာ ပိုချစ်တော့ တာပေါ့။ ဇနီးက ထားဦး။ တော်တော်ကြာကြာ ချစ်ခဲ့ရပြီး၍ ကျေနပ်သည်ပဲ ထား။ သမီးက ၁၈ နှစ်။ ချစ်၍ မဝတတ်သေး။ သည်ကြားထဲမှာ သမီးက ကြီးလာလေလေ ဒေါက်တာအောင်ကျော်နှင့် တူလာလေလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်နှာကိုယ် ပြန်မြင်နေသလိုရှိသော ကိုယ့်သွေး၊ ကိုယ့်သား တစ်ဝက် တီတီပါသော သည်ရုပ်နာမ်အတွဲကလေးကို ဘယ်လိုမချစ်ဘဲ နေနိုင်ပါမည်လဲ။

ခက်တာက သူတို့ကို ချစ်နေလို့ သင်ခန်းစာတွေမပြီးလည်း စာမေးပွဲက နောက်ဆုတ်ပေးမှာမဟုတ်။

သူတို့ အဲသလို လွမ်းပြ၊ ပူဆွေးပြနေလျှင် သင်ခန်းစာတွေ၊ လေ့ကျင့်ခန်းတွေက တကယ်ကို ထိခိုက်တော့မည်။

ငယ်ငယ်တုန်းက စာမေးပွဲဖြေခါနီး သူတို့နားမှာ စာကျက်၍ မရသဖြင့် တမင်ဆေးရုံမှာ သွားသွားစာကျက်သလို ကျက်လို့ရလျှင် အကောင်းသား။

ဒါကလည်း မဖြစ်နိုင်။ ကိုယ်က သူတို့ထူမှ ထနိုင်သည့်ဘဝ၊ သံယောဇဉ်ကို ဖြတ်နိုင်မှ အစွဲအလမ်းကင်းကင်းနှင့် ငြိမ်းချမ်းစွာသေနိုင်မှာ၊ သူတို့က ပိုစွဲလမ်းအောင် လုပ်နေကြသည်။

သား။ မင်း မှန်တယ်။ မင်းလည်း ဖေဖေ့ကို ချစ်တာ ဖေဖေ သိတယ်။ မင်း အလုပ်ကို မင်း ပုံမှန်မပျက်မကွက် ဆက်လုပ်နေတာ။ အဲဒါ မင်း အတွက်ရော၊ ဖေဖေ့အတွက်ရောပါ ကောင်းတယ်။ သိလား။

မကြာခဏ သတိမေ့မျောတတ်လာသည်။

နိုးလာတိုင်းငိုနေသည့် ဇနီးနှင့် သမီးမျက်နှာကို တွေ့ရသည်၊ သူကတော့ သူ့ကိုယ်သူ ခဏအိပ်ပျော်သွားသည်ဟုသာ ထင်သည်။ သူတို့တွေကတော့ သူ့ကို မျောနေကြသည်ဟု ထင်ဟန်ရှိသည်။ မျက်လုံးဖွင့်ကြည့်သည်နှင့် “ကို၊ ဖေဖေ” ဟု အတင်းခေါ်ကြသည်။ သားကြီးက ခေါင်းရင်းကနေ တရားစာရွတ်ဖတ်နေရင်းက ရပ်၍. . .

“မလုပ်ကြနဲ့လေ၊ ဖေဖေ့ကို စိတ်မဖြောင့်အောင် မလုပ်ကြနဲ့”

ဟု တားသည်။

သူ သိပ်နားမလည်။ သူ့အတွက်တော့ ပုံမှန်အိပ်ပျော်နေသလိုပါပဲ၊ တစ်ခါတလေ အိပ်မက်ပင် မက်လိုက်သေးသည်။

သူက နောက်ဆုံးနှစ် အပိုင်း(က)စာမေးပွဲ ဖြေမလို့တဲ့။ အိပ်ကားထဲမှာ ဘောပင်နှစ်ချောင်း၊ ခဲတံတစ်ချောင်း၊ ပေတံတိုတစ်ချောင်းထည့်၍



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကိုသွားသည်။ ယခု သူ့ကိုဆေးကုနေသည့် သူငယ်ချင်းက တအံ့တဩ မေးသည်။

"အောင်ကျော်၊ စာအုပ်လည်း တစ်အုပ်မှ မပါပါလား"

"တော်ပြီကွာ၊ ဝင်ခါနီးမှ ကပ်ဖတ်ရင် ရင်ပူတယ်၊ ချောက်ချားတယ် ညက ညဥ့်နက်အောင် ဖတ်တယ်၊ မိုးလင်းရင် မကိုင်တော့ဘူး"

သူငယ်ချင်းက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"မင်းကတော့ စာတွေ ပြီးနေတာကိုးကွ"

သူ ရယ်သည်။

"စာပြီးအောင် ဖတ်ပြီးမှဖြေဖြစ်တဲ့ စာမေးပွဲရယ်လို့တော့ ဘယ်ရှိ မလဲကွာ၊ ရသလောက်အချိန်ထဲမှာ နိုင်သလောက်တော့ လုပ်ထားပေါ့၊ ဟိုဟာက မလုပ်ရသေးဘူး၊ ဒီဟာက မဖတ်ရသေးဘူး၊ ဒီအချိန်လိုက် တွေးနေရင် ဒီစာမေးပွဲက ဘယ်လိုမှ ဖြေနိုင်မှာ မဟုတ်တော့ဘူး၊ ငါ လုပ်သင့် သလောက်၊ နိုင်သလောက် လုပ်ထားပြီးပြီ။ ထပ်လုပ်ချင်ရင်လည်း လုပ်ဖို့အချိန် မရှိတော့ဘူး။ စိတ်အေးအေးပဲ ထားဖြေတော့မယ်။ ဒီလိုပဲ သဘောထား ရတာပေါ့"

ခေါင်းတဆတ်ဆတ် ညိတ်နေသော သူငယ်ချင်းမျက်နှာ ရုတ်တရက် ဆိုသလို နှစ်ပေါင်း ၃၀ စာလောက် အိုစာသွားသည်။

ပြီးတော့ သိသိသာသာ မျက်နှာပျက်နေသည်။

"ပရက်ရှာ ဗီးရိုး"

လေသံတိုးတိုးနှင့် ပြောသည်။

ဇနီးနှင့် သမီးတို့၏ ရှိုက်သံများထွက်လာသည်။

"သား လာ၊ ဖေဖေ့ကို ကန်တော့ကြရအောင်"

"ပြီးမှ ကန်တော့ မေမေ၊ ဖေဖေ့ကို တရားစာဆိုပေးရအောင်၊ ညီမလေးလည်း ငိုမနေနဲ့၊ လာ ကိုကိုနဲ့အတူ တရားစာလာဆိုချေ"

သားအသံ ခေါင်းရင်းက ထွက်လာသည်။

သူ ကျေနပ်စွာ ပြုံးမိသည်။ ငါ့သား ငယ်ငယ်ရွယ်ရွယ်နဲ့ စာမေးပွဲ ဖြေတတ်နေပါရောလား။

သားအမိ သုံးယောက်စလုံး၏ တရားစာဆိုသံက တိုးတိုးလေး။



www.burmeseclassic.com

www.burmeseclassic.com


မသဲမကွဲ။

သူ့ရှေ့က သူငယ်ချင်းက နှစ် ၃၀ စာ ပြန်နုပျိုသွားသည်။

"ဘဲလ်တီးနေပြီ ဟော့ကောင်၊ ထ"

"ရတယ်လေ၊ အချိန်ကျတော့လည်း ဖြေရုံပေါ့"

သူ ထပ်အိပ်ပျော်သွားသည်။

**Family**

၂၀၀၉၊ ဖေဖော်ဝါရီ



www.burmeseclassic.com

www.burmeseclassic.com

# ဓပါးတစ်ထောက်စာ အလွမ်း

(၁)

မမ ကမ်းပေးသော ဘုရားပန်းအိုးကို လှမ်းအယူမှာ မမ လက်ဖဝါး ကလေးတစ်ဖက်၏ လက်စောင်းကလေးမျှလောက်နှင့် စက္ကန့်ပိုင်းမျှ ထိမိသည်။

ဇော်လက်ဖဝါးနှင့် မမ လက်ဖဝါး မတူပါ။

ဇော်လက်ဖဝါးက အသားမာများတက်၍ ကြမ်းတမ်းလွန်းနေသည်။ အသက် ၁၆ နှစ်အရွယ် ၈ တန်းကျောင်းသားနှင့်ပင် မလိုက်။

မမ လက်ဖဝါးကတော့ လူ့အသားနှင့်ပင်မတူ။ ဝါဂွမ်းဖတ်ကလေးလို နူးညံ့လွန်းနေသည်။ တစ်ဖက်က တင်းမာမှု ဘာမှမရှိသည့်အတွက် ဇော် လက်ဖဝါးထဲမှာ အိခနဲ ပျော့ဝင်သွားသည်။

နူးညံ့လွန်းသလောက် နွေးထွေးလွန်းသော လက်ဖဝါးကလေး။

၁၆ နှစ်သားလေး နှလုံးခုန်တစ်ချက် ရပ်သွားသည်။

လူမှ ဟုတ်ရဲ့လား မမရယ်။

ပုံပြင်တွေထဲမှာ ပါသလို နတ်သမီးက လူယောင်ဖန်ဆင်းထားတာ များလား။

ဘုရားပန်းအိုးကိုကိုင်၍ ကြောင်တက်တက်ရပ်နေသော ဇော့ကို ကြည့်၍ မမက လှပစွာရယ်သည်။

"ဟဲ့ ဇော် တင်လေ၊ မမ ဒီမှာ နောက်တစ်အိုးကိုင်ထားရတာ ညောင်းလှပြီ"

ဇော် ရှက်ကိုးရှက်ကန်းနှင့် ဘုရားစင်ပေါ် ပန်းအိုးကို လှမ်းတင်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ကောင်လေး တစ်နေ့ကို ထမင်းနှစ်နပ်ပြည့်အောင် မစားချင်ဘူးနဲ့ တူတယ်"

စက်ပြင်ဆရာ ကိုဖိုးထွေးကို ဂွလှမ်းပေးရမည့်အစား ကျောင်းလွယ် အိတ်ကလေးလွယ်ပြီး ဖြတ်လျှောက်သွားသော မမကို ငေးငိုင်၍ ကြည့်နေသော ဇော်ကို ကိုဖိုးထွေးက ကွမ်းဝါးနေသော ပါးစပ်နှင့် မြည်တွန်တောက်တီးသည်။

ဇော်က ရှက်ရယ်ရယ်၍ ညက စာကျက်လို့ အိပ်ပျက်လို့ပါ ဦးထွေးရဲ့ ဟု ဖြေသည်။

ကိုဖိုးထွေးက ကွမ်းတံတွေးတစ်ချက် ပြစ်ခနဲ ထွေးသည်။

"အိပ်ပျက်တာကတော့ အမှန်။ ဒါပေမဲ့ စာကျက်လို့ အိပ်ပျက်တာ တော့ မဖြစ်နိုင်ဘူးမောင်၊ ဟိုကောင်မလေး မင်းမင်းသူ အကြောင်းကို တွေးနေလို့ အိပ်ပျက်တာပဲဖြစ်မှာ၊ မင်း ခိုးခိုးကြည့်နေတာ ငါ မိတာများပြီ"

"ဟာဗျာ. . . ဦးထွေးကလည်း"

"မဟာဗျာနဲ့၊ သူက ဝပ်ရှော့ပိုင်ရှင်သမီး။ မင်းက စက်ပြင်ရဲ့သား အချိန်ပိုင်း စက်ပြင်၊ ပြဿနာဖြစ်ရင် မင်းရော၊ မင်း အဖေပါ အလုပ်ပြုတ်ပြီး မင်းတို့ တစ်အိမ်လုံး ထမင်းငတ်ပြီ။ ငါပါ အဆစ်ပါချင်ပါဦးမှာ"

ဇော့်ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

"ဦးထွေးက ဘာလို့ ပါရမှာလဲ"

"မင်းအဖေ မရှိရင် ဒီဝပ်ရှော့လည်း ကျမှာပဲ။ မင်းအဖေကျွမ်းလို့ ဒီဝပ်ရှော့ နာမည်ရနေတာ၊ ဒီဝပ်ရှော့ကျပြီး အဆင်မပြေရင် ဆက်လုပ်နေတဲ့ ငါလည်း ငတ်မှာပဲ။ ဒီတော့ လိမ်လိမ်မာမာနေပါ ငါ့တူရာ၊ မတန်တာကို မမှန်းစမ်းပါနဲ့။ ကြွေရုပ်ကလေး လိုလှနေတဲ့ မိန်းကလေး မင်း လက်နဲ့ထိရင် ကျကွဲသွားမှာ နှမြောတတ်စမ်းပါ"

ဇော့်ရင်ထဲ ဆွေးမြေ့စွာ အားငယ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

မမက ဇော့်ထက် ၃ နှစ် ကြီးသည်။ တက္ကသိုလ်ကျောင်းသူ။

ဇော့်ကိုတော့ ကလေးဟုသာ မြင်သည်။ ဒါကြောင့် လက်တို လက်တောင်း ခေါ်ခေါ်ခိုင်းတာဖြစ်မည်။

ဘာဖြစ်လဲ။

ရင်ထဲကပဲ ခိုးချစ်မှာပေ့ါ။ ကိုယ့်ကိုယ်ကိုယ်လည်း မမနှင့် တန်သည်ဟု တစ်ခါမှ မထင်မိ။ ဆင်းရဲရသည့်ကြားထဲ အသားကမည်း၊ ဆံပင်က နေလောင်၊ ပိန်မြောင်းပြီး ကြည့်လိုက်လျှင် မျက်လုံးဖြူဖြူတစ်စုံသာ မြင်ရသော သူ့ပုံစံနှင့် မမကို တွဲ၍ စိတ်ကူးယဉ်ရမှာပင် အားနာလှသည်။

ကြွေရုပ်ကလေးလို ဖြူဖွေး၍ ဝါဂွမ်းကလေးလို နူးဖတ်သောအသား။

အို တော်ပါ။

ဦးထွေး ပြောတာ မှန်သည်။

ပြဿနာမဖြစ်အောင် နေရမည်ဟု ဆုံးဖြတ်လိုက်သည်။

တကယ်တမ်းကျတော့ ပြဿနာက နှစ်မကူးခင်မှာပင် ဖြစ်တော့လေသည်။

(၄)

မမခေါ် မင်းမင်းသူ၏ စာကြည့်တိုက်ကဒ်ပြားမှ လိုင်စင်ဓာတ်ပုံကလေး ကွာကျပျောက်ဆုံးသွားသည်။ မင်းမင်းသူကလည်း သိပ်တခုတ်တရ မထား။ ဓာတ်ပုံတစ်ပုံ အသစ်ကပ်၍ တံဆိပ်တုံးသွားထုလိုက်သည်။

ခက်တာက ကဒ်ပြားထဲက ဓာတ်ပုံက ဝပ်ရှော့ခြံထဲမှာပင် ထွက်ကျနေခြင်း ဖြစ်သည်။ အဲဒါကို ဇော်က ကောက်ရသည်။

ပထမတော့ ပြန်ပေးမည် စိတ်ကူးသေးသည်။

ဓာတ်ပုံကလေးကို တစိမ့်စိမ့်ကြည့်ရင်း စိတ်က ပြောင်းသွားသည်။ ဖြူဖွေးနေသော အသားအရည်မှာ ထင်းနေသော မျက်တောင်အထူကြီးတစ်စုံနှင့် မျက်နက်ဝန်းများကို ထင်ရှားလှသော မျက်ခုံးတစ်စုံက ညွှန်ပြနေသည်။

လှလိုက်တာ မမရယ်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပုံကလေး ခိုးခိုးကြည့်ရင်း ရင်ခုန်ခွင့်ကလေးတော့ ရချင်လာသည်။ အဲဒါနှင့် အဲသည့်ပုံကလေးကို သူ့ပိုက်ဆံအိတ်ကလေးထဲမှာ သိမ်းထားလိုက်သည်။ ပေါ်ပေါ်ထင်ထင်တော့ မဟုတ်။ ဇစ်နှင့်ဖွင့်ရသည့် အတွင်းအိတ်ကလေးထဲမှာ ဝှက်ထားလိုက်ခြင်း ဖြစ်သည်။

ပုံမှန်အတိုင်းတော့ ဘယ်သူမှ မြင်စရာအကြောင်း မရှိ။

သို့သော် ပုံမမှန်သည့်ကိစ္စက ပေါ်လာသည်။

(၅)

မင်းမင်းသူ အဖေ၏ မိတ်ဆွေတစ်ယောက် ကားလာပြသည်။ ဇော့်ဖေဖေက စက်ဖုံးဖွင့်၍ ဝင်သည်။ ဇော်က ကားထဲမှနေ၍ စက်နှိုးကြည့်ပေးရသည်။

ကားပိုင်ရှင် လူကြီးက အိမ်ထဲဝင်သွား၍ မင်းမင်းသူ ဖေဖေနှင့် စကားပြောနေသည်။

ခဏနေတော့ ရေးကြီးသုတ်ပြာ ပြန်ထွက်လာသည်။ မင်းမင်းသူ့ ဖေဖေလည်း ပါလာသည်။

ကားဒက်ရှ်ဘုတ်ထဲမှာ ပိုက်ဆံအိတ် ထားခဲ့မိလို့တဲ့။

ရိုးသားသလောက် မာနကြီးသော ဇော့်ဖေဖေက ထိုလူကြီး၏ ဟန်ပန်ကို မကြိုက်။ ဘာမှမပြောဘဲ ဘုကြည့်ကြည့်နေသည်။

ပိုက်ဆံအိတ်က ဒက်ရှ်ဘုတ်ထဲမှာပါပဲ။

ဒါပေမဲ့ ထိုလူကြီးက မကျေနပ်။ ငွေကိုပါ ရေတွက်သည်။ ပြီးတော့ ငွေလိုနေသတဲ့။ အက်ဖ်အီးစီ ၂၀ တန်တဲ့။

"ဆရာလည်း အိမ်ပေါ်က မြင်နေသားပဲ၊ ကျွန်တော်က ကားနှိုက်နေတာ၊ ဒါက ကျွန်တော့်သားကလေးလေ။ ကားပေါ်မှာ သူပဲ ရှိတယ်။ သူကလည်း ဆရာ မြင်တဲ့အတိုင်းပဲ အင်္ကျီတောင် မပါဘူး။ လုံချည်ပဲ ဝတ်ထားတာ၊ အဲဒါ ဆရာက ရှာချင်သေးလို့လား"

ဇော့်ဖေဖေက ဘုတောတော့ မင်းမင်းသူ့ဖေဖေက အားတုံ့အားနာဟန်ဖြင့် လက်ကာပြသည်။

"တစ်နေရာရာမှာ ထွက်ကျနေခဲ့တာ ဖြစ်မှာပါဗျာ၊ ဒီသားအဖက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆီမှာ လုပ်နေတာကြာလှပြီ။ သူတို့အကြောင်း ကျွန်တော် သိပါတယ်"

ကားပိုင်ရှင်လူကြီးက အားနာတတ်ဟန်မတူ။

"ကောင်လေး မင်း ငါ့အက်ဖ်အီးစီ ယူသလား"

"အက်ဖ်အီးစီဆိုတာ ဘာလဲ၊ ကျွန်တော် မသိဘူး"

"အေး ဒါဆို မင်းခါးမှာထိုးထားတဲ့ ပိုက်ဆံအိတ်ပြ"

ဇော် အလန့်တကြား ဖြစ်သွားသည်။

မမပုံ ဝှက်ထားသည့် ပိုက်ဆံအိတ်။

"ဘာလို့ ပြရမှာလဲ၊ မပြဘူး"

"ဇော် ပြလိုက်"

ဇော့်ဖေဖေက လေသံပြတ်နှင့် အမိန့်ပေးသည်။ မင်းမင်းသူ ဖေဖေက အားတုံ့အားနာနှင့် ဝင်ပြောသည်။

"သား ဇော် မင်းတို့သားအဖအကြောင်း ဦး သိပါတယ်၊ သူ ကျေနပ်သွားအောင်တော့ ပြလိုက်ပါ၊ ပေး. . . ပေး. . . ဦးကို ပေး"

ဘုရား. . . ဘုရား. . .။

အခုမှ ချောက်လုံးလုံးကျပြီ။

ဇော့်မျက်လုံးတွေ မျက်ရည်ဖြင့် ဝါးနေချိန်တွင် ဇော့်ခါးက ပိုက်ဆံအိတ်ကို မင်းမင်းသူ ဖေဖေက လှမ်းယူလိုက်သည်။ တားချိန်မရလိုက်။

"ကြည့် ဒီမှာ တစ်ထောင်ပဲ ရှိတယ်"

မင်းမင်းသူ ဖေဖေက အတွင်းဇစ်ကလေးပါဖွင့်၍ နှိုက်ထုတ်သည်။ ချစ်စဖွယ် ပြုံးနေသော မင်းမင်းသူ ပုံကလေး ထွက်လာသောအခါ တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသလို သူ့မျက်နှာ ကြက်သေသေသွားပါသည်။

၃

## (၆)

မင်းမင်းသူ ဖေဖေက ဇော့်ကို အလုပ်ဆင်းဖို့ မလိုတော့ဘူး ဟုပြောသည့်အခါ ဇော့်ဖေဖေကလည်း သိတတ်စွာ ကျွန်တော်ပါ ထွက်ပါ့မယ်ဟု ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ၊ ကလေးက မလိမ္မာတာပဲဟာ"

ဟု မင်းမင်းသူ အဖေက တွန့်ဆုတ်တွန့်ဆုတ် ပြောသည်၊ ဇော့်ဖေဖေက ဘာမှပြန်မပြောဘဲ ဇော့်ကို သူ့အလုပ်ရှင်အား ရှိခိုးတောင်းပန်စေသည်။ ပြီးတော့ သားအဖနှစ်ယောက် အတူတူထွက်ခဲ့ကြသည်။

"သား ဘာမှားလို့လဲ ဖေဖေ"

"မကြဲ့စည်သင့်တာကို ကြဲ့တာ အမှားပေါ့ သားရယ်"

အပြန်လမ်းမှာ ဇော်က မေးတော့ ဖေဖေက တိုးတိုးဖြေသည်။

"သားမကြဲ့ပါဘူး ဖေဖေ၊ ချစ်ရုံပဲ ချစ်တာပါ"

ဖေဖေက ခေါင်းခါသည်။

"ချစ်လည်း မချစ်သင့်ပါဘူး သားရယ်၊ ဒီလောက် ကွာဟတာ"

ဇော် အံ့ကြိတ်သည်။

"ဆင်းရဲတာ အဲသည်လောက် အပြစ်ကြီးလား ဖေဖေ"

"ဆင်းရဲတာ အပြစ်မရှိပါဘူး သားရယ်၊ သူများဘက်က နားမလည်ပေးတတ်တာက အပြစ်၊ သူ့နေရာမှာ သားဆိုရင်လည်း သားဒီလိုပဲ လုပ်မှာပဲ၊ အဲဒါ မိဘမေတ္တာ သက်သက်ပဲ။ သား နားလည်ပေးရမယ်"

ဇော်က ခါးသည်းစွာ ခေါင်းခါသည်။

"သား ချမ်းသာအောင် လုပ်မယ်။ ပြီးရင် မမဆီကို ပြန်သွားမယ်"

ဇော့်ဖေဖေက ထိုနေ့အတွက် ပထမဦးဆုံးအကြိမ် ရယ်သည်။

"ဘဝဆိုတာ ဝတ္ထုတွေလောက် ဖတ်လို့ မကောင်းဘူး သားရဲ့"

(၃)

ကိုဖိုးထွေး မှန်းတာတွေ တော်တော်များများ မှန်သွားသော်လည်း ဇော်တို့ သားအဖ ထမင်းမငတ်ခဲ့ကြ။

မြို့နှင့် အလှမ်းဝေးသည့် တိုးချဲ့ရပ်ကွက်ကလေးထဲက သူတို့အိမ်မှာ ပင် ဝပ်ရှော့အသေးစားကလေးထောင်၍ အတန်အသင့် အဆင်ပြေခဲ့ကြသည်။ သည်ကြားထဲက အဝေးပြေးကားဂိတ်ကြီးက အနားကိုရွှေ့လာတော့ ပိုအဆင်ပြေကြသည်။

နေရီရီ

www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးထွေးလည်း ရောက်လာသည်။

မင်းမင်းသူတို့ ဖေဖေဝပ်ရှော့က ဇော်ဖေဖေ မရှိသည့်နောက်ပိုင်း ကျလာသဖြင့် ပိတ်လိုက်ရသည်ဟု ဆိုသည်။

ဇော် ၁၀ တန်းအောင်တော့ အတော်အဆင်ပြေနေပြီဖြစ်သော ဇော့်ဖေဖေက သားကို တက္ကသိုလ် ဆက်တက်စေချင်သည်။

"ပညာရွှေအိုး လူမခိုးတဲ့ သားရဲ့"

"ဖေဖေ့ပညာကမှ ပိုက်ဆံရတာ ဖေဖေ၊ သား ချမ်းပဲ ချမ်းသာချင်တာ၊ ဘွဲ့က စာပေးစာယူနဲ့ပဲ ယူတော့မယ်"

တကယ်လည်း ဇော် ဖေဖေ့ ပညာတွေ အားလုံးရခဲ့သည်။

ဇော် ဘွဲ့ရချိန်တွင် ဖေဖေက သိပ်မကျန်းမာတော့သော်လည်း ဝပ်ရှော့ကို ဇော် ဦးစီး၍ ဆက်အောင်မြင်ခဲ့သည်။

"မိတ်က မြို့ထဲဘက်ကများတာကွ၊ တာမွေဘက်လောက်ရွှေ့ရင် တို့ ဒီထက် အခြေအနေကောင်းမှာ"

ဦးဖိုးထွေးက အကြံပေးသည်။

"ကျွန်တော် သိတယ် ဦးထွေးရဲ့၊ ဈေးတွေ မြောက်နေတယ်၊ ကျွန်တော်လည်း စုတာပဲ။ အချိန်တန်ရင် ဖြစ်လာမှာပဲ။ ကျွန်တော်က ခြံဝယ်မဆောက်ချင်ဘူး။ ဆောက်ပြီးသား အဆောက်အအုံ အဆင်ပြေပြေ ပါလာတာလေးကို တစ်ချက်တည်း အပြတ်ဝယ်ပြီး တစ်ဆိုင်လုံး ရွှေ့ချင်တာ၊ လူတွေက ဦးထွေးနဲ့ ကျွန်တော် နှစ်ယောက် စလုံးရှိနေလို့ လာကြတာ၊ ကျွန်တော်တို့ လူခွဲလို့ မဖြစ်ဘူး"

"အကြံက ကြီးပါ့ကွာ၊ ဘာလဲ သူဌေးဖြစ်ရင် ဟိုကောင်မလေးကို သွားပြန်တောင်းမယ့်အစီအစဉ် စိတ်မလျှော့သေးဘူးလား"

အတွင်းသိ ဦးဖိုးထွေးက ကျီစယ်တော့ ဇော်ပြုံးရုံသာ ပြုံးနေသည်၊

"မလျှော့သေးရင်လည်း သွားရှာလေကွာ။ ငါ ကြားသလောက်တော့ သူတို့လည်း အရင်လို အခြေအနေ မကောင်းတော့ဘူး။ ကောင်မလေးလည်း မန္တလေးမှာ ကျောင်းဆရာမ လုပ်နေတယ်။ အိမ်ထောင်မကျသေးဘူး၊ ဆရာတို့ လင်မယားလည်း အဲဒီမှာပဲ လိုက်နေနေကြသတဲ့။ မင်း အခုလောက်နဲ့ဆိုရင် သူတို့ငြင်းမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဇော် ငေးငိုင်သွားသည်။

သူတို့ မငြင်းဖို့ထက် မမ မငြင်းဖို့က ပိုအရေးကြီးသည် မဟုတ်ပါလား။ ကြွေရုပ်ကလေးလိုလှ၍ ဝါဂွမ်းလေးလို နူးညံ့သော မမ သည် အသက်အရွယ်အထိ အိမ်ထောင်မကျသေးလျှင်တောင် ချစ်သူ၊ ရည်ရွယ်သူတွေ ရှိလောက်ပြီထင်သည်။

အို ငါက အဆိုးမြင်နေတာ ဖြစ်ချင်ဖြစ်မှာပါ။

သိပ်လှတဲ့မိန်းကလေးတွေက ရွေးရင်းရွေးရင်းက အိမ်ထောင်ကျနောက်ကျတတ်သတဲ့။ မမက အခုမှ ၂၇ နှစ်ပဲရှိဦးမှာ။

"ဒီဝပ်ရှော့ အသစ်ဝယ်ဖို့ကိစ္စ အရင်လုပ်လိုက်ဦးမယ်ဗျာ။ ပြီးရင်တော့ ဦးထွေးပဲ ခဏကြည့်ထားပေး။ ကျွန်တော် မန္တလေးသွားပြီး မမကို ရှာချင်တယ်"

ဦးထွေးက ပြုံးပြုံးကြီး ခေါင်းညိတ်သည်။

"သဘောပါကွာ၊ ငါ့အထင်တော့ ဝပ်ရှော့အသစ်ရဖို့ထက် မိန်းမလှလှရဖို့ပဲ ပိုအရေးကြီးတယ် ထင်တာပဲ"

"ဟာဗျာ"

နှစ်ယောက်သား ပြိုင်တူရယ်မိသည်။

(၈)

တကယ်တော့ ဝပ်ရှော့အသစ်လည်း ဇော် မရလိုက်ပါ။

ဘဝတွေ၏ ဖန်ဆင်းရှင်သည် လူရှင်တော်တစ်ယောက်သာတဲ့။ သူ့ပြက်လုံးများက ကြောက်စရာကောင်းလွန်း၍ လူတွေ မရယ်နိုင်တာသာရှိသတဲ့။ 'ဘားနဒ်ရှော' ဟုထင်သည်။ သရော်စာ၊ ဂန္တဝင်စာပေများ ရေးသားသည့်စာရေးဆရာကြီးက ပြောခဲ့ဖူးသည်ဟု ဇော် ဖတ်ရဖူးသည်။

ဇော်တို့ ဝပ်ရှော့ မီးလောင်သည်။

လူတွေအားလုံး လွတ်မြောက်ခဲ့ကြသော်လည်း ဝပ်ရှော့က ပြာကျသွားသည်။ ဇော် စုထားသမျှငွေအားလုံးလည်း ဘီရိုထဲမှာ မီးလောင်ပြီး ပြာဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့အသစ်ဝယ်ဖို့ မပြောနှင့်။ အဟောင်းပင် မရှိတော့။ မြေနေရာ အသစ်က ဘယ်မှာရမည် မသိသေး၍ ဇော်တို့ တစ်အိမ်လုံး ဦးထွေးတို့ တိုက်ခန်းမှာ လိုက်ကပ်နေနေရသည်။

"စိတ်ဓာတ်မကျပါနဲ့ ငါ့လူရာ၊ မင်းက ပညာသည်ပါ။ တစ်နေ့ ပြန်ဖြစ်လာမှာပေါ့"

ဦးထွေးက အားပေးသည်။ ဇော် စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

"လောလောဆယ် ပါးစပ်ပေါက်ကိစ္စက မပြေလည်သေးဘူး ဦးထွေးရာ၊ သူများဝပ်ရှော့ ခဏပြန်ဝင်လုပ်ရ ကောင်းမလား မသိဘူး"

"အချိန်ယူစဉ်းစားလို့ ရပါတယ်ကွာ၊ လောလောဆယ် ငါ့မှာ 'ကက' တစ်စီး သူများဒရိုင်ဘာ ရှာခိုင်းထားတယ်။ မင်း ခဏမောင်းနှင့်မလား။ အုံနာကြေး ငါ စိုက်ပေးထားမယ်"

"ဦးထွေးကို ဒုက္ခပေးတာတွေ များနေပြီဗျာ"

"တော်စမ်းပါ ကောင်လေးရာ၊ မင်းအဖေက ငါ့ဆရာအရင်း။ မင်းက အကျိုးတူလုပ်ငန်းဖက်၊ တောင်ဥ္စေးလဲတာ ဖိုးသူတော် ထူနိုင်နေသေးတာပဲ ကျေးဇူးတင်"

ဒါနှင့်ပင် ဇော် တက္ကစီဒရိုင်ဘာ ဖြစ်လာသည်။

## (၉)

မမ ရှိရာ မန္တလေးကို သွားရှာမည့်စိတ်ကူးများ လေထဲတွင် ဆောက်မိသည့် ဝပ်ရှော့ဆိုင် အသစ်ကလေးနှင့်အတူ လွင့်မျောပျောက်ကွယ်သွားသည်။

တက္ကစီဒရိုင်ဘာ ဘဝနဲ့တော့ မမကို ဘယ်လာတွေ့ရပ့ါမလဲ မမရယ်။ အင်း တက္ကစီဒရိုင်ဘာဆိုတောင် အုံနာကြေး သူများက စိုက်ပေးထားရတဲ့ ဘဝ။

နောက်ဆုံးတော့ အလှတရားတစ်ခုကို ပိုင်ဆိုင်လိုသောအိပ်မက်ဖြင့် ကြိုးစားရုန်းကန်လာရသော သူ့ဘဝ။ ပြိုကျလိုက် ပြန်ဆောက်လိုက်နှင့် သဲသောင်ခုံမှာ ဆောက်သောအိမ်လို ဘယ်လိုမှ မလှပနိုင်တော့။

"ကားအားလား သား"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ယောက် ကားပြတင်းပေါက်မှ မေးသံကြောင့် လှည့်မကြည့်ဘဲ ကမန်းကတမ်း. . .

"ရပါတယ် ခင်ဗျ၊ ဘယ်သွားချင်ပါသလဲ"

ဟု ဖြေလိုက်ရသည်။

"ရန်ကုန်ဆေးရုံကြီးကွာ"

"ဩော် ဒီနားတင်ပါပဲ၊ ဦး ကြည့်သာ ပေးပါခင်ဗျာ"

"စီးနေကျပါကွာ၊ ၁,၅၀၀ ပေးမယ်"

"ရပါတယ် ခင်ဗျ"

ဇော် ကားစက်နိုးသည်။ ဦးထုပ်ကို မော့၍ ဆောင်းသည်။

"နေဦး ကောင်လေးရ၊ လမ်းကောင်းကောင်း မလျှောက်နိုင်တဲ့ လူနာပါတယ်။ သွားတွဲခေါ်လိုက်ဦးမယ်"

"ကူရဦးမလား ခင်ဗျာ"

"ရတယ်. . . ရတယ်၊ မိန်းကလေး ပိန်ပိန်ပါပဲ။ ဦးဟာဦး ခေါ်ခဲ့မယ်"

လှည့်ကြည့်တော့ အသားအရောင် တော်တော် မွဲခြောက်ခြောက်ဖြစ်နေသော တော်တော်ပိန်ပိန် မိန်းမတစ်ယောက်ကို နှစ်ဖက်တွဲခေါ်လာသော အသက် ၅၀ ခန့်အရွယ် လူကြီးတစ်ဦးနှင့် အဒေါ်ကြီးတစ်ဦးကို တွေ့ရသည်။

ဇော် ကမန်းကတန်း နောက်တံခါးကို ဆင်းဖွင့်ပေးတော့ သူတို့လူနာမိန်းမကို နောက်ခန်းထဲသို့ထည့်ရန် ကြိုးစားကြသည်။

မိန်းမက အသက် ၄၀ ခန့်ဟု ထင်ရသည်။ အသားအရောင်ကသာမန် နေမကောင်း၍ ညစ်တစ်တစ်ဖြစ်နေတာမျိုး မဟုတ်။ ရောဂါနှင့်ဆိုင်မှာတော့ သေချာသည်။ နှုတ်ခမ်းများလည်း ပတ်ကြားအက်၍ ကြိုးတင်ထားသော အိတ်အဝလို ဖြစ်နေသည်။ မျက်လုံးက မပွင့်တပွင့်။

သနားပါတယ်။ ဘယ်လိုရောဂါမျိုးပါလိမ့်။

လူနာမိန်းမဆီမှ မသဲမကွဲ အသံတစ်ခုကြားရသည်။ လူကြီးကခေါင်းငုံ့၍ တိုးတိုးလှမ်းမေးသည်။

"နာလို့လား သမီး၊ ခဏလေးနော်၊ ဆေးရုံရောက်တော့မယ်"

"ဇော်. . . ဇော်"

ဘုရားရေ. . . ငါ နားကြားများ မှားနေသလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲ သမီး"

"ဇော်. . . ဇော်. . . အဲဒါ ဇော်"

စောစောက လူကြီးလှည့်၍ သူ့မျက်နှာကို သေသေချာချာ ကြည့်သည်။ ဇော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ မမရဲ့ အသံပါလား။

"ဩော် ဟုတ်ပါရဲ့ ဇော်ပဲ။ မင်းက ဘယ်လိုလုပ် တက္ကစီမောင်းနေရ တာ လဲ။ ငါ ကြားတော့ မင်းတို့ဝပ်ရှော့ တော်တော်အောင်မြင်တယ်ဆို"

"မီးထဲပါသွားတာ ဦးရဲ့၊ ဒါနဲ့ သူက"

လူကြီးမျက်နှာတွင် သိသိသာသာ ထိခိုက်ကြေကွဲဟန် ပေါ်လာ သည်။

"မင်း မမလေ၊ သမီးလေး မင်းမင်းသူ ပေါ့"

ဇော့်နားဝသို့ မိုးကြိုးခွင်းသကဲ့သို့ ရှိပါတော့၏။

သည် မီးလောင်ကျွမ်းထားသော သစ်ငုတ်တိုနှင့် တူနေသည့်မိန်းမက ကြွေရုပ်လေးလို နူးညံ့သည့် သူ့မမ၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာတဲ့လဲ။

မိန်းမလူနာက သူ့နှုတ်ခမ်းကို ခက်ခဲစွာ ကွေး၍ ပြုံးသည်။

"ဟုတ်ပါတယ် ဇော်ရယ်၊ မမပါ"

ဇော် တုန်ရီချောက်ချားစွာ ယိမ်းယိုင်သွားသည်။ ကားကို မသိမသာ လက်နှင့် လှမ်းမထောက်လျှင် လဲကျသွားနိုင်သည်။

"ရောဂါတွေကလည်း ဆန်းပဲ့ကွာ၊ အရေပြားရော၊ အတွင်းအင်္ဂါတွေ ရော ကိုယ်ထဲက မတည့်တဲ့ဓာတ်က ပြန်ဖျက်ဆီးပစ်တာတဲ့။ ရန်ကုန်က အထူးကုဆရာဝန်ကြီးနဲ့ မှန်မှန်လာပြနေရတာ တစ်နှစ်လောက်ရှိပြီ"

မမ ဖေဖေက ဝင်ရှင်းပြသည်။

## (၁၀)

ကားမောင်းရင်းက ဇော့်လက်တွေ တုန်နေသည်။

ဒါပဲပေါ့။

ဘဝဆိုသည့်၊ အင်အားကြီးမားသည့် အရာကြီးက သူ့ကိုလာစိန်ခေါ် သည့် 'ဇော်'ဆိုသည့် သတ္တဝါသေးသေးကလေးကို အကြောင်းသိသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



အမောက်ထောင်ပြလိုက်တာပဲပေါ့။

နှစ်ပေါင်းများစွာ တပ်မက်ခဲ့ရသည့် အလှတရားတစ်ခု၊ အဲသည့် အလှတရားကို ပန်းတိုင်ထား၍ ကြိုးစားရုန်းကန်ရင်းက ရလာသည့် အောင်မြင်မှုများ။

ပထမဦးဆုံး အဲသည့် အောင်မြင်မှုတွေကို ပြာချပြလိုက်သည်၊ အမှတ်မရှိသေးမှာစိုး၍ ပန်းတိုင်ကိုပါ ပြာချပြလိုက်ပြန်ပြီ။

နောက်ကြည့်မှန် မှတစ်ဆင့် အလှဆို၍ ပြစရာ ဘာမှ မကျန်တော့သည့် မမကို တိတ်တခိုး ရင်နင့်စွာ ငေးကြည့်မိသည်။

မမရယ်. . .

လွမ်းရတဲ့ ဘဝမှာတောင် လွမ်းစရာက စပါးတစ်ထောက်စာ၊ အလွမ်းက ဂုဏ်ငယ်လိုက်တာ။

ပေဖူးလွှာ
၂၀၀၉၊ ဖေဖော်ဝါရီ



www.burmeseclassic.com

www.burmeseclassic.com

# အသစ်အပြင်းထဲက ပတ်လမ်း

## (၁)

အဲသည့်တုန်းကတော့ မြို့ကလေးက တော်တော်ကလေး စိမ်းစိမ်းလန်းလန်း ရှိနေသေးသည်။

အထူးသဖြင့်တော့ မျိုးတို့ အိမ်ရယ်၊ ဟိုဘက်က ဦးညီတို့ အိမ်ရယ်၊ တစ်အိမ် တစ်အိမ်မှ ခြံအကျယ်က တစ်ဧကစီလောက်ရှိပြီး နှစ်အိမ်လုံးခြံဝင်းအတွင်း နေပြောက်မထိုးနိုင်လောက်အောင် သရက်ပင်နှင့် မာလကာပင်များ ထူထပ်စွာ ပေါက်နေကြသည်။

ခြံနှစ်ခုကြားမှာတော့ ပုဏ္ဏရိပ်စည်းရိုးကလေးသာ ရှိသည်။ ထိုစည်းရိုးကလေးလည်း တိတိညီညီကလေး ညှပ်ထားသော အပေါက်က နှစ်ပေါက်တောင် ရှိသည်။ မျိုးတို့မောင်နှမ ငယ်ငယ်ကတည်းက ဦးညီနှင့်ဒေါ်လေးငြိမ်းတို့ ခြံဘက်မှာသာ တစ်နေကုန် ဝင်စို့ထွက်စို့နေတတ်သည်မို့ ဦးညီက တမင်တိတိကလေး ဖောက်ထား ခြင်းဖြစ်သည်။

ဒါတောင် တစ်ပေါက်တည်း မောင်နှမနှစ်ယောက် ပြိုင်တူလုလုတိုး၍ ဝင်တတ်သဖြင့် ဦးညီက အဝေတည့်အောင် နောက်တစ်ပေါက် ထပ်ဖောက်ထားပေးရသည်။

"ငြိမ်းရေ. . .၊ တူတွေ၊ တူမတွေ သိပ်အလိုမလိုက်နဲ့ဦး၊ မောင်ညီ စာရေး ပျက်နေမယ်"

မျိုး မေမေက အားနာစွာ ဆိုဖူးသည်။ ဒေါ်လေးငြိမ်းကတော့ ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အေးချမ်းစွာ ပြုံး၍ ဖြေသည်။

"သူက ပျော်နေတာ မမကြီးရဲ့၊ ငြိမ်း စကားသွားပြောရင်တောင် စာရေးပျက်တယ်ဆိုတဲ့လူက ကလေးတွေနဲ့ကျ ပြုံးနေတာပဲ"

ဦးညိုက စာရေးဆရာကြီး တစ်ယောက်ပါ။ အင်းလေ. . . အဲသည့်အချိန်ကတော့ သူ့ကို လူငယ်စာရေးဆရာလို့ ခေါ်ကြသည်ပေါ့။ အသက်က ၃၀ ကျော် ခါစကိုး။ အောင်မြင်တာတော့ တော်တော် အောင်မြင်နေပါပြီ။ တစ်နေ့တစ်နေ့ မိတ်ဆက်စာတွေမှလာတာ အများကြီးတဲ့။ ဒါပေမဲ့ ဒေါ်လေးငြိမ်းက ဘယ်တော့မှ သဝန်မတိုပါ။ ဦးညိုကလည်း သဝန်တိုချင်စရာ မကောင်းပါ။ တက္ကသိုလ်တွင် လက်ထောက်ကထိက လုပ်ခဲ့သည့်ဘဝမှသည် အလုပ်ထွက်ပြီး စာရေးဆရာ ဘဝတစ်ခုတည်းနှင့် ရပ်တည်သည်အထိ ကိုယ်ကျင့်တရား မှည့်တစ်ပေါက်မထင်ခဲ့သော ဦးညိုကို မျိုး ဖေဖေ၊ မေမေတို့လို လူကြီးပိုင်းတွေက လေးစားခင်မင်ကြပြီး ဒေါ်လေးငြိမ်းကတော့ သခင် ဟုထားစရာ သားသမီးမရှိ၍ လင်ယောကျ်ားကိုသာ လေးမြတ်စွာ ရိုကျိုးလေသည်။

"ဦးညို"

"ဟေ. . ."

"ဦးညိုက ဘာလို့ မျိုးတို့ရဲ့ ဦးလေး မဟုတ်တာလဲဟင်"

၁၂ နှစ်သမီး မျိုး၏မေးခွန်းက စာဖတ်နေသော ဦးညို၏မျက်မှန်ကို မြှောက်ပင့်သွားစေခဲ့သည်။

"ဟ. . . သမီး အဖေရော အမေရောက ဦးညိုရဲ့ အစ်ကိုတွေ၊ အစ်မ တွေ မဟုတ်ကြလို့ပေါ့. . . မျိုးရဲ့"

"ဟာ မရဘူး၊ သားလည်း ဦးညိုကိုပဲ 'ဦး'တော်ချင်တယ်"

၁၀ နှစ်သား မောင်လေးကပါ ဝင်ပူဆာသည်။

ဦးညိုက မောင်လေးခေါင်းကို ချစ်စနိုးနှင့် ဖွသည်။

"အမျိုးတော်တော် မတော်တော် သားနဲ့သမီးကို ဦးညိုနဲ့ ဒေါ်လေးငြိမ်း က ချစ်တာပဲကွယ်။ အဲဒါ သားတို့သမီးတို့ရဲ့ ဦးလေးတွေ၊ အဒေါ်တွေ ဖြစ်ပြီး သားပေါ့"

အဲသည့်လောက် ချစ်ခဲ့သည့် ဦးညိုနှင့် ဒေါ်လေးငြိမ်းတို့ကို ဖေဖေနှင့် မေမေ အလုပ်တာဝန်နှင့် ပြောင်းရွှေ့သည့်နောက် ပါသွားပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မျိုးရော မောင်လေးပါ ပြန်မတွေ့ဖြစ်ခဲ့ကြတာ တော်တော်တော့ အံ့သြစရာ ကောင်းသည်။ သတိမရတာတော့လည်း မဟုတ်။ ရသည့်အခါ ရသည်။ ခေတ်လူငယ်တွေပီပီ သည်နေ့ ဘာလုပ်ရမည်။ နက်ဖြန်တော့ ဘာလုပ်ဦးမှ. . . ဆိုသည့် ဘဝ၏ တောင်းဆိုရာ အချိန်ဇယား ကွက်လပ်တွေကို ဖြည့်ရင်းဖြည့်ရင်းက သံယောဇဉ်ကြိုးတို့၏ မျက်နှာကို လျစ်လျူရှုနေမိသည်သာ ဖြစ်နိုင်သည်။

ဦးညီ အမျိုးသားစာပေဆုရ၍ ရန်ကုန်ဆင်းလာစဉ်က မျိုး ပြင်ဦးလွင်မြို့ ဘော်ဒါဆောင်မှာ ၁၀ တန်းစာမေးပွဲဖြေဖို့ ပြင်ဆင်နေချိန်။

ဒေါ်လေးငြိမ်း ဆုံးတော့ မျိုးဘွဲ့ရပြီး၍ တက္ကသိုလ်တွင် သရုပ်ပြဆရာမ ဖြစ်နေပြီ။ ဖောင်ကြီးသင်တန်းကျောင်း တက်နေတုန်း။ အဲသည်တုန်းက အဆောင်အိပ်ရာထဲတွင် မျိုး ငိုကြွေးနေမိခဲ့သေးသည်။

မျိုး. . . လက်ထောက်ကထိက ရာထူး တိုးချိန်မှာတော့ ရန်ကုန်က လွဲလျှင် တခြားမြို့ဦးစားပေးလျှောက်ပါဟုဆို၍ ဦးညီတို့ မြို့ကလေးက တက္ကသိုလ်ကိုပင် လျှောက်လိုက်သည်။

အဘွားက ရှိနေဆဲမို့ ဖေဖေ၊ မေမေတို့ လိုက်မနေနိုင်လည်း အဆင်ပြေသည်။ မျိုးငယ်ငယ်က ဆော့ကစားကြီးပြင်းခဲ့သည့် ခြံကလေးနှစ်ခြံတွဲကိုလည်း မျိုး လွမ်းသည်။ ဒေါ်လေးငြိမ်း၏ အငွေ့အသက်တို့ကိုလည်း မျိုး လွမ်းသည်။ ကြေကွဲ တိတ်ဆိတ်နေမည့် ဦးညီကိုလည်း မျိုးအားပေးချင်သေးသည်။

တကယ်ပြန်ဆုံရတော့ မယုံကြည်နိုင်ဖွယ်ရာ ကောင်းလောက်အောင် အံ့သြစရာနှင့် ကြုံရလေသည်။

(၂)

ခြံနှစ်ခြံစလုံး သစ်ပင်ကြီးများ သိပ်မရှိတော့။ နေပြင်းပြင်းပင် ပြောက်ကျား ပြောက်ကျားထိုးနေပြီ။ ဒါက သိပ်အံ့သြစရာတော့ မဟုတ်။ တစ်မြို့လုံးလည်း သည်လိုပဲ ဖြစ်သည်။

ဦးညီက မျိုးကို လုံးဝ မမှတ်မိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း အံ့ဩစရာတော့ မဟုတ်။ အပျိုဖော်မဝင့်တဝင်တွင် နောက်ဆုံး မြင်ဖူးထားသော မိန်းကလေးတစ်ဦးကို ဆယ်စုနှစ် တစ်စုခွဲ ကျော်ကျော်တွင် ပြန်မြင်ရသူတိုင်း ဘယ်သူမှ မှတ်မိကြမည် မဟုတ်။

ဦးညီကိုတော့ မျိုး မှတ်မိသည်။

ဒါက အံ့ဩစရာပါ။

လွန်ခဲ့သည့် ဆယ်စုနှစ် တစ်ခုခွဲစာလုံးလုံး ဦးညီ၏ရုပ် လုံးဝ ပြောင်းလဲမသွားခဲ့။ ဦးညီ မျက်နှာပေါ်တွင် ပြောင်းလဲတာတစ်ခုခုရှိသည် ဆိုလျှင် နဂိုက အလွန် သဘောကောင်းသူများ ပြုံးနေကျ အပြုံးကလေး နေရာတွင် အလွန်သိမ်မွေ့ငြိမ်းချမ်း၍ ဘာအဓိပ္ပာယ်မှ မဆောင်တော့သော 'ဗလာ'အပြုံးကလေးတစ်ခု ရောက်နေခြင်းသာ ရှိပါသည်။

(၃)

"ဦးညီ မျိုးကို ဘယ်သူလို့ ထင်သွားတာလဲ"

"ဘာလို့လဲ သမီး"

"ဦးညီ မျိုးကို လုံးဝ မမှတ်မိပါဘူး၊ သေချာပါတယ်၊ ဒါတောင် . . . လာ . . လာ . . . သမီး . . . ထိုင် . . . တဲ့။ မျိုးအရွယ် မိန်းကလေးတွေ လာနေကျမို့လို့လား"

ဦးညီက ပြုံးပြန်သည်။

"သတင်းထောက်မကလေးတွေတော့ ကြိုကြားကြိုကြား ဝင်လာ တတ်ပါတယ်၊ ဦးညီစာတွေက အထွက်ကျဲသွားပေမယ့် ဦးညီရဲ့ဝတ္ထုတွေက ခုတစ်လောမှာ ရုပ်ရှင်ရိုက်ဖြစ် ရိုက်ဖြစ်နေတာကိုး"

"ဪ . . . ဒါဆို မျိုးကို သတင်းထောက်မကလေးလို့ ထင်သွားတာ ပေါ့"

ဦးညီက ပြုံးပြန်သည်။

"နည်းနည်းတော့ တွေဝေသွားတယ်ကွယ့်၊ သတင်းထောက်မကလေး တွေက သမီးလိုတော့ မဝတ်စားတတ်ကြဘူး။ အင်းလေ . . . ဒီလို တည်တည် ငြိမ်ငြိမ် ကျက်သရေရှိရှိကလေးက တက္ကသိုလ်က ဆရာမငယ်လေးသာ



www.burmeseclassic.com

www.burmeseclassic.com



ပိုဖြစ်နိုင်တော့မှာပေါ့"

မျိုး ရှက်ရယ် ရယ်မိသည်။

"ဦးညီကတော့ တကယ်ပဲနော်၊ တစ်စက်ကလေးတောင် အိုမသွား ဘူး။ ဘာဆေးတွေ ဆောင်ထားလဲ သမီးကို မျှစမ်းပါ"

"သမီးက ဆေးလိုတဲ့အရွယ်မှ မဟုတ်တာ"

မျိုးက ဦးညီ၏ နားထင်စပ်ကို မသိမသာ ရှေ့တိုးကြည့်သည်။

"ဆံပင်ဆိုးထားသေးလား. . . ဦးညီ"

"ကြဲကြဲဖန်ဖန်ကွယ်၊ ဘယ်မှမသွားတဲ့လူက ဘာဖြစ်လို့ ဆံပင်ဆိုး ရမှာလဲ"

"တစ်ချောင်းမှတောင် အဖြူ မတွေ့ဘူးနော်"

"ရှိပါတယ်ကွယ်၊ သိပ်တော့ မများဘူးပေါ့၊ ဒေါ်လေးငြိမ်း ရှိတုန်းက တော့ နှုတ်နှုတ်ပေးတယ်။ ဒေါ်လေးငြိမ်း မရှိတော့လည်း ဒီလိုပဲ ထားလိုက်တာ ပါပဲ"

မျိုး မျက်နှာကလေး မသိမသာ ညှိုးသွားသည်။ ပြီးမှ ပြုံး၍ ဆိုသည်။

"သမီး နှုတ်ပေးမယ်လေ"

ဦးညီက ပြုံးနေကျ အပြုံးကလေးဖြင့် ခေါင်းခါပြပါသည်။

## (၄)

ငယ်ငယ်ကလို ဦးညီ အိမ်ဘက်သွား၍ နေ့စဉ်ဆော့ကစားတာ မလုပ်တော့ပေမယ့် ဦးညီဆီတော့ မကြာခဏ ရောက်ဖြစ်သည်။

ဦးညီ၏ စာအုပ်စင်ကို မွှေနှောက်၍ စာအုပ်ငှားဖတ်သည်။ ဦးညီနှင့် ထိုင်စကားပြောသည်။ နောက်ပိုင်းကျတော့ ဦးညီ ရေးလက်စ စာမူတွေကိုပါ တောင်းဖတ်သည်။

ဦးညီက ဘာမှမပြော။ မျိုး တောင်းဆိုသမျှ ပြုံးပြုံးကလေးသာ လိုက်လျောလေ့ရှိသည်။

ဘွားဘွားကတော့ ပြောသည်။

"သမီးက ကလေး မဟုတ်တော့ဘူးလေ၊ မောင်ညီက ဦးလေးလို



www.burmeseclassic.com

www.burmeseclassic.com


နေလာတာ ဆိုပေမယ့် သွေးသားလည်း မတော်၊ အရွယ်က တင်၊ ရုပ်က ချော။ သူများ ပြောစရာ ဆိုစရာဖြစ်လာရင် ကိုယ်က တက္ကသိုလ်က ဆရာမဆိုတာ မမေ့နဲ့ဦး။ သွားချင်သွား။ ခဏခဏတော့ မသွားနဲ့။ ပြီးတော့ ကောင်းမလေးတစ်ယောက်ယောက် အဖော်ခေါ် ခေါ်သွား"

ဘုရားရေ. . . ။

အဲဒါ လူကြီးဖြစ်လာရတဲ့ အမြတ်တဲ့လား။ အဲသလိုသာဆိုလျှင် ကလေးဘဝမှာပဲ နေနေရတာ ကောင်းသေးတော့။

အရွယ်က တင်၊ ရုပ်က ချော။

ဟုတ်ပါရဲ့. . . ဘွားဘွား ပြောတာ။

အဲသည်ညက မျိုး အိပ်မပျော်ပါ။

(၅)

နောက်ပိုင်းတွင်တော့ မျိုး စိတ်ကို တွေဝေ ချောက်ချားစေတာ ဘွားဘွား တစ်ယောက်တည်း မကတော့။

တက္ကသိုလ်မှာ နတ်တော်လ စာပေဟောပြောပွဲ ပြုလုပ်တော့ စာရေးဆရာ 'ညီအောင်နိုင်'နှင့် တူအရီးလိုခင်သည်ဟု ပြောထားမိသောမျိုးကို ဦးညီကို ဖိတ်ပေးဖို့ ဝိုင်းပူဆာကြသည်။

ဦးညီက စာပေဟောပြောပွဲတွေ မလိုက်တာ နှစ်နှင့်ချီနေပြီဟု ဆိုသည်။ သို့သော် မျိုး ကိုယ်တိုင် ပူဆာတာကိုငဲ့၍ လိုက်လာသည်။

စာပေလောကတွင် အောင်မြင်မှုအရရော၊ စာပေအမျိုးအစား အရရော၊ ကိုယ်ရည်ကိုယ်သွေးအရရော အများလေးစားသူ စာရေးဆရာ ဦးညီကို တက္ကသိုလ် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စာဖတ်ပရိသတ်က တစ်ခန်းလုံးပြည့်ရုံမက လျှံထွက်အောင် အားပေးကြသည်။

"မျိုး. . . ဦးလေးလို နေတာဆို"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဟဲ့. . . ဦးလေးအရွယ် ဟုတ်လို့လား၊ ငယ်ငယ်ချောချောဟာ"

ကထိက မမက အံ့အားသင့်ဟန်ဖြင့် မေးသည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးညီ၏ အသက်အမှန်ကို ပြောပြတော့ ပိုအံ့သြသွားသည်။

ဦးညီနှင့် မိတ်ဆက်ပေးတော့ မအောင့်နိုင်ဘဲ မေးသည်။

"ဆရာရယ် မျိုးက ဦးလေးလိုပဲ ဆိုလို့သာ ယုံရတယ်။ ကျွန်မထင်တယ်တယ်လို့တောင် ထင်နေတာ"

ဦးညီက ထုံးစံအတိုင်း ဘာအဓိပ္ပာယ်မှ မပါသော အပြုံးကို ပြုံးသည်။

"ကွင်းပတ်ပြေးနေတဲ့ လူများလိုပေါ့ ဆရာမရယ်၊ လေးခေါက်ပြည့်ပြီး ပတ်နေတဲ့လူနဲ့ နှစ်ခေါက်တည်းပြည့်ပြီး ပတ်နေတဲ့လူ ရင်ဘောင်တန်း ဆုံကြတော့ ရောက်နေတဲ့နေရာ အတူတူပဲလို့ ထင်တတ်ကြတာမျိုးပေါ့။ အဲသလို ထင်နေရလို့ လည်း ဆက်ရမယ့်ခရီး အတိုအရှည်က တူမသွားပါဘူး။ သပ်သပ်စီပါပဲ၊ အရေးကြီးတာက ကိုယ် ဘယ်နှစ်ခေါက် ပတ်ပြီးပြီလဲ ဆိုတာ ကိုယ်မှတ်မိဖို့ပါပဲ။ ကျွန်တော်ကတော့ အမြဲမှတ်မိပါတယ်"

ဦးညီ နှုတ်ဆက်ထွက်ခွာသွားတော့ ကထိက မမက ခေါင်းကုတ်၍ . . . အဲဒါ ဘာပြောသွားတာလဲ. . . ဟု မေးသည်။ မျိုးလည်း ပခုံးတွန့်ပြခဲ့သည်။

ရင်ထဲတွင်တော့ ဦးညီနှင့် ရင်ဘောင်တန်းပြေးချင်စိတ်များ တဖွားဖွား ဖြစ်လာနေသလို ခံစားနေရသည်။

(၆)

ဘုရားကြီးပွဲက သည်မြို့ကလေးမှာ အစည်ကားဆုံးသော ပွဲတော်ဖြစ်သည်။ ဌာနတစ်ခုတည်း ဆရာမများက အတူသွားကြရန်ခေါ်သော်လည်း မျိုးက စွန့်စား၍ ဦးညီကို အရခေါ်ရန် ဆုံးဖြတ်လိုက်သည်။

ဦးညီကတော့ ပြုံးနေကျ အပြုံးကလေးနှင့်ပင် ခေါင်းခါသည်။

"ဘာလို့လဲ. . . ဦးညီရဲ့"

"ဦးညီတို့ အသက်က အိမ်မှာပဲ ဘုရားရှိခိုး၊ တရားထိုင်တဲ့ အရွယ်ကွယ့်။ ဘုရားပွဲက သမီးတို့လူငယ်တွေ ပျော်ကြတာပါ"

"ဦးညီ အဲသလို အဘိုးကြီးလုပ်ပြီး အိမ်ထဲမှာ နေနေတာကို မကြိုက်လို့ သမီးက တမင်လာခေါ်တာ။ ဦးညီ ရုပ်က အဘိုးကြီးနဲ့ တစ်စက်မှ မတူဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com


ဘာဖြစ်လို့ အဘိုးကြီးစိတ် အတင်းမွေးထားရတာလဲ။ ဦးညီနဲ့ ရွယ်တူတွေ တစ်ယောက်မှ ဦးညီလို ရုပ်မရှိဘူး။ ဒါတောင် သူတို့ လူငယ်ကလေးတွေနဲ့ တန်းတူသွားလာ ပျော်ပါးနေကြတာပဲ။ ဦးညီ ကျမှ. . . "

ဦးညီက အပြုံးမပျက်ပါ။

"သူတို့က မေ့နေကြတာပါကွယ်"

"မေ့နေတာ၊ ဟုတ်လား"

"ဟုတ်တယ်. . . လူ့ဘဝကလေးက တိုတိုကလေး၊ အဲဒီ တိုတိုမှာ တောင် အဆစ်အပိုင်းတွေက ပိုင်းခြားထားသေးတာ။ လူတွေက ကိုယ့်အဆစ် အပိုင်းနဲ့ကိုယ် နေသင့်တဲ့ ဘဝကိုနေပြီး လုပ်သင့်တဲ့အလုပ်ကို လုပ်ကြရတာ၊ ကိုယ့်ရုပ်က လူငယ်ရုပ် ပေါက်နေလည်း ကိုယ်က လူကြီးအဆစ်အပိုင်းထဲ ရောက်နေပြီဆိုရင် အဲဒီအရွယ်အတိုင်းပဲတွေး၊ အဲဒီအရွယ်အတိုင်းပဲနေ၊ အဲဒီအရွယ် လုပ်ရမယ့်အလုပ်ပဲ လုပ်ရတာ။ နို့မို့ နောက်တစ်ပိုင်းကူးကာမှ ဖျတ်ဆိုလန့်နိုးပြီး စိတ်ကစင့်ကလျား ဖြစ်တတ်တယ်။ ဒါတောင် ကံကောင်းပါ မှ။ ကံမကောင်းတဲ့လူတွေက နောက်တစ်ပိုင်း မကူးလိုက်ရဘဲ ဘဝနိဂုံးချုပ် သွားတာတွေလည်း ရှိတာပဲ"

မျိုး မျက်နှာကလေး ငိုင်သွားသည်။

"ဦးညီက ဒေါ်လေးငြိမ်းကို သတိရပြီး စိတ်မကောင်းဖြစ်နေတာ လား"

ဦးညီ ခေါင်းခါပြပါသည်။

"တစ်ခါတလေလည်း သတိရတာပေါ့ကွယ်။ ဒါပေမဲ့ သူလည်း သူ့ အလှည့်ကျ သူ သွားရတာ။ ကိုယ်လည်း ကိုယ့်အလှည့်ကျ ကိုယ်သွားရမှာပါပဲ။ ဦးညီ သက်တူရွယ်တူတွေနဲ့စာရင် ငယ်ရုပ်ပေါက်နေတယ်ဆိုတာ ကိုယ့်ကိုယ် ကိုယ်လည်း သိပါတယ်။ ဒါပေမဲ့ ဒါလည်း အတိတ်ကံ၊ ပစ္စုပ္ပန်ကံ တစ်ခုခု ကြောင့် ခဏ တောင့်ခံနေတဲ့ သဘောပါပဲ။ တစ်ချိန်ကျရင် ဖျတ်ခနဲ အိုမင်း ရင့်ရော်သွားမှာပါ။ လူငယ်တွေနဲ့ မတိမ်းမယိမ်း ရုပ်ပေါက်နေလို့ ကိုယ့်ကိုယ် ကိုယ် လူငယ်ထင်၊ လူငယ် အတင်းဖြစ်ချင်၊ လူငယ်တွေရှိတတ်တဲ့ လောဘတွေ၊ ဘဝမျှော်လင့်ချက်တွေ၊ ပိုင်ဆိုင်ချင်တဲ့အရာတွေ လျှောက် ကြိုးစားနေရင် ဖျတ်ခနဲ အိုမင်းရင့်ရော်သွားတဲ့ တစ်နေ့ကျရင် အသုံးအလဲ



www.burmeseclassic.com

www.burmeseclassic.com



ခံစားရလိမ့်မယ်။ ဒါကြောင့် ဟိုနေ့က ဦးညီ ပြောတာပေါ့။ ဦးညီကတော့ ကိုယ့်အခေါက်ကိုယ် အမြဲမှတ်မိပါတယ်လို့။ ဘဝက ဘာမဆို ဖြစ်နိုင်ပေမယ့် ယေဘုယျအားဖြင့်တော့ ဒေါ်လေးငြိမ်း သွားတဲ့ခရီးကို ဦးညီက မကြာခင် သွားရမှာ။ သမီးတို့က အခေါက်ရေ အများကြီး ကျန်သေးတယ်။ ပျော်ပျော် နေကြပါကွယ်"

ရင်ထဲတွင် ဆို့နစ်မွန်းကျပ်နေသဖြင့် မျိုး ဘာမှ ပြန်မပြောနိုင်ခဲ့။

(၇)

မျိုး ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့ရဖို့ကိစ္စနှင့် လက်ထပ်ရဖို့ကိစ္စက တစ်ပြိုင်နက်တည်းလိုလို ဖြစ်လာသည်။

ဦးညီကို သွားတိုင်ပင်တော့ ဦးညီက သူ့ပြုံးနေကျ အပြုံးကလေးနှင့် ဖြေသည်။

"ကောင်ကလေးကို ဦးညီက သိတာမှ မဟုတ်တာ သမီးရယ်။ ဘယ် စဉ်းစား ပေးတတ်ပါ့မလဲ။ လူကြီးတွေ စီစဉ်တာဆိုပေမယ့် သမီးတို့ချင်းလည်း သိတာကြာပြီဆို။ သမီးဟာ သမီးဆုံးဖြတ်ပေါ့။ သမီးအရွယ်ကတော့ အိမ်ထောင်ပြုသင့်တဲ့အရွယ်တော့ ရောက်နေတာအမှန်ပဲ"

"သူက မဆိုးပါဘူး။ သမီးနဲ့ ဘဝချင်းလည်း နီးစပ်တယ်။ သမီးကို လည်း ဂရုစိုက်ပါတယ်။ ခက်တာက သမီးစိတ်ထဲမှာ သူ့ကို မရင်းနှီးဘူး။ သူစိမ်းတစ်ယောက်လိုပဲ ခံစားနေရတယ်။ ကန်တော့နော်။ ဦးညီကို စိတ်ထဲမှာ ရင်းနှီးသလို မျိုးတောင် မရင်းနှီးဘူး။ အဲသလို လူမျိုးကို တစ်ဘဝလုံးလက်တွဲဖို့ ဆုံးဖြတ်ရမှာ မှန်နိုင်ပါ့မလား. . . ဦးညီ"

ဦးညီက အပြုံးမပျက်။

"ဦးညီက သမီးဦးလေးအရင်းလို နေခဲ့တာလေ။ ဦးညီ ထက်စာရင် သမီး မိဘကို သမီးစိတ်ထဲမှာ ပိုရင်းမှာပေါ့။ အဲဒီကောင်ကလေးကို လျှော့ရင်း မှာပေါ့။ ဒါမဆိုင်ဘူးလေ၊ ဦးညီတို့၊ သမီးမိဘတို့က ဘဝရဲ့အဆစ်အပိုင်းတစ်ခု မှာ နေကြတာ။ သမီးနဲ့ အဲဒီကောင်ကလေးက တို့ထက်ပိုစောတဲ့ အဆစ်အပိုင်း ထဲမှာ ရှိနေတာ။ အဲဒီထဲမှာ သမီး သူ့ထက်ပိုရင်းတဲ့သူ ရှိနိုင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးညီ ပြောတာကို သိပ်လက်မခံချင်သော်လည်း မျိုး ထိုလူငယ်နှင့် လက်ထပ်ဖြစ်ခဲ့ပါသည်။ ရန်ကုန်သို့လည်း ပြန်ပြောင်းဖြစ်ခဲ့သည်။

အိမ်ထောင်ရေးလည်း သာယာခဲ့ပါသည်။

ထုံးစံအတိုင်း ဦးညီနှင့်တော့ ဆယ်စုနှစ် တစ်ခုခွဲစာ ထပ်မံဝေးကွာသွားခဲ့ပါသည်။

(၈)

နာဂစ် မုန်တိုင်းဖြစ်တော့ ဦးညီတို့မြို့လည်း ခံစားခဲ့ရသည်။

မျိုးတို့ခြံကလေးကတော့ ဘွားဘွား ဆုံးပြီးနောက်ပိုင်း ရောင်းပစ်လိုက်ပြီမို့ မျိုးတို့ဘာမှ မဆုံးရှုံးလိုက်။ ဦးညီတော့ အဲသည်မှာ နေနေတုန်းပဲ ထင်သည်။ စာတွေတော့ ဆက်ထွက်နေသည်ပင်။

ခင်ပွန်းသည်က နာဂစ် ဒုက္ခသည်များကို သူနှင့် သူ့မိတ်ဆွေစီးပွားရေး လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသည့် ပစ္စည်းများကို အဲသည့်မြို့ကလေးနှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ သွားရောက်ဝေငှရန် စီစဉ်သည်။ ၁၀ နှစ် အရွယ်သားနှင့် ၈ နှစ်အရွယ် သမီးကိုလည်း ခေါ်သွားမည်တဲ့။ မကြောင့်မကျ ဘဝမှာ နေရသော သားနှင့်သမီးကို အများအတွက် မျှဝေခံစားပေးတတ်သော အလေ့အကျင့်ကောင်းများ သင်ပေးချင်သည်တဲ့။

ကောင်းသားပဲ။ ဦးညီကိုလည်း ဝင်ကန်တော့ရအောင်. . . ဟု တိုင်ပင်၍ မိသားစု ခရီးထွက်ခဲ့သည်။

ဦးညီတို့ခြံကို မြင်ရတော့ မျိုး မျက်ရည်မဆယ်နိုင်အောင် ပိုးပိုးပေါက်ပေါက် ကျလာပါသည်။

ဘာမှလည်း မရှိတော့ပါလား။

သစ်ပင်တွေလည်း တစ်ပင်မှ မရှိတော့။ ပုဏ္ဏရိပ်စည်းရိုးကလေးပင် မရှိတော့။ ရေအိုင်ငယ်များ ကွက်တိကွက်ကြားနှင့် စိုစွတ်သော မြေသားသာ ရှိတော့သည်။

အိမ်ကြီးလည်း မရှိတော့။ ခြံထောင့်က သစ်သားအပိုင်းအစ အပုံကြီးက အဲသည့် အိမ်ပဲ ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသည့်ရွှေ့မှာတော့ ယာယီ ဖြစ်ကတတ်ဆန်း ထိုးထားသည့် တဲကလေးတစ်လုံး ရှိသည်။ ဦးညီ မရှိတော့ဘူး ထင်တယ်။ အစောင့်ပဲ ရှိမှာပေါ့. . . ဟု တွေးမိသည်။

ခင်ပွန်း၊ သားနှင့် သမီးကို ကားပေါ်မှ မဆင်းရန် လက်ကာပြ၍ လုံချည်ကို မ ပြီး မျိုး. . . တဲဆီ လျှောက်ခဲ့သည်။

တဲထဲမှ ချောင်းဆိုးသံ ကြားရသည်။

"လူရှိပါသလား ရှင်"

"ရှိတယ်. . . ရှိတယ်"

တဲထဲမှ ဟောင်းနွမ်းသော်လည်း အနည်းငယ်သပ်ရပ်သော ရှပ်အင်္ကျီ လုံချည်နှင့် လူကြီးတစ်ယောက် ထွက်လာသည်။

အစောင့်တော့ မဟုတ်လောက်ဘူး ထင်တယ်။ ဦးညီရဲ့ မိတ်ဆွေတွေ လား၊ အမျိုးထဲကလားပဲ။

နေလောင်ထားဟန်ရှိသည့် နီညစ်ညစ် အသားအရေတွင် အရေး အကြောင်းများစွာ ထင်နေပြီး ဆံပင်ဖြူ ဆံပင်မည်း ဆတူလောက်ရောနေ သည့် ထိုလူကြီးက မျိုးကို ရပ်ကြည့်ရင်း ဘာမှမပြောဘဲ ရှိနေသည်။

"အဘရေ. . . ဒီအိမ်က စာရေးဆရာ ဦးညီအောင်နိုင် ဘယ်နားမှာ နေသလဲများ သိမလားလို့ပါရှင့်"

လူကြီးက ရုတ်တရက် ကြောင်ကြည့်နေသည်။ ပြီးမှ တဖြည်းဖြည်း ပြုံး သည်။

အလွန်သိမ်မွေ့နက်နဲသော အပြုံး။

သို့သော် အဓိပ္ပာယ်ဖော်ကြည့်လျှင်တော့ ဘာအဓိပ္ပာယ်မှ မရှိနိုင် သည့် အပြုံး. . . ။

ဘုရားရေ။ ဒါ ဘယ်လိုလုပ်ပြီး ဦးညီ ဖြစ်နိုင်မှာတဲ့လဲ။

"မျိုး. . . ဒါဆို ဦးညီ 'ဖျတ်ခနဲ အိုမင်းရင့်ရော်'သွားခဲ့ပြီပေါ့၊ ဟုတ်လား"

ဦးညီက ပြုံး၍ မေးပေမယ့် မျိုး မပြုံးနိုင်ပါ။ မျက်ရည်များ ထပ်၍ ကျလာရင်းက ဦးညီ မျက်နှာကို ငေးမောနေမိသည်။

"ငိုမနေပါနဲ့ သမီးရယ်၊ အိုချိန်တန်တော့လည်း အို၊ ပြိုချိန်တန်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြိုတာပေါ့။ ဦးညိုက အိုချိန်တန်ပြီး အိမ်က ပြိုချိန်တန်သွားတာလေ။ ဟား . . . ဟား။ ကဲ. . . ကဲ. . . အမျိုးသားနဲ့ ကလေးတွေ အထဲခေါ် ချည်" မျိုး ဘာမှ ပြန်မပြောနိုင်ခင် ဦးညိုက တဲထဲပြန်ဝင်သွားပါသည်။

တလှာ

၂၀၀၉၊ ဖေဖော်ဝါရီ

ဆန္ဒမွန်ဖြင့် . . .

လက်ာရည်ကျော်

နေရီရီ

www.burmeseclassic.com